သောကြာ၊ အောက်တိုဘာ (၁)
**တရားဟော ၁၄း၁-၂၁**
ဟေဗြဲ ၁၁း ၆-၁၆

*"ဘုရားသခင်သည် သူတို့၏ဘုရားဟူ၍ ခေါ်ဝေါ်ခြင်းကို ရှက်တော်မမူ"*

# ဣသရေလသည် ရွေးချယ်ခြင်းခံရသောလူမျိုးဖြစ်၏

တရားဟောရာကျမ်း ၁၄း၁ တွင် ဣသရေလလူတို့သည် ဘုရားသခင်ထာဝရဘုရား၏ သားဖြစ်ကြကြောင်း ဖော်ပြထားပါသည်။ သူတို့သည် အာဗြဟံခေါ်ခြင်းခံရသောအချိန်မှစ၍ ရွေးချယ်ခြင်းခံရကြခြင်းဖြစ်ပါသည်။ အာဗြဟံသည် ဘုရားသခင်၏စကားကို ယုံကြည်ခဲ့ပါသည်။ ဘုရားသခင်ကအာဗြဟံနှင့် သူ၏မျိုးဆက်တို့အားခါနာန်ပြည်ကို ပေးခြင်းငှါရင်း၊ ကောင်းကင်ကြယ်များကဲ့သို့ များပြားစေခြင်းငှါရင်း ဂတိပေးတော်မူခဲ့၏။

ဟေဗြဲဩဝါဒစာစောင်ထဲတွင် အာဗြဟံနှင့် အခြားရှေးပုဂ္ဂိုလ်ယုံကြည်သူတို့သည် ဂတိတော်ကိုမခံစားကြရဘဲ ယုံကြည်ခြင်းဖြင့်ကွယ်လွန်ခဲ့ကြကြောင်း ဖော်ပြထားပါသည်။ သူတို့သည် အဝေးကမျှော်မြင်လျက်၊ စိတ်နှလုံးနှင့်ဘက်ယမ်းခဲ့ကြပါသည် (ဟေဗြဲ ၁၁း၁၃)။ ဘုရားသခင်အမှုပြုတော်မူလျက်၊ ယာကုပ်သည်မိမိမိသားစု အပေါင်းနှင့်တကွအဲဂုတ္တုပြည်သို့ရောက်ခဲ့၏။ နှစ်ပေါင်းလေးရာကျော်ကြာပြီးနောက်၊ အာဗြဟံထံဂတိတော်ထားခဲ့သောပြည်သို့ ဘုရားသခင်ကကယ်နှုတ်ခေါ်ဆောင်တော်မူ၏။ မောရှေကိုအသုံးပြု၍ ဘုရားသခင်အဲဂုတ္တုပြည်မှ ကယ်နှုတ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ထွက်မြောက်ရာလမ်းခရီးတွင် အနန္တတန်ခိုးရှင်ဘုရားသခင်၏ သူတို့အားဝါကြွားခြင်းမရှိစေခြင်းငှါလိုက်လျှောက်ရမည့် ဥပဒေသများကိုလည်းပေးတော်မူခဲ့၏။

တရားဟောရာကျမ်း ၁၄း၁၌တွေ့ရသောဤဥပဒေသည် အဲဂုတ္တုလူတို့ပြုခဲ့သောအကျင့်၌ အခြေခံထားသည်ဟုထင်ရပါသည်။ ထိုအမှုအကျင့်သည် ဣသရေလလူတို့နှင့်ရင်းနှီးသောအပြုအမူဖြစ်သည်ဟုထင်ရပါသည်။ အဲဂုတ္တုလူတို့သမိုင်းအရ၊ အဲဂုတ္တုလူတို့သည်သေသောသူကို အထူးဂရုစိုက်တတ်ကြကြောင်းတွေ့ရပါသည်။ လူသေအလောင်းကိုနှစ်ပေါင်းများစွာမပျက်စီးဘဲ ထိန်းသိမ်းတတ်ကြ၏။ ထို့ပြင်လူသေနှင့်ပတ်သတ်၍ လိုက်လျှောက်ရမည့်ဥပဒေသများရှိကြ၏။ ထိုဥပဒေသတို့သည် မယုံကြည်သူတို့ပြုသောအမှုအရာဖြစ်ကြောင်းမောရှေသိသဖြင့်၊ ထိုသို့အခြားဘုရားများနောက်သို့မလိုက်ခြင်းငှါ ဣသရေလသည်သတိပေးခြင်းခံရ၏။ ဣသရေလလူတို့သည် ဘုရားသခင်အတွက် သန့်ရှင်းသောလူမျိုးဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကဣသရေလအား မိမိအဖို့သန့်ရှင်းသောလူမျိုးအဖြစ်ရွေးချယ်တော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အာဗြဟံ၏ယုံကြည်ခြင်းမျိုးကို အကျွန်ုပ်အားပေးသနားတော်မူပါ။

စနေ၊ အောက်တိုဘာ (၂)

**တရားဟော ၁၄း၁-၂၁**

ဂလာတိ ၃း၂၃-၂၉

*"ယုံကြည်ခြင်းတရားမရောက်မှီ ပညတ်တရားသည် စောင့်နေသည်ဖြစ်၍ ငါတို့သည်. . . ချုပ်ထားလျက်ရှိကြ၏"*

# အာဗြဟံထံပြုသောဂတိတော်များ

အာဗြဟံထံပြုသောဂတိတော်များနှင့် ဣသရေလရွေးချယ်ခြင်းအကြောင်းများကို သမ္မာကျမ်းစာထဲ၌ တဖြည်းဖြည်းဖော်ပြ၍ နားလည်ခြင်းကိုပေးခဲ့ပါသည်။ အာဗြဟံခေတ်ကာလ၌ထက်ယခုအချိန်၌ ဘုရားသခင်၏ဖွင့်ပြခြင်းကို ကျွန်တော်တို့ပို၍ခံစားကြရပါသည်။ သူတို့သည်ကျမ်းစာရေးသားခြင်းမရှိသေးသောကြောင့် တဆင့်စကားတဆင့်ပြောကြားခြင်းဖြင့် ဘုရား၏ဖွင့်ပြခြင်းကိုသိရှိခဲ့ကြ၏။ အာဗြဟံခေတ်ကာလ၌ ရေးသားသည်ဟုထင်ရသောယောဘဝတ္တုကလည်းလူတို့၏ ဘုရားသခင်သိရှိခြင်းတရားမည်သို့ဖြစ်ခဲ့သည်ကို ထင်ဟပ်စေခဲ့ပါသည်။ သူတို့ခေတ်ကာလအတွက် လုံလောက်ခြင်းရှိခဲ့ပြီးဘုရားသခင်သိရှိခြင်းအတွက် အစအဦးဖြစ်ခဲ့ပါသည်။

မောရှေထံဖွင့်ပြဖော်ပြခြင်းသည် ပို၍ရှင်းလင်းခြင်းရှိလာခဲ့ပြီး၊ ထိုတရားတို့ကိုရေးသားခြင်းဖြင့်စောင့်ရှောက်ခဲ့ပါသည်။ အရင်ခေတ်၌ဘုရားမပြုခဲ့သောအမှုကို မောရှေခေတ်၌ပြုတော်မူခဲ့၏။ ထို့ပြင်ဣသရေလကိုလည်းမိမိ၏ လူမျိုးအဖြစ်သီးခြားထားတော်မူ၏။ ဤတရားကိုဘုရားသခင်ကယောနခေါ်တော်မူသောအချိန်၌ ယောန၏တုန့်ပြန်မှု၌တွေ့ရပါသည်။ နေနဝေမြို့သို့သွားရောက်တရားဟောခြင်းငှါ ခေါ်ခြင်းခံရသော ခါ၊ ယောနသည် ဣသရေလအမျိုးသာလျှင်ကယ်တင်ခြင်းအကြောင်း ကြားသိခွင့် ရှိသည်ဟုထင်မှတ်လျက် မသွားလိုခဲ့ပါ။ ဘုရားသခင်စေခိုင်းတော်မူသောတာဝန်ကို မထမ်းရွက်သောကြောင့်၊ ဘုရားသခင်က နေနဝေမြို့သို့မဖြစ်မနေသွားရောက်စေတော်မူခဲ့၏။ ယောန ၏တရားဟောခြင်းရလဒ်သည် လူမျိုးတကာတို့ထံကယ်တင်ခြင်းတရားဟောခြင်းအတွက်နိဒါန်းဖြစ်ခဲ့ပါသည်။

ဓမ္မဟောင်းကျမ်းထဲ၌ ခရစ်တော်ကိုပုံဆောင်ခြင်းဖြင့် ဖော်ပြချက်များစွာတွေ့ရပါသည်။ ဣသရေလသည် အခြားလူမျိုးတို့ထက်များပြားသောကြောင့် ဘုရားသခင်ကရွေးချယ်ခြင်းမဟုတ်ပါ။ ဘုရားသခင်ကဣသရေလကို ချစ်တော်မူ၍မိမိ၏တန်ခိုးတော်နှင့် ဘုန်းတော်အာနုဘော်ကို ပြခြင်းငှါရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ လူမျိုးတကာအတွက် ကယ်တင်ခြင်းသတင်းကောင်းတံခါးဖွင့်လာသောအခါ၊ ယခုအချိန်၌ ဓမ္မဟောင်း၌တွေ့ရသောဘုရားသခင်ပြုတော်မူသောအမှုအားဖြင့် ဘုရားသခင်ကိုပို၍ကျွန်တော်တို့သိခွင့်ရကြ၏။ ပေါလုကမောရှေအားဖြင့် ပေးတော်မူသောပညတ်တရားသည် ခရစ်တော်ထံသို့ကျွန်ုပ်တို့ကို ခေါ်ဆောင်သောတရားဖြစ်ကြောင်းဖော်ပြခဲ့ပါသည်။ ဆိုလိုသည်မှာ မူလတန်းကျောင်းသူ၊ ကျောင်းသားတို့ကို ရုပ်ပုံကားချပ်တို့အားဖြင့် ဆရာ၊ဆရာမတို့ကသွန်သင်ခဲ့ကြကြောင်း ဥပဒေအားဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။ ဣသရေလလူတို့အားဘုရားသခင်က ထိုနည်းတူသွန်သင်လမ်းပြခဲ့ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခေတ်အဆက်ဆက်လူအပေါင်းတို့သည် စစ်မှန်သောအသက်ရှင်သောဘုရားသခင်ကိုသိနိုင်ကြပါ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော့်ကို ယုံကြည်သောအကျွန်ုပ်၏ယုံကြည်ခြင်းအစဉ်တည်စေတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၃)

**တရားဟော ၁၄း၁-၂၁**

၁ ကော ၈း၆-၁၃

*"အစားကိုသုံးကာမျှဖြင့်မြတ်သည်မဟုတ်၊ ရှောင်ကာမျှဖြင့်ယုတ်သည်မဟုတ်"*

## သန့်ရှင်းသောအစာနှင့်မသန့်ရှင်းသောအစာအကြောင်း ပညတ်တရား

ဣသရေလလူတို့၏နေ့စဉ်အသက်တာကို ဘုရားသခင်သည် အလွန်အလေးထားတော်မူ၏။ ယနေ့ကျမ်းပိုဒ်ထဲ၌ ဣသရေလလူတို့စားရမည့်အရာနှင့် ရှောင်ရမည့်အရာကို ဘုရားသခင်ဖော်ပြခဲ့ပါသည်။ သူတို့သည် ဘုရားသခင်အတွက်သီးခြားရွေးကောက်ခြင်းခံရသောသူဖြစ်ကြကြောင်းကို သွန်သင်လိုသောကြောင့်ဖြစ်ပါသည်။ ထို့ပြင် ဘုရားသခင်၏ဝတ်ကိုပြုခြင်းငှါ သူတို့သည်သန့်ရှင်းခြင်းရှိကြရန် ရည်ရွယ်၍ဖြစ်ပါသည်။ ဤသန့်ရှင်းသောသတ္တဝါနှင့်မသန့်ရှင်းသောသတ္တဝါဖော်ပြခြင်းက နောဧခေတ်၌ ဘုရားသခင်ကသန့်ရှင်းသော တိရစ္ဆာန်ခုနစ်တွဲနှင့်မသန့်ရှင်းသော တိရစ္ဆာန်နှစ်တွဲ ယူဆောင်စေမှုကိုပြန်၍ သတိရစေခဲ့၏။ နောဧခေတ်သည် မောရှေခေတ်မတိုင်မီဖြစ်သော်လည်း၊ နောဧက ဘုရားသခင်၏သန့်ရှင်းသောတိရစ္ဆာန်နှင့် မသန့်ရှင်းသောတိရစ္ဆာန်ကို သိနားလည်ခဲ့ပါသည်။

ယခုမောရှေခေတ်၌ အချို့တိရစ္ဆာန်တို့ကို တားမြစ်ခြင်းသည်ဝိညာဉ်အကျိုးအကြောင်းရှိပါ၏။ စားသုံးသင့်သော၊ သန့်ရှင်းသောတိရစ္ဆာန်တို့ကို အငယ် ၄ မှ ၆ ထဲတွင်ဖော်ပြခဲ့ပါသည်။ ထိုသို့တိကျသော စရင်းဖော်ပြခြင်းမှာ ဘုရားသခင်က ဣသရေလလူတို့၏ လုံးဝနာခံခြင်းကို လိုချင်သောကြောင့်ဖြစ်ပါသည်။ စုံလင်ခြင်းကို ဘုရားသခင်လိုချင်၏။ မသန့်ရှင်းသောတိရစ္ဆာန်တို့ကို အငယ် ၇ မှ ၈ ထဲတွင်ဖော်ပြခဲ့ပါသည်။ ရေသတ္တဝါနှင့်ငှက်များ၌လည်း သန့်ရှင်းသောအရာနှင့် မသန့်ရှင်းသောအရာကို ဖော်ပြခဲ့ပါသည်။ ဤစရင်းများကို ဝတ်ပြုရာကျမ်း ၁၁ ထဲတွင် ရှေးဦးစွာဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဤအချက်နှင့်ပတ်သက်၍ ကျမ်းတတ်ပုဂ္ဂိုလ်အချို့က ဤသို့မှတ်ချက်ပြုခဲ့ကြ၏။

"များစွာသောတိရစ္ဆာန်တို့၏ ပုံသဏ္ဍာန်တို့သည် အပြစ်နှင့်သေခြင်းပုံရိပ်များကို ထင်ဟပ်စေ၍၊ လူတို့၏ဘုရားသခင်ပုန်ကန်ခြင်းအကျိုးဆက်ကို ဖော်ပြလျက်ရှိကြ၏။ ထို့ကြောင့် လူတို့သည် ရှေးဦးကတည်းမှစ၍သတ္တဝါတိုင်းနှင့်အသီးအရွက်တိုင်းကို မစားသုံးခဲ့ကြပါ။ အချို့အသီးအရွက်သည် အဆိပ်ဖြစ်ကြပြီး၊ လူ့အသက်အတွက် အန္တရာယ်ဖြစ်စေနိုင်သကဲ့သို့ အချို့သတ္တဝါကို ရှောင်ခဲ့ကြ၏" (Keil and Delitzsch Commentary on the Old Testament)။

ဓမ္မသစ်ခေတ်တွင် အသင်းတော်ကောင်စီက ဤပညတ်တရားကို တပါးအမျိုးသားယုံကြည်သူတို့လိုက်လျှောက်ဖို့မလိုကြောင်း ပြဌာန်းခဲ့၏။ တမန်တော်ဝတ္ထု ၁၅း၂၀ မှစ၍ တမန်တော်တို့က ဤတားမြစ်ခြင်းပညတ်တရားသည် တပါးအမျိုးသားယုံကြည်သူတို့နှင့်မသက်ဆိုင်ကြောင်း ဖော်ပြခဲ့ကြ၏။

**ဆင်ခြင်ရန်** - ဆယ်ဘို့တဘို့ပေးခြင်းသည် ဘုရားသခင်ရှေ့တော်၌ အမှန်ပြုရမည့်အမှုတော်ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ထံ ပေးကမ်းသင့်သောအလှူကို ကျွန်တော်အစဉ်ပေးကမ်းလိုပါ၏။

တနင်္လာ၊ အောက်တိုဘာ (၄)
**တရားဟော ၁၄း၂၂-၂၉**
မာလခိ ၃း၈-၁၀

*“ဆယ်ဘို့တဘို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍”*

## ဆယ်ဘို့တဘို့သည် ဘုရားသခင်၏အမှုတော်အတွက်လိုအပ်ပါ၏

ဆယ်ဘို့တဘို့ပေးခြင်းသည် ဘုရားသခင်ရှေ့၌ ပြုရမည့်အမှုတော်ပင်ဖြစ်ပါသည်။ ဤအမှုသည် အာဗြဟံက မေလခိဇေဒက်ထံ ဆယ်ဘို့တဘို့ပေးခြင်း၌ အစပြုခဲ့ပါသည် (ဟေဗြဲ ၇း၁-၂)။ ယာကုပ်ကလည်း ကမ္ဘာ ၂၈း၂၂ ထဲတွင် ဆယ်ဘို့တဘို့ပေးခြင်းငှါ ဂတိထားခဲ့ပါသည်။ ဤအချက်သည်မောရှေ၏ ပညတ်တရားမတိုင်မှီဖြစ်ပါသည်။ ဆယ်ဘို့တဘို့ပေးခြင်းကို ဝတ်ပြု ၂၇း၃၀-၃၁ ထဲတွင် သေချာစွာဖော်ပြခဲ့ပါသည်။ ဤဆယ်ဘို့တဘို့များကိုလေဝိလူတို့ထံပေး၍ လေဝိလူတို့က ယဇ်ပုရောဟိတ်တို့ထံ ပေးရမည်ဖြစ်ပါသည်။ လေဝိအမျိုးသားနှင့် ယဇ်ပုရောဟိတ်တို့သည် အမှုတော်ဆောင်များဖြစ်ကြ၏။

ဣသရေလလူတို့သည် လယ်ယာထွက်အသီးအနှံနှင့်အိမ်မွေးတိရစ္ဆာန်တို့မှ ဆယ်ဘို့တဘို့ကို ပေးကြရပါမည်။ ငွေကြေးအားဖြင့်လည်း ပေး၍ရပါသည်။ ဤအမှုသည် ဝတ်ပြုကိုးကွယ်ခြင်း၏ အစိတ်အပိုင်းတခုဖြစ်၍၊ ဝတ်ပြုကိုးကွယ်ရန် ကြွလာတိုင်းယူဆောင်ကြရပါမည်။ ဆယ်ဘို့တဘို့ပေးခြင်း၌ စည်းမျဉ်းစည်းကမ်းရှိသည်ဖြစ်၍၊ ရိုးသားမှုသည် အဓိကကျပါသည်။

ဣသရေလလူတို့နှစ်တိုင်းဆင်နွှဲသောပွဲများရှိပါသည်။ ထိုပွဲများတွင် ယဇ်ပူဇော်ခြင်းနှင့် ဆယ်ဘို့တဘို့ပေးခြင်းများလည်း ပါဝင်ပါသည်။ ဘုရားသခင်သတ်မှတ်ထားသောအရပ်၌ သူတို့သည် စားသောက်ကြရပါမည်။ ဣသရေလသမိုင်းတွင်၊ ဗိမာန်တော်တည်ရှိရာ ယေရုရှလင်မြို့သည် ဘုရားသခင်သတ်မှတ်ထားသောနေရာဖြစ်ပါသည်။ ထိုသို့ယေရုရှလင်သို့ ခရီးထွက်သောအခါ သူတို့၏ ပူဇော်သက္ကာများကို ငွေသားဖြင့်ယူဆောင်လာ၍၊ ဝတ်ပြုရာအရပ်၌ ပူဇော်သက္ကာကို ပြန်၍ဝယ်ကြရမည်ဖြစ်ပါသည်။ ထို့ပြင် လေဝိအမျိုးသားတို့သည် အပူအပင်ကင်းစွာအမှုတော်ဆောင်နိုင်ခြင်းငှါ သူတို့ခံထိုက်သောဥစ္စာများကို ပေးကြရမည်ဖြစ်ပါသည်။ ဣသရေလသမိုင်း၌ ထိုသို့ပြုကြရမည်ဖြစ်ပါသည်။ ဗာဗုလုန်မှပြန်လာကြပြီးနောက်၊ နေဟမိခေတ်တွင် ဤဆယ်ဘို့တဘို့ပေးခြင်းကို မေ့လျော့ခဲ့ကြ၏။ နေဟမိက သူတို့၏လျစ်လျူရှုမှုကို ဖော်ထုတ်ခဲ့ပါသည်။ ထိုအချိန်၌ မာလခိကလည်း ဆယ်ဘို့တဘို့ပေးခြင်းကို အထူးတိုက်တွန်းလျက်၊ ကောင်းကြီးမင်္ဂလာခံလိုလျှင် ပြုကြဖို့မိန့်တော်မူခဲ့၏။ ဆယ်ဘို့တဘို့ပေးခြင်းသည် ကျွန်တော်တို့ပြုရမည့်အမှုတော်ဖြစ်သောကြောင့် ယနေ့တိုင် ကျွန်တော်ပြုနေကြခြင်းဖြစ်ပါသည်။ ဘုရားသခင်ကဤသို့မိန့်တော်မူခဲ့ပါသည် “ဆယ်ဘို့တဘို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍၊ ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှါ ပြုကြလော့။ ငါသည် မိုယ်းကောင်းကင်ပြတင်းပေါက်တို့ကိုဖွင့်၍ ကောင်းကြီးမင်္ဂလာကို အကုန်အစင်သွန်းလောင်းမည်မသွန်းလောင်းမည်ကို ထိုသို့စုံစမ်းကြလော့ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏” (မာလခိ ၃း၁၀)။

**ဆင်ခြင်ရန်** - ဆယ်ဘို့တဘို့ပေးခြင်းသည် ဘုရားသခင်ရှေ့တော်၌ အမှန်ပြုရမည့်အမှုတော်ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ထံပေးကမ်းသင့်သောအလှူကို ကျွန်တော်အစဉ်ပေးကမ်းလိုပါ၏။

အင်္ဂါ၊ အောက်တိုဘာ (၅)
**တရားဟော ၁၅း၁-၆**
၁ တိ ၆း၆-၁၁

*"ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းသည် ကြီးစွာသောအကျိုးစီးပွားမှန်၏"*

# အကြွေးနှင့်အကြွေးလွှတ်ခြင်းဥပဒေ

ဘုရားသခင်သည် ဣသရေလလူတို့အား ငြိမ်းချမ်းစွာနေထိုင်၍၊ ချစ်ခြင်းမေတ္တာတရားကို စွဲကိုင်စေခြင်းငှါ အလိုရှိတော်မူ၏။ အကြွေးသည် အချင်းချင်းကြား၌ ငြိမ်းချမ်းမှုမရှိစေရန် ပြဿနာယူဆောင်လာနိုင်သောအရာဖြစ်ပါသည်။ ထို့ကြောင့် ဤအကြွေးနှင့်ဆိုင်သော ဥပဒေသကို ဘုရားသခင်ပေးတော်မူ၏။ ငြိမ်းချမ်းစွာနေထိုင်ခြင်းအတွက် နေ့စဉ်အသက်တာနှင့်ဆိုင်သောဥပဒေသနှင့် ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သောစည်းမျဉ်းများကို လိုအပ်ပါသည်။

ထိုဥပဒေအရ ကြွေးရှင်သည် ခုနစ်နှစ်တိုင်းအကြွေးများကို လွှတ်ပေးရပါမည်။ ထိုနှစ်၌ လယ်မြေသည်လည်း ထွန်ယက်စိုက်ပျိုးခြင်းမှနားရပါမည်။ ကြွေးရှင်သည် ချေးငှါးသောသူထံမှ မတောင်းဘဲလွှတ်ပေးရပါမည်။ ဆိုလိုသည်မှာ အကြွေးကိုဤနှစ်ကာလအတွင်း မဆပ်နိုင်သောသူသည် အမှန်မဆပ်နိုင်သောသူဖြစ်ကြောင်း သေချာသဖြင့်၊ တောင်းနေပါလျှင် ပြဿနာသာလျှင်ကြီးထွားပါလိမ့်မည်။ ထို့ကြောင့် အကြွေးကိုလွှတ်ပေးခြင်းဖြင့် ချစ်ခြင်းမေတ္တာတည်မည်ဖြစ်ပါသည်။

တိုင်းပြည်၌ အချင်းချင်းနားလည်မှုချစ်ခြင်းရှိခြင်းငှါ ဥပဒေလိုအပ်ကြောင်း ဘုရားသခင်သိမြင်တော်မူ၏။ သို့သော်လည်း၊ ဤအကြွေးနှင့်ဆိုင်သော ဥပဒေသည် တပါးအမျိုးသားနှင့်မဆိုင်ပါ။ သူတို့ကိုမူ ဣသရေလလူတို့က အကြွေးတောင်းခွင့်ရှိပါသည်။ အကြောင်းမှာ သူစိမ်းတို့သည် သူတို့ကို လှည့်စားနိုင်သောကြောင့်ဖြစ်ပါသည်။ ထို့ပြင်၊ သူစိမ်းဖြစ်သောကြောင့် ထိုအကြွေးအတွက် အာမခံမလုပ်နိုင်မည်ကို စိုးရိမ်သောကြောင့်ဖြစ်နိုင်ပါသည်။ မိမိအိမ်နီးချင်း၌ ဆင်းရဲသောသူမရှိလျှင် ဤဥပဒေသည် မလိုအပ်ပါ။ ဤဥပဒေသည် ချမ်းသာကြွယ်ဝသောသူတို့က ဆင်းရဲသောသူတို့ကို ကူညီရန်ဟူသော ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။ မောရှေက ဣသရေလလူတို့အား ဘုရားသခင်၏စကားကို နားထောင်လျက်၊ ပညတ်တရားများကို သေချာစွာလိုက်လျှောက်ရန် မိန့်တော်မူ၏။ ဣသရေလလူတို့က ဘုရားသခင်၏ပညတ်တော်ချိုးဖောက်မည်ကို မောရှေစိုးရိမ်ခဲ့ပါသည်။ ဤအကြွေးနှင့်ဆိုင်သော ဥပဒေကို သူတို့လိုက်လျှောက်ကြရပါမည်။

**ဆင်ခြင်ရန်** - ဇာတိပကတိအလိုလိုက်သောသူတို့၏ စိတ်နှလုံးထဲ၌ငွေကြေးတပ်မက်ခြင်းသည် အလွန်အားကြီးလေ့ရှိပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ လိုအပ်သောညီအစ်ကိုကိုချစ်၍၊ ငွေကြေးတပ်မက်ခြင်းနှင့် အကျွန်ုပ်စိတ်နှလုံးကို ကင်းလွတ်စေတော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၆)

**တရားဟော ၁၅း၇-၁၁**

လုကာ ၁၈း၂၂-၂၇

*"ကိုယ်ဥစ္စာရှိသမျှကိုရောင်း၍ ဆင်းရဲသောသူတို့အား ပေးဝေလော့"*

# ဆင်းရဲသားတို့အပေါ် ၌ရက်ရောခြင်းရှိလော့

ကျွန်တော်တို့ပိုင်ဆိုင်သမျှသောအရာတို့သည် ဘုရားသခင်ထံမှဖြစ်၍၊ ကျွန်ုပ်တို့၏အခြေခံလိုအပ်ချက်များကို ဘုရားသခင်ပေးသနားတော်မူခြင်းဖြစ်ပါသည်။ မောရှေက ဣသရေလလူတို့အား နယ်မြေသစ်တွင် နေထိုင်ကြသောအခါ သူတပါးထံမှအကြွေးမယူဘဲ၊ သူတပါးလိုအပ်သောအခါ ချေးငှားသောသူဖြစ်မည်အကြောင်း မှာထားတော်မူ၏။ သူတို့သည် သူတပါး၏ချုပ်ချယ်မှုကို မခံရခြင်းငှါ ကြိုတင်သတိပေးခြင်းဖြစ်ပါသည်။

ဣသရေလလူတို့သည် မိမိညီအစ်ကိုဆင်းရဲသောသူတို့အပေါ်၌ ရက်ရောခြင်းရှိကြရမည်ဖြစ်ပါသည်။ အကြွေးလွတ်မည့်နှစ်ဦးကပ်လာသည့်တိုင် လိုအပ်သောသူကို ချေးငှားပေးကြရပါမည်။ သို့မဟုတ်လျှင် ဆင်းရဲသောညီအစ်ကိုကို မကူညီဘဲ လွတ်သွားပါလိမ့်မည်။ ထိုအခါ ဆင်းရဲသားသည် ဘုရားသခင်ထံအော်ဟစ်၍ သင်သည်အပြစ်လွန်ကျူးသောသူဖြစ်ပါလိမ့်မည်။ ဤအကြောင်းကို အငယ် ၁၀ တွင် ဤသို့ဖော်ပြထားပါသည် - "အကယ်စင်စစ်သူ့အားပေးရမည်။ ပေးသောအခါနှမြောသောစိတ်မရှိရ။ အကြောင်းမူကား၊ ထိုဒါနကြောင့်သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်ပြုလေရာရာ၊ လုပ်ဆောင်လေရာရာ၌ကောင်းကြီးပေးတော်မူမည် "။ ဆင်းရဲသောညီအစ်ကိုတို့ကို ချေးငှါးပေးကမ်းခြင်းပြုကြရန် ဘုရားသခင်ကတိုက်တွန်းခဲ့ပါသည်။ ဤသို့ဖြင့်အိမ်နီးချင်းတို့အပေါ်သို့ချစ်ခြင်းမေတ္တာပြုကြရပါမည်။

အကြီးမြတ်ဆုံးသောပညတ်တော်ဟု သခင်ယေရှုခေါ်တွင်သော၊ ဘုရားသခင်ကိုချစ်ခြင်းနှင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်ခြင်းဟူသောပညတ်တရား၌ဤရက်ရောခြင်း စိတ်သဘောသည်ပါဝင်လျက်ရှိပါ၏။ ဤတရားကိုဤတရားဟောရာကျမ်း၌လည်း တွေ့ရှိရပါသည်။ ပေးကမ်းသောသူအဖို့ကောင်းကြီးခံစားရာဖြစ်၍ လက်ခံရရှိသောသူအတွက် စိတ်နှိမ့်သိမ့်စရာဖြစ်ပါသည်။ မဿဲ ၁၉း၁၆-၂၂ ထဲတွင်တွေ့ရသော၊ ဥစ္စာကြွယ်ဝသောသူသည် မိမိ၏ပစ္စည်းဥစ္စာကို ကိုးစားခဲ့ပါသည်။ သခင်ယေရှုက ကိုယ်ဥစ္စာရှိသမျှကို ရောင်း၍ဆင်းရဲသောသူတို့အားပေးစေရန် မိန့်တော်မူသောအခါ၊ သူ၏စိတ်နှလုံးသည်ပေါ်လွင်ခဲ့ပါသည်။ သူ၏ပစ္စည်းဥစ္စာကို ဆင်းရဲသောသူတို့အားမပေးစေလိုခဲ့၏။ ဆင်းရဲသောသူတို့အပေါ်ရက်ရောခြင်းသည် လောကီလူတို့ပင်နှစ်သက်သော မင်္ဂလာဖြစ်ပါသည်။ ဘုရားသခင်သားသမီးတို့သည် ပို၍လုပ်ဆောင်ကြရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ရက်ရောခြင်းသည် ဘုရားသခင်အပေါ်ထားရှိသော အကျွန်ုပ်ချစ်ခြင်းမေတ္တာ သက်သက်ပင်ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ဆင်းရဲသောသူတို့အပေါ်သနားကြင်နာတတ်သောစိတ်နှလုံးကို အကျွန်ုပ်အားပေးသနားတော်မူပါ။

**တရားဟော ၁၅း၁၂-၁၈**

ယောဘ ၃၁း၁၃-၁၅

*"တပါးတည်းသောဘုရားသည် အမိဝမ်းထဲ၌ ငါတို့နှစ်ယောက်ကို ဖန်ဆင်းတော်မူသည်မဟုတ်လော"*

# ကျွန်ပိုင်ဆိုင်ခြင်းနှင့်လွတ်မြောက်စေခြင်း

ကျွန်တို့၌လည်းရပိုင်ခွင့်ရှိခဲ့ကြပါသည်။ သူငှါးကဲ့သို့ပင် သူတို့သည်အလုပ်လုပ်ခဲ့ကြ၏။ ထိုသို့ခြောက်နှစ်အလုပ်လုပ်ပြီးဆုံးဖြတ်ချက်ချရသော အခွင့်ကိုရခဲ့ကြ၏။ ထွက်ခွာသွားလိုလျှင် လက်ချည်းဗလာဖြင့် မသွားရပါ။ သခင်ကဘဝအသစ်စခြင်းအတွက် ဥစ္စာတချို့ပေးရပါမည်။ ဟေဗြဲလူတို့သည်လည်း မိမိလူမျိုးထဲမှကျွန်ပိုင်ဆိုင်ခွင့်ရှိကြပါသည်။ သို့သော်လည်းသူတို့၌ ရပိုင်ခွင့်ရှိရပါမည်။ ဟေဗြဲလူမျိုးကျွန်သည် ခြောက်နှစ်အလုပ်လုပ်ပြီးနောက်တွင် လွတ်မြောက်ခွင့်ရှိပြီး၊ လက်ချည်းဗလာထွက်သွားရမည်မဟုတ်ပါ။ မောရှေက သခင်တို့ထံ၌သို့ဆိုထားပါသည်- " သင်၏ဘုရားသခင်ထာဝရဘုရားသည် ကောင်းကြီးပေးတော်မူသည်အတိုင်း၊ သင်၏သိုးစုကောက်နယ်တလင်း၊ စပျစ်သီးနေရာကျင်းထဲကများစွာပေးရမည်"။ ဤသည်ကား ဘဝသစ်ထူထောင်ရန်ဖြစ်ပါသည်။

ဣသရေလလူတို့သည်မိမိအပိုင်နယ်မြေမရှိ အဲဂုတ္တုပြည်၌ကျွန်ခံခဲ့ဘူးသည်ကို သတိရစေခြင်းငှါ ဖြစ်၏။ သူတို့သည် အခွင့်အရေးမရှိကြဘဲ၊သူတို့သခင်တို့က သူတို့၏အနာဂတ်အတွက်မစဉ်းစားပေးခဲ့ကြပါ။ ယခုအခါဘုရားသခင်က သူတို့ကို နယ်မြေပေးတော်မူပြီ။ သူတို့လိုအပ်သောအရာများကိုပေးတော်မူခဲ့၏။ ထို့ကြောင့်သူတို့၏ ကျွန်အပေါ်၌လည်းသူတို့ခံစားရသော ဘုရားသခင်၏ကောင်းကြီးကို ပြန်လည်ပြသခြင်းငှါ၊ လူတို့အားပြသခြင်းငှါအလိုရှိတော်မူ၏။ ဘုရားသခင်က မိမိ၏စကားကို သူတို့နာခံခြင်းငှါ အလိုရှိတော်မူ၏။

တဖက်တွင်၊ ကျွန်က ခြောက်နှစ်အစေခံပြီးနောက် သခင်နှင့်အတူဆက်၍ နေလိုက်လျှင်၊ သခင်က စူးကိုယူ၍တံခါး၌ ကျွန်၏နားရွက်ကိုဖောက်ပြီးမှ သူသည်အစဉ်အမြဲကျွန်ခံရပါမည်။ ကျွန်မ၌လည်း ထို့အတူပြုရပါမည်။ မောရှေက ကျွန်ကိုလွတ်မြောက်စေ၍ဥစ္စာပစ္စည်းအတော်အတန်ပေးခြင်းကိုနှမြောခြင်းမရှိစေရန် ထပ်၍မိန့်တော်မူ၏။ ကျွန်သည် သူငှါးထက်နှစ်ဆအဖိုးတန်၏။ သခင်တို့က တရားမျှတစွာသူတို့ကို ဆက်ဆံလျှင်၊ ကောင်းကြီးပေးမည်အကြောင်း မိန့်တော်မူ၏။ တပါးအမျိုးသားတို့၏ ကျွန်အပေါ်ဆက်ဆံမှုသည် ယခုတွေ့ရသော ဘုရားသခင်၏ဥပဒေသနှင့်အလွန်ခြားနားခြင်းရှိ၏။ ထို့ကြောင့် ဘုရားသခင်၏ပညတ်တရားသည် လူတို့၏ဥပဒေတို့အထက်၌ကြီးမြတ်စွာရှိပါ၏။

**ဆင်ခြင်ရန်** - လူသားအပေါင်းတို့သည် ဘုရားသခင်ဖန်ဆင်းတော်မူသောသတ္တဝါဖြစ်ကြပြီး၊ တူညီသောဆက်ဆံမှုခံထိုက်ကြပါ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာကို လူအပေါင်းတို့ထံ ပြသလိုပါ၏။

**တရားဟော ၁၅:၁၉-၂၃**

ဝတ် ၂၂:၁၅-၁၆

*"သန့်ရှင်းသောအရာတို့ကို မနှုတ်မချရ"*

## အဦးဘွားတို့၏ သန့်ရှင်းခြင်း

အဦးဘွားသောတိရစ္ဆာန်တို့သည် ဣသရေလလူမျိုး၌ အရေးပါလှပါသည်။ ထာဝရဘုရားအဖို့ သန့်ရှင်းစေရပါမည် (တရား ၁၅:၁၉)။ ထွက်မြောက်ရာကျမ်းထဲ၌ အဦးဘွားတို့၏ အရေးပါမှုကို အထူးတွေ့ရှိရပါသည်။ ဘုရားသခင်က မိမိလူတို့ကို အဲဂုတ္တုပြည်မှ ခေါ်ထုတ်မည့်အချိန်တွင် နောက်ဆုံးပြုတော်မူသော ကပ်ဘေးမှာအဲဂုတ္တုလူတို့၏ သားဦးနှင့်အိမ်မွေးတိရစ္ဆာန်အဦးဘွားများ သတ်ခြင်းပင်ဖြစ်ပါသည်။ ဤကျမ်းပိုဒ်၌၊ ဣသရေလလူတို့သည် သိုးနွားတို့၏အဦးဘွားသောအထီးရှိသမျှကိုသန့်ရှင်းစေရန် မိန့်တော်မူခြင်းခံရကြ၏။ အဦးဘွားသောနွားကို မခိုင်းစေရဘဲ၊ အဦးဘွားသောသိုးကိုလည်း အမွေးမရိတ်ရပါ။ ဘုရားသခင်ရွေးချယ်တော်မူသောအရပ်၌ သတ်၍စားကြရပါမည်။ ဤသည်ကား ပဿခါပွဲသကဲ့သို့ပင် သန့်ရှင်းသောပွဲပင်ဖြစ်ပါ၏။ ထိုသိုးနွားတို့၌ အပြစ်အနာဆာတစုံတခုရှိခဲ့လျှင် ထာဝရဘုရားထံ မပူဇော်ရဘဲ၊ မိမိနေထိုင်ရာအရပ်၌ စားသုံးရပါမည်။ တိရစ္ဆာန်သတ်စားခြင်း၌ ဣသရေလလူတို့သည်အသွေးစားသုံးခြင်းကို ရှင်းလင်းစွာ တားမြစ်ထားခြင်းခံရကြ၏။

ဤကျမ်းပိုဒ်ကို Matthew Henry က ဤသို့အနက်ဖွင့်ရှင်းပြခဲ့ပါသည် - "အဦးဘွားတိရစ္ဆာန်တို့ကို မည်သို့ပြုရမည်အကြောင်း ဤကျမ်းပိုဒ်၌ဖော်ပြထားပါသည်။ ယခု ကျွန်တော်တို့သည် ဣသရေလလူတို့ကဲ့သို့ တားမြစ်ထားခြင်းမခံရပါ။ ဤဥပဒေသကို သတင်းကောင်းတရားအားဖြင့် ရှုမြင်ကြပါစို့။ ကျွန်တော်တို့သည် မိမိကိုယ်ကိုဆက်ကပ်၍၊ ကျွန်ုပ်တို့၏အကောင်းဆုံးအချိန်နှင့် အစွမ်းတို့ကို ဘုရားသခင်အတွက် အသုံးပြုကြပါစို့။ ခံစားရသောကောင်းကြီးမင်္ဂလာအပေါင်းတို့ကိုလည်း ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းအတွက် အသုံးပြုကြပါစို့။"

တရားဟောရာကျမ်းအခန်းကြီး ၁၅ အစောပိုင်းတွင် တွေ့ရသောအကြွေးကင်းလွှတ်ခွင့်တို့သည် ဘုရားသခင်၏ပညတ်တရားပြည့်စုံခြင်း၌ ငြိမ်းချမ်းရေးကိုဖြစ်ပေါ်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်း၌ သန့်ရှင်းခြင်းသည် ထာဝရလိုအပ်သောအရာဖြစ်ပါသည်။ ဘုရားသခင်၏လမ်းညွှန်ချက်ချိုးဖောက်ခြင်းသည် အပြစ်ဖြစ်၏။ နာမခံခြင်း၌ စာတန်ကအမြဲသွေးဆောင်လေ့ရှိ၏။ ဤတရားဥပဒေတို့ကို မောရှေမဟုတ်ဘဲ၊ ဘုရားသခင်ကပေးတော်မူခြင်းဖြစ်ပါသည်။

ကယ်တင်ခြင်းအတွက် ဘုရားသခင်၏သိုးသငယ်၊ ယေရှုခရစ်တော်ထံ ချဉ်းကပ်ပါလော့၊ သို့ဆိုလျှင် ဘုရားသခင်နှင့်သင့်မြတ်ခြင်း သင်ရရှိပါလိမ့်မည်။ ထိုဘုရားသခင်၏ပညတ်တော်ကို ချိုးဖြောက်သောသူသည် သခင်ယေရှုဖြစ်တော်မူ၍၊ နားလည်သဘောပေါက်မှုကိုလည်း ပေးတော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့်ဆိုင်သောအရာမှန်သမျှသည် သန့်ရှင်းခြင်းရှိ၍ ကျွန်တော်တို့သည် အလေးအမြတ်ထားကြရပါမည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏မြတ်သောတန်ဖိုးကို ကျွန်တော်အစဉ်နားလည်လိုပါ၏။

စနေ၊ အောက်တိုဘာ (၉)
**တရားဟော ၁၆း၁-၈**
မဿဲ ၂၆း၁၇-၁၉

*"ပသခါပွဲကို စားတော်မူဘို့ရာ အဘယ်အရပ်၌ အကျွန်ုပ်တို့သည် ပြင်ဆင်စေခြင်းငှါ အလိုရှိတော်မူသနည်း"*

# ပသခါပွဲကျင်းပဆင်နွှဲခြင်း (၁)

ဘုရားသခင်က ဣသရေလလူတို့အတွက် နှစ်စဉ်ကျင်းပဖို့ရန် ပွဲသုံးပွဲသတ်မှတ်ပေးတော်မူခဲ့၏။ ထိုပွဲဆင်နွှဲပုံအသေးစိတ်ကို ထွက်မြောက်ရာကျမ်းနှင့်ဝတ်ပြုရာကျမ်းထဲ၌ ဖော်ပြခဲ့ပါသည်။ ဤပွဲများကို ဣသရေလလူတို့သည် ကျင်းပရမည်ဖြစ်ပြီး၊ ပွဲတခုချင်းစီ၏ရည်ရွယ်ချက်ကို ဖော်ပြခဲ့ပါသည်။ ထိုပွဲတို့က သူတို့အတွက် ဘုရားသခင်ပြုတော်မူသောအမှုနှင့် ဘုရားသခင်၏ဆက်လက်စောင့်ရှောက်မည့်အကြောင်းကို သတိရစေပါ၏။ ဘုရားသခင်က သူတို့၏သိုးနွားများနှင့်လယ်ယာထွက်ကုန်တို့ကို ကောင်းကြီးပေးတော်မူ၏။

ပသခါပွဲသည် အဓိကပွဲဖြစ်၍ အဲဂုတ္တုပြည်မှ ဣသရေလလူတို့ထွက်ခွာရာ ပထမလဖြစ်သော အဗိဗလ၌ကျင်းပသောပွဲဖြစ်ပါသည်။ ပထမလဖြစ်သည်အလျောက် မောရှေအား ဤပွဲကိုဆင်နွှဲခြင်းငှါ မိန့်တော်မူ၏။ ဤပွဲကိုအဲဂုတ္တုလူတို့အပေါ် ကျရောက်သောနောက်ဆုံးဘေးဒဏ်မှ ဘုရားသခင်၏လူတို့လွတ်မြောက်ခြင်းခံရသောအချိန်၌ ပထမဆုံးဆင်နွှဲခဲ့ကြ၏။ ဆိတ် (သို့) သိုးတစ်နှစ်သားကိုသတ်၍ သူတို့၏အိမ်တံခါးတိုင်တို့၌ အသွေးကိုသုတ်ကြရ၏။ ထိုအသွေးကိုမြင်သောအခါ ဘုရားသခင်သည် ထိုအိမ်ကိုလွှန်သွားမည်ဖြစ်၏။ ထိုလွှန်သွားခြင်း ဟူသည် ပသခါ ဟု အမည်ရ ၏။ ထိုအချိန်မှစ၍ မောရှေအားဘုရားသခင်က ထိုပွဲကို မိမိအချိန်အခါ၌ အစဉ်အမြဲ ဆင်နွှဲခြင်းငှါ မှာကြားတော်မူ၏။

ထိုပွဲနှင့်ပတ်သက်သော ဘုရားသခင်၏မှာထားတော်မူချက်အချို့ကို ဤသို့တွေ့ရပါသည် "အကြောင်းမူကား၊ ယနေ့ညဉ့်တွင် အဲဂုတ္တုပြည်ကို ငါသည်ထုတ်ချင်းခပ်သွား၍၊ အဲဂုတ္တုပြည်၌ရှိသောလူတို့၏သားဦးများနှင့် တိရစ္ဆာန်တို့၏သားဦးများအပေါင်းတို့ကို ဒဏ်ခတ်၍၊ အဲဂုတ္တုပြည်၏ဘုရားတို့ကို တရားစီရင်မည်။ ငါသည်ထာဝရဘုရားဖြစ်၏။ သိုးသငယ်၏အသွေးသည် သင်တို့နေရာအိမ်၌ သင်တို့၏လက္ခဏာသက်သေဖြစ်၍၊ ထိုအသွေးကို ငါမြင်သောအခါ၊ သင်တို့ကို ငါလွှန်သွားမည်။ ထိုသို့အဲဂုတ္တုပြည်ကို ငါသည်ဒဏ်ခတ်သောအခါ၊ ပျက်စီးခြင်းဘေးဥပဒ်သည် သင်တို့ကို မသင့်မရောက်ရ။ ဤနေ့ရက်သည်လည်း သင်တို့အောက်မေ့စရာဘို့ဖြစ်၍၊ သင်တို့၏အမျိုးအစဉ်အဆက်မပြတ် ဤနေ့ရက်၌ ထာဝရဘုရားအားပွဲခံရကြမည်။ ပညတ်တော်ရှိသည်ဖြစ်၍၊ ထိုပွဲကို အစဉ်အမြဲခံရကြမည်" (ထွက် ၁၂း၁၂-၁၄)။ ဘုရားသခင်၏လူတို့ထံ ဟောပြောသောမိမိ၏နောက်ဆုံးတရားဟောချက်တွင် မောရှေက ဘုရားသခင်အရင်က မိန့်တော်မူချက်ကိုပြန်၍ဖော်ပြခဲ့ပါသည်။ တောထဲ၌ နှစ်ပေါင်းလေးဆယ်ခရီးသွားစဉ် ဤပွဲကိုဆင်နွှဲခဲ့ကြပါသည်။ ယခုအမိန့်တော်ကိုလည်း သူတို့လိုက်လျှောက်ဖို့ အရေးကြီးလှပါ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်အတွက် ဘုရားသခင်ပြုတော်မူသောအမှုကို ကျွန်တော်မည်သို့ သတိရပါမည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်အတွက် ခရစ်တော်ပြုတော်မူသောအမှုကို ကျွန်တော်မမေ့လျော့မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၁၀)
**တရားဟော ၁၆း၁-၈**
တမန် ၂း၂၃

*“ဘုရားသခင်ပြဋ္ဌာန်းတော်မူသော အလိုတော်အားဖြင့်၎င်း၊ အနာဂတံသဉာဏ်တော်အားဖြင့်၎င်း၊ အပ်နှံခြင်းကိုခံသော ထိုယေရှု. . . ”*

## ပသခါပွဲကျင်းပဆင်နွှဲခြင်း(၂)

ပသခါပွဲသည် ခုနစ်ရက်ကြာပြီး အဲဂုတ္တုပြည်ကယ်နှုတ်ခြင်းခံရခြင်းကို သတိရလျက် တဆေးမပါသောမုန့်ကို စားကြရ၏။ ယဇ်ကောင်ကို မိမိတို့၏အိမ်ထဲ၌မသတ်ရဘဲ၊ ဘုရားသခင်သတ်မှတ်သောနေရာ၌ ပူဇော်ကြရပါမည်။ အသားကိုမချက်ပြုတ်ရဘဲ၊ မီးကင်ကြရမည်ဖြစ်၍ တညတည်း အကုန်အစင်စားကြရပါမည်။ ကျန်ကြွင်းသမျှကို မီးရှို့ကြရပါမည်။ ထိုပွဲ၏ ခုနစ်ရက်မြောက်နေ့သည် ဓမ္မစည်းဝေးရာနေ့ဖြစ်၍ အလုပ်မလုပ်ရပါ။ အဲဂုတ္တုလူတို့၏ကျွန်ဘဝမှ ကယ်နှုတ်ခံရခြင်းကို ဣသရေလလူတို့သည် သတိရအောက်မေ့ခြင်းငှါ ဤပွဲကိုခံစေခြင်းဖြစ်ပါသည်။ သို့သော်လည်း၊ လူမျိုးတကာမှ ဘုရားသခင်၏သားသမီးတို့အတွက်မူကား အပြစ်မှကယ်နှုတ်တော်မူခြင်းအမှုကို ထင်ရှားစေ၏။

ပို၍ကြီးမြတ်သောဆရာကြွလာတော်မူမည်အကြောင်း ဖော်ပြခြင်းငှါ မောရှေ၏ပညတ်တရားကို ပေးတော်မူခဲ့၏။ ပသခါပွဲသည် မိမိလူတို့အား အပြစ်မှကယ်နှုတ်တော်မူမည့်မေရှိယကြွလာတော်မူမည့်အကြောင်း ပုံရိပ်ဖြစ်ပါသည်။ မောရှေခေတ် ဣသရေလလူတို့က ထိုအကြောင်းကို အကုန်အစင်နားမလည်ခဲ့ကြသော်လည်း၊ ခရစ်တော်ကြွလာတော်မူသောအခါ ပြည့်စုံစွာပေါ်လွင်ခဲ့ပါသည်။ ထိုပွဲသည် ဥပုသ်နေ့၊ အနားယူခြင်းဖြင့် အဆုံးသတ်ခဲ့၏။ ထိုနည်းတူ ခရစ်တော်နာခံခြင်းနှင့်ကယ်နှုတ်တော်မူခြင်းအဆုံးသတ်သည် ထာဝရအနားယူခြင်းပင်ဖြစ်ပါ၏။

ထို့ကြောင့် ပသခါပွဲ၌သတင်းကောင်းတရားပါဝင်၏။ ဣသရေလလူတို့သည် ထိုပွဲကိုယုံကြည်ခြင်းဖြင့် ဆင်နွှဲသကဲ့သို့၊ ခရစ်တော်ကိုယုံကြည်သောသူအပေါင်းတို့၌ ထာဝရမျှော်လင့်ခြင်းရှိ၏။ ဣသရေလလူတို့သည် မုဆိုးမနှင့်မိဘမဲ့တို့အား ပေးကမ်းကြရ၏။ ထို့ကြောင့် ဤပွဲ၌သူတို့လည်းပါဝင်ဆင်နွှဲကြရပါမည်။ ဆိုလိုသည်မှာ ဘုရားသခင်ရှေ့တော်၌ လူတိုင်းသည်အရေးပါကြ၏။ ထို့ကြောင့် ကောင်းကြီးမင်္ဂလာခံစားရသောသူတို့သည် လိုအပ်သောသူတို့ကို ပေးကမ်းမစကြရပါမည်။ ထို့ကြောင့် ကောင်းကြီးခံစားရသောသူတို့သည် အဲဂုတ္တုပြည်၌ သူတို့သည်ကျွန်ခံခဲ့ကြဖူးကြောင်းကို၎င်း၊ ဘုရားသခင်က မိမိလက်တော်အားဖြင့် ကယ်နှုတ်တော်မူကြောင်း သတိရကြရပါမည်။ ဘုရားသခင်မိန့်တော်မူသောအမှုတို့သည် ပြည့်စုံခြင်းရှိခဲ့ကြ၏။

**ဆင်ခြင်ရန်** - “ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ချစ်ခြင်းမေတ္တာ၌ တည်သောသူသည် ဘုရားသခင်၌တည်တော်မူ၏” (၁ ယော ၄း၁၆)။

**ဆုတောင်းချက်-** အဖဘုရား၊ယေရှုခရစ်တော်သည် အကျွန်ုပ်၏ထာဝရပသခါယဇ်ဖြစ်တော်မူ၏။

တနင်္လာ၊ အောက်တိုဘာ (၁၁)
**တရားဟော ၁၆း၉-၁၅**
ဟေဗြဲ ၁၀း၁-၇

*"ပညတ်တရားသည် နောက်ဖြစ်လတံ့သော မင်္ဂလာအကျိုးတို့၏ သေချာသောပုံသဏ္ဍာန်ကိုမပြ၊ အရိပ်ကိုသာပြသည်ဖြစ်၍. . . "*

# ခုနစ်သီတင်းပွဲနှင့်သကေနေပွဲ

ခုနစ်သီတင်းပွဲကို ရက်ပေါင်း ၅၀ ဟုအဓိပ္ပာယ်ရှိသော ပင်တေကုတ္တေပွဲဟုလည်း ခေါ်ကြ၏။ ဤပွဲကိုရိတ်သိမ်းချိန်မှစ၍ ခုနစ်ပတ်လုံးလုံးဆင်နွှဲရပါသည်။ ဤပွဲတွင်၊ ဣသရေလလူတို့သည် ဘုရားသခင်ထံမှ ကောင်းကြီးခံစားရသည်အတိုင်း မိမိတို့၏အလိုအလျောက်ပေးကမ်းခြင်းကို ပြုကြ၏။ မိသားစုတစ်ခုလုံး၊ ကျွန်ယောကျ်ားနှင့်မိန်းမအပါအဝင် အားလုံးဆင်နွှဲကြရ၏။

ထိုအရပ်၌ရှိသော လေဝိသားတို့သည်လည်း ပါဝင်ဆင်နွှဲကြရပါမည်။ ဂတိတော်ပြည်၌ လေဝိအမျိုးသားတို့သည် နယ်မြေမပိုင်ဆိုင်ရကြဘဲ၊ အခြားဣသရေလအမျိုးတို့နှင့်အတူ နေထိုင်ကြရကြောင်း သတိပြုကြရပါမည်။ သူတို့သည် ဣသရေလလူတို့၏ဝိညာဉ်ရေးရာအမှုကို ဆောင်ရွက်ကြရ၏။ သူတို့သည်ယဇ်ပုရောဟိတ်အမျိုးဖြစ်ကြ၏။

သကေနေပွဲကိုလည်း စပါးနှင့်စပျစ်ရည်သိမ်းယူပြီးနောက် ခုနစ်ရက်လုံးလုံး ဆင်နွှဲရပါ၏။ ဤပွဲတွင်၊ ဣသရေလလူတို့သည် ယာယီတဲများတည်ဆောက်၍ ထိုတဲများ၌ပွဲကာလအတွင်း နေထိုင်ကြရပါမည်။ နှစ်ပေါင်းများစွာ ခါနာန်ပြည်၌နေထိုင်ပြီး၊ ဗာဗုလုန်ပြည်မှပြန်လာကြသောအချိန်၌၊ ဣသရေလလူတို့သည် ပညတ္တိကျမ်းကို ဖတ်၍ထိုပွဲကိုဆင်နွှဲခဲ့ကြကြောင်း နေဟမိမှတ်စာထဲတွင် ဖော်ပြခဲ့ပါသည် (နေဟ ၈း၁၄-၁၈)။ မောရှေပြဋ္ဌာန်းသောဣသရေလပြက္ခဒိန်တွင် ဤပွဲသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ မိသားစုတခုလုံး ဤပွဲကိုဆင်နွှဲကြရပါမည်။ ရွှင်လန်းဝမ်းမြောက်ရာနေ့ပင်ဖြစ်ပါသည်။ ဤပွဲသည် ဓမ္မပွဲဖြစ်သော်ငြားလည်း၊ ဣသရေလလူတို့အား အဲဂုတ္တုပြည်မှ ဘုရားသခင်မည်သို့ကယ်နှုတ်၍ လိုအပ်ချက်များထောက်ပံ့စောင့်ရှောက်တော်မူကြောင်းကို အမှတ်ရစေခြင်းငှါဖြစ်ပါသည်။ လူတိုင်း ဤပွဲကိုမျှော်လင့်စောင့်စားတတ်ကြ၏။

ဣသရေလလူတို့အား ဆင်နွှဲရန် ဖော်ပြခဲ့သောဤပွဲများ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ယေရှုခရစ်တော်ကိုယ်တိုင်နှင့် တမန်တော်တို့က ရှင်းပြတော်မူခဲ့ပါသည်။ ခံစားရသောကောင်းကြီးမင်္ဂလာတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာလျှင်ဖြစ်ပါသည်။ ထိုကျေးဇူးတော်ကို သူတပါးထံ လက်ဆင့်ကမ်းပေးကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ဖော်ပြသောပွဲတို့သည် ကယ်တင်ခြင်းကျေးဇူးတော်ကို ပြသသောပုံရိပ်ဖြစ်ကြပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ပွဲတော်မှ ထာဝရဝမ်းမြောက်ခြင်းကို အကျွန်ုပ်အားပေးတော်မူပါ။

အင်္ဂါ၊ အောက်တိုဘာ (၁၂)
**တရားဟော ၁၆း၁၆-၂၂**
၂ ယော ၄-၆

*"ငါတို့သည် ခမည်းတော်ဘုရားထံ၌ပညတ်တော်ခံရသည် အတိုင်း. . . သမ္မာတရား၌ကျင်လည်၍. . . "*

## ပွဲတော်များ၊ တရားမျှတမှုနှင့်သန့်ရှင်းသောကိုးကွယ်ခြင်း

ဣသရေလလူမျိုးယောကျ်ားအပေါင်းတို့သည် ထိုပွဲတော်များဆင်နွဲရန် ဘုရားသခင်ရွေးချယ်တော်မူသောအရပ်သို့ထွက်လာကြရပါမည်။ ဘုရားသခင်ထံမှခံစားရသော ကောင်းကြီးမင်္ဂလာအတိုင်း လက်ဆောင်များယူဆောင်လာကြရပါမည်။ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ ပစ္စည်းဥစ္စာပေးလှူခြင်း(သို့)လိုအပ်သောသူထံ မိမိအလိုအလျောက်ပေးကမ်းခြင်းပါဝင်ပါသည်။ ဘုရားသခင်က လူတိုင်းကိုအချို့သောကောင်းကြီးမင်္ဂလာနှင့် အချို့သောလူတို့ကို ငွေကြေးဥစ္စာကြွယ်ဝမှုတို့ကိုပေးတော်မူ၏။ ခါနာန်ပြည်သို့ဝင်ရောက်သောအချိန်၌ ဘုရားသခင်၏လူတို့၌ ပိုင်ဆိုင်မှုအနည်းငယ်သာရှိကြ၏။ ဘုရားသခင်က တောင်များနှင့်ချိုင့်ဝှမ်းများရှိသော နယ်မြေကိုပေး၍ စိုက်ပျိုးရေးအတွက် လိုအပ်သောမိုးရေကို ပေးတော်မူ၏။ ထိုသို့ကောင်းကြီးခံစားကြရသော အခါ ဘုရားသခင်မိန့်တော်မူသည်အတိုင်း သူတပါးကိုထပ်ဆင့်ပေးကမ်းကြရပါမည်။ ထို့ပြင် ပွဲတော်များကျင်းပဆင်နွဲခြင်းနှင့်ပတ်သက်သော ဘုရားသခင်၏အမိန့်တော်များကို လိုက်လျှောက်ကြရပါမည်။

တရားမျှတမှုနှင့်သန့်ရှင်းသောကိုးကွယ်ခြင်းတို့သည် ဣသရေလလူမျိုးကိုကွယ်ကာခြင်းငှါ ဖြစ်ပါသည်။ ဣသရေလလူတို့သည် နယ်မြေပိုင်ဆိုင်ကြသောအခါ တရားသူကြီးနှင့်အရာရှိများခန့်ထားရမည်ဖြစ်၏။ သူတို့သည် လူ၏မျက်နှာကိုမထောက်ဘဲ ဖြောင့်မတ်မှန်ကန်စွာတရားစီရင်ကြရပါမည်။ မတရားမှုကိုဖြစ်စေတတ်သော တံစိုးစားခြင်းကိုတားမြစ်တော်မူ၏။ လူတိုင်းသည် မှန်ကန်သောအမှုကိုပြုကြရပါမည်။ ထို့ပြင် ဝတ်ပြုကိုးကွယ်ရာအရပ်ကို သန့်ရှင်းစွာထား၍ ညစ်ညူးစေခြင်းမပြုကြရပါ။ ဘုရားသခင်၏ယဇ်ပလ္လင်အနား၌ အာရှရပင်နှင့်အဘယ်ရုပ်တုမျှ မစိုက်ထူရပါ။ မောရှေက ဘုရားသခင်၏ပညတ်ချက်တို့ကို သူတို့လိုက်လျှောက်ခြင်းငှါ တိုက်တွန်းခဲ့ပါသည်။

ထိုပွဲတော်တို့၌ ဘုရားသခင်သည်ရည်ရွယ်ချက်ရှိတော်မူသည်ဖြစ်၍ မိန့်တော်မူသည် အတိုင်း လိုက်လျှောက်ကြရပါမည်။အခြားအကြောင်းဟူမူကား ဣသရေလလူတို့သည် ဘုရားသခင်ချဉ်းကပ်ခြင်း၌ စည်းကမ်းရှိကြစေခြင်းငှါဖြစ်၏။ ဤအရာအားလုံးက ခရစ်တော်အားဖြင့်ရောက်ရှိလာသော ကယ်နှုတ်တော်မူခြင်းနှင့်ဘုရားသခင်၏လူတို့သည် ဖြောင့်မတ်မှန်ကန်စွာနေထိုင်ကြရန် တိုက်တွန်းဖော်ပြရန်ရှိ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်ချက်အတိုင်းအသက်ရှင်ပါ။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ပညတ်ချက်များကို ယုံကြည်ခြင်းနှင့်ကျွန်တော် လိုက်လျှောက်လိုပါ၏။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၁၃)
**တရားဟော ၁၇း၁-၇**
၁ တိ ၅း၂၀-၂၂

*“. . . ဤပညတ်များကို စောင့်ရှောက်မည်အကြောင်း. . .”*

## ရုပ်တုကိုးကွယ်ခြင်းအပြစ်ဒဏ်

ဣသရေလပြည်၏ လူတိုင်းဘဝသည် ဘုရားသခင်၏ပညတ်တော်စောင့်ရှောက်ခြင်းအောက်၌ရှိပါ၏။ ရုပ်တုဆင်းတုကိုးကွယ်သောသူတို့သည် သေချာစွာစစ်ကြောပြီးမှ လူထုရှေ့တွင် ပြစ်ဒဏ်ပေးရမည်ဖြစ်ပါသည်။ တိုင်းပြည်အတွက် ဘုရားသခင်ခန့်အပ်မည့်ရှင်ဘုရင်အတွက်လည်း ပညတ်တော်က လိုက်လျှောက်ရမည့်အချက်များဖော်ပြထားပါသည်။ ထိုရှင်ဘုရင်သည် စစ်မှန်သောအကြံပြုချက်ကိုယူ၍ ပညတ်တရားကိုအသေးစိတ်လိုက်လျှောက်ရပါမည်။ ထိုအခါ ဘုရားသခင်သည် ထိုရှင်ဘုရင်နှင့်ပြည်သူပြည်သားတို့ကို နာခံခြင်းကြောင့် ကောင်းကြီးပေးတော်မူလိမ့်မည်။

ဘုရားသခင်ထံ မှန်ကန်သောပူဇော်သက္ကာဟူမူကား အပြစ်အနာဆာကင်းသောနွားဖြစ်ပါသည်။ ဘုရားသခင်ထံပူဇော်သောအရာသည် သန့်ရှင်းခြင်းရှိ၍စုံလင်ခြင်းရှိရမည်အကြောင်း ရည်ညွှန်းခြင်းဖြစ်ပါသည်။ ထိုအရာနှင့်ဆန့်ကျင်သောအရာသည် ဘုရားသခင်ရှေ့၌စက်ဆုပ်ရွံရှာစရာဖြစ်တော်မူ၏။ ဘုရားသခင်၏ပဋိညာဉ်ချိုးဖောက်ခြင်းသည် အဓမ္မအမှုဖြစ်ပါသည်။

အကြိမ်ကြိမ်တားမြစ်ထားသောအပြစ်မူကား ရုပ်တုကိုးကွယ်ခြင်းပေတည်း။ ဘုရားသခင်ထံတောင်ပေါ်သို့မောရှေသွားရောက်စဉ် အာရုန်က ဣသရေလလူတို့၏ တောင်းဆိုမှုကိုလိုက်လျောလျက် ရွှေနွားသူငယ်ရုပ်ပြုလုပ်ခဲ့ခြင်းကို မောရှေအမှတ်ရသတိပြုခဲ့ပါသည်။ အခြားလူမျိုးအပေါင်းတို့သည် ရုပ်တုဆင်းတုကိုးကွယ်သောသူများဖြစ်ကြ၏။ ထို့ကြောင့် ထိုလူအပေါင်းတို့၏နောက်သို့လိုက်၍ ရုပ်တုကိုးကွယ်ခြင်းမပြုခြင်းငှါ အကြိမ်ကြိမ်တားမြစ်သတိပေးခြင်းဖြစ်ပါသည်။ ပညတ်တရား၌လည်း ရုပ်တုကိုးကွယ်ခြင်းအပြစ်ဒဏ်ကို ဖော်ပြခဲ့ပါသည်။ မတရားစွပ်စွဲမှုလည်းရှိနိုင်ကြောင်း ဘုရားသခင်သိတော်မူ၏။ ထို့ကြောင့် အမှုတိုင်းကို သေချာစွာစစ်ကြောခြင်းငှါ မိန့်တော်မူ၏။ “သင်သည် သတင်းကြား၍စေ့စေ့မေးမြန်းသောအခါ ဣသရေလအမျိုး၌ထိုစက်ဆုပ်ဘွယ်သောအမှုကို ပြုမိသည်မှန်လျှင်” (တရား ၁၇း၄) ဤအပြစ်ဒဏ်သည် သေဒဏ်ဖြစ်သောကြောင့်၊ သေချာစွာစစ်ကြောဖို့လိုခြင်းဖြစ်ပါသည်။ ပြစ်ဒဏ်ကိုကျောက်ခဲဖြင့်ပစ်သတ်ခြင်းဖြင့် စီရင်ရပါမည်။ သက်သေနှစ်ဦး (သို့) သုံးဦးရှိမှသာ တရားသူကြီးက ပြစ်ဒဏ်ချမှတ်ရပါမည်။ ထိုသက်သေတို့ကရှေးဦးစွာ ကျောက်ခဲဖြင့်ပစ်ကြရပါမည်။ သူတို့၏စကားဖွင့်ဆိုချက်သည် အမှန်တရားဖြစ်ကြရပါမည်။

**ဆင်ခြင်ရန်** - ဒဏ်ခတ်ခြင်းသည် မကောင်းမှုကိုဖယ်ရှားရသောနည်းဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်မှတပါး အခြားသောဘုရားများ အကျွန်ုပ်၌မရှိမည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ အောက်တိုဘာ (၁၄)

**တရားဟော ၁၇း၈-၁၃**

၁ ကော ၂း၁၂-၁၅

*“ဝိညာဉ်လူမူကား ထိုအရာအလုံးစုံတို့ကို ပိုင်းခြား၍နားလည်တတ်၏”*

# တရားစီရင်ခြင်းနည်းလမ်း

ခက်ခဲသောအမှုကိုဘုရားသခင်ရွေးချယ်တော်မူသောအရပ်၌ အယူခံဝင်ရပါသည်။ ထိုနေရာသည်တိုင်းပြည်အုပ်ချုပ်ရေး၏ အဓိကနေရာဖြစ်ပါသည်။ မောရှေခေတ်တွင် လူမှုရေးအမှုတို့ကိုလည်း ဘာသာရေးခေါင်းဆောင်တို့က ကိုင်တွယ်ဖြေရှင်းခဲ့ရ၏။ ယဇ်ပုရောဟိတ်များ၊ လေဝိအမျိုးသားနှင့်တရားသူကြီးတို့က စီရင်ခြင်းကိုပြုခဲ့ကြ၏။ ယဇ်ပုရောဟိတ်နှင့်လေဝိအမျိုးသားတို့သည် ပညတ်တိကျမ်းအနက်ဖွင့်ခြင်း၌ လေ့ကျက်သောသူများဖြစ်ကြပါသည်။ ထို့ကြောင့် အမှုတိုင်း၌ သူတို့သည် အရေးပါသောသူဖြစ်ကြ၏။

သူတို့က တရားသူကြီးအား အမှုစီရင်ချမှတ်ခြင်းကို ဖော်ပြသွန်သင်ခဲ့ကြ၏။ ထို့ကြောင့် တရားသူကြီးက သူတို့၏အကြံပြုချက်ကို တသွေမတိမ်းလိုက်လျှောက်ရပါသည်။ ထိုသို့ယဇ်ပုရောဟိတ်တို့၏အကြံပြုချက် မလိုက်လျှောက်သောသူသည် ပြစ်မှုကိုကျူးလွန်၏။ ထိုနာမခံသော တရားသူကြီးသည် သေဒဏ်ပင်ခံထိုက်၏။ ဤသည်ကား တိုင်းပြည်မှမကောင်းမှုကိုဖယ်ရှားရန်ဖြစ်ပါသည်။ တောလည်ရာကျမ်းမှ တရားစီရင်ခြင်းနှင့်ပြစ်ဒဏ်ချမှတ်ခြင်းတို့ကိုပြုသောသူသည် ပညတ်တိကျမ်းဟု ရည်ညွှန်းလေ့ရှိသောမောရှေပင်ဖြစ်ပါသည်။ သူသည်ဝိညာဉ်ရေးရာအမှု၌ ခေါင်းဆောင်၊ ပညတ်တိကျမ်းသွန်သင်ပေးသောဆရာနှင့် တိုင်းပြည်ခေါင်းဆောင်ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ထွက်မြောက်ရာကျမ်း ၁၈ ထဲတွင် သူ၏ယောက္ခမကပို၍ ကောင်းသောအုပ်ချုပ်မှုစနစ်ကို အကြံပြုခြင်းဖြစ်ပါသည်။

လူမှုရေးတာဝန်ဝတ္တရားများကို လူထုအုပ်ချုပ်ရေးတာဝန်ထမ်းဆောင်သောသူတို့ဆောင်ရွက်ရမည့်အမှုဖြစ်သော်လည်း ခရစ်ယာန်တို့ပင်လျှင် ထိုတာဝန်ကိုထမ်းဆောင်နိုင်ပါ၏။ ထိုအခါ သမ္မာကျမ်းစာသွန်သင်ချက်တို့ကို တာဝန်ထမ်းဆောင်သောအခါ အခြေပြုကြရပါမည်။ The Westminster Confession of Faith ကလည်း ခရစ်ယာန်သည် အုပ်ချုပ်ရေးတာဝန်ကိုထမ်းဆောင်ရန် ခေါ်ခြင်းခံရပါလျှင် ထိုရာထူးကိုလက်ခံ၍ ရပါသည်ဟု ဖော်ပြထားပါသည်။

လူမှုရေးတာဝန်တခုခုထမ်းဆောင်ရန် ယုံကြည်သူအတွက် လိုအပ်သောအချိန်ရှိပါသည်။ သို့သော်လည်း ထိုတာဝန်ရာထူးထမ်းဆောင်ခြင်း၌ တရားသောဥပဒေရှိဖို့လိုပါသည်။ ထိုသို့ တရားမျှတသောဥပဒေအောက်၌ တာဝန်ထမ်းဆောင်ခြင်းဖြင့် ဘုရားသခင်အတွက် ပုံသက်သေကောင်းပြသနိုင်ကြပါ၏။ ထို့ကြောင့် ဘုရားသခင်ခွင့်ပြုတော်မူ၏။

**ဆင်ခြင်ရန်** - တရားမျှတမှုသည် အကွယ်အကာဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်တာဝန်ထမ်းဆောင်သောနေရာ၌ မှန်ကန်သောအမှုကိုပြုမည်အကြောင်း မစတော်မူပါ။

သောကြာ၊ အောက်တိုဘာ (၁၅)
**တရားဟော ၁၇း၁၄-၂၀**
၁ တိ ၂း၁-၄

*"ငါတို့သည် ဘုရားဝတ်၌မွေ့လျော်ခြင်း၊ လျှောက်ပတ်စွာကျင့်ခြင်းအမျိုးမျိုးကို ပြု၍ ငြိမ်ဝပ်ဆိတ်ငြိမ်စွာနေရမည်အကြောင်း"*

# ရှင်ဘုရင်ခန့်ထားခြင်း(၁)

ဣသရေလသည် နယ်မြေသစ်၌ရှင်ဘုရင်လိုအပ်ခြင်းမရှိသော်လည်း၊ သူတို့သည် လိုချင်ခဲ့ကြ၏။ ရှင်ဘုရင်ရွေးချယ်တင်မြှောက်ခြင်းအကြောင်း၌ ဘုရားသခင်မိန့်တော်မူသည်အတိုင်း မောရှေက လမ်းညွှန်ချက်များဖော်ပြခဲ့ပါသည်။ ထိုဘုရင်သည် ဘုရားသခင်ခန့်ထားတော်မူသောသူဖြစ်ရပါမည်။ သူသည် မိမိလူမျိုးထဲမှရွေးချယ်သောသူဖြစ်၍ တပါးအမျိုးသားလုံးဝမဖြစ်ရပါ။ ရှင်ဘုရင်အရည်အချင်းများရှိပါ၏။

ခန့်အပ်ထားသောရှင်ဘုရင်သည် မိမိအတွက် မြင်းများများမမွေးရပါ။ သမိုင်းအရ မြင်းသည်စစ်ပွဲအတွက်ဖြစ်ကြ၏။ မြင်းတို့သည် စစ်တပ်အင်အားဖြစ်ပါသည်။ အကြောင်းမှာ မြင်းတို့သည် သယ်ယူပို့ဆောင်ရေးနှင့် စစ်သူရဲတို့လိုအပ်သောအရာနှင့် လက်နက်များသယ်ဆောင်ခြင်း၌ အလွန်လျင်မြန်ကြ၏။ ဤမြင်းများမရှိလျှင် စစ်သူရဲတို့သည်မိမိလိုအပ်သောအရာများကို မသယ်ဆောင်နိုင်ကြပါ။ ထို့ကြောင့် စစ်အင်အားကြီးမားလိုသောရှင်ဘုရင်သည် မြင်းများစွာပိုင်ဆိုင်ဖို့လိုပါသည်။ ဘုရားသခင်က ဣသရေလလူတို့အား သူတို့၏လုံခြုံမှုသည် သူတို့၏ခွန်အား၌မတည်ဘဲ ဘုရားသခင်၌တည်ကြောင်းမိန့်တော်မူခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဣသရေလရှင်ဘုရင်အဖြစ် ခန့်အပ်ခြင်းခံရသောသူသည် ဘုရားသခင်၏အနန္တတန်ခိုးကိုသိမှတ်လျက်၊ ဘုရားသခင်ကိုသာ မှီခိုအားကိုးရပါမည်။

ဒါဝိတ်သည် ဒုတိယမြောက်ဣသရေလရှင်ဘုရင်ဖြစ်လာသောအခါ စစ်ပွဲတိုင်း၌ အောင်မြင်မှုသည် ဘုရားသခင်ထံမှဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ သူသည် တိုက်ပွဲများစွာဆင်နွှဲခဲ့ပြီး အမြဲတမ်းဘုရားသခင်ထံ အကြံဉာဏ်တောင်းလျှောက်ခဲ့ပါသည်။ သူရေးသားသောဆာလံများထဲတွင် ဤအချက်ကိုဖော်ပြခဲ့ပါသည်။ သူသည် ရှင်ဘုရင်လိုက်လျှောက်ရမည့်ဥပဒေသများကို လိုက်လျှောက်သောကြောင့် ဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူဟု ခေါ်ခြင်းခံရ၏။ တရားမျှတသောတိုင်းပြည်တည်ထောင်ခြင်း၌ ရှင်ဘုရင်သည် ဘုရားသခင်ကိုကိုးစားရပါမည်။ ထို့ပြင် သူသည် ဣသရေလလူတို့ကို အဲဂုတ္တုပြည်သို့ပြန်၍ မသွားစေရပါ။ အဲဂုတ္တုပြည်သည် ကျွန်ခံခြင်းနှင့်ဘုရားမဲ့ခြင်းကို ရည်ညွှန်းလျက်ရှိ၏။ ထို့ကြောင့် အဲဂုတ္တုပြည်သို့ပြန်သွားခြင်းပြုလျှင် လူမျိုး၊ တိုင်းပြည်ပျက်သုဉ်းခြင်းဖြစ်မည်။ ထို့ပြင် စစ်မှန်၍အသက်ရှင်တော်မူသောဘုရားသခင်၏အမှုတော် ဆောင်ရွက်ရသောအခွင့်ရှိကြတော့မည်မဟုတ်ပါ။ ရှင်ဘုရင်သည် မိမိအတွက်များစွာသောမယားနှင့် များစွာသောရွှေငွေများ မဆည်းပူးရပါ။ ဤအရာတို့သည် လောကီလူတို့တပ်မက်ရှာဖွေသော တန်ဖိုးထားသောအရာများဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဇာတိပကတိကျော်ကြားခြင်းတို့သည် ဘုရားသခင်၏အကျင့်သီလနှင့်ဆိုင်သောတရားတွင် နေရာလုံးဝမရှိပါ။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့၏နိုင်ငံ့ခေါင်းဆောင်တို့သည် တိုင်းပြည်ကိုဖြောင့်မတ်မှန်ကန်စွာဦးဆောင်မည်အကြောင်း မစတော်မူပါ။

စနေ၊ အောက်တိုဘာ (၁၆)
**တရားဟော ၁၇း၁၄-၂၀**
ဒေသနာ ၁၂း၁၃-၁၄

*"ဘုရားသခင်ကိုကြောက်ရွံ့၍၊ ပညတ်တော်တို့ကို စောင့်ရှောက်လော့။ ဤရွေ့ကား၊ လူနှင့်ဆိုင်သော အမှုအရာအလုံးစုံတို့ကို ချုပ်ခြာသတည်း"*

# ရှင်ဘုရင်ခန့်ထားခြင်း(၂)

ရှင်ဘုရင်အပြစ်ကျူးလွန်သောအခါ ဘုရားသခင်ကဒဏ်ခတ်သွန်သင်တော်မူမည်။ ရှင်ဘုရင်ရှောလမုန်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အလေးမထားသောကြောင့် အပြစ်ထဲသို့ ကျရောက်ခဲ့ပါသည်။ ထိုအခါ ဝမ်းမြောက်ခြင်းကင်းမဲ့ခဲ့ပါသည်။ ဒေသနာကျမ်းရေးသားသောအခါ သူ၏မိုက်မဲမှုကြောင့် နောင်တရကြောင်းကိုဖော်ပြခဲ့ပါသည်။ တပါးအမျိုးသားမိန်းမတို့က သူ၏စိတ်နှလုံးကို ဘုရားသခင်ထံမှလမ်းလွဲစေကြပြီး၊ ရုပ်တုကိုးကွယ်ခြင်းသို့ကျရောက်ခဲ့၏။ အရာခပ်သိမ်းဆုံးရှုံးခဲ့ပါသည်။ ထိုအခါ ဘုရားသခင်က သူ့ကိုဆုံးမသွန်သင်တော်မူ၍ ပုံမှန်အသိစိတ်ပြန်လည်ပေးတော်မူ၏။

ရှင်ဘုရင်၏အခြားရန်သူတပါးမှာ ငွေကြေးတပ်မက်ခြင်းဖြစ်ပါသည်။ တမန်တော်ပေါလုက ဤသို့ဆိုခဲ့၏ "အကြောင်းမူကား၊ ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သတည်း။ လူအချို့တို့သည် ငွေကိုတပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းမှလွဲသွား၍ ပူပန်ခြင်းဝေဒနာများနှင့် ကိုယ်ကိုကိုယ်ထုတ်ချင်းခပ်အောင် ထိုးကြပြီ" (၁ တိ ၆း၁၀)။ မိမိခန့်ထားတော်မူသောရှင်ဘုရင်ထံမှ ဘုရားသခင်သည် တရားမျှတခြင်းနှင့်စည်းကမ်းရှိခြင်းကို အလိုရှိတော်မူ၏။

ဘုရားသခင်၏ပညတ်တော်က ရှင်ဘုရင်ကိုကွယ်ကာလမ်းညွှန်မှုပေးမည်ဖြစ်သောကြောင့်၊ ထိုပညတ္တိကျမ်းကို မိမိ၌ရှိရပါမည်။ ထို့ကြောင့် ဤသို့မိန့်တော်မူချက်ရှိ၏ - "ထိုရှင်ဘုရင်သည် သားစဉ်မြေးဆက်နှင့်တကွ၊ ဣသရေလအမျိုး၌ အသက်တာရှည်စွာစိုးစံခြင်းအလိုငှါ၊ သူ၏ဘုရားသခင်ကိုကြောက်ရွံ့၍ ဤပညတ်တရားစကားတော်အလုံးစုံတို့ကို ကျင့်စောင့်အောင် သွန်သင်မည်အကြောင်း၊ သူ၏ညီအစ်ကိုတို့ကို မထီမဲ့မြင်ပြု၍ မာနထောင်လွှားသဖြင့်၊ တရားလမ်းမှလက်ျာဘက်၊ လက်ဝဲဘက်သို့ မလွှဲမည်အကြောင်း၊ နန်းတော်ပေါ်မှာ ထိုင်သောအခါ လေဝိသားယဇ်ပုရောဟိတ်၌ရှိသော ဤဓမ္မပညတ်တရားစာကို ရေးကူး၍ လက်ခံစာကိုတသက်လုံးစောင့်ရှောက်ကြည့်ရှုဘတ်ရွတ်ရမည်" (တရား ၁၇း၁၈-၂၀)။ ဘုရားသခင်က မိမိ၏ပညတ်တရားသည် အကြီးမြတ်ဆုံးဖြစ်၍၊ ပြောင်းလဲခြင်းမရှိဘဲ ထာဝရတည်မည်ဟု ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ရှင်ဘုရင်ကိုယ်တိုင်ကလည်း ဘုရားသခင်၏ပညတ်တရားကို ပြည်သူများကဲ့သို့ လိုက်လျှောက်ရပါမည်။ ဤသို့ဖြင့် သူ၏ရှင်ဘုရင်သက်တမ်းသည် ရှည်ကြမည်ဖြစ်ပါသည်။ ဤတရားကိုဒါဝိတ်၏အမျိုး၌ ဘုရားသခင်က ပြည့်စုံစေတော်မူ၏။

ဘုရားသခင်၏ပညတ်တော်သည် မရှိမဖြစ်လိုအပ်သောအရာဖြစ်ပါသည်။ နယ်မြေသစ်၌ ဣသရေလလူတို့အတွက် ပညတ်တရားလိုအပ်ခဲ့ပါသည်။ ရှင်ဘုရင်ရာထူးကို ဘုရားသခင်ခန့်အပ်တော်မူသည်ဖြစ်၍၊ ဘုရားသခင်၏တရားမျှတမှုဖြင့် စောင့်ထိန်းရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ရှင်ဘုရင်သည် ဘုရားသခင်၏ပညတ်တရားကို လိုက်လျှောက်ရပါမည်။
**ဆုတောင်းချက်-** "အို ဖန်ဆင်းရှင်ဘုရား၊ ကျွန်ုပ်တို့တိုင်းပြည်နှင့်လူမျိုးကို ကောင်းကြီးပေးတော်မူပါ" (ကင်ညာနိုင်ငံ၏နိုင်ငံတော်သီချင်း)။

တနင်္ဂနွေ၊ အောက်တိုဘာ (၁၇)
**တရားဟော ၁၈း၁-၈**
၁ ပေ ၅း၁-၄

*"ဘုရားသခင်၏သိုးတော်စုကို ထိန်းခြင်းအမှုမှာ၊ အနိုင်ထိန်းရသောကြောင့်မဟုတ်၊ . . . အာဏာထား၍ အစိုးတရပြုသည် မဟုတ်ဘဲ၊ သိုးတော်စုရှေ့မှာ ပုံသက်သေကိုပြသောသူဖြစ်ကြလော့"*

# လေဝိအမျိုး၏အမှုတော်

ဣသရေလ၏ဝိညာဉ်ရေးရာအမှုကို လေဝိအမျိုးလက်ထဲသို့ အပ်နှံခဲ့ပါသည်။ သူတို့အထဲမှ ယဇ်ပုရောဟိတ်များကို ခန့်အပ်ခဲ့ပါသည်။ မောရှေသည်လည်း လေဝိအမျိုးဖြစ်၍၊ သူ့အစ်ကိုအာရုန်သည် ပထမဆုံးယဇ်ပုရောဟိတ်အဖြစ် သန့်ရှင်းစေခြင်းခံခဲ့ရ၏။ သူတို့သည် နယ်မြေအမွေမကိုင်ရကြ၊ ဣသရေလလူတို့ပေးကမ်းသော ပူဇော်သက္ကာဖြင့် အသက်မွေးကြရ၏။ သူတို့ပိုင်ဆိုင်သောအမွေနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြခဲ့ပါသည်။ ဣသရေလလူတို့သည် ဘုရားသခင်ကို သန့်ရှင်းစွာဝတ်ပြုကိုးကွယ်လျက်၊ တပါးအမျိုးသားတို့၏ရုပ်တုဆင်းတုနှင့် မိမိကိုယ်ကိုမညစ်ညူးစေမည့်အကြောင်း ဘုရားသခင်မိန့်တော်မူခဲ့၏။ သူတို့သည် ဘုရားသခင်က သူတို့အထဲမှပေါ်ထွန်းစေတော်မူမည့်ကြီးမြတ်သောပရောဖက်ကို စောင့်မျှော်နေကြပါသည်။ သူတို့သည် ဘုရားသခင်နှင့်တိုက်ရိုက်ဆက်သွယ်မှုကို ကြောက်ရွံ့ခဲ့ကြသဖြင့်၊ စစ်မှန်သောပရောဖက်တို့၏စကားကို နာခံခြင်းငှါသွန်သင်ခြင်းခံရကြ၏။ ယဇ်ပုရောဟိတ်များနှင့်ပရောဖက်တို့သည် ဣသရေလလူမျိုးတို့၏ ဝိညာဉ်ရေးရာအမှုကို ဆောင်ရွက်သောသူများဖြစ်ကြပါသည်။

လေဝိအမျိုးသည် ဂတိတော်ပြည်၌အမွေမခံရကြပါ။ သူတို့သည် သန့်ရှင်းသောအမှုတော်ကို ထမ်းရွက်၍ ဣသရေလလူမျိုးအသီးသီးတို့အကြား၌ နေထိုင်ကြရပါသည်။ သူတို့သည်ပူဇော်သောယဇ်များဖြင့် အသက်မွေးကြရ၏။ ပူဇော်သောယဇ်ကောင်၏အဘယ်အပိုင်းကိုငှင်း အဘယ်သို့သောအဦးသီးသောအသီးကိုငှင်း၊ ယဇ်ပုရောဟိတ်တို့ထံပေးရမည်ကို ပညတ္တိကျမ်းထဲ၌ အသေးစိတ်ဖော်ပြထားပါသည် - "လူတို့သည် ယဇ်ပူဇော်သောအခါ နွားဖြစ်စေ၊ သိုးဖြစ်စေ ယဇ်ပုရောဟိတ်ခံရသောအဘို့ ပုခုံးတဖက်၊ ပါးနှစ်ဖက် အအူများကိုငှင်း၊ အဦးသိမ်းသောစပါး၊ စပျစ်ရည်၊ ဆီ၊ သိုးမွေးကိုငှင်း လှူရမည်" (တရား ၁၈း၃-၄)။ မောရှေက လေဝိအမျိုးသည် ဘုရားသခင်ရှေ့တော်၌ အမှုတော်ထမ်းရွက်ခြင်းငှါ ဘုရားသခင်ရွေးနှုတ်တော်မူကြောင်း ထပ်၍ဖော်ပြခဲ့ပါသည်။ သူတို့သည် ဘုရားသခင်ပြင်ဆင်တော်မူသောအရပ်၌ အမှုထမ်းကြရပါမည်။ ထိုအချက်တို့ကို ဘုရားသခင်က အသေးစိတ်ဖော်ပြတော်မူ၏။ ဣသရေလလူမျိုးအပေါင်းတို့သည် လေဝိလူမျိုးတို့၏ နေ့စဉ်အစားအစာဖို့တာဝန်ရှိကြပါသည်။

လေဝိလူမျိုးတို့သည်လည်း သူတို့၏တာဝန်ကို သစ္စာရှိစွာထမ်းရွက်ကြရပါမည်။ သူတို့၏တာဝန်ဝတ္တရားတို့ကိုအသေးစိတ်ဖော်ပြထားပါသည်။ ယဇ်ပုရောဟိတ်တို့ကို မည်သို့ခန့်အပ်ရမည်အကြောင်း အဘယ်မျှကာလတာဝန်ထမ်းရွက်ရမည်အကြောင်း ပညတ္တိကျမ်း၌ဖော်ပြခဲ့ပါသည်။ အမှုတော်ဆောင်ရွက်ခြင်း၌ လိုအပ်သောအချက်များကိုငှင်း၊ ကိုင်တွယ်ရမည့်အမှုတိုင်းကို မည်သို့ဖြေရှင်းမည်ကိုငှင်း ပညတ္တိကျမ်း၌အသေးစိတ်ဖော်ပြထားပါသည်။

**ဆင်ခြင်ရန်** - ဝိညာဉ်ရေးရာအမှုတော်ထမ်းရွက်ခြင်းကို အထက်မှခန့်အပ်ခြင်းဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ထိုက်တန်သောဝိညာဉ်ရေးရာခေါင်းဆောင်များ ယနေ့၌ပေါ်ထွန်းစေတော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၁၈)

**တရားဟော ၁၈း၉-၁၄**

၁ ရာ ၁၃း၈-၁၃

*"သင်သည် မှားပြီ၊ သင်၏ဘုရားသခင်ထာဝရဘုရား ထားတော်မူသော ပညတ်တရားကိုမစောင့်ပါတကား"*

## ပရောဖက်များ၊ ယဇ်ပုရောဟိတ်များနှင့်မှားယွင်းသောဝတ်ပြုကိုးကွယ်ခြင်း

ပရောဖက်တို့သည် ဘုရားသခင်ကတိုက်ရိုက်ခန့်ထားတော်မူသောသူဖြစ်ကြပြီး၊ အချို့အမှုတွင် ယဇ်ပုရောဟိတ်တို့သည်လည်း ထိုတာဝန်ကိုပေးအပ်ခြင်းခံရကြ၏။ မှတ်သားလောက်သောသူများမှာ ယေရမိနှင့်ယေဇကျေလတို့ဖြစ်ကြပါသည်။ ဘုရားသခင်၏ တရားဝင်ခန့်အပ်ခြင်းမခံရသောသူသည် ယဇ်ပုရောဟိတ်အမှုကိုမပြုရပါ။ ရှောလုနှင့်ဩဇိတို့သည် ယဇ်ပူဇော်ခြင်းကိုပြုခဲ့ကြသောရှင်ဘုရင်နှစ်ပါးဖြစ်ပါသည်။ ထို့ကြောင့် သူတို့နှစ်ဦးသည် ချက်ချင်းဒဏ်ခတ်ခြင်းခံရ၍ ဣသရေလလူအပေါင်းတို့က သူတို့သည်ပညတ်တော်ချိုးဖောက်သောသူများဟု သိမှတ်ခဲ့ကြ၏။ ဤအမှုက ကျန်ပြည်သူအပေါင်းတို့အား ဘုရားသခင်၏အိမ်တော်သို့ချဉ်းကပ်သောအခါ သန့်ရှင်းရိုသေခြင်းနှင့်တကွ သွားရောက်ရမည်အကြောင်း သတိပေးခဲ့ပါသည်။

ယဇ်ပုရောဟိတ်တို့သည် ဣသရေလလူတို့အတွက် ဝိညာဉ်ရေးရာအမှုပြုမည့်သူဖြစ်၍ တိုင်းပြည်၌မရှိမဖြစ်လိုအပ်သောသူဖြစ်ကြ၏။ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကြားကာလ ဣသရေလသမိုင်းတွင် တိုင်းတပါး၏အုပ်စိုးခြင်းကို ဣသရေလခံရပြီး အနည်းအကျဉ်းသာ အာဏာပေးခြင်းခံရ၏။ ယုဒလူတို့တွင် ယဇ်ပုရောဟိတ်တို့သာလျှင် အာဏာရှိသောသူဟုသတ်မှတ်ကြ၏။ ထို့ကြောင့် ယဇ်ပုရောဟိတ်အမှုနှင့် နိုင်ငံဦးဆောင်ခြင်းအမှု ရောထွေးသဖြင့် ဆုတ်ယုတ်မှုကိုဖြစ်စေ၏။ ထိုလေဝိအမျိုး ယဇ်ပုရောဟိတ်အမှုထမ်းဆောင်ခြင်းတာဝန်ကို ခရစ်တော်ကြွလာတော်မူခြင်းက အဆုံးသတ်စေခဲ့ပါသည်။

တပါးအမျိုးသားတို့ထံမှ ဣသရေလသီးခြားနေထိုင်ခြင်းသည် အမိန့်တော်ဖြစ်ပါသည်။ သူတို့၏ ညစ်ညူးသောအမှုတို့ကိုမပြုရန် ဣသရေလသည်တားမြစ်ခြင်းခံရ၏။ ခါနာန်လူမျိုးနှင့် အဲဂုတ္တုလူတို့သည် စစ်မှန်သောထာဝရဘုရားကိုမသိခဲ့ကြပါ။ သူတို့သည် ရုပ်တုဆင်းတုကိုကိုးကွယ်ကြပြီး ဘုရားသခင်ရှေ့၌ ညစ်ညူးသောအမှုကိုပြုခဲ့ကြ၏။ မောရှေက သူတို့သည်လူသားကိုပင်ပူဇော်ခဲ့ကြကြောင်း ဖော်ပြခဲ့ပါသည်။ သူတို့ပြုသောအမှုများဖြစ်သော ကိုယ်ဉာဏ်ဖြင့် အနာဂတ်အကြောင်းဟောခြင်း၊ ကာလဗေဒင်ကြည့်ခြင်း၊ ပြုစားခြင်း၊ ဝိဇ္ဇာအတတ်ကိုပြုခြင်း စသည်တို့ကိုမပြုခြင်းငှါ တားမြစ်ခြင်းခံရ၏။ သူတို့သည် နတ်ဆိုးနှင့်ပေါင်းဖော်၍ သေသောသူနှင့်လည်း မေးမြန်းခြင်းကိုပြုကြ၏။ မောရှေက ဤအမှုအပေါင်းသည် ဘုရားသခင်ရှေ့၌ရွံ့ရှာစရာကောင်းသောအမှုဖြစ်ကြောင်းမိန့်တော်မူခဲ့ပါသည်။ ထို့ကြောင့် ခါနာန်လူတို့သည် ထိုပြည်မှနှင်ထုတ်ခံရခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် တရားသော၊ ဖြောင့်မတ်တော်မူသောဘုရားဖြစ်သောကြောင့် ထိုအပြစ်ကြောင့် ခါနာန်လူတို့ကိုမောင်းထုတ်ပြီး ဣသရေလလူတို့ကိုထိုပြည်သို့ ဝင်ရောက်စေတော်မူ၏။ ထိုနည်းတူ ဣသရေလသည် ဘုရားသခင်ကိုငြင်းပယ်သောအခါ ထိုပြည်မှဖယ်ရှားခြင်းခံရခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဝိညာဉ်ရေးရာအမှုတို့ကို ဘုရားသခင်၏နည်းလမ်းအတိုင်း ဆောင်ရွက်ရကြပါမည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်တို့ပြုသော ခရစ်ယာန်အမှုတော်များကို ကိုယ်တော်လက်ခံတော်မူသောအမှုဖြစ်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ အောက်တိုဘာ (၁၉)
**တရားဟော ၁၈း၁၅-၁၉**
တမန် ၃း၂၀-၂၄

*"ထိုပရောဖက်ဟောပြောသမျှသောအရာတို့ကို သင်တို့သည်နားထောင်ရကြမည်"*

# ထိုလူမျိုးမှထူးခြားသောပရောဖက်

ဣသရေလလူတို့သည် ဘုရားသခင်ရှေ့၌ စုံလင်ခြင်းရှိ၍ တောင်းလျှောက်ခြင်းခံရပါသည်။ ဘုရားသခင်နှင့်ဆက်နွယ်မှု၌ သူတို့သည်မှန်ကန်ရိုးသားဖို့ လိုအပ်ပါသည်။ လူအပေါင်းတို့သည် အပြစ်ကိုပြု၍ ဘုရားသခင်၏ဘုန်းတော်ခံထိုက်သောသူမရှိ၊ ဘယ်သူမှစုံလင်သောသူမဖြစ်နိုင်သည်မှာ မှန်သောတရားဖြစ်ပါသည်။ သို့သော်လည်း၊ ပညတ်တရား၏ရည်ရွယ်ချက်မှာ ဘုရားသခင်၏လူတို့သည် စုံလင်ခြင်းအတွက် ကြိုးစားအားထုတ်ရန်ဖြစ်ပါသည်။ မိမိကြိုးစားအားထုတ်မှုဖြင့် စုံလင်ခြင်းသို့ ရောက်နိုင်လျှင်၊ ကျွန်ုပ်တို့အပြစ်အတွက် ခရစ်တော်သည် မိမိကိုယ်ကိုပူဇော်ဖို့ လိုအပ်မည်မဟုတ်ပါ။ ခရစ်တော်ကိုယုံကြည်ခြင်းတခုတည်းကသာလျှင် ကျွန်ုပ်တို့၏အပြစ်ကို ဖယ်ရှားလျက်၊ စုံလင်သောသူဖြစ်စေနိုင်၏။ မောရှေ၏ပညတ်တရားတွင်၊ ဘုရားသခင်ပေးတော်မူသော ပညတ်ချက်တိုင်းကို လိုက်လျှောက်လျှင် စုံလင်ခြင်းရှိ၏။ ဣသရေလလူတို့နှင့် သူတို့၏သားသမီးတို့သည် ခါနာန်လူတို့နှင့်ရောနှောလျက် သူတို့ပြုသော ရွံ့ရှာစရာအမှုကို လွယ်ကူစွာပြုနိုင်ကြပါသည်။

မောရှေ၏ပရောဖက်ပြုချက်သည် ဣသရေလ၏အနာဂတ်နှင့် မောရှေကဲ့သို့သော ပရောဖက်ကြွလာမည့်အကြောင်းဖြစ်ပါသည် -"သင်၏ဘုရားသခင်ထာဝရဘုရားသည်၊ သင်၏အမျိုးသားချင်းတို့အထဲ၌ ငါနှင့်တူသောပရောဖက်တပါးကို သင့်အဘို့ပေါ်ထွန်းစေတော်မူမည်။ ထိုပရောဖက်၏စကားကို နားထောင်ရမည်" (တရား ၁၈း၁၅)။ အငယ် ၁၈ ထဲတွင် မောရှေကထပ်၍ ဤအကြောင်းကို ဘုရားသခင်ကမည်သို့ဖော်ပြသည်အကြောင်း၊ ထိုပရောဖက်၏နှုတ်၌ ဘုရားသခင်ကမိမိ၏နှုတ်ကပတ်တရားပေးမည်အကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်မိန့်တော်မူသောအရာအားလုံးကို သူတို့ထံပြောပြခဲ့ပါသည်။ ထိုနည်းတူ ဣသရေလလူတို့သည် ထိုပရောဖက်၏စကားကို နာခံကြရပါမည်။ မောရှေသည် ထူးမြတ်သောပရောဖက်ဖြစ်သကဲ့သို့ ထိုသူသည်လည်း ထူးမြတ်သောပရောဖက်ဖြစ်လိမ့်မည်။

ဣသရေလလူတို့ထံ ဘုရားသခင်က များစွာပရောဖက်စေလွှတ်ခဲ့သော်လည်း သူတို့သည် မောရှေဟောပြောသော ထိုထူးမြတ်သောပရောဖက်ကြွမလာခဲ့ကြောင်း သိခဲ့ကြ၏။ ဓမ္မသစ်ထဲ၌ တမန်တော်တို့က ထိုထူးမြတ်သောပရောဖက်သည် ယေရှုခရစ်ဖြစ်ကြောင်း ဖော်ပြခဲ့ကြပါသည်။ ယုဒလူတို့သည် ထိုပရောဖက်ကိုအစဉ်စောင့်မျှော်ခဲ့ကြပြီး ဗတ္တိဇံဆရာယောဟန်ပေါ်ထွက်လာခဲ့သောအခါ မောရှေကြိုတင်ဟောပြောသော ထိုပရောဖက်ဟုထင်မှတ်မှားခဲ့ကြ၏။ ပေတရုက သူ၏တရားဟောချက်တွင် ထိုပရောဖက်သည်သခင်ယေရှုခရစ်ဖြစ်တော်မူကြောင်း ကြေငြာခဲ့ပါသည်။ ကယ်တင်ခြင်းသတင်းကောင်းနှင့်တကွ ကြွလာတော်မူခဲ့၏။

**ဆင်ခြင်ရန်** - စစ်မှန်သောပရောဖက်သည် ဘုရားသခင်၏ခန့်ထားတော်မူသောသူဖြစ်၏။
**ဆုတောင်းချက်-** အဖဘုရား၊ ယေရှုခရစ်တော်၏စကားနာခံခြင်းဖြင့် စုံလင်ခြင်းအား အကျွန်ုပ်ကို ပေးသနားတော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၂၀)
**တရားဟော ၁၈း၂၀-၂၂**
၂ ပေ ၁း၁၉-၂၁

*“အနာဂတ္တိစကားသည် လူအလိုအားဖြင့်ဖြစ်ဘူးသည်မဟုတ်၊ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏”*

## ဆက်သွယ်မှု၏ကြားခံလူ

ကာ္လသရေလလူတို့သည် သိနာတောင်၌ ဖြစ်ပျက်သောထိတ်လန့်စရာအမှုကြောင့် ဘုရားသခင်နှင့်တိုက်ရိုက်ဆက်သွယ်ခြင်းကို ကြောက်ရွံ့ခဲ့ကြ၏။ ဤကြွလာတော်မူမည့်ပရောဖက်သည် သူတို့၏သံတမန်ဖြစ်တော်မူလိမ့်မည်။ သူတို့၏တောင်းလျှောက်မှုကို ဘုရားသခင်ကလည်း သဘောတူခဲ့ပါသည်။ ခရစ်တော်၏ကယ်တင်ခြင်းသတင်းကောင်းကို မောရှေအားဖြင့် ဟောပြောခဲ့ပြီး၊ လူအပေါင်းတို့သည် နာခံဖို့ရန်တာဝန်ရှိခဲ့ပါသည်။

ဣသရေလလူတို့သည် ဘုရားသခင်နှင့်တိုက်ရိုက်ဆက်သွယ်ခြင်းမရှိခြင်းငှါ တောင်းလျှောက်ခဲ့ကြ၏။ ထို့ကြောင့် ပရောဖက်တို့အားဖြင့် ဘုရားသခင်ကသူတို့ထံ စကားပြောခြင်းငှါ သတ်မှတ်တော်မူခဲ့၏။ ဘုရားသခင်၏မိန့်တော်မူချက်မရဘဲ ဘုရားသခင်၏နာမတော်အားဖြင့်ဝင်း၊ အခြားသောဘုရားများ၏နာမအားဖြင့် ဟောပြောသောပရောဖက်တို့သည် သေကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပရောဖက်ပြုခြင်းနှင့်ပတ်သက်၍ ဤသို့ဖော်ပြခဲ့ပါသည် - “ပရောဖက်သည် ထာဝရဘုရား၏အခွင့်ကိုဆောင်၍ ဟောပြောသည့်အတိုင်း အမှုမဖြစ်၊ ဟောပြောသောစကားမပြည့်စုံလျှင် ထိုစကားကိုထာဝရဘုရားမိန့်တော်မမူ။ ပရောဖက်သည်ရဲရင့်စွာဟောပြောပြီ၊ သူ့ကိုမကြောက်ရ” (တရား ၁၈း၂၂)။ များစွာသောလူတို့သည် ဘုရားသခင်စေလွှတ်တော်မမူဘဲလျက်၊ ပရောဖက်အမှုကိုပြုကြ၏။ သူတို့သည် သမ္မာကျမ်းစာသတိပေးသော မှားယွင်းသောပရောဖက်များဖြစ်ကြပါသည်။ သူတို့သည်မုသာပြော၍ လူတို့ကိုလမ်းလွဲစေသဖြင့် ဤကျမ်းပိုဒ်၌ဖော်ပြသော ပြစ်ဒဏ်ခံထိုက်ကြပါသည်။ ဤလူတို့သည်မိမိတို့၏ကျော်ကြားမှုကို ရှာဖွေသော ကြွားဝါတတ်သောသူဖြစ်ကြ၏။

ထိုလှည့်ဖြားတတ်သောသူတို့ထံမှ ကွယ်ကာစောင့်ရှောက်ခြင်းခံရခြင်းငှါ ကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်သိကျွမ်းခြင်းနှင့် ဘုရားသခင်၏လမ်းတော်ထဲ၌ကျင်လည်ဖို့ လိုအပ်ပါသည်။ ဣသရေလသည် ဘုရားသခင်၏လက်အောက်ရှိ တိုင်းပြည်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်နှင့်ဆက်သွယ်မှုအတွက် ကြားခံလူလိုအပ်ပါသည်။ ထိုအမှုအတွက် လေဝိအမျိုးကို သန့်ရှင်းစေတော်မူခဲ့ပါသည်။ ရွံ့ရှာစရာပြုခြင်းအမှုမှ အသီးအခြားနေခြင်းလိုအပ်ပါသည်။ ထို့ပြင် ဘုရားသခင်က နောင်လာနောက်သားနှင့် လူမျိုးတကာတို့အတွက် ကယ်တင်ခြင်းအစီအစဉ်ပြုတော်မူခဲ့၏။ ထိုကယ်တင်ခြင်းသည် မိမိ၏သားတော်ယေရှုခရစ်တော်တည်းဟူသော ထိုထူးမြတ်သော ပရောဖက်အားဖြင့်ဖြစ်ပါသည်။ ယခုအခါ ဘုရားသခင်ထံသို့ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် ချဉ်းကပ်ရပါ၏ (ယောဟန် ၁၄း၆)။ ခရစ်တော်၏သန့်ရှင်းစင်ကြယ်စေခြင်းတန်ခိုးအတွက် ခရစ်တော်ကို သင်ချဉ်းကပ်ပြီးပြီလား။

**ဆင်ခြင်ရန်** - စစ်မှန်သော ပရောဖက်သည်အစဉ်နိမ့်ချခြင်းရှိ၍ မှန်ကန်မှုရှိ၏။
**ဆုတောင်းချက်** - အဖဘုရား၊ စစ်မှန်သောပရောဖက်၏အကျင့်ကို အကျွန်ုပ်အားပေးသနားတော်မူပါ။

ကြာသပတေး၊ အောက်တိုဘာ (၂၁)
**တရား ၁၉း၁-၁၄**
ဖိလိ ၄း၈-၉

*"သင်တို့သည် အထက်ကသက်ယူ၍ ငါ၌ကြားမြင်ခဲ့ပြီးသမျှတို့ကို ကျင့်ကြလော့"*

# ပြစ်မှုနှင့်ပြစ်ဒဏ်

ပြည်သူများငြိမ်းချမ်းစွာ နေထိုင်နိုင်ခြင်းငှါ ပြစ်မှုကိုပြစ်ဒဏ်ပေးဖို့လိုပါသည်။ လူ့အသက်သတ်ခြင်းသည် ရှေးအခါ၌လည်း အဖြစ်များသောပြစ်မှုဖြစ်ခဲ့ပါသည်။ တရားဟောရာကျမ်း ၁၉း၁-၁၄ ထဲတွင် လူ့အသက်ကိုသတ်သောသူတို့ကို မှန်ကန်စွာ တရားစီရင်နိုင်ခြင်းငှါ ခိုလှုံရာမြို့များထားရှိခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ အမှုတိုင်း၌ သက်သေပြုသောသူသည် ယုံကြည်စိတ်ချရသောသူဖြစ်၍ တဦးထက်ပိုသောသူများဖြစ်ကြရပါမည်။ အပြစ်မဲ့သောသူ၏ အသွေးကိုသွန်းစေသောအပြစ်ဒဏ်ကိုလည်း ဖော်ပြထားပါသည်။ နယ်မြေသစ်တွင် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ်လိုအပ်သောအရာဖြစ်ပါသည်။

ထိုနယ်မြေသစ်၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာလိုအပ်သောအရာတစ်ခုမှာ ဣသရေလအမျိုးတိုင်းသည် မိမိတို့၏နယ်မြေပိုင်နက်၌ နေထိုင်ကြခြင်းဖြစ်ပါသည်။ ထိုနယ်မြေသတ်မှတ်ခြင်းထဲ၌ ကျရောက်သောမြို့ရွာတို့သည် ထိုနယ်မြေပိုင်ဆိုင်သောအမျိုး၏အပိုင်ဖြစ်ရပါမည်။ ယော်ဒန်မြစ်အနောက်ဖက်တွင် မောရှေကခိုလှုံရာမြို့သုံးမြို့သတ်မှတ်ထားပါမည်။ ထိုမြို့သုံးမြို့၌ အခြေခံ၍ အုပ်ချုပ်ရေးဆိုင်ရာနယ်မြေကို ထပ်၍သုံးနယ်မြေသတ်မှတ်ထားပါသည်။

ဤခိုလှုံရာမြို့သတ်မှတ်ခြင်း၏အဓိကရည်ရွယ်ချက်မှာ ကြိုတင်ရည်ရွယ်ခြင်းမရှိဘဲ လူ့အသက်ကိုသတ်မိသောသူတို့၏အသက်လုံခြုံမှုအတွက် ဖြစ်ပါသည်။ ထိုသို့သောသူသည် ထိုမြို့တမြို့မြို့သို့ထွက်ပြေး၍ သူ၏ပြစ်မှုသေချာစစ်ကြောခြင်းမပြုမှီကာလတွင် ထိုမြို့လူကြီးများက ကွယ်ကာပေးကြရပါမည်ဖြစ်ပါသည်။ ဤအမှုကို ဣသရေလခေါင်းဆောင်မောရှေ၏နေရာကို ဆက်ခံသောယောရှုခေတ်၌ စတင်ဆောင်ရွက်ခဲ့ပါသည်။ မောရှေသည် ယော်ဒန်မြစ်ကိုဖြတ်၍ ခါနာန်ပြည်သို့မိမိသွားရောက်မည်မဟုတ်ကြောင်း သိခဲ့သော်လည်း၊ နယ်မြေသစ်၌လိုအပ်သောအုပ်ချုပ်မှုပုံစံကိုသေချာဖော်ပြခဲ့ပါသည်။ ဘုရားသခင်က ထိုအုပ်ချုပ်မှု၌အသေးစိတ်ဖော်ပြခြင်းမပြုသော်လည်း၊ လိုအပ်သောအခါ လမ်းညွှန်မှုပေးတော်မူလိမ့်မည်ဖြစ်၏။

ထွက်မြောက်ရာကျမ်း ၁၈ ထဲတွင် မောရှေအားသူ၏ယောက္ခမယေသရောက ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကို အကြံပေးခဲ့ပါသည်။ ထိုစနစ်သည် ယေသရောမှထွက်လာခြင်းမဟုတ်၊ ဘုရားသခင်ထံမှဖြစ်ပါသည်။ မောရှေက သဘောပေါက်၍လက်ခံကျင့်သုံးခဲ့ပါသည်။

**ဆင်ခြင်ရန်** - ပုံမှန်အသိဉာဏ်သည် ဘုရားသခင်ရှေ့၌လက်ခံ၍ရသောအရာဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ လိုအပ်သောအချိန်၌ အကျွန်ုပ်ကိုအသိဉာဏ်ပေးသနားတော်မူပါ။

သောကြာ၊ အောက်တိုဘာ (၂၂)
**တရားဟော ၁၉း၁-၁၄**
ဇဖက် ၄း၂၃-၂၇

*"အမျက်ထွက်ရာတွင် အပြစ်မရှိစေနှင့်။*
*အမျက်မပြေဘဲ နေမဝင်စေနှင့်"*

# မတော်တဆလူ့အသက်သတ်မိခြင်းအမှုဖြေရှင်းခြင်း

လူတယောက်သည် ကိုယ်နှင့်စပ်ဆိုင်သောသူကို မတော်တဆသတ်မိနိုင်ပါသည်။ ဖြစ်နိုင်ချေကိုတရားဟောရာကျမ်း ၁၉း၅ ထဲတွင်ဤသို့ဖော်ပြထားပါသည် - "လူသည် ထင်းခုတ်ခြင်းငှါ အဘော်နှင့်တောသို့သွား၍ သစ်ပင်ကိုခုတ်လှဲစဉ်အခါ၊ ပုဆိန်သည် အရိုးကျွတ်၍ အဘော်ကိုထိသောကြောင့်၊ မိမိအဘော်သေအောင် ပြုမိသောသူနှင့်တူ၍၊ ရန်ငြိုးဖွဲ့ခြင်းမရှိဘဲ မိမိအဘော်ကိုအမှတ်တမဲ့သတ်မိသောသူသည်၊ ထိုမြို့တစုံတမြို့သို့ပြေး၍ အသက်ချမ်းသာရလိမ့်မည်"။ ဖြစ်စဉ်အမျိုးမျိုးရှိနိုင်ပြီး၊ ထိုသို့သောလူအသက်သတ်ခြင်းသည် မတော်တဆမှုဖြစ်ပါသည်။

ယနေ့တွင် ထိုသို့သောမတော်တဆမှုဖြင့် လူ့အသက်သေခြင်းကို ကားလမ်းပေါ်၌များစွာတွေ့ရပါသည်။ ယနေ့အစိုးရကလည်း ထိုသို့သောအမှုအတွက် ဥပဒေပြဌာန်းထားပါသည်။ ဓမ္မဟောင်းခေတ်၌ ထိုသို့သောမတော်တဆမှုအတွက် ဖြေရှင်းနည်းလိုအပ်ခဲ့ပါသည်။ ထိုသို့ မတော်တဆလူ့အသက်ကို သတ်မိသောသူသည် ခိုလှုံရာမြို့တမြို့မြို့သို့ ပြေးဝင်၍ ထိုမြို့လူကြီးများ၏ စီရင်စစ်ကြောခြင်းကိုခံရပါမည်။

မိမိချစ်သောသူအသက်ဆုံးရှုံးခြင်းကြောင့် ဒေါသထွက်သောသူသည် ကလဲ့စားချေခြင်းပြုနိုင်ပါသည်။ ထို့ကြောင့် ထိုကလဲ့စားချေလိုသောသူတို့၏လက်မှ လွတ်မြောက်နိုင်ခြင်းငှါ ခိုလှုံရာမြို့တို့ကို သတ်မှတ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထိုမြို့သို့ခိုလှုံလာသောသူကို အသက်အန္တရာယ်ပြုခြင်းငှါ လိုက်လာသောသူ၏လက်မှ ကွယ်ကာရန်ဖြစ်ပါသည်။

ယခုခေတ်တွင် ထိုသို့သောဥပဒေသည် အစိုးရလက်ထဲ၌ရှိရမည်ဖြစ်ပါသည်။ ဓမ္မသစ်ကျမ်းထဲတွင် အစိုးရအပေါ်၌ ခရစ်ယာန်တို့၏တာဝန်ဝတ္တရားကို ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် လူမှုရေးအမှုကို အစိုးရကတာဝန်ယူရမည်ဖြစ်၍၊ ဝိညာဉ်ရေးရာအမှုကို အသင်းတော်က တာဝန်ယူရမည်ဖြစ်ပါသည်။

ယော်ဒန်မြစ်အနောက်ဘက်၌ ခိုလှုံရာမြို့သုံးမြို့အပြင်၊ နောက်ထပ်သုံးမြို့သတ်မှတ်ထားပါသည်။ ထိုသို့သတ်မှတ်ရခြင်းမှာ ယော်ဒန်မြစ်အရှေ့ဘက်နယ်မြေအတွက်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - လူတို့၏အမျက်ဒေါသထွက်ခြင်း ဖြေရှင်းခြင်းငှါ ဘုရားသခင်၏အဖြေရှိပါ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အစဉ်အမြဲမှန်ကန်စွာ အမှုပြုခြင်းငှါ အကျွန်ုပ်ကိုသွန်သင်တော်မူပါ။

စနေ၊ အောက်တိုဘာ (၂၃)
**တရားဟော ၁၉း၁-၁၄**
ထွက် ၂၀း၁၃၊ ၁၅

*"လူ့အသက်ကိုမသတ်နှင့်. . . သူ့ဥစ္စာကိုမခိုးနှင့်"*

# အသေမခံထိုက်သောသူနှင့်လူ့အသက်သတ်သောသူ

မောရှေက ခိုလှုံရာမြို့ နောက်ထပ်သုံးမြို့သတ်မှတ်ခြင်းငှါ မိန့်တော်မူခဲ့၏ "ယနေ့ ငါမှာထားသမျှသော ဤပညတ်တော်တို့ကိုကျင့်စောင့်၍၊ သင်၏ဘုရားသခင်ထာဝရဘုရားကို ချစ်သောစိတ်နှင့်အစဉ်အမြဲလမ်းတော်သို့လိုက်လျှင် . . . ယခုဆိုခဲ့ပြီးသော မြို့သုံးမြို့မှတပါး၊ အခြားသောမြို့သုံးမြို့တို့ကို ထပ်၍ခွဲထားရမည်" (တရား ၁၉း၉)။

ပြည်တော်၌ အပြစ်မဲ့သောသူသည် အသေသတ်ခြင်းမခံရမည်အကြောင်း ဥပဒေရှိ၏။ ထိုဥပဒေကိုချိုးဖောက်၍ ရည်ရွယ်ချက်ရှိရှိသတ်သောသူသည် လူသတ်ပြစ်မှုမြောက်ပါသည်။ ထိုသို့သောလူသည် ခိုလှုံရာမြို့တမြို့မြို့သို့ ပြေးဝင်ခဲ့ပါလျှင် ထိုသူနေထိုင်သောမြို့၏လူကြီးတို့သည် လူကို စေလွှတ်၍လာဖမ်းကြရပါမည်။ ထိုသူကို ကလဲ့စားချေသောသူလက်ထဲသို့ အပ်နှံလျက် အသေသတ်ခြင်းခံရပါမည်။

ထိုသို့သောလူကို သနားခြင်းမရှိကြရန် ရှင်းလင်းစွာဖော်ပြခဲ့ပါသည်။ ဤအမိန့်ကို မောရှေမတိုင်မှီ၊ နောဧခေတ်ကတည်း၌ပြဌာန်းထားပြီးဖြစ်ပါသည်။ ကမ္ဘာ ၉း၆ ထဲ၌ "အကြင်သူသည် လူ၏အသွေးကိုသွန်း၏။ ထိုသူ၏အသွေးကိုလူလက်ဖြင့် သွန်းရမည်။ အကြောင်းမူကား၊ ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏"ဟု ဖော်ပြထားပါသည်။ ဤသည်ကား လူတိုင်းနှင့်ဆိုင်သောဥပဒေဖြစ်ပါသည်။

သို့သော်လည်း ယနေ့တွင် သေဒဏ်ကိုပယ်ဖျက်ခြင်းငှါငင်း၊ သေဒဏ်အစား တသက်တကျွန်းကျခံရန်ငင်း လူများတို့က အဆိုပြုကြ၏။ သို့သော်ငှါးလည်း၊ ကျမ်းစာ၌တွေ့ရသည်အတိုင်း သေဒဏ်သည် ဘုရားသခင်၏ဥပဒေဖြစ်ပါသည်။ ဓမ္မသစ်ထဲတွင် အစိုးရ၌အုပ်စိုးခြင်းအာဏာရှိခြင်းသည် တရားမျှတမှုကို ဆုပ်ကိုင်လျက်၊ အပြစ်မဲ့သောသူအတွက် ပြစ်ဒဏ်စီရင်ပေးရန်ဖြစ်ပါသည်။

မောရှေက တရား ၁၉း၁၄ ထဲတွင် ရှေးလူတို့စိုက်ထားသောအိမ်နီးချင်း၏ မြေမှတ်တိုင်ကို မရွှေ့ရဟု ဣသရေလလူတို့ကို မိန့်တော်မူ၏။ ဤနယ်မြေကျူးကျော်ခြင်းသည် အထက်ဖော်ပြပါအမှုနှင့်ဆက်နွယ်မှုမရှိဟု ထင်မှတ်ရပါသည်။ သို့သော်လည်း၊ ရှေးအချိန်ကပင် ဤနယ်မြေကျူးကျော်ခြင်းကြောင့် လူသတ်မှုဖြစ်ပွားတတ်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ပို၍ကြီးလေးသောအမှုမဖြစ်ရန် ကွယ်ကာခြင်းဖြင့် ထိုသို့တားမြစ်ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် မိမိအိမ်နီးချင်းကိုချစ်၍ သူ့ဥစ္စာကိုတန်ဖိုးထားရပါမည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ပညတ်ချက်တို့ကို ကျွန်တော်လိုက်လျှောက်လိုပါ၏။

တနင်္ဂနွေ၊ အောက်တိုဘာ (၂၄)
**တရားဟော ၁၉း၁၅-၂၁**
၁ ပေ ၂း၁၃-၁၇

*"သခင်ဘုရား၏မျက်နှာတော်ကို ထောက်လျက်၊ . . . လူတို့တွင်စီရင်ခန့်ထားသမျှသော မင်း၏ အုပ်စိုးခြင်းကိုဝန်ခံကြလော့"*

# ယုံကြည်ထိုက်သောသက်သေများ

ပညတ်တော်ဆယ်ပါးဒုတိယအကြိမ်ပေးခြင်းဖြစ်သော တရားဟောရာကျမ်း ၅း၂၀ ထဲတွင် "ကိုယ်နှင့်စပ်ဆိုင်သောသူတဘက်၌ မမှန်သောသက်သေကိုမခံနှင့်" ဟုဖော်ပြထားပါသည်။ ဆိုလိုသည်မှာ မုသာမပြောနှင့်ဟူ၍ဖြစ်ပါသည်။ ဤသည်လည်း လူတိုင်းနှင့်ဆိုင်သောဥပဒေဖြစ်ပါသည်။ သို့သော်လည်း၊ များစွာသောလူတို့သည် နေ့စဉ်မုသာပြောကြပါ၏။ မှန်မှန်ကန်ကန်ပြောကြဖို့ လိုအပ်ပါသည်၊ အထူးသဖြင့်သက်သေထွက်ဆိုသောအခါ ပို၍အရေးကြီးပါသည်။

ပြဿနာဖြေရှင်းခြင်း၌ မျက်မြင်သက်သေသည် အရေးပါလှပါ၏။ ထိုနည်းတူ စီရင်ခြင်းပြုခြင်း၌လည်း သက်သေသည်အရေးပါလှပါသည်။ ထို့ကြောင့် မောရှေ၏ပညတ်တရားနှင့် တရားမျှတခြားဥပဒေ၌လည်း သက်သေတဦးတည်းသည် လုံလောက်မှုမရှိကြောင်း ဖော်ပြထားပါသည်။ နှစ်ဦး(သို့)သုံးဦးရှိဖို့လိုပါသည် (တရား ၁၉း၁၅)။ အချို့သောသက်သေတို့သည် မှန်မှန်ကန်ကန် မထွက်ဆိုကြသောကြောင့် စီရင်ချက်မချမီ သေချာစွာစစ်ကြောခြင်းပြုရပါမည်။ မမှန်သောသက်သေထွက်ဆိုလျှင် "တရားသူကြီးတို့သည် စေ့စေ့စစ်ကြော" ရပါမည် (တရား ၁၉း၁၈)။ မှားယွင်းစွာသက်သေထွက်ဆိုကြောင်း ဖော်ထုတ်ရပါလျှင်၊ သူထွက်ဆိုသောအမှုကို ကိုယ်တိုင်ခံရပါမည်။ သူတပါးကိုခံစေလိုသောအမှု၏ပြစ်ဒဏ်ကို သူကိုယ်တိုင်ခံရပါမည်။ တရား ၁၉း၂၁ ၌ တွေ့ရသော "အသက်အတွက်အသက်ကိုင်၊ မျက်စိအတွက်မျက်စိကိုင်၊ သွား အတွက် သွားကိုင်၊ လက်အတွက်လက်ကိုင်၊ ခြေအတွက်ခြေကိုင် ဒဏ်ပေးရမည်" ဟူသောတရားသည် ပြစ်မှုတိုင်းထိုက်တန်သောစီရင်ခြင်းဒဏ်ခံရမည်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ထိုစကားလုံးတို့ကို စကားလုံးအတိုင်း အနက်မဖွင့်ရပါ၊ အဓိပ္ပာယ်မသက်ရောက်စေရပါ။

ဘုရားသခင်၏ပညတ်တရားချိုးဖောက်ခြင်းသည် အပြစ်ဖြစ်ပါသည်။ ဘုရားသခင်သည် ဥပဒေကိုပေးတော်မူသော ပထမဦးဆုံးသောပုဂ္ဂိုလ်ဖြစ်၍၊ မှန်ကန်ကောင်းမွန်သော ဥပဒေအပေါင်းတို့သည် ဘုရားသခင်၏ဥပဒေနှင့်သဘောတူညီမှုရှိကြ၏။

မိမိကိုယ်ကို ကလဲ့စားချေခြင်းမပြုရန် တားမြစ်ထားပါသည်။ ပြစ်ဒဏ်စီရင်ခြင်းကို တရားဥပဒေအရဆောင်ရွက်ရပါမည်။ ယေရှုသည်လည်း မှားယွင်းသောသက်သေခံများကြောင့် မတရားသောစီရင်ခြင်းကို ခံခဲ့ရ၏။ တရားသူကြီးတို့သည် ဥပဒေအတိုင်း တရားမျှတမှုကိုကျင့်သုံးကြရပါမည်။ ဘုရားသခင်၏သားသမီးတို့သည် အဘယ်ပြစ်မှုမှမကျူးလွန်ရပါ။ မတော်တဆမှုတွင် ဥပဒေ၏ကွယ်ကာမှုကိုခံရကြပါမည်။ ဘုရားသခင်ကိုယုံကြည်ကိုးစားလော့။ သို့ဆိုလျှင် အပြစ်၏ကျွန်ဘ၀မှ သင်လွတ်မြောက်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - ယေရှုသည် လမ်းခရီး၊ သမ္မာတရားနှင့်အသက်ဖြစ်တော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ သမ္မာတရားအားဖြင့် ကျွန်တော်အစဉ်အသက်ရှင်လိုပါ၏။

တနင်္လာ၊ အောက်တိုဘာ (၂၅)

**တရားဟော ၂၀**

၂ ရာ ၁၂း၉-၁၀

*"ယခုမှာ သင်သည်ငါ့ကိုမထီမဲ့မြင်ပြု. . . သောကြောင့်၊ သင့်အဆွေအမျိုးတို့သည် ထားဘေးနှင့်အစဉ်တွေ့ကြုံရကြလိမ့်မည်"*

## ဘုရားသခင်၏ဆုံးမတော်မူခြင်းတည်းဟူသောဓားဘေး

လူ့အသက်ပေါင်းများစွာ သေစေသောစစ်ပွဲသည် နှစ်သက်စရာမကောင်းပါ။ သမ္မာကျမ်းစာသမိုင်းတွင်၊ ဘုရားသခင်၏စစ်ပွဲကို ဆုံးမခြင်းတောင်ဝှေးကဲ့သို့အသုံးပြုတော်မူခဲ့၏။ ဣသရေလသမိုင်းသည် စစ်ပွဲနှင့်ပြည့်နှက်ခဲ့ပါသည်။ ခါနာန်ပြည်ကိုပိုင်ဆိုင်ခြင်းငှါ တိုက်ပွဲများစွာဆင်နွှဲခဲ့ကြရ၏။ ဘုရားသခင်က ပထမဆုံးသောရှင်ဘုရင်ဖြစ်သော ကိရှ၏သားရှောလုကိုခန့်ထားသောအခါ ပထမဆုံးထမ်းရွက်ရသောအမှုသည် စစ်တိုက်ခြင်းပင်ဖြစ်ပါသည်။ တပါးအမျိုးသားတို့၏စိုးမိုးခြင်းရန်မှ ဣသရေလကိုကွယ်ကာဖို့လိုအပ်ခဲ့ပါသည်။ ဒုတိယမြောက်ဘုရင်ဒါဝိတ်ခေတ်၌လည်း တိုက်ပွဲများစွာဆင်နွှဲခဲ့ရပါသည်။ တရားဟောရာကျမ်း ၂၀ ထဲတွင် ဘုရားသခင်ကတိုက်ပွဲနှင့်ဆိုင်သောဥပဒေသများကို ပေးတော်မူခဲ့၏။ ဤသည်ကား အပြစ်မဲ့သောသူတို့အသေသတ်ခြင်းမခံရခြင်းငှါရင်း၊ စည်းကမ်းရှိကြခြင်းငှါရင်း ရည်ရွယ်ခြင်းဖြစ်ပါသည်။ သူတို့သည်မိမိကိုယ်ကိုလည်း ကွယ်ကာကြရပါမည်။ ဘုရားသခင်ကလမ်းညွှန်ချက်ပေးတော်မူ၏။

ကြမ်းကြုတ်သောရန်သူတို့နှင့်ရင်ဆိုင်ရသောအခါ သူတို့၏မြင်းနှင့်မြင်းလှည်းတို့ကြောင့်ကြောက်ရွံ့ခြင်းမရှိရပါ။ ဤသည်ကား စစ်တိုက်ထွက်သောသူတိုင်း၏ အတွေးနှင့်ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ပုံမှန်အားဖြင့် ရန်သူထက်ပို၍အားကြီးစွာပြင်ဆင်ခြင်းပြုရမည်မှာ ပြုသင့်သောအရာဖြစ်ပါသည်။ သို့သော်လည်းဤသည်ကား ဘုရားသခင်၏နည်းလမ်းမဟုတ်ပါ။

ဘုရားသခင်သည်သူတို့နှင့်အတူတိုက်ပွဲ၍ ဆင်နွှဲတော်မူမည်ဖြစ်ပါသည်။ ဤတရားကိုဘုရားသခင်ကခါနာန်ပြည်၏ပထမဆုံးမြို့ ယေရိခေါမြို့သိမ်းပိုက်ခြင်း၌ ပြသတော်မူခဲ့၏။ စစ်ဝတ်တန်ဆာဆင်ထားသောစစ်သူရဲတို့နှင့် သွားမတိုက်စေဘဲ ပဋိညာဉ်သေတ္တာကိုထမ်းရွက်သောယဇ်ပုရောဟိတ်စေလွှတ်တော်မူခဲ့၏။ မိန့်တော်မူသည်အတိုင်း၊ သူတို့သည် ငြိမ်သက်စွာထိုမြို့ကိုတစ်နေ့တစ်ကြိမ်ပတ်၍၊ခုနစ်ရက်မြောက်နေ့တွင် ခုနစ်ကြိမ်ပတ်ပြီးမှ ယဇ်ပုရောဟိတ်တို့သည်တံပိုးမှုတ်၍လူတို့သည် အော်ဟစ်ကြ၏။ ထိုမြို့ရိုးတို့သည် ပြိုကျသဖြင့် သူတို့သည် သိမ်းပိုက်ခဲ့ရ၏။ တရားသူကြီးများခေတ်တွင်၊ ဂိဒုန်သည် မိဒျန်လူတို့ကို အစ၌သုံးသောင်းဖြင့်တိုက်မည်ဟု ကြံသော်လည်း၊ သုံးရာတည်းဖြင့်အောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် မိမိ၏နှုတ်စကား၏တန်ခိုးတော်နှင့်မိမိလူတို့ကိုမစခြင်းငှါ သစ္စာရှိတော်မူကြောင်း သက်သေပြတော်မူ၏။

စစ်ပွဲ၌ဘုရားသခင်၏လမ်းညွှန်မှုလိုက်လျှောက်ခြင်းဖြင့် အပြစ်ကျူးလွန်ခြင်းကို ရှောင်လွှဲ၍ရပါသည်။ စစ်ပွဲသည် လူ့အသက်ကိုဆုံးရှုံးစေသော်လည်း၊ မိမိလူတို့၏မနာခံခြင်းကို ဆုံးမခြင်းငှါ ဘုရားသခင်က တောင်ဝှေးသဖွယ်အသုံးပြုတော်မူ၏။

**ဆင်ခြင်ရန်** - ခရစ်ယာန်သည် တရားသောစစ်ပွဲ၌သာ ဝင်ရောက်တိုက်ပွဲဝင်၍ရ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်တို့၏တိုင်းပြည်ကို မလိုအပ်သောစစ်ပွဲမှကွယ်ကာတော်မူပါ။

အင်္ဂါ၊ အောက်တိုဘာ (၂၆)

**တရားဟော ၂၀း၁-၄**
သုတ္တံ ၁၀း၁၁-၁၂

*“မုန်းသောစိတ်သည် ရန်တွေ့ရာသို့တိုက်တွန်းတတ်၏။
ချစ်သောစိတ်မူကား ခပ်သိမ်းသောအပြစ်တို့ကိုဖုံးအုပ်တတ်၏”*

## စစ်ပွဲအပေါ် ထားရမည့်ဣသရေလ၏စိတ်သဘောထား

စစ်တိုက်ဖို့လိုအပ်လာသောအခါ၊ အပြစ်မဲ့သောသူတို့၏အသက်ကို ကာကွယ်ခြင်းငှါအထူး သတိပြုဖို့လိုပါသည်။ ခါနာန်ပြည်ကို သိမ်းပိုက်ခြင်းငှါ ဣသရေလသည် စစ်တိုက်ဖို့လိုပါသည်။ ဘုရား သခင်က သူတို့ကိုစစ်ပွဲ၌ဦးဆောင်တော်မူခဲ့၏။ စစ်တိုက်ချိန်နီးလာသောအခါ၊ ယဇ်ပုရောဟိတ်တို့သည် လာ၍ပြည်သူထံအကြောင်းကြားခဲ့ကြပါသည်။ ယဇ်ပုရောဟိတ်တို့က “အိုဣသရေလ အမျိုးသားတို့၊ ယနေ့သင်တို့သည် စစ်တိုက်ခြင်းငှါ ရန်သူတို့ကိုချဉ်းကြပြီ။ သူတို့ကြောင့် စိတ်ပျက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း၊ ထိတ်လန့်ခြင်း မရှိကြနှင့်။ အကြောင်းမူကား သင်တို့၏ဘုရားသခင် ထာဝရဘုရားသည် ရန်သူတို့ကိုစစ်တိုက်၍ သင်တို့ကိုကယ်တင်ခြင်းအလို့ငှါ သင်တို့နှင့်အတူ ကြွတော်မူသည်ဟု လူတို့အားပြောဆိုရကြမည်” (တရား ၂၀း၃-၄)။ ထိုအခါ လူတို့၏စိတ်သည် ရဲရင့်ခြင်းရှိကြရပါမည်။ ထိုသို့ဘုရားသခင်က သေချာသောတရားကို မိန့်တော်မူခဲ့၏။

ဤတရားသည် နှစ်ပေါင်းများစွာကြာသည့်တိုင် တည်လျက်ရှိပါ၏။ ယုဒရှင်ဘုရင်၊ ယောရှဖတ်သည်လည်း တိုက်ပွဲ၌ဘုရားသခင်ကို ကိုးစားခဲ့ပါသည်။ သူသည် ဆုတောင်းခဲ့ပြီး၊ ဘုရားသခင်ကို ချီးမွမ်းသောသီချင်းဆိုသောသူရှိခဲ့ကြ၏။ သူသည် စစ်သူရဲတပ်သုံးတပ်ဖြစ်သော မောဘ၊ အာမွန်နှင့် စိရတောင်မှတပ်တို့နှင့် ရင်ဆိုင်ခဲ့ပါသည်၊ သူတိုက်စရာမလိုခဲ့ပါ။ အကြောင်းမှာ စိရတောင်မှလူတို့သည် အာမွန်နှင့်မောဘတပ်ကို တိုက်ခဲ့ပါသည်။ နောက်ဆုံးတွင်၊ အချင်းချင်းသတ်ဖြတ်ခဲ့ကြ၏။ ယောရှဖတ်က ယုဒလူတို့အား စစ်ပွဲသည်ဘုရားသခင်ပိုင်တော်မူ၏၊ အားမထုတ်ဘဲ အောင်မြင်ခြင်းရမည်ဟုဆိုခဲ့ပါသည် (၆ ရာ ၂၀း၁၆-၂၃)။ ဣသရေလ၏အောင်မြင်ခြင်းသော့ချက်သည် မိမိတို့တိုက်ရမည့်စစ်ပွဲအပေါ် ထားရှိသောသူတို့၏စိတ်သဘောထားပင်ဖြစ်ပါသည်။ ဘုရားသခင်အပေါ် ထားရှိသောသူတို့၏ယုံကြည်ခြင်းက ရန်သူအပေါ်၌ အခွင့်အားသာချက်ပေးခဲ့ပါသည်။

သူတို့လုပ်ဆောင်ရမည့်အမှုသည် မောရှေမိန့်တော်မူသည်အတိုင်း အလွန်ကြီးမားလှပါသည်။ ခါနာန်ပြည်ကိုတိုက်ခိုက်သိမ်းယူကြရပါမည်။ ထိုအချိန်၌ ဣသရေလလူတို့၏ လူဦးရေမှာ နှစ်သန်းလောက်ဖြစ်ပါသည်။ အောင်မြင်ခြင်းငှါ ရဲရင့်ခြင်းသတ္တိလိုအပ်ခဲ့ကြ၏။ ဘုရားသခင်၏ အလိုတော်နှင့်အစီအစဉ်ပြည့်စုံစေခြင်းငှါ မဖြစ်အနေစစ်တိုက်ကြရပါမည်။

**ဆင်ခြင်ရန်** - တိုက်ပွဲတိုင်း၏ရလဒ်ကို ဘုရားသခင်ကဆုံးဖြတ်ခြင်းဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ရန်တွေ့မှုတိုင်း၌ သင့်မြတ်ခြင်းကိုကျွန်တော်လိုချင်ပါ၏။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၂၇)
**တရားဟော ၂၀း၅-၉**
ဆာလံ ၉၃

*"ထာဝရဘုရားသည် စိုးစံ၍၊*
*အာနုဘော်နှင့်တန်ဆာဆင်တော်မူ၏"*

# တိုက်ပွဲ၌မပါဝင်မည့်သူများ

မိမိတိုင်းပြည်အတွက် တိုက်ပွဲဝင်ခြင်းသည် မျိုးချစ်စိတ်ရှိခြင်းဖြစ်၍ ဂုဏ်ယူစရာကောင်းသောအမှုဖြစ်ပါသည်။ လူငယ်များစွာအတွက် စွန့်စားခန်းလည်းဖြစ်ပါသည်။ တိုက်ပွဲ၌အသက်ဆုံးရှုံးခဲ့လျှင်လည်း၊ လူများတို့က လေးစားခဲ့ကြ၏။ ယနေ့တွင် များစွာသောနိုင်ငံ၌ လူငယ်တို့အတွက် စစ်မှုမထမ်းမနေရပြဋ္ဌာန်းကြပါသည်။ သို့သော်လည်း အချို့သောသူတို့သည် အကြောင်းအမျိုးမျိုးကြောင့် စစ်မှုမထမ်းလိုကြပါ။

မောရှေခေတ်၌ လူပျိုတို့ကို တိုက်ပွဲရှေ့တန်း၌လိုအပ်လျက်ရှိခဲ့ပါသည်။ သို့သော်လည်း၊ အချို့သောလူတို့ကို စစ်ပွဲ၌မပါဝင်စေကြပါ။ မောရှေကအကြောင်းအရင်းကို ဖော်ပြခဲ့ပါသည်။ အိမ်သစ်ဆောက်၍ဆက်ကပ်ခြင်းမပြုသေးသောသူသည် တိုက်ပွဲ၌မပါဝင်ရပါ။ အကြောင်းမှာ တိုက်ပွဲ၌သေခဲ့ပါလျှင်၊ အခြားတယောက်က ဆက်ကပ်ဖို့လိုမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။ နောက်တဖွဲ့မှာ စပျစ်ဥယျာဉ်ကိုစိုက်၍ အသီးမစားရသူဖြစ်ပါသည်။ နောက်တစ်ယောက်မှုကား၊ မိန်းမယူခြင်းငှါစေ့စပ်၍မယူရသေးသောသူ ဖြစ်ပါသည်။ သူသည်လည်းတိုက်ပွဲ၌ သေခဲ့ပါလျှင်အခြားသူက ထိုသူ၏မယားကိုယူမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ အိမ်၊ စပျစ်ဥယျာဉ်နှင့်မိန်းမတို့သည် မိသားစုကိုဖြစ်စေသောအရာများဖြစ်ပါသည်။ ဤအချက်က တည်မြဲသောအိမ်ထောင်မိသားစုအရေးပါမှုကိုဖော်ပြ၏။ တည်မြဲသောအိမ်ထောင်က တည်မြဲသောတိုင်းပြည်ကိုဖြစ်စေ၏။

စစ်တိုက်ခြင်း၏ရည်ရွယ်ချက်သည် စွန့်စားခြင်းမဟုတ်ဘဲ၊ ပြည်သူပြည်သားများငြိမ်သက်စွာ နေထိုင်နိုင်ခြင်းငှါဖြစ်ပါသည်။ တိုင်းပြည်၌ ငြိမ်းချမ်းသောအခါ၊ တည်မြဲသောအိမ်ထောင်မိသားစုတည်ဆောက်၍ရပါ၏။ ဤသည်ကား စစ်ပွဲ၌မပါဝင်ရသော လူနှင့်ပတ်သက်၍ဥပဒေပြဋ္ဌာန်းခြင်း၏အဓိကရည်ရွယ်ချက်ဖြစ်ပါသည်။ ထို့ပြင်၊ စစ်ဗိုလ်တို့က စစ်ချီမသွားမှီ လူတို့ကိုစစ်ကြောရပါမည်။ ကြောက်ရွံ့ခြင်းရှိသောသူ၊ စိတ်ပျက်ခြင်းရှိသောသူတို့သည် အခြားသူတို့ကိုစိတ်ပျက်စေမည်စိုးရိမ်ရသဖြင့် စစ်ပွဲသို့မသွားရကြပါ။ စစ်တိုက်ခြင်းငှါ မပြင်ဆင်ရသေးသောသူတို့သည် အခြားစစ်သူရဲတို့ကိုစိတ်ပျက်စေနိုင်ပါသည်။

စစ်ဗိုလ်တို့သည် တပ်မှူးတို့ကိုခန့်ထားကြရမည်။ ဂတိတော်ပြည်အပြင်ဘက်၌ရှိသော မြို့တို့ကို ချဉ်းကပ်စဉ် ရှေးဦးစွာ တိုက်ပွဲမကြေငြာဘဲ၊ ငြိမ်းချမ်းရေးအရင်ပြုကြရပါမည်။ မြို့သူမြို့သားတို့သည် သဘောတူ၍အရှုံးပေးပါလျှင် သွေးထွက်စရာမလိုပါ။ ဤသည်ကား ပို၍လွယ်ကူသောနည်းလမ်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - စစ်ပွဲ၌ ဘုရားသခင်ထံမှဉာဏ်တော်သည်အဓိကကျပါ၏။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်တို့တိုင်းပြည်သည် သွေးထွက်သံယိုမှုမဟုတ်ဘဲ၊ ငြိမ်းချမ်းရေးကိုလိုလားသောတိုင်းပြည်ဖြစ်ပါစေ။

ကြာသပတေး၊ အောက်တိုဘာ (၂၈)
**တရားဟော ၂၀း၁၀-၂၀**
၁ တိ ၂း၁-၄

*"ထိုသို့သောအမှုသည် ကောင်းသောအမှုဖြစ်၏။ ငါတို့ကို ကယ်တင်တော်မူသောအရှင်ဘုရားသခင် နှစ်သက်တော်မူသောအမှုလည်းဖြစ်၏"*

## စစ်သူ့ဉ်းပန်းများအပေါ် ပြုရမည့်အမှု

မောရှေပေးထားသောပညတ်တရားတို့သည် ဣသရေလတိုက်ရမည့်စစ်ပွဲအတွက်လည်း အကျုံးဝင်ပါသည်။ စစ်ပွဲ၌အသေသတ်ရမည့်သူတို့ကိုဖော်ပြထားပါသည်။ လက်နက်မကိုင်သောသူတို့ကိုမသတ်ရပါ။ ယောကျ်ားတိုင်းကို သတ်ရပါမည်၊ အကြောင်းမှာ သူတို့သည်လက်နက်စွဲကိုင်၍ စစ်တိုက်သောသူဖြစ်ကြ၏။ လက်နက်စွဲမကိုင်သောသူတို့သည် မိန်းမနှင့်ခလေးငယ်များဖြစ်၍ သူတို့ကိုမသတ်ဘဲဖမ်းဆီးခြင်းပြုရပါမည်။ တိရစ္ဆာန်နှင့်အဖိုးတန်ပစ္စည်းများကို ဖမ်းဆီးသိမ်းဆည်းကြရပါမည်။ ဣသရေလသည် ဤဥပဒေသများကို ဂတိတော်ပြည်ပြင်ဘက်ရှိ ယခုတိုက်မည့်မြို့တို့အပေါ်၌ အသုံးပြုလိုက်လျှောက်ရမည်ဖြစ်ပါသည်။

ယနေ့ခေတ်တွင်၊ တိုင်းပြည်အချင်းချင်းကြား၌ စစ်သုဉ်းပန်းများကိုမည်သို့ပြုရမည် အကြောင်း ပြဋ္ဌာန်းခဲ့ကြပါသည်။ ထိုစစ်ဥပဒေသများကို ချိုးဖောက်သောသူတို့သည် စစ်ကြောစီရင်ခြင်းခံရကြမည်ဖြစ်ပါသည်။ ဤဥပဒေသတို့၏ အစအဦးသည် ဣသရေလလူတို့ထံမောရှေက ဘုရားသခင်ထံမှပေးသောဥပဒေပင်ဖြစ်ပါသည်။ ခါနာန်ပြည်ရှိမြို့များသိမ်းပိုက်ခြင်းသည်လည်း ဘုရားသခင်၏မိန့်တော်မူချက်အတိုင်း ဖြစ်ရပါမည်။ တခါတရံဘုရားသခင်က ဣသရေလလူတို့အား အသက်ရှိသောအရာမှန်သမျှကို သတ်ခြင်းငှါမိန့်တော်မူ၏။ ထိုသို့ပြုခြင်းမှာ သူတို့၏ ရုပ်တုကိုးကွယ်ခြင်းအတွက် အပြစ်ဒဏ်ဖြစ်ပါသည်။ သူတို့သတ်ဖြတ်ရမည့်လူမျိုးစရင်းကို တရားဟောရာကျမ်း ၂၀း၁၇ ထဲတွင် ဖော်ပြထားပါသည်။ ထိုသို့ဖျက်ဆီးရခြင်းမှာ သူတို့က ဣသရေလလူတို့ကို စက်ဆုပ်ရွံရှာစရာ ကိုးကွယ်ခြင်းမသင်ပေးနိုင်ရန်လည်း ဖြစ်ပါသည်။

မြို့ကိုဝင်ရောက်တိုက်ခိုက်ခြင်း၌ မည်သို့ဝန်းရံရမည်ကို လမ်းညွှန်ထားပါသည်။ ထိုသို့ဝန်းရံနေစဉ်သစ်ပင်များကိုမခုတ်လှဲရပါ။ အကြောင်းမှာ လယ်သစ်ပင်တို့သည် လူအသက်မွေးရာဖြစ်ကြ၏။ သို့သော်လည်း အသီးမသီးသောသစ်ပင်ကိုမူ ခုတ်လှဲ၍စစ်တိုက်စရာတန်ဆာအဖြစ် အသုံးပြုနိုင်ပါသည်။ ဤစစ်တိုက်ခြင်းနှင့်ဆိုင်သောဥပဒေများကို ဣသရေလလူတို့သည် ဘုရားသခင်၏စကားကိုနာခံ၍လိုက်လျှောက်ကြရပါမည်။ ရန်သူအရှုံးပေးသည့်တိုင်အောင် ဝန်းရံကြရပါမည်။ ရန်သူသည် ပြန်၍ခုခံတိုက်ခိုက်ပါလျှင်၊ တဖွဲ့ဖွဲ့သည် ရှုံးနိမ့်ခြင်းကြုံရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - စစ်ပွဲသည် လူ့အပြစ်၏ရလဒ်ဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ စစ်ပွဲကိုလွန်စေလျက်၊ အချင်းချင်းချစ်ခြင်းမေတ္တာရှိခြင်းငှါ မစတော်မူပါ။

သောကြာ၊ အောက်တိုဘာ (၂၉)
**တရားဟော ၂၁း၁-၉**
ကမ္ဘာ ၉း၆

*"အကြင်သူသည် လူ၏အသွေးကိုသွန်း၏။
ထိုသူ၏အသွေးကို လူလက်ဖြင့်သွန်းရမည်"*

## လက်သည်မပေါ်သောလူသတ်မှုဥပဒေ

လူသတ်မှုသည် ခေတ်အဆက်ဆက်ဖြစ်ပွားသောပြစ်မှုတခုဖြစ်ပါသည်။ ပြစ်မှုကျူးလွန်သောသူသည် ထိုအပြစ်ကိုတတ်နိုင်သမျှကြိုးစားဖုံးကွယ်တတ်၏။ ဤပြဿနာကို ဣသရေလလူတို့ ကြုံတွေ့ရမည်အကြောင်း မောရှေကြိုသိခဲ့ပါသည်။ ထိုသို့ဖုံးကွယ်သော လူသတ်သမားတို့အကြောင်း ဖြေရှင်းခြင်းငှါ ဘုရားသခင်ကဤသို့လမ်းညွှန်မှုပေးတော်မူခဲ့၏။ လူ့အသက်သတ်ခြင်းသည် ကြီးလေးသောအမှုဖြစ်ပါသည်။ လူသတ်မှုဖြစ်ပွားသောအခါ လူတို့သည် ကြောက်ရွံ့ခြင်းရှိကြ၏။ ထိုသို့လက်သည် မပေါ်သောလူသတ်မှု၌ ဘုရားသခင်ကဣသရေလအား ဖြေရှင်းခြင်းဥပဒေပေးတော်မူခဲ့၏။

ဤသို့ဥပမာပေးခဲ့ပါသည်။ တောထဲ၌ လူသေအလောင်းတွေ့၍ သတ်သောသူမသိသောအခါ၊ ထိုနေရာနှင့်အနီးဆုံးမြို့များမှ လူကြီးတို့သည်လာ၍ အနီးဆုံးမြို့ကိုတိုင်းထွာသတ်မှတ်ကြရပါမည်။ ဤအမှု၌ သက်သေရှိမရှိမေးမြန်းကြရပါမည်။ သက်သေတစုံတရာမရှိလျှင်၊ လမ်းညွှန်ချက်အတိုင်းဆောင်ရွက်ကြရပါမည်။ ထိုမြို့လူကြီးတို့သည် ထမ်းဘိုးတင်ခြင်း၊ စေခိုင်းခြင်းကိုမပြုဘူးသေးသောနွားသငယ်ကို ယူ၍၊ လယ်မလုပ်သောချိုင့်ဝှမ်းသို့ဆောင်သွားပြီး၊ နွားလည်ပင်းကိုဖြတ်ကြရပါမည်။ ယဇ်ပုရောဟိတ်တို့သည်လာ၍ ဘုရားသခင်၏နာမတော်ကို ကောင်းကြီးပေးလျက်၊ တရားတွေ့ခြင်း၊ ရိုက်ပုတ်ခြင်းအမှုကိုဖြေရှင်းကြရပါမည်။ လူသေအလောင်းနှင့်အနီးဆုံးသောမြို့၏ လူကြီးတို့သည် ထိုလည်ပင်းဖြတ်ခြင်းခံရသောနွားပေါ်၌ သူတို့၏လက်ကိုဆေးကြောကြရပါမည်။ သူတို့သည် ထိုအသွေးကိုမသွန်း၊ မြင်လည်းမမြင်ခဲ့ကြကြောင်း ကျိန်ခြင်းပြုကြရပါမည်။ သူတို့သည် အပြစ်ကင်းကြသောကြောင့် ဘုရားသခင်ထံခွင့်လွှတ်ခြင်းတောင်းလျှောက်ကြရပါမည်။ ဤနည်းဖြင့် ထိုပြစ်မှုကို ဖယ်ရှားကြရပါမည်။

လူသတ်မှုဆန့်ကျင်သောပညတ်တရားမူကား၊ "လူ့အသက်ကိုမသတ်နှင့်"(တရား ၅း၁၇) ဟူ၍ဖြစ်ပါသည်။ လူသတ်မှုနှင့်ပတ်သက်သောလမ်းညွှန်မှုများပေးခြင်း၏ ရည်ရွယ်ချက်မှာ ပြစ်မှုလျော့ချရန်နှင့်ကျူးလွန်သောသူတို့အား ပြစ်ဒဏ်မခံရဘဲ မနေခြင်းငှါဖြစ်ပါသည်။

**ဆင်ခြင်ရန်** - လူသတ်မှုဥပဒေသည် အပြင်ပိုင်းလုပ်ရှားမှုကိုသာ ရည်ညွှန်းသည်မဟုတ်ပါ။
**ဆုတောင်းချက်-** အဖဘုရား၊ အသက်ကိုကွယ်ကာမည်အကြောင်း မစတော်မူပါ။

စနေ၊ အောက်တိုဘာ (၃၀)

**တရားဟော ၂၁း၁-၉**

မသဲ ၅း၂၀-၂၆

*"ညီအစ်ကိုကို အထောက်မတန်အမျက်ထွက်သော သူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏"*

# ချစ်ခြင်းမေတ္တာက အမှုန်းတရားကိုအောင်နိုင်၏

လူသတ်မှုပြစ်ဒဏ်သည် သေဒဏ်ဖြစ်ကြောင်း ပညတ်တရားကဖော်ပြခဲ့ပါသည်။ ယခုခေတ်တရားစီရင်ခြင်းစနစ်၌လည်း၊ ဤပြစ်မှု၏ပြစ်ဒဏ်ကို သေဒဏ်အဖြစ် များစွာသောတိုင်းပြည်က သမ္မာကျမ်းစာပြဋ္ဌာန်းချက်ကို လိုက်၍လက်ခံခဲ့ကြပါသည်။ ဤပြစ်မှုမကျူးလွန်ခြင်းငှါ အကောင်းဆုံးသောအရာသည် ချစ်ခြင်းမေတ္တာပင်ဖြစ်ပါသည်။

သခင်ယေရှုကလည်း လူ့အသက်သတ်ခြင်းအမှုမကျူးလွန်ကြရန် ဤသို့ဖော်ပြခဲ့ပါသည် "လူအသက်ကိုမသတ်ရ။ သတ်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကိုခံထိုက်ပေ၏ဟူသော ရှေးပညတ်စကားကိုသင်တို့ကြားရပြီ၊ ငါပညတ်သည်ကား ညီအစ်ကိုကို အထောက်မတန်အမြတ်ထွက်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းသို့ခံထိုက်ပေ၏။ ညီအစ်ကိုကိုကဲ့ရဲ့သောသူသည် လွှတ်တော်၌အပြစ်စီရင်ခြင်းကိုခံထိုက်ပေ၏။ ညီအစ်ကိုကို ကျိန်ဆဲသောသူသည် ဂေဟန်္နာအရပ်၌ မီးရှို့ခြင်းကိုခံထိုက်ပေ၏။ ထို့ကြောင့် သင်သည်ပူဇော်သက္ကာကိုယဇ်ပလ္လင်သို့ဆောင်ယူခဲ့လျက် သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့်တစုံတခုရှိသည်ဟု အောက်မေ့သတိရလျှင် ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သက္ကာကိုထား၍သွားလော့။ ညီအစ်ကိုနှင့်သင့်တင့်ပြီးမှ ပြန်၍ပူဇော်သက္ကာကိုတင်လော့" (မသဲ ၅း၂၁-၂၄)။ လူသတ်မှု၏အခြေခံအကြောင်းရင်းသည် မုန်းတီးခြင်းဖြစ်ကြောင်း ယေရှုဖော်ပြပြီး၊ ထိုမုန်းတီးခြင်းကို မကြီးထွားမီ ပယ်ရှင်းဖို့လိုပါသည်။ သူတပါးအပေါ်ကဲ့ရဲ့ခြင်းစကားလုံးအသုံးပြုခြင်းကိုလည်း လူသတ်မှုကဲ့သို့ဖြစ်ပါသည်။ ထို့ကြောင့်သူတပါးအပေါ်မုန်းတီးခြင်းမရှိဘဲ၊ အချင်းချင်း သင့်မြတ်ခြင်းရှိကြခြင်းငှါ တိုက်တွန်းထားပါသည်။ ဘုရားသခင်၏ လူတို့သည် ငြိမ်သက်ခြင်း၌ ချစ်ခြင်းမေတ္တာသည် အဓိကကျ၍ ထိုအရာကငြိမ်သက်ခြင်းကိုဖြစ်စေ၏။

ဤပညတ်တရားလက်ခံရရှိသောသူတို့သည် ခါနာန်ပြည်သို့ဝင်ရောက်ခြင်းငှါပြင်ဆင်နေသော ကြွသရေလလူများဖြစ်ကြပါသည်။ သူတို့သည် ယနေ့ဤစာကို ဖတ်နေသောသူတို့နှင့်ခြားနားခြင်းမရှိပါ။ သူတို့၌ အားနည်းချက်များရှိခဲ့ပါသည်။ ညီညွတ်စွာ နေထိုင်ကြခြင်းငှါ အကြံပေးမှုကိုသူတို့လိုအပ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - "ယခုတွင် ယုံကြည်ခြင်း၊ မြော်လင့်ခြင်း၊ ချစ်ခြင်း၊ ဤသုံးပါးတည်လျက်ရှိ၏။ ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း" ( ၁ ကော ၁၃း၁၃)။

**ဆုတောင်းချက်-** အဖဘုရား ၊ အကျွန်ုပ်တို့ကို ချစ်ခြင်းမေတ္တာက စိုးမိုးပါစေသော်။

တနင်္ဂနွေ၊ အောက်တိုဘာ (၃၁)
**တရားဟော ၂၁း၁၀-၁၇**
ဖေဖက် ၅း၂၅-၂၉

*"ထိုနည်းတူ၊ ယောကျ်ားတို့သည် မိမိကိုယ်ကို ချစ်သကဲ့သို့ မိမိခင်ပွန်းတို့ကို ချစ်ရကြမည်"*

## ဘမ်းဆီးခံရသောမိန်းမကို ယူခြင်းနှင့်ယောကျ်ားမိန်းမများစွာယူခြင်း

ထိမ်းမြားခြင်းနှင့်ပတ်သက်၍ စစ်ပွဲအကြောင်းကိုပြန်လည်ဖော်ပြခဲ့ပါသည်။ ခါနာန်ပြည်ကို သိမ်းပိုက်ခြင်း၌ ကြိုးစားနေသော ဣသရေလအဖို့ စစ်တိုက်ခြင်းသည် မရှိမဖြစ်ကြုံတွေ့ရသောအရာ ဖြစ်ပါသည်။ ထိုပြည်၌အခြေချနေထိုင်သောအခါ၌လည်း၊ စစ်ပွဲသည်ရှိပါသေး၏။ ငြိမ်းချမ်းသော ကာလ၌တိုင်းပြည်အပေါင်းတို့သည် ရန်သူလက်မှမိမိကိုယ်ကို ကွယ်ကာခြင်း၌ စစ်တပ်အင်အား စုဆောင်းတတ်ကြ၏။ စစ်ပွဲတွင် စစ်သုံ့ပန်းများရှိတတ်ပါသည် - သေသောသူ၊ ခြေလက်မစုံသောသူ (သို့)ဖမ်းဆီးခြင်းခံရသောဟူ၍ ရှိကြပါသည်။ ယနေ့ပညတ်တရားတွင် ဘမ်းဆီးခြင်းခံရသောမိန်းမ အပေါ် မည်သို့ပြုရမည်အကြောင်းဖော်ပြထားပါသည်။

ဣသရေလလူတို့သည် မိန်းမနှင့်ခလေးငယ်များကို မသတ်ရပါ။ သို့သော်လည်း ဘမ်းဆီးခွင့် ရှိပါသည်။ ထိုသို့ဘမ်းဆီးခေါ်ဆောင်သောသူအထဲမှ အချို့မိန်းမတို့ကို ခင်ပွန်းအဖြစ် လိုချင်သော သူရှိနိုင်ပါသည်။ ထိုအခါ လူသားဆန်ဆန်၊ စည်းကမ်းရှိရှိပြုခြင်း၌ ဤပညတ်တရားကိုပြဋ္ဌာန်းထားပါ သည်။ ထိမ်းမြားလိုသောယောကျ်ားသည် ထိုမိန်းမကိုအိမ်သို့ခေါ်ဆောင်၍ ဆံပင်ကိုရိတ်ပေးလျက်၊ လက်သည်းလှီးဖြတ်ပေးရပါမည်။ ထို့နောက် မိဘတို့ကိုမြည်တမ်းရသောအချိန်ကာလပေးရပါမည်။ ထိုသို့ပြုခြင်းအမှုတို့သည် မိမိကိုယ်ကိုသန့်ရှင်းစေခြင်းနှင့်ရုပ်တုကိုးကွယ်ခြင်းမှ စစ်မှန်သော ဣသရေ လဘုရားသခင်ထံ ဆက်ကပ်သီးခြားထားခြင်းလက္ခဏာဖြစ်ပါသည်။ ထို့နောက် ယောကျ်ားသည် ထိုမိန်းမကိုထိမ်းမြားခွင့်ရှိပြီဖြစ်၏။ မထိမ်းမြားလိုလျှင်၊ သူ့အလိုအလျောက်ထွက်သွားရသောအခွင့် ပေးရမည်ဖြစ်ပါသည်။ ဘုရားသခင်သည် လူအပေါင်းတို့ကိုချစ်တော်မူသည်ဖြစ်၍၊ အားနည်းသော သူတို့ဘက်၌ ရပ်တည်ပေးတော်မူသည်ဖြစ်သောကြောင့်၊ ဣသရေလထံသို့ ဘမ်းဆီးထားသော စစ်သုံ့ ပန်းတို့ကို ကွယ်ကာသောပညတ်တရားကိုပေးတော်မူခဲ့ပါသည်။

ဣသရေလလူတို့သည် စိတ်နှလုံးခိုင်မာခြင်းရှိကြသည်ဖြစ်သောကြောင့် များစွာသော ယောကျ်ားမိန်းမယူခြင်းနှင့် အိမ်ထောင်ကွဲခြင်းများစွာတွေ့ရပါသည်။ ထိမ်းမြားခြင်းပညတ်တရားကို ကောင်းကောင်းနားမလည်ကြသောကြောင့်၊ မိမိတို့နှစ်သက်သောသူတို့ကို မိန်းမအဖြစ်ယူကြ၏။ ဣသရေလသည် တိုင်းပြည်လူမျိုးတခုအနေဖြင့် မရပ်တည်မီအချိန်၌၊ ကျမ်းစာ၌တွေ့ရသောယုံကြည် သူဘိုးဘေးတို့သည် ယောကျ်ားမိန်းမတဦးထက်ပို၍ ယူခဲ့ကြ၏။ သို့သော်လည်း၊ သူတို့၏မိသားစုနှင့် အိမ်ထောင်ရေး၌ညီညွတ်မှုနှင့် ချစ်ခြင်းမေတ္တာမတွေ့ရပါ။ လူသည် မိန်းမနှစ်ဦးကိုမျှတတူညီစွာ မချစ်နိုင်ကြောင်း ဘုရားသခင်သိတော်မူ၏။ သားသမီးရလာသောအခါ မိန်းမတို့အပေါ် ထားရှိသော မေတ္တာတရားက သားသမီးအပေါ် ထားရှိသောမေတ္တာ၌ ဆိုးကျိုးဖြစ်စေနိုင်ကြောင်း ဘုရားသခင်က အသိပေးခဲ့ပါသည်။

ယောကျ်ားသည် မိန်းမတယောက်ကိုချစ်၍ အခြားတယောက်ကိုမုန်းရပါမည်။ သားဦး သည် မုန်းခြင်းခံရသောမိန်းမက မွေးဖွားခဲ့ပါလျှင်၊ ဘယ်လိုပဲဖြစ်ဖြစ် ထိုသားက သားဦးခံရမည့် အခွင့်အားလုံးကိုခံစားရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အားနည်းသောသူကိုပစ်ပယ်ထားတော်မမူပါ။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့အား သန့်ရှင်းကောင်းမွန်သောဆက်ဆံရေးရှိခြင်း၌ မစ တော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၁)
**တရားဟော ၂၁း၁၈-၂၃**
ဂလာတိ ၅း၂၂-၂၆

*"ဝိညာဉ်ပကတိ၏အကျိုးမူကား၊ ချစ်ခြင်း၊
ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊
ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း. . ."*

---

# မိသားစုစည်းလုံးခြင်း

တဦးထက်ပိုသော မိန်းမယူခြင်းဖော်ပြခြင်းနှင့် ထိုအကြောင်းနှင့်ပတ်သက်သော ပညတ်တရားပေးခြင်း (တရားဟောရာကျမ်း ၂၁ ထဲ၌) က ဘုရားသခင်သည် ထိုမိန်းမများစွာယူခြင်းကို သဘောတူခွင့်ပြုသည်ဟုမဆိုလိုပါ။ ဖာရိရှဲတို့က ယေရှုအားယောကျ်ားသည် မိမိခင်ပွန်းကိုအကြောင်းတစုံတခုကြောင့် ကွာရှင်းခွင့်ရှိပါသလားဟု မေးကြသောအခါ၊ ယေရှုက ဖန်ဆင်းရှင်သည်အစအဦး၌ ယောကျ်ားတဦးနှင့်မိန်းမတဦးသား ဖန်ဆင်းတော်မူခဲ့ကြောင်း မိန့်တော်မူ၏။ ထိုသို့ထိမ်းမြားခြင်းအားဖြင့် လင်မယားသည်နှစ်ဦးမဟုတ် တဦးတည်းဖြစ်၏။ ထိုအခါ ဖာရိရှဲတို့က သို့ဆိုလျှင်အဘယ်ကြောင့် မောရှေက ကွာရှင်းခြင်းဥပဒေကိုပေးခဲ့ပါသနည်းဟု မေးကြ၏။ ယေရှုက မောရှေသည်လူတို့၏ စိတ်နှလုံးခိုင်မာခြင်းကြောင့် ထိုသို့စီရင်ရခြင်းဖြစ်ကြောင်းနှင့် ဖန်ဆင်းခြင်းအစ၌ ထိုသို့မဟုတ်ခဲ့ကြောင်း မိန့်တော်မူ၏ (မဿဲ ၁၉း၃-၉)။ ဘုရားသခင်က ဣသရေလလူတို့၏စိတ်နှလုံးခိုင်မာခြင်းကြောင့် ယောကျ်ားမိန်းမများစွာယူခြင်းနှင့် ကွာရှင်းခြင်းကိုသည်းခံခဲ့ခြင်းဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာနှင့် ပျော်ရွှင်ခြင်းကိုယူဆောင်လာပေးသော ထာဝရဥပဒေမူကား ထိမ်းမြားခြင်းသည် ယောကျ်ားတဦးနှင့်မိန်းမတဦးအကြား၌သာဖြစ်ရပါမည်။ ဤဘုရားသခင်၏စီရင်မှုချိုးဖောက်ခြင်းသည် သူ့မယားဖြစ်မှားခြင်းအပြစ်ကို ကျူးလွန်ရာရောက်၏။

သားသမီးတို့သည်လည်း မိသားစုဝင်များဖြစ်ကြသောကြောင့် စည်းကမ်းရှိဖို့လိုအပ်ပါသည်။ ပညတ်တော်ဆယ်ပါးထဲမှတပါးမှာ "သင်၏မိဘကိုရိုသေစွာပြုလော့" (တရား ၅း၁၆)ဟူ၍ဖြစ်ပါသည်။ တရားဟောရာကျမ်း ၂၁း၁၈-၂၁ ထဲတွင် ဖော်ပြထားသောသားသည် မိဘထိန်းချုပ်မှုအောက်၌မရှိသော၊ ပညတ်တရားကိုမလိုက်လျှောက်သောသူဖြစ်ပါသည်။ ထိုသို့သောသားကို မိဘကမြို့၏လူကြီးတို့ထံယူဆောင်လာ၍ တိုင်ကြားခြင်းပြုရပါမည်။ ပြစ်မှုများကား ဆိုးသောသူ၊ ခက်ထန်သောသူ၊ စကားနားမထောင်သောသူ၊ စားကြူးသောသူ၊ သောက်ကြူးသောသူဟူ၍ဖြစ်ပါသည်။ ပြစ်မှုများထင်ရှား၍နောင်တရခြင်းမရှိလျှင်၊ ထိုသားသည် ကျောက်ခဲဖြင့်ပစ်သတ်ခြင်းခံရပါမည်။

တရားဟောရာကျမ်း ၂၁း၂၂-၂၃အရ၊ အခြားပြစ်မှုကျူးလွန်သောသူတို့သည် သစ်တိုင်၌ဆွဲသတ်ခြင်းခံရသောသူဖြစ်ပါသည်။ (မှတ်ချက် - အပြစ်ကင်းရှင်းသောသခင်ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်ကြောင့် "သစ်တိုင်၌ဆွဲထားခြင်း" (ဂလာတိ ၃း၁၃) ကိုခံလျက် ကျိန်ခြင်းကိုခံရခဲ့၏)။ ဤဥပဒေသများကို ဣသရေလလူတို့ထံပေးခြင်းမှာ ဤဆိုးသွမ်းသောပြစ်မှုများကို မည်သို့ဖြေရှင်းရမည်ကို လမ်းညွှန်ခြင်းငှါဖြစ်ပါသည်။ (များစွာသော ဤဥပဒေသများကို ယနေ့ခေတ်အစိုးရများ၏ တရားစီရင်ရေးဥပဒေ၌တွေ့ရပါသည်)။ ထို့ကြောင့် စာဖတ်သူတို့က အရာရာတိုင်းကို ကောင်းမွန်သေသတ်စွာပြုရမည်အကြောင်း သိမှတ်ထားကြရပါမည်။ အကောင်းဆုံးမှာ ဤအပြစ်များအားလုံးကို လုံးဝရှောင်ရှားရန်ဖြစ်ပါသည်။ အဖြေမှာ ခရစ်တော်၌ကယ်တင်ခြင်းခံရခြင်းပေတည်း (ဂလာတိ ၅း၂၂-၂၄)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တရားနာခံလိုက်လျှောက်ခြင်းက ပျော်ရွှင်သောမိသားစုကို ဖြစ်စေပါ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်မိသားစုကို စည်းလုံးခြင်းနှင့်ငြိမ်းချမ်းမှုက အုပ်စိုးပါစေသော်။

**တရားဟော ၂၂း၁-၅**
၁ ကော ၁၁း၃-၁၅

*"နူးညံ့သိမ်မွေ့ခြင်းက၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း၊ ထိုသို့သောအကျင့်ကို အဘယ်တရားမျှမမြစ်တား"*

## နေ့စဉ်အသက်တာအတွက် ဥပဒေသများ

တရားဟောရာကျမ်း ၂၂ ထဲတွင် အဓိကပညတ်ချက်ဆယ်ချက်ပေးထားပြီး၊ တခုချင်းစီက ပညတ်တော်ဆယ်ပါး၏သွန်သင်ချက်ကိုကိုယ်စားပြုရည်ညွှန်းထားပါသည်။ အခြားပညတ်ချက်တို့သည် ပွဲတော်နှင့်ပူဇော်သက္ကာနှင့်ဆိုင်သောအရာများဖြစ်ပါသည်။ ဤပညတ်တရားတို့ကို ဘုရားသခင်ပေးတော်မူခြင်းမှာ ဣသရေလလူတို့က မိမိအားမှန်ကန်စွာဆက်ဆံကြခြင်းငှါဖြစ်ပါသည်။ သွန်သင်ချက်ဆယ်ချက်အကျဉ်းဖော်ပြချက်ကို အောက်၌တွေ့ရပါသည်။

လမ်းလွဲသောနွား(သို့)သိုး၊ ကိုယ်နှင့်စပ်ဆိုင်သူကို ချစ်ရမည်ဖြစ်သောကြောင့်၊ ဣသရေလလူတို့သည် လမ်းလွဲသောနွား(သို့)သိုးကို မိမိညီအစ်ကိုထံ ပြန်ပို့ပေးရန် မိန့်တော်မူခြင်းခံရကြ၏။ ပိုင်ရှင်မသိခဲ့လျှင်၊ ပိုင်ရှင်ရှာမတွေ့သောအချိန်အတောအတွင်းတွင် မိမိအိမ်၌ထားရပါမည်။ မြည်း(သို့) အဝတ်အစားကိုလည်း ထိုနည်းတူပြုကြရပါမည်။ ပျောက်၍ကောက်ရခဲ့သောအရာမှန်သမျှအား ပိုင်ရှင်မသိအောင် ဖုံးကွယ်ခြင်းမပြုရပါ။ ဤပညတ်ချက်မလိုက်လျှောက်ခြင်းသည် သူ့ဥစ္စာခိုးခြင်းဖြစ်၏။

လဲလျက်ရှိသောနွား၊ တွင်းထဲ၌ကျသောနွားကိုလည်း ထိုနည်းတူပြုရပါမည်။ မည်သူမဆို ထိုနွားကို ဆက်ဆက်ထူမဆွဲထုတ်ရပါမည်။ တိရစ္ဆာန်အသက်ကယ်တင်ခြင်းသည် အရေးကြီးလှပါ၏။ ထိုသို့ပြုခြင်းဖြင့် တိရစ္ဆာန်အပေါ် ကြင်နာခြင်းပြသရာရောက်၏။ သခင်ယေရှုခရစ်တော်၏သွန်သင်ခြင်းအရ၊ ထိုအမှုကိုဥပုသ်နေ့၌လည်း ခွင့်ပြုထားပါသည်။ ထို့ပြင်၊ တိရစ္ဆာန်သည် ပိုင်ရှင်အတွက် အသုံးဝင်သည်ဖြစ်သောကြောင့် ထိုသို့ပြန်ပို့ပေးခြင်းဖြင့် တွေ့ရှိသူနှင့်ပိုင်ရှင်တို့၏ ဆက်ဆံရေးကောင်းမွန်မည်ဖြစ်ပါသည်။ ဤပညတ်တရားသည် အရေးမကြီးဟုထင်ရသော်လည်း၊ ဤပညတ်ချက်ပေးတော်မူသော ဘုရားသခင်၌ကြီးမြတ်သောရည်ရွယ်ချက်ရှိတော်မူ၏။

ယောက်ျားနှင့်မိန်းမအဝတ်၊ နောက်ပညတ်တရားသည် အဝတ်အစားအကြောင်း ဖြစ်ပါသည် - "မိန်းမသည်ယောက်ျားအဝတ်ကိုမဝတ်ရ။ ယောက်ျားသည်လည်း မိန်းမအဝတ်ကိုမဝတ်ရ။ ထိုသို့ဝတ်သောသူရှိသမျှတို့ကို သင်၏ဘုရားသခင်ထာဝရဘုရားသည် စက်ဆုပ်ရွံရှာတော်မူ၏" (တရား ၂၂း၅)။ ဤကျမ်းပိုဒ်၌ မည်သို့သောအဝတ်အစားဟူ၍ တိကျစွာ၊ ယောက်ျားဝတ်ပုံစံ (သို့) မိန်းမဝတ်ပုံစံကို မဖော်ပြသော်လည်း၊ အဓိကအချက်သည် လုပ်သေသပ်စွာဝတ်ဆင်ခြင်းပင်ဖြစ်ပါသည်။ ယောက်ျားနှင့်မိန်းမအဝတ်အစားကို ခြားနားစွာ ဒီဇိုင်းဆွဲထားပါသည်။ ဤပညတ်ချက်၏ အဓိကဖော်ပြလိုချက်မှာ အစအဦး၌ဘုရားသခင်က ယောက်ျားနှင့်မိန်းမကို ဖန်ဆင်းတော်မူခဲ့ကြောင်းဖြစ်ပါသည်။ သူတို့၏ခန္ဓာကိုယ်ပုံသဏ္ဍာန်သည် မတူညီဘဲ၊ ခြားနားမှုရှိသည်ဖြစ်သောကြောင့် ထိုအရာကိုဆက်လက်ထိန်းသိမ်း၍၊ ဘုရားသခင်ထံ သန့်ရှင်းသောဆက်ကပ်ခြင်းစိတ်နှလုံးရှိကြရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် သေးငယ်သောအမှုကိုလည်းကြည့်ရှုတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ပညတ်တရားများပေးတော်မူခြင်း၌ ကိုယ်တော်၏ရည်ရွယ်ချက်ကို ကျွန်တော်နားလည်သဘောပေါက်လိုပါ၏။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၃)
**တရားဟော ၂၂း၆-၇**
မဿဲ ၁၀း၂၇

*"သင်တို့အဘအခွင့်မရှိလျှင်
ထိုစာငှက်တကောင်မျှ မြေသို့မကျရ"*

# တိရစ္ဆာန်များထိန်းသိမ်းစောင့်ရှောက်ခြင်း

လူသည်ဘုရားသခင်၏ အထူးဖန်ဆင်းထားသောသူဖြစ်ပါသည်။ ဘုရားသခင်က မိမိ၏ သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းတော်မူ၏။ ထိုသဏ္ဌာန်တော်သည် ခန္ဓာကိုယ်ရုပ်ရည်ပိုင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ဝိညာဉ်ပိုင်းနှင့်အသိဉာဏ်ပိုင်းအရည်အချင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ဇီဝဗေဒက များယွင်းစွာလူကို တိရစ္ဆာန်တမျိုးအဖြစ် သတ်မှတ်ခဲ့ပါသည်။ ဘုရားသခင်ပေးတော်မူသော ထိုအရည်အသွေးက လူကိုတိရစ္ဆာန်နှင့်မတူဘဲ သီးခြားခွဲထုတ်စေခဲ့ပါသည်။ ဖန်ဆင်းခြင်း၌တွေ့ရသော ခြားနားမှုကို ယနေ့၌လည်း သိမှတ်နားလည်ဖို့လိုပါသည်။

<u>ငှက်သိုက်၊ အဥများနှင့်သားငယ်များ၊</u> လူသည် ဘုရားသခင်ဖန်ဆင်းတော်မူသော အခြားတိရစ္ဆာန်များနှင့်အတူ အသက်ရှင်ဖို့တာဝန်ရှိပါသည်။ ဘုရားသခင်သည် သင့်ခြံထဲ၌ (သို့) သင့်အိမ်သားရှိ သစ်ပင်ပေါ်၌ အသိုက်ပြုလုပ်သောငှက်ငယ်လေးကိုပင် သတိပြုတော်မူ၏။ ယေရှုက ထိုငှက်ကလေးများကို ဂရုစိုက်ကြောင်း၊ စာကလေးတကောင်ပင် ကောင်းကင်ဘုံရှိအဘအခွင့်မရှိလျှင် မြေပေါ်သို့မကျကြောင်း မိန့်တော်မူခဲ့၏။ ဘုရားသခင်သည် ဖန်ဆင်းထားသောအရာမှန်သမျှကို ဂရုစိုက်တော်မူ၏။ ငှက်နှင့်ပတ်သက်သောတရားကို ကျမ်းပိုဒ်နှစ်ပိုဒ်၌ ဖော်ပြထားပါသည် (တရား ၂၂း၆-၇)။

တစုံတယောက်သောသူသည် ငှက်သိုက် (ငှက်မ၊ အဥများ (သို့) သားငယ်များနှင့်အတူ) ကို သစ်ပင်ပေါ် (သို့) မြေကြီးပေါ်၌ တွေ့ခဲ့ပါလျှင်၊ အမိကိုသားငယ်တို့နှင့်တကွ မယူရပါ။ ထိုအခါတွေ့ရှိသောသူသည် ကောင်းစား၍ အသက်တာရှည်မည်ဖြစ်ပါသည်။ ဤတရားသည် တိရစ္ဆာန်အပေါ်ကိုဂရုစိုက်ကြောင်းဖော်ပြလျက်ရှိ၏။ ဘုရားသခင်ကရည်ရွယ်ချက်ရှိရှိ ဖန်ဆင်းတော်မူသောကြောင့်သူတို့ကို ထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။ ဘုရားသခင်က လူတို့အားအစားအစာအတွက် တိရစ္ဆာန်ကိုသတ်ခွင့်ပြုထားသော်လည်း အမျိုးပျောက်ကွယ်သည်အထိတော့ ခွင့်ပြုမထားပါ။

အာဖရိက၌ လင်းတတို့ကို ကာကွယ်ခြင်းငှါကြိုးစားခဲ့ကြပါသည်။ အကြောင်းမှာသူတို့သည် အသေကောင်များကို စားကြခြင်းဖြင့် ပတ်ဝန်းကျင်ကိုသန့်ရှင်းစွာထားခြင်း၌ အကူအညီပေးကြ၏။ အခြားငှက်များတို့သည်လည်း ထိုနည်းတူအသုံးဝင်ကြပါ၏။ ဘုရားသခင်က ထိုတိရစ္ဆာန်တို့ကိုထိန်းသိမ်းခြင်းငှါ ပညတ်ထားခြင်း၌ မွန်မြတ်သောရည်ရွယ်ချက်ရှိတော်မူ၏။

**ဆင်ခြင်ရန်** - တိရစ္ဆာန်အပေါ်သနားကြင်နာခြင်းရှိခြင်းသည် ဘုရားသခင်၏ပညတ်တရားပင်ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အရာခပ်သိမ်း ကိုယ်တော်ဖန်ဆင်းရခြင်း၏ရည်ရွယ်ချက်ကို သိခြင်းငှါမစတော်မူပါ။

ကြာသပတေး၊ နိုဝင်ဘာ (၄)
**တရားဟော ၂၂း၈-၁၀**
သုတ္တံ ၁၂း၁-၂

*"နည်းဥပဒေသကို ခံချင်သောသူသည် ပညာအတတ်ကို နှစ်သက်၏"*

# အိမ်၊ ဥယျာဉ်နှင့်ဆိုင်သောဥပဒေသများ

အိမ်ဆောက်သောအခါ၊ လူတို့သည် အိမ်မိုးပေါ်မှမကျမည်အကြောင်း၊ ဘယ်သူမဆိုအိမ်ဆောက်သောအခါ အမိုးနားပတ်လည်၌ အဆီးအတားကိုလုပ်ရပါမည်။ အိမ်ဆောက်ပုံနှင့် အိမ်ပုံသဏ္ဍာန်တို့သည် အချိန်နှင့်အမျှပြောင်းလဲ၍၊ ပထဝီအနေအထားအရကွဲပြားခြင်းရှိသော်လည်း၊ လုံခြုံမှုရှိခြင်းသည် အဓိကအရေးကြီးသောအချက် ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်ကဤဥပဒေသကို ဣသရေလလူတို့ထံပေးတော်မူ၏ (တရား ၂၂း၈)။ ယနေ့တွင်ဆောက်လုပ်မှုနည်းစနစ်တိုးတတ်လာခဲ့သော်လည်း များစွာသောအဆောက်အဦတို့သည် လူတို့အတွက်အလွန်အန္တရာယ်ကြီးလှပါသည်။ ဤလုံခြုံမှုနှင့်ပတ်သတ်သော ဥပဒေသချိုးဖေါက်ခြင်းသည် ပညတ်ချက်ဆ၆မမြောက်ဖြစ်သော- "လူ့အသက်ကို မသတ်နှင့်" (တရား ၅း၁၇)ဟူသော အချက်ကိုလွန်ကျူးရာရောက်၏။

လယ်စိုက်ခြင်း၊ ဘုရားသခင်က စိုက်ပျိုးရေး၌ လိုက်လျှောက်ရမည့်ဥပဒေများဖော်ပြထားပါသည် "စပျစ်ဥယျာဉ်၌ ခြားနားသောမျိုးစေ့တို့ကို ရောနှော၍မကြဲရ။ ထိုသို့ကြဲလျှင်၊ မျိုးစေ့အသီး၊ စပျစ်ပင်အသီးနှစ်ပါးစလုံး ပျက်လိမ့်မည် "(တရားဟော ၂၂း၉)။ မျိုးစေ့များရောနှောစိုက်ပျိုးခြင်းမရှိသောအခါ၊ ထိုမျိုးစေ့သည်များစွာအသီးသီးကြောင်း တွေ့ရ၏။ သို့သော်လည်း၊ သွန်သင်လိုသောတရားဟူမှုကား တသီးတခြားနေခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင်၏လူတို့သည် နေ့စဉ်လယ်လုပ်ကြသောအခါ၊ ဤအမှုအားဖြင့်သူတို့သည် ဘုရားသခင်အတွက်ဆက်ကပ်နေထိုင်ကြဖို့လိုအပ်ကြောင်း အစဉ်သတိရအောက်မေ့ကြရမည် ဖြစ်ပါသည်။

နွားနှင့်မြည်းတံပိုး၊ဘုရားသခင်က မိမိလူတို့အားလယ်ထွန်သောအခါ နွားနှင့်မြည်းကိုအတူတကွတံပိုးမထမ်းစေခြင်းငှါ မိန့်တော်မူ၏။ ၂ ကော ၆း၁၄ ထဲတွင်၊ ပေါလုကဤတရားကို ရည်ညွှန်းလျက် "ဆန့်ကျင်ဘက်ဖြစ်သောထမ်းဘိုးကို မထမ်းကြနှင့်" ဟုအသုံးပြုခဲ့ပါသည်။ သွန်သင်လိုသောတရားကားသမ္မာကျမ်းစာအတိုင်း သီးခြားနေခြင်းပင် ဖြစ်ပါသည်။ ဤအမှုက ဣသရေလလူတို့သည် တပါးအမျိုးသားတို့နှင့် အတူတကွထမ်းပိုးမထမ်းဘဲ ဘုရားသခင်အတွက်သီးခြားနေထိုင် ဆက်ကပ်ကြရန်သတိပေးလျက်ရှိ၏။ အချို့နိုင်ငံတွင် တိရစ္ဆာန်ကို အသုံးပြုနေကြသော်လည်း၊ ယခုခေတ်တွင် တိရစ္ဆာန်အစား သွန်သင်ချက်ဖြစ်သောအသီးအခြားဆက်ကပ်နေထိုင်ခြင်းတရားသည် ယနေ့တိုင်အရေးကြီးနေဆဲ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိဖန်ဆင်းထားတော်မူသော အရာများ၏အကျိုးအတွက် တရားမျှတ၍ ကောင်းမွန်သော ဥပဒေသများကိုပေးတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဥပဒေသများကို ကျွန်တော်လိုက်လျှောက်မည် အကြောင်းမစတော်မူပါ။

*"သင်တို့သည် အဘိုးနှင့်ဝယ်တော်မူသောသူဖြစ်၍ လူထံ၌အလိုအလျောက်ကျွန်မခံကြနှင့်"*

## အဝတ်အထည်နှင့်သန့်ရှင်းခြင်းဆိုင်ရာဥပဒေသများ

ဝါနှင့်သိုးမွေး၊ ဣသရေလလူတို့သည် ဝါနှင့်သိုးမွေးရောနှော၍ရက်သော အဝတ်ကိုမဝတ်ခြင်းငှါတားမြစ်ခြင်းခံရကြ၏။ လယ်ထွန်စိုက်ပျိုးခြင်း၌ ပေးထားသောဥပဒေသများ ကဲ့သို့ပင် ဤတရားက ဣသရေလလူတို့သည် လောကီလူတို့နှင့်မရောမနှောဘဲ သီးခြားနေထိုင်ကြခြင်းငှါ သတိပေးခြင်းဖြစ်ပါသည်။ ဣသရေလလူတို့သည် သူတို့၏နေ့စဉ်လုပ်ငန်းများအားဖြင့် သတိပေးခြင်းခံရပြီး၊ ဘုရားသခင်၏လူဖြစ်ကြသကဲ့သို့ဘုရားမသိသော လူတို့နှင့်ခြားနားစွာ နေထိုင်ကြရပါမည်။

အဝတ်အထည်နှင့်ပတ်သက်သော အခြားဥပဒေမှုကား- " သင်ခြုံသောအဝတ်စွန်လေးဘက်၌ ပန်းပွားတို့ကိုဆွဲရမည်" (တရား ၂၂း၁၂)။ ဘုရားသခင်သည် ဣသရေလလူတို့အား သေးငယ်သောအမှုမှအစ ဤလောကီလူတို့နှင့် မရောမနှောဘဲသီးခြားနေကြခြင်းငှါ အလိုရှိတော်မူ၏။ သူတို့၏အပြင်ပိုင်းလှုပ်ရှားမှုသည် သူတို့၏အတွင်းစိတ်ကို ကိုစားပြုရမည်ဖြစ်ပါသည်။ သူတို့ဝတ်စားထားသော အဝတ်အထည်ကပင် သူတို့သည်ဘုရားသခင်အတွက် ဆက်ကပ်ထားသောသူဖြစ်ကြောင်း ပြသရပါမည်။ ထိုအမှုကို သွန်သင်ခြင်းငှါ ဘုရားသခင်က ဤဥပဒေသများကိုပေးခြင်းဖြစ်ပါသည်။

<u>သွန်သင်ခြင်းဥပဒေသများ</u>၊ တရားဟောရာကျမ်း ၂၂း၁၃-၃၀ ထဲတွင်၊ ထိမ်းမြားခြင်းအစီအစဉ်အသေးစိတ်နှင့်တကွ၊ ထိမ်းမြားခြင်းဥပဒေသနှင့် သူ့မယားပြစ်မှားခြင်း တားမြစ်ချက်တို့ကို ဖော်ပြခဲ့ပါသည်။ ထိမ်းမြားခြင်း၌ ဘုရားသခင်၏နည်းလမ်းသည် ယနေ့၌လည်းအလွန်အရေးကြီးလှပါသည်။ ယေရှုနှင့်ပေါလုကလည်း ဓမ္မသစ်ထဲတွင် ဤတရားကိုထပ်၍ ဖော်ပြခဲ့ကြပါသည်။ သူတို့သည် ကွာရှင်းခြင်းကိုပြင်းထန်၍ ဆီးတားကြပြီး၊ မောရှေ၏တရားသည် လူတို့၏စိတ်နှလုံးခိုင်မာမှုကြောင့်ဖြစ်ကြောင်း၊ ဘုရားသခင်၏ဖန်ဆင်းခြင်းအစ၌ ထိမ်းမြားခြင်းမည်သို့ရှိသည်ကို ဖော်ပြခဲ့ကြပါသည် (၁ကော ၇)။

ဤဥပဒေသများ လေ့လာခြင်းသည် ယနေ့ကျွန်တော်တို့၏အသက်တာ၌ လိုက်လျှောက်ရမည့်တရားပြဌာန်းခြင်းအတွက် အသုံးဝင်လှပါသည်။ နေ့စဉ်အသက်တာ၌ ကျွန်တော်တို့သည် ရိုးသားမှုရှိ၍ စည်းကမ်းရှိဖို့လိုပါသည်။ ဘုရားသခင်ကဤဥပဒေသများကို ဣသရေလထံပေးရခြင်းမှာ သူတို့သည်အားကိုးထိုက်သော သူများဖြစ်စေခြင်းငှါ ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - နေ့စဉ်အသက်တာ၌ ဘုရားသခင်ဥပဒေသများ နားလည်သဘောပေါက်ခြင်းက အသက်ရှင်ခြင်း၏အကျိုးကို ဖြစ်စေပါ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ပညတ်တရားတို့ကို နေ့စဉ်အသက်တာ၌ နားလည်သဘောပေါက်လိုက်လျှောက်ခြင်းငှါ အကျွန်ုပ်ကိုမစတော်မူပါ။

စနေ၊ နိုင်ဝင်ဘာ (၆)
**တရားဟော ၂၃း၁-၈**
ဆာလံ ၈၂း၁-၅

*"ဘုရားသခင်သည် ဘုရားတို့၏ပရိသတ်၌ ရပ်လျက်နေတော်မူ၍၊ ဘုရားတို့အလယ်၌ စီရင်တော်မူ၏"*

# လေဝိပရိသတ်၌မပါဝင်ခြင်းငှါတားမြစ်ခံရသောသူများ

ဣသရေလလူတို့၏ နေ့စဉ်အသက်တာနှင့်ဆိုင်သာ ဥပဒေသတို့သည် ဝတ်ပြုကိုးကွယ်ခြင်းနှင့် အကျင့်တရားနှင့်ဆိုင်သော ပညတ်ချက်များဖြစ်ပါသည်။ ဤဥပဒေသများကို လူတို့ကမှန်ကန်စွာလိုက်လျှောက်ကြခြင်းငှါ ယဇ်ပုရောဟိတ်တို့သည် သွန်သင်တိုက်တွန်းကြရပါမည်။ ဤပညတ်ချက်တို့သည် တဦးချင်းစီနှင့်ဆိုင်သော တရားဖြစ်သကဲ့သို့ သူတပါးနှင့် ဆက်ဆံရေး၌လည်း အသုံးပြုမည့်တရားများဖြစ်ကြပါသည်။ ရောင်းဝယ်ရေးဆိုင်ရာ လိုက်နာရမည့်အကျင့်နှင့်ဆိုင်သော တရားနှင့် ဘုရားသခင်ရှေ့၌ ကျိန်ခြင်းများပါဝင်ပါသည်။ ဤဥပဒေသအပေါင်းတို့သည် ဘုရားသခင်သိခြင်းတရားသင်ယူခြင်း၌ အထောက်အကူပေးလျက်ရှိ၏။

ဝတ်ပြုကိုးကွယ်ပူဇော်ခြင်းဆိုင်ရာ တရားသည် ထိုအမှု၌ပါဝင်သောအရာတို့၏ ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာအချက်ကို ဖော်ပြခဲ့ပါသည်။ အင်္ဂါလက္ခဏာမစုံလင်ချို့တဲ့သောသူ မည်သူမဆိုထာဝရဘုရား၏ပရိသတ်တော်၌မပါဝင်ရပါ။ ထို့ပြင်၊ အမ္မုန်အမျိုးနှင့်မောဘအမျိုးသားတို့သည် ဣသရေလလူတို့၏ပရိသတ်တော်၌ မျိုးစဉ်ဆယ်ဆက်တိုင်အောင် မပါဝင်ရကြပါ။ အကြောင်းမှာ ဣသရေလလူတို့အား အဲဂုတ္တုပြည်မှ ထွက်မြောက်လာကြစဉ် သူတို့ကအစာရေစာမပေးဘဲ၊ တိုက်ခိုက်ခဲ့ကြသောကြောင့်ဖြစ်ပါသည်။ သူတို့သည် ဣသရေလကိုကျိန်ဆဲခြင်းငှါ ဗာလမ်ကိုငှါးခဲ့ကြ၏။ သို့သော်လည်း ဣသရေလပျက်စီးခြင်းကို ဘုရားသခင်ခွင့်မပြုခဲ့ဘဲ၊ ယာကုပ်အမျိုးသည် သူတို့ကိုငြိမ်းချမ်းစွာနေခွင့်မပေးရဟု ဘုရားသခင်မိန့်တော်မူ၏။ ဤလူမျိုး၊ ယောဒန်အရှေ့ဘက်ခြမ်း၌နေထိုင်သောသူတို့သည် ခါနာန်လူတို့ကဲ့သို့ပင် ဣသရေလလူတို့၏ရန်သူဖြစ်ကြပါသည်။ သူတို့၏အဓိကပြစ်မှုမှာ ရုပ်တုဆင်းတုကိုးကွယ်ခြင်းနှင့် အကျင့်ပျက်ခြင်းပင်ဖြစ်ပါသည်။ သူတို့၏အဓိကပြစ်မှုမှာ ရုပ်တုဆင်းတုကိုးကွယ်ခြင်းနှင့် အကျင့်ပျက်ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ဣသရေလလူတို့သည် သူတို့နှင့်ဝိညာဉ်ရေးရာအမှု၌ငှင်း၊ပစ္စည်းဥစ္စာအမှု၌ငှင်း လုံးဝမိဿဟာယဖွဲ့ခြင်းမပြုရပါ။ သူတို့နှင့်စီးပွားရေးတွဲလုပ်ခြင်းကိုလည်း တားမြစ်ထားပါသည်။ ထို့ကြောင့် သူတို့သည် ဣသရေလလူတို့၏ပရိသတ်တော်၌မပါဝင်ရကြပါ။

ဧဒုံအမျိုးသားနှင့်အဲဂုတ္တုအမျိုးသားတို့သည် ဣသရေလလူတို့နှင့်မိဿဟာယဖွဲ့ခြင်းငှါခွင့်ပြုခြင်းခံရကြ၏။ ဧဒုံအမျိုးသားတို့သည် ယာကုပ်၏အမှာညီအစ်ကို ဧသော၏ သားသမီးဖြစ်ကြပါသည်။ သူတို့သည် ဣသရေလနှင့်သွေးချင်းညီအစ်ကိုဖြစ်ကြ၍၊ သီးခြားနေစရာမလိုပါ။ ဣသရေလကလည်း သူတို့ကိုမရွံ့ရှာဘဲ ပေါင်းဘော်ခြင်းပြုရပါမည်။ အဲဂုတ္တုလူတို့ကိုလည်း မမုန်းတီးရပါ၊ အကြောင်းမှာ ဣသရေလသည် တချိန်၌သူတို့ထံမှ များစွာသောအကျိုးခံစားခဲ့ရ၏။ ဣသရေလသည် အဲဂုတ္တုပြည်၌ နှစ်ပေါင်းလေးရာကျော် နေထိုင်ကြီးထွားခဲ့ပြီး၊ လူမျိုးကြီးဖြစ်လာခဲ့ပါသည်။ သူတို့၏အမျိုးအနွယ်တို့ကို ဣသရေလလူထုပရိသတ်တော်၌ မျိုးဆက်သုံးဆက်မြောက်မှသာ ဝင်ခွင့်ပြုပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်နှင့်အကျွန်ုပ်၏ ဆက်ဆံရေး၌ စည်းကမ်းချက်များရှိပါ၏။ ထိုစည်းကမ်းချက်တို့ကို လိုက်လျှောက်မှသာ ဘုရားသခင်လက်ခံတော်မူမည်။
**ဆုတောင်းချက်-** အဖဘုရား၊ ညီအစ်ကိုတို့နှင့် အကျွန်ုပ်ဆက်ဆံရေး၌ ကိုယ်တော်မစတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၇)
**တရားဟော ၂၃း၁-၉**
ဆာလံ ၂၆း၁-၇

*"မတရားသောသူတို့၏ စည်းဝေးခြင်းကိုမုန်းပါ၏။
ဆိုးသွားသောသူတို့နှင့်အတူ မထိုင်ပါ"*

---

# ဝတ်ပြုကိုးကွယ်ပူဇော်ခြင်းဆိုင်ရာသန့်ရှင်းခြင်းကိုထိန်းသိမ်းခြင်း

တရားဟောရာကျမ်း ၂၃း၇ ၌တွေ့ရသော၊ ဧဒုံအမျိုးသားနှင့်အဲဂုတ္တုအမျိုးသားတို့ကို လက်ခံခြင်းငှါ ဣသရေလတိုက်တွန်းခံရခြင်းသည် သူတို့၏ကောင်းမွန်သော ဆက်ဆံခြင်းကြောင့် ကျေးဇူးတင်ကြောင်းပြသခြင်းကဲ့သို့ ဖြစ်ပါသည်။ ကျေးဇူးသိတတ်ခြင်းသည် လူတို့ကိုစည်းလုံးစေသော၊ ငြိမ်းချမ်းမှုကိုဖြစ်စေသော မင်္ဂလာဖြစ်ပါသည်။ ထိုလူမျိုးတို့၏အမျိုးအနွယ်ကို မိမိတို့၏ပရိသတ်တော်၌ လက်ခံခြင်းငှါ ဣသရေလသည် တိုက်တွန်းခြင်းခံရ၏ (တရား ၂၃း၈)။

ဣသရေလလူတို့သည် စစ်တိုက်ခြင်းငှါထွက်ခွာကြသောအခါ မစင်ကြယ်သောအရာမှန်သမျှကိုရှောင်ခြင်းငှါ တိုက်တွန်းခြင်းခံရ၏ (တရား ၂၃း၉)။ သူတို့သည် ခါနန်ပြည်ကိုသိမ်းပိုက်မည်ဖြစ်၍၊ သိမ်းယူသောအဖိုးတန်ပစ္စည်းဥစ္စာများကို မိမိအတွက်ယူခြင်းငှါ သွေးဆောင်မှုကြီးမားလှမည်ဖြစ်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည် မိန့်တော်မူသည်အတိုင်း ပြုမည်ဖြစ်၍ ဣသရေလသည် ဘုရားသခင်၏စကားကိုနာခံကြရပါမည်။ ဣသရေလသည် ယေရိခေါမြို့သိမ်းပိုက်ခြင်း၌ သွေးဆောင်ခြင်းကိုကြုံတွေ့ခဲ့ပါသည် (ယောရှု ၇)။ ထိုအမှုကိုကျူးလွန်ပြီးနောက် အာခန်သည်ဤသို့ ဝန်ခံခဲ့ပါသည် - "ဟုတ်ပါ၏။ ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားကို ကျွန်တော်ပြစ်မှားပါပြီ။ ကျွန်တော်ပြုမိသောအမှုဟူမူကား၊ လုယူသောဥစ္စာတို့တွင် မြတ်သောဗာဗုလုန်ဝတ်လုံ၊ ငွေနှစ်ပိဿာ၊ ရွှေတုံးအကျပ်ငါးဆယ်ကို ကျွန်တော်မြင်သဖြင့်၊ တပ်မက်၍သိမ်းယူမိပါပြီ။ ကျွန်တော်တဲအတွင်း မြေ၌မြှုပ်လျက်ငွေသည် အောက်ဆုံးရှိပါသည်ဟု ယောရှုအားပြန်လျှောက်လေ၏" (ယောရှု ၇း၂၀-၂၁)။ သူပြုသောအမှုက ဘုရားသခင်၏အမိန့်တော်ကို ဆန့်ကျင်ခဲ့ပါသည်။ ဣသရေလလူတို့သည် ထိုအပြစ်၏ဆိုးကျိုးကိုမြင်တွေ့ခဲ့ရ၏။ ဒုတိယမြို့ဖြစ်သော အာဣမြို့ကိုတိုက်ခိုက်ကြသောအခါ ကြီးမားသောခုခံမှုခံရကြ၍ အချို့သေခဲ့ကြပါသည်။ ဘုရားသခင်က ယေရှုအား "အို ဣသရေလအမျိုး၊ ကျိန်အပ်သောအရာသည် သင်တို့အထဲ၌ရှိ၏" (ယောရှု ၇း၁၃) ဟုဖော်ပြခဲ့ပါသည်။ ယောရှုသည် လျင်မြန်စွာစစ်ကြောခြင်းကိုပြု၍၊ အာခန်ကိုဖမ်းဆီးခဲ့ပြီး၊ အပြင်းထန်ဆုံးပြစ်ဒဏ်ပေးခဲ့ပါသည်။ ပညတ်ချက်မူကား မည်မျှပင်လှပမက်မောစရာကောင်းပါစေ မသန့်ရှင်းသောအရာကို မထိကြရပါ။ သွေးဆောင်မှုကိုဆန့်ကျင်ကြရပါမည်။ အာခန်သည် ဆီးတားခြင်းမပြုသောကြောင့် ပုံဥပမာဖြစ်ခဲ့ရ၏။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် သတိပေးသော်လည်း၊ လူအပေါင်းတို့က မနာခံခဲ့ကြပါ။ သမ္မာကျမ်းစာထဲမှ သတိပေးချက်တို့ကို ကျွန်တော်တို့သည် လိမ္မာစွာနာခံကြပါစို့။

**ဆင်ခြင်ရန်** - ဆန့်ကျင်ခြင်းပြစ်မှု၏နောက်ဆက်တွဲအကျိုးသည် ဆိုးကျိုးသာလျှင်ဖြစ်ပါ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ဆန့်ကျင်ခြင်းအပြစ်အပေါင်းတို့မှ အကျွန်ုပ်ကိုစောင့်ရှောက်တော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၈)

**တရားဟော ၂၃း၁၀-၁၈**

ယောဟန် ၁၄း၆

*"ယေရှုက ငါသည်လမ်းခရီးဖြစ်တော်မူ၏၊ သမ္မာတရား ဖြစ်တော်မူ၏၊ အသက်လည်းဖြစ်တော်မူ၏ဟု မိန့်တော်မူ၏"*

## သူတပါးနှင့်ဆက်ဆံမှု

တရား ၂၃း၁၀-၁၁ ထဲတွင်၊ ဣသရေလသည် စစ်တိုက်ထွက်သောအခါ မစင်ကြယ်သော သူသည် နေမဝင်မချင်းတပ်ထဲသို့မဝင်ရဟု ဖော်ပြထားပါသည်။ တပ်ထဲသို့မဝင်မီ ရေချိုးရပါမည်။ ထိုသို့ပြုရခြင်းမှာ တပ်စခန်းသည်သန့်ရှင်းရမည်ဖြစ်သောကြောင့် စစ်သားတိုင်းသည် သန့်ရှင်းရမည် ဖြစ်၏။ ဣသရေလ၏တပ်စခန်းသည် သန့်ရှင်းရမည်အကြောင်း ဘုရားသခင်က သေချာစွာမှာထား တော်မူ၏ (တရား ၂၃း၁၂-၁၃)။ တပ်စခန်းအပြင်ဘက်၌ မစင်စွန့်ရမည့်နေရာကို သတ်မှတ်ထားပါ သည်။ လူတိုင်းသည် မိမိ၌ပါသောသစ်သားတူးရွင်းကိုယူ၍ မိမိမစင်ကိုမြေကြီးဖြင့် ဖုံးကြရပါမည်။ တပ်စခန်းသည် သန့်ရှင်းရပါမည်။ အကြောင်းမှာ "သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့်ကို ကယ်တင်၍ ရန်သူတို့ကိုသင့်လက်၌အပ်ခြင်းငှါ၊ သင်၏တပ်ထဲမှာသွားလာတော်မူ၏။ ထို့ကြောင့်၊ သင့်အထဲ၌ မစင်ကြယ်သောအရာတစုံတခုကိုမြင်၍၊ သင်မှရှောင်သွားတော် မမူမည်အကြောင်း၊ သင်၏တပ်သည်သန့်ရှင်းရမည်" (တရား ၂၃း၁၄)။

မိမိသခင်ထံမှ ထွက်ပြေးလာသောကျွန်ုပ်ကို လုံခြုံစွာစောင့်ရှောက်ထားရပါမည် (တရား ၂၃း၁၅-၁၆)။ သူ့သခင်ထံပြန်၍မအပ်ရပါ။ ဤအချက်သည် ကျွန်တို့အား မိမိသခင်တို့၏စကားကို နာခံရမည်ဟူသောပညတ်ချက်နှင့် ဆန့်ကျင်သကဲ့သို့ တွေ့ရပါ၏။ Adam Clarke က ဤကျွန်သည် ရုပ်တုကိုးကွယ်သောသခင်ထံမှထွက်သွား၍ ဘုရားသခင်၏လူတို့နှင့်အတူ နေထိုင်ခြင်းငှါ ရောက်လာ သောသူဖြစ်မည်ဟု မိမိခံယူချက်ကိုဖော်ပြထားပါသည်။ ဤရှင်းပြချက်သည် ဤကျမ်းပိုဒ်အတွက် အလွန်သင့်တော်၍လက်ခံသင့်သော ရှင်းပြချက်ဖြစ်ပါသည်။ ကိုယ်နှင့်စပ်ဆိုင်သောသူကို မနှိပ်စက် ဘဲ၊ ချစ်ရပါမည်။ ထိုသို့သောလူကို ကွယ်ကာပေးရပါမည်။

ရွံရှာစရာကောင်းသောအကျင့်ရှိသည့်လူများရှိပါသည်- ပြည့်တန်ဆာနှင့်မိန်းမလျာများ ဖြစ်ပါသည် (တရား ၂၃း၁၇-၁၈)။ "ပြည့်တန်ဆာလုပ်၍ ရသောငွေနှင့်ခွေးကိုရောင်း၍ ရသောငွေ" ကိုဘုရားသခင်၏အိမ်တော်သို့ မသွင်းရပါ။ ထိုငွေကို သစ္စာဂတိပြေစေခြင်းအတွက်လည်း အသုံးမပြု ရပါ။

ဤပညတ်တရားများကို ဘုရားသခင်က မိမိ၏လူ၊ မိမိ၏သက်သေဖြစ်သော ဣသရေလလူ တို့ကို တပါးအမျိုးသားတို့နှင့်မရောနှောဘဲ သီးခြားနေစေခြင်းငှါ ပေးတော်မူခဲ့၏။ ထိုနည်းတူ၊ ဘုရား သခင်၏နှုတ်ကပတ်တော်သွန်သင်ချက်တို့သည် ဓမ္မသစ်အသင်းတော်အဖို့ ဤလောက၌ ခရစ်တော် ၏သက်သေဖြစ်ခြင်းငှါ လိုက်လျှောက်ရမည့်တရားများဖြစ်ပါသည်။ ယောဟန် ၁၄း၂၁ ထဲမှ စကား တော်ကိုမှတ်သားကြပါစို့။

**ဆင်ခြင်ရန်** - ( ၂ တိ ၃း၁၆ ကိုဖတ်ပါ)။

**ဆုတောင်းချက်-** အဖဘုရား၊ ခရစ်တော်၏ခြေရာတော်ကို လိုက်နင်းလျှောက်မည်အကြောင်း အကျွန်ုပ်ကိုကွယ်ကာတော်မူပါ။

အင်္ဂါ၊ နိုဝင်ဘာ (၉)
**တရားဟော ၂၃း၁၉-၂၅**
ဒေ ၅း၄-၆

*"ဘုရားသခင်ထံတော်၌ သစ္စာဂတိပြုမိလျှင်၊ သစ္စာဝတ်ကိုမဖြေဘဲမနေနှင့်"*

# ငွေကြေးနှင့်သစ္စာဂတိဝတ်ကိုဖြေခြင်း

သူတပါးနှင့်ဆက်ဆံရေးတွင် ငွေကြေးကိစ္စပါဝင်ပါ၏။ ဣသရေလလူတို့သည် မိမိညီအစ်ကိုတို့ထံသို့ အတိုးယူ၍ငွေမချေးပေးရပါ (တရား ၂၃း၁၉-၂၀)။ တပါးအမျိုးသားတို့ထံမှသာ အတိုးယူခွင့်ရှိ၏။ ဤနေရာ၌ချေးယူသောသူသည် ဆင်းရဲသောသူ (သို့) မဖြစ်မနေလိုအပ်မှုရှိသောသူဖြစ်မည်ဟု ထင်ရပါသည်။ ပုံမှန်သဘောတရားတွင် လိုအပ်သလောက်ကိုချေးပေး၍၊ ချေးပေးသလောက်ပြန်ယူရန်ဖြစ်ပါသည်။ တပါးအမျိုးသားတို့သည် စီးပွားရှာသောသူဟုမှတ်ယူလျက်၊ ချေးယူသောငွေကြေး၏အတိုးကို ပေးရန်တာဝန်ရှိကြပါ၏။ ဤကျမ်းပိုဒ်တွင် မိမိညီအစ်ကိုထံ ရက်ရောစွာ ချေးပေးသောသူကို ဘုရားသခင်ကောင်းကြီးပေးမည်ဟု ဖော်ပြထားပါသည်။

ဤပညတ်တရားတို့သည် ဘုရားသခင်က ဣသရေလလူတို့အား နေ့စဉ်ကျင့်သုံးရန် ပေးတော်မူသောဥပဒေသများဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်ပေးတော်မူမည့် ဂတိတော်ပြည်၌ အချင်းချင်းစည်းလုံးစွာနေထိုင်ကြရပါမည်။ ဘုရားသခင်က ဤပညတ်တရားများကို မွေးဖွားခါစတိုင်းပြည်ထံသွန်သင်စရာအဖြစ် ပေးခြင်းဖြစ်ပါသည်။ အုပ်ချုပ်ရေးနှင့်ဆိုင်သော ဥပဒေသများကို အစိုးရသောပုဂ္ဂိုလ်တို့ထံ ပေးအပ်ခဲ့ပါသည်။ စုံလင်သောအချိန်တွင်၊ ကိုးကွယ်ပူဇော်ခြင်းဆိုင်ရာ ဥပဒေသတို့သည် ကွယ်ပျောက်ခဲ့ကြပါသည်။ သို့သော်လည်း၊ ဘုရားသခင်၏အကျင့်နှင့်ဆိုင်သော ပညတ်တရားတို့သည် ဆက်လက်တည်မြဲလျက်ရှိပါသည်။

သစ္စာဂတိဝတ်ပြုခြင်းကို ဘယ်လိုမှပြောင်းလဲ၍မရပါ။ ထို့ကြောင့်ပြုသောဂတိသစ္စာဝတ်ကို စုံလင်စေရပါမည် (တရား ၂၃း၂၁-၂၃)။ ထို့ကြောင့် ဂတိသစ္စာပြုခြင်း၌ အလျင်စလိုမပြုရပါ။ ဂတိသစ္စာပြုခြင်းသည်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ ပြုရပါမည်။ တမန်တော်ဝတ္ထုထဲတွင်၊ ယုဒလူအယောက်လေးဆယ်တို့သည် ပေါလုကို အသေမသတ်ရမချင်း ဘာမှမစားဟုကျိန်ခြင်းပြုခဲ့ကြ၏။ သူတို့၏ဆက်ကပ်မှုသည် မမှန်သဖြင့်ဘုရားသခင်က သူတို့၏ဆုံးဖြတ်ချက်ကို ရှုံးနိမ့်စေတော်မူ၏ (တမန် ၂၃း၁၂-၂၂)။ သစ္စာဂတိပြုခြင်းနှင့် အမှန်တရားပြောခြင်းသည် လက်တွဲလျက်ရှိကြ၏။ သစ္စာဂတိပြုသောသူသည် မှန်ကန်ရပါမည်။ ဂတိသစ္စာပြုသောအခါ၊ သင်၏ထွက်ဆိုသောစကားအတိုင်း သင်သစ္စာရှိရပါမည်။

ကိုယ်နှင့်စပ်ဆိုင်သောသူ၏ ဥယျာဉ်(သို့)စပျစ်ခြံထဲသို့ဝင်၍ ဝလင်စွာစားရသောအခွင့်ရှိပါသည်။ သို့သော်လည်း အိမ်သို့ယူဆောင်ရသောအခွင့်မရှိပါ (တရား ၂၃း၂၄-၂၅)။ ဤသည်ကား ခိုးယူမှုကိုအားမပေး၊ ကိုယ်နှင့်စပ်ဆိုင်သောသူအပေါ် သနားကြင်နာခြင်းရှိခြင်းငှါ ရည်ရွယ်ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်သူ၏အကျင့်တွင် ငွေကြေးအသုံးပြုပုံပါဝင်ပါ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တော်အစဉ်တိုင်း ရိုးသားသောသူဖြစ်လိုပါ၏။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၁၀)
**တရားဟော ၂၄း၁-၄**
မဿဲ ၅း၃၁-၃၂

*"မှားယွင်းခြင်းအကြောင်းမှတပါး အခြားသောအကြောင်းဖြင့် မိမိမယားနှင့်ကွာသောသူသည် မိမိမယားကိုမှားယွင်းစေ၏"*

# အိမ်ထောင်ရေးဥပဒေ

ထိမ်းမြားခြင်းနှင့်ကွာရှင်းခြင်းဥပဒေကို မကြာခဏတွေ့ရပါသည်။ အကျင့်နှင့်ဆိုင်သော ဥပဒေသများ ဤကျမ်းပိုဒ်၌တွေ့ရသောအခါ ထိမ်းမြားခြင်းနှင့်ကွာရှင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်များ ဖြင့် စတင်ခဲ့ပါသည်။ ဤအကြောင်းအရာကို အရင်ကဖြေရှင်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ပြန်လည်ထိမ်း မြားခြင်းနှင့် လင်အိမ်မှထွက်သွားခြင်းအကြောင်းကို ပြဌာန်းခဲ့ပြီဖြစ်ပါသည်။ စီးပွားရေးနှင့်ငွေကြေး ချေးယူခြင်းဆိုင်ရာ ဥပဒေသတို့သည်လည်း အိမ်ထောင်ရေးနှင့်ဆိုင်သောကိစ္စများ ဖြစ်ပါသည်။ လုပ်အားခနှင့်ဆင်းရဲသောသူတို့အား ပေးကမ်းခြင်းတို့သည်လည်း မိသားစုဘဝနှင့်ဆိုင်သောကိစ္စဖြစ် ၍ လေ့လာခဲ့ပြီးဖြစ်ပါသည်။

ထိမ်းမြားခြင်းသည် တရားဥပဒေနှင့်ဆိုင်သောအမှုဖြစ်၍ ယောက်ျားတဦးနှင့်မိန်းမတဦး အကြား၌ ပြုရမည့်အမှုဖြစ်ပြီး မြဲမြံသောအမှုဖြစ်ပါသည်။ ဖြတ်စာရေး၍ကွာရှင်းခြင်းကိုမောရှေ၏ ပညတ်တရား၌ခွင့်ပြုထားပါသည်။ ဤအမှုသည် အငြင်းပွားဖွယ်ရာအမှုဖြစ်ပါသည်။ လူများတို့က သဘောမတူဘဲ သူတို့မှန်သည်ထင်သောအရာကိုပြုကြ၏။ The Westminster Confession အခန်းကြီး ၂၄ အငယ် ၂ တွင် ဤသို့ဖော်ပြထားပါသည် - "ထိမ်းမြားခြင်းသည် ယောက်ျားနှင့်မိန်းမ အချင်းချင်းကူညီမစခြင်းငှါ ရည်ရွယ်ခြင်းဖြစ်ပါသည်။ တရားသောနည်းလမ်းဖြင့် လူဦးရေတိုးပွား စေရန်ဖြစ်၏။ အသင်းတော်၌သန့်ရှင်းသောအသင်းသားတိုးပွားခြင်းငှါဖြစ်ပါသည်။ ထို့ပြင် မသန့်ရှင်း ကိုကာကွယ်ရန်ဖြစ်ပါသည်"။ ထို့ကြောင့် ထိမ်းမြားခြင်းဂတိသစ္စာကို လူသည်မချိုးမဖောက်ရပါ။

ယေရှုက ရှင်းလင်းစွာအဖြေပေးခဲ့သော မောရှေ၏ပညတ်တရားကိုမေးခွန်းထုတ်တတ်ကြ ပါသည်။ မှားယွင်းခြင်းအမှုမှအပ အခြားအကြောင်းကြောင့်ကွာရှင်းခြင်းကိုအခွင့်မပေးခဲ့ပါ။ ယောက်ျားတဦးနှင့်မိန်းမတဦးအကြား ထိမ်းမြားခြင်း၏အရေးပါမှုကို အထူးဖော်ပြခဲ့ပါသည်။ မောရှေ ၏ပညတ်တရားတွင် ကွာရှင်းခံရသောမိန်းမသည် အခြားယောက်ျားကိုယူခွင့်ရှိပါသည်။ သို့သော် လည်း ထပ်၍ကွာရှင်းခံရလျှင်(သို့) ဒုတိယခင်ပွန်းသေခဲ့ပါလျှင် ပထမယောက်ျားထံပြန်၍သွားခွင့် မရှိပါ။ ဤအမှု၌ ယနေ့အသင်းတော်သည် ခရစ်တော်၏စီရင်ချက်ကိုလိုက်၍ ရှုပ်ထွေးမှုမရှိပါ။ ထိမ်းမြားခြင်းဆိုင်ရာတရားဝင်ကြေငြာချက် ထုတ်ပြန်ထားပါသည်။ အသင်းတော်တိုင်း၌ ထိမ်းမြား ခြင်းဆိုင်ရာ ကြေငြာချက်ရှိသင့်ပါသည်။ အစိုးရ၌လည်း ထိမ်းမြားခြင်းအက်ဥပဒေရှိပါသည်။ ဘာသာတရားများစွာရှိသောနိုင်ငံတွင် ထိုအစိုးရ၏ဥပဒေကို အဖွဲ့အစည်းတိုင်းအသုံးပြုနိုင်ရန် ပြဌာန်းတတ်ကြ၏။ အချို့ဘာသာသည် ယောက်ျားမိန်းမများစွာ ယူခြင်းကို ခွင့်ပြုသော်လည်း ခရစ် ယာန်ထိမ်းမြားခြင်းသည် ယောက်ျားတဦးနှင့်မိန်းမတဦးအကြား၌သာဖြစ်၍ အသင်းတော်၌အမှုတော် ဆောင်သောသင်းအုပ်ဆရာကသာ လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာကိုဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခိုင်မြဲသောအိမ်ထောင်ရေးသည် ဘုရားသခင်၏ပညတ်တော်ပေါ်၌တည်ဆောက် ခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်အစိုးရသော အိမ်ထောင်ရေးကို ကျွန်ုပ်တို့အား ပေးသနားတော်မူပါ။

ကြာသပတေး၊ နိုဝင်ဘာ (၁၁)
**တရားဟော ၂၄း၅-၇**
လုကာ ၁၁း၃၃-၃၆

*"ကိုယ်၌ရှိသောအလင်းကို မှောင်မိုက်မဖြစ်စေခြင်းငှါ သတိပြုလော့"*

# လူ့အဖွဲ့အစည်းအတွက်ဥပဒေသများ

ဂတိတော်ပြည်ကို တိုက်ခိုက်သိမ်းပိုက်ခြင်းငှါ ဣသရေလလူငယ်တို့သည် စစ်တပ်ထဲသို့ ဝင်ရောက်အမှုထမ်းရန်မဖြစ်မနေလိုအပ်ခဲ့ပါသည်။ ထို့ကြောင့်မိသားစုနှင့်အချိန်ကြာမြင့်စွာ ဝေးကွာခဲ့ရကြ၏။ ထို့ကြောင့် တရား ၂၄း၅ ထဲတွင် ဤဥပဒေကိုတွေ့ရပါသည်။ အိမ်ထောင်ပြုခါစယောက်ျားသည် မယားကိုကျွေးမွေးပြုစုခြင်းငှါ တစ်နှစ်ခွင့်ယူရသောအခွင့်ပေးထားပါသည်။ ဤဥပဒေက လူ့အဖွဲ့အစည်း၌ထိမ်းမြားခြင်း၏အရေးပါမှုကို ပြသလျက်ရှိ၏။ ဘုရားသခင်ကထိမ်းမြားခြင်းကို ယောက်ျားနှင့်မိန်းမ ပေါင်းစည်းခြင်းအတွက် ရည်ရွယ်ခဲ့သည်ဖြစ်သောကြောင့် ဇနီးမောင်နှံသည် အခြားအမှု၌ဘယ်လောက်ပင် အချိန်ပေးဖို့လိုပါစေ အတူတကွအချိန်တခုကို ဖြတ်သန်းကြဖို့လိုပါသည်။ အဖွဲ့အစည်း၌အိမ်ထောင်ရေးသည် အခြေခံကြောင်းကြီးဖြစ်၍ ခိုင်မာသောအိမ်ထောင်ရေးသည် တည်တံ့သောနိုင်ငံ၏အုတ်မြစ်ပင်ဖြစ်ပါသည်။ ဤပညတ်တရားက ဣသရေလနိုင်ငံ၏ခွန်အားကို ဖြည့်စည်းပေးခဲ့ပါသည်။

တရား ၂၄း၆ ထဲတွင် ငွေကြေးချေးယူခြင်းနှင့် အပေါင်ပစ္စည်းအကြောင်းနှင့်ဆိုင်သော ဥပဒေကိုတွေ့ရပါသည်။ ကြိတ်ဆုံကျောက်ပြားနှစ်ပြားသည် မိသားစုအတွက် အရေးကြီးသောပစ္စည်းဖြစ်ပါသည်။ စပါးကြိတ်ရာ၌အသုံးပြုသည်ဖြစ်သောကြောင့် မိသားစုတစ်နေ့ အစားအစာထောက်ပံ့ပေးသောအရာဖြစ်ပါသည်။ မိသားစုအသက်ရှင်ခြင်းသည် ထိုကျောက်ပြားနှစ်ခု၌ တည်မှီလျက်ရှိပါသည်။ ထို့ကြောင့် ငွေချေးပေးသောအခါ ဤကျောက်ပြားတို့ကိုအပေါင်ပစ္စည်းအဖြစ် မယူရပါ။ လူ့အသက်အရေးကြီးမှုကို ဤဥပဒေ၌တွေ့ရပါသည်။

ကြိတ်ဆုံကျောက်ပြားနည်းတူ ဆင်းရဲသား၏အဝတ်အထည်ကို အပေါင်ပစ္စည်းအဖြစ် ယူခဲ့လျှင် တစ်ညလုံးမသိမ်းထားရပါ။ မိုးမချုပ်မှီပြန်ပေးရပါမည်။ အကြောင်းမှာ ည၏အအေးဒဏ်ခံခြင်းငှါ ထိုဆင်းရဲသား၌ထိုအဝတ်သာလျှင် ရှိသောကြောင့်တည်း။

လူ့အသက်ကိုတန်ဖိုးထားခြင်းကြောင့် ကျွန်ရောင်းဝယ်ရေးကိုတားမြစ်ထားခြင်းဖြစ်ပါသည် (တရား ၂၄း၇)။ ဤဥပဒေချိုးဖောက်ခြင်း၏ပြစ်ဒဏ်သည် သေဒဏ်ပင်ဖြစ်ပါသည်။ ပြစ်ဒဏ်ပေးခြင်း၏ရည်ရွယ်ချက်မှာ နစ်နာသူတို့အတွက် တရားမျှတမှုရှာပေးခြင်းဖြစ်၍ လူတို့က ထိုပြစ်မှုမျိုး မကျူးလွန်ကြစေခြင်းငှါ ဖြစ်ပါသည်။ လူကုန်ကူးခြင်းသည် ယနေ့၌လည်းတွင်ကျယ်သောအမှုဖြစ်ပါသည်။ ဤသို့သော ဥပဒေတို့သည်အစိုးရက ပြဋ္ဌာန်းသင့်သောဥပဒေဖြစ်ကြပါသည်။

ဤဥပဒေများ လိုက်လျှောက်ခြင်းသည် ဘုရားသခင်အတွက် တောက်ပသောသက်သေဖြစ်ပါသည်။

**ဆင်ခြင်ရန်** - တရားသောဥပဒေများလိုက်လျှောက်ခြင်းသည် ဘုရားသခင်နှစ်သက်သောအမှုဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်တို့၏မိသားစုများကို ချစ်ခြင်းမေတ္တာက စိုးမိုးပါစေသော်။

သောကြာ၊ နိုဝင်ဘာ (၁၂)
**တရားဟော ၂၄း၈-၉**
ဇဖက် ၂း၄-၆

*"ဒုစရိုက်အပြစ်၌သေလျက်ရှိနေသော ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူမည်၊ ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ရောက်ရ၏"*

## နူနာစောင့်ရှောက်မှုဥပဒေ

မောရှေက ကျန်းမာရေးနှင့်ကူးစက်တတ်သော ရောဂါအကြောင်း၌လည်း ဥပဒေသများ ပေးခဲ့ပါသည်။ နူနာရောဂါသည် အတူနေထိုင်၍ပစ္စည်းအတူတကွ အသုံးပြုပါလျှင် တဦးမှတဦးသို့ ကူးစက်တတ်သောအရေပြားရောဂါဖြစ်ပါသည်။ မောရှေခေတ်တွင် မကုသနိုင်ခဲ့ကြပါ။ နေမာန်အမှုအားဖြင့် နူနာစွဲသောသူတို့သည် လူတို့ထံမှလုံးဝအသီးအခြားမနေကြကြောင်း သိကြပါသည်။ ဤရှုရိဗိုလ်ချုပ်သည် မိမိတာဝန်ကိုထမ်းဆောင်ခဲ့ပါသည် (၄ ရာ ၅)။ နူနာရောဂါအမျိုးမျိုးရှိသည်ဖြစ်၍ အချို့သည် နေးကွေးစွာပေါ်လွင်လာတတ်၏။ သို့သော်လည်း တောလည်ရာကျမ်း ၁၂း၁၀ ထဲမှ မိရိယံနှင့် ၆ ရာ ၂၆း၁၆-၂၀ မှ ဩဇိမင်းတို့ခံရသောနူနာသည် ဘုရားသခင်ထံမှပြစ်ဒဏ်ဖြစ်သောကြောင့် ချက်ချင်းဖြစ်ပွားခဲ့ပါသည်။

ဝတ်ပြုရာကျမ်း ၁၃း၁၄ ထဲတွင် နူနာရောဂါစွဲသောသူတို့အတွက် ပညတ်ချက်အသေးစိတ်ဖော်ပြလျက်၊ မည်သို့သန့်ရှင်းစေရမည်ကိုလည်း ဖော်ပြထားပါသည်။ ဤရောဂါကုသခြင်း၌ တာဝန်ရှိသောသူသည် ယဇ်ပုရောဟိတ်များဖြစ်၍၊ ရောဂါပျောက်ကင်းသောသူတို့ကို သန့်ရှင်းကြောင်း သူတို့ကသာလျှင်ကြေငြာရမည်ဖြစ်ပါသည်။ ဤရောဂါကိုင်တွယ်ပုံအဆင့်ဆင့်ကိုလည်း သူတို့က လူတို့ကိုသွန်သင်ပေးကြ၏။ သခင်ယေရှုက နူနာစွဲသောသူတို့ကိုသန့်ရှင်းစေသောအခါ ယဇ်ပုရောဟိတ်ထံသွားပြကြရန်နှင့် မောရှေ၏ပညတ်တရားအတိုင်း ပြုကြရန် ပြုတော်မူခဲ့ပါသည်။ အကြောင်းမှာ မောရှေ၏ပညတ်တရားသည် အကျုံးဝင်သေးသည်ဖြစ်၍ သူတို့သည်အမှန်တကယ်သန့်ရှင်းကြကြောင်းယဇ်ပုရောဟိတ်ကြေငြာဖို့လိုအပ်ခဲ့ပါသည်။ သူတို့သည်ဖော်ပြထားသည်အတိုင်း ပူဇော်သက္ကာကို ပူဇော်ကြရပါမည်။ ဤနူနာရောဂါဥပဒေသည် ကိုးကွယ်ပူဇော်ခြင်းပညတ်တရားနှင့်ဆိုင်သော်လည်း ဤအချက်ကထိုရောဂါထိန်းချုပ်ခြင်း၌ များစွာအထောက်အကူပေးပါသည်။

ယနေ့၌လည်းကူးစက်ပြန့်ပွားခြင်းကို ဆီးတားခြင်းငှါသီးခြားနေဖို့လိုအပ်သော၊ ကူးစက်တတ်သောရောဂါများရှိပါသည်။ (ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို မည်သူမေ့နိုင်ပါမည်နည်း)။ အပြစ်သည်လည်း ဝိညာဉ်ရေးရာနူနာရောဂါဖြစ်၍ ဆီးတားခြင်းငှါသမ္မာကျမ်းစာ၏ လမ်းညွှန်မှုကိုလိုက်လျှောက်ကြရပါမည်။ အဘယ်နူနာရောဂါမဆို ရှောင်ပါလော့။ သမ္မာကျမ်းစာက အသီးအခြားနေထိုင်ခြင်းတိုက်တွန်းခြင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ ကျန်းမာရေးအတွက်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - နေ့စဉ် ကျမ်းစာဖတ်ခြင်းသည် ဝိညာဉ်ရေးရာနူနာစွဲခြင်းအတွက် ဖြေဆေးဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အပြစ်တို့ကိုခွင့်လွှတ်လျက်၊ ထိုသို့သော အပြစ်နှင့်ဆိုင်သော အကျင့်များမှ အကျွန်ုပ်ကို ကွယ်ကာတော်မူပါ။

## တရားမျှတခြင်းဥပဒေများ

ဘုရားသခင်သည် ဣသရေလ၌လူတိုင်းတရားမျှတစွာ ဆက်ဆံခြင်းခံရ၍ စည်းလုံးမှုရှိသော လူနေမှုကိုလိုချင်ခဲ့ပါသည်။ ချီးမွမ်းခြင်းနှင့်ပြစ်ဒဏ်ကို တူညီမျှတစွာပေးရမည်ဖြစ်ပါသည်။ အလုပ်ရှင်တို့အား မိမိတို့၏အလုပ်သမားတို့ကို အနိုင်မကျင့်ရန်မိန့်တော်မူ၏။ ဣသရေလလူနှင့်ဧည့်သည်တို့ကို တူညီစွာဆက်ဆံကြရမည်ဖြစ်၏။ သူတို့၏လုပ်အားခကို နေမဝင်မီပေးရပါမည်။ အကြောင်းမှာ သူတို့သည်ဆင်းရဲသားဖြစ်၍ သူတို့လုပ်အားခသည် သူတို့၏အစားအစာဖြစ်ပါသည်။ သူတို့သည် အလုပ်ရှင်ကိုဆန့်ကျင်လျက် ဘုရားသခင်ထံအော်ဟစ်ခဲ့ကြလျှင်၊ လုပ်အားခမပေးသောအလုပ်ရှင်သည် အပြစ်ရှိ၏။ သားသမီးအပြစ်ကြောင့် မိဘသည်ပြစ်ဒဏ်မခံရကြ၊ မိဘတို့၏အပြစ်ကြောင့် သားသမီးတို့သည်ပြစ်ဒဏ်မခံရကြပါ။ လူတိုင်းက မိမိ၏ကားတိုင်ကို ထမ်းရပါမည်။ တရားစီရင်ခြင်း၌ ဧည့်သည်၊ မိဘမဲ့နှင့်မုဆိုးမတို့ကို တရားမျှတစွာဆက်ဆံရကြမည်။ အဲဂုတ္တုပြည်၌ ဧည့်သည်အဖြစ် နေထိုင်ခဲ့ကြသည်ဖြစ်သောကြောင့်၊ သူတပါးကို ရက်စက်စွာမဆက်ဆံရကြပါ။

တရား ၂၄း၁၉-၂၂ ၌တွေ့ရသော ဥပဒေသည် ရိတ်သိမ်းခြင်းနှင့်ဆိုင်သောတရားဖြစ်ပါသည်။ လယ်ယာတို့သည် ကောင်းမွန်စွာအသီးသီးကြခြင်းငှါ ရေလောင်းပေးတော်မူသောသူသည် ဘုရားသခင်ဖြစ်တော်မူ၏။ မေ့လျော့သောကောက်လှိုင်းကိုပြန်မယူရပါ။ ဆင်းရဲသားတို့အတွက် ချန်ထားရမည်ဖြစ်၏။ ထိုနည်းတူ သံလွင်သီးနှင့်စပျစ်သီးကိုလည်း ပြုရပါမည်။ ထိုချန်ထားသောအသီးတို့သည် မိဘမဲ့နှင့်မုဆိုးမတို့အတွက် ဖြစ်ပါသည်။ ဤသည်ကား လိုအပ်သောသူတို့ကိုထောက်ပံ့ခြင်းငှါ ဘုရားသခင်၏နည်းလမ်းဖြစ်ပါသည်။ ယေရှုက ကောင်းကင်ဘုံရှိအဘဘုရားသည် လေထဲ၌ပျံသောငှက်ကလေးများကို ကျွေးမွေး၍တောထဲရှိပန်းပင်နှင့် မြက်ပင်တို့ကိုလှပစွာ ခြယ်သတော်မူကြောင်းဆိုခဲ့ပါသည်။ ထိုနည်းတူ၊ လောကီစည်းစိမ်မရှိသောသူတို့ကို ဘုရားသခင်ကကျွေးမွေး၍ ပြုစုတော်မူမည်။ ဤဥပဒေသသည် ဘုရားသခင်အသုံးပြုသောနည်းလမ်းတခုဖြစ်ပါသည်။

ပေးထားသော ဤဥပဒေသများကို နယ်မြေသစ်၌ဣသရေလသည် လိုက်လျှောက်ရမည်ဖြစ်ပါသည်။ စည်းကမ်းရှိသောတိုင်းပြည်တည်ထောင်ခြင်းငှါ ဘုရားသခင်သည် ပြည်သူများ၊ ယဇ်ပုရောဟိတ်များနှင့်တရားသူကြီးတို့ကို လမ်းညွှန်တော်မူ၏။ ဘုရားသခင်သည် ရှုပ်ထွေးခြင်းကိုပြုသောသူမဟုတ် (၁ ကော ၁၄း၃၃)၊ စနစ်တကျလုပ်ဆောင်သောသူဖြစ်တော်မူ၏။ ယေရှုက ပညတ်တရားတို့ကိုလိုက်လျှောက်လျှင် ဘုရားသခင်ကိုချစ်ရာရောက်၏ဟု မိန့်တော်မူ၏ (ယောဟန် ၁၄း၁၅)။ သူသည် ကျွန်ုပ်တို့အပြစ်ကြောင့် အသက်ပေးတော်မူခဲ့၏။ မိမိကိုယ်ကိုဆက်ကပ်၍ စည်းကမ်းရှိစွာနေထိုင်ပါ။ ထိုအသက်တာကို ဘုရားသခင်နှစ်သက်တော်မူ၏။

**ဆင်ခြင်ရန်** - “ကိုယ့်အဆွေတို့အဘို့အလိုငှါ ကိုယ်အသက်ကိုစွန့်ခြင်းမေတ္တာထက် သာ၍မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ” (ယောဟန် ၁၅း၁၃)။

**ဆုတောင်းချက်-** အဖဘုရား၊ သမ္မာတရားသွန်သင်ချက်က အကျွန်ုပ်ကိုလမ်းပြပါစေသော်။

**တရားဟော ၂၅**
၁ ကော ၂း၁၂-၁၆

*"ဝိညာဉ်လူမူကား ထိုအရာအလုံးစုံတို့ကိုပိုင်းခြား၍ နားလည်တတ်၏။ သို့သော်လည်း ထိုလူကိုအဘယ်သူမျှပိုင်းခြား၍ မသိနိုင်"*

# အမှုများနှင့်မှန်ကန်သောစီရင်ခြင်း

ဂတိတော်ပြည်၌ မည်သို့နေထိုင်မည်အကြောင်း လမ်းညွှန်ချက်များကို ဣသရေလလိုအပ်ခဲ့ပါသည်။ တိုင်းပြည်အေးချမ်းသာယာ၍ စည်းလုံးခြင်းရှိမည်အကြောင်း ကောင်းမွန်သောမိသားစုဆက်ဆံမှုရှိဖို့လိုအပ်ပါသည်။ လူတို့သည် အဖွဲ့အစည်းဖြင့်နေထိုင်ကြသည်ဖြစ်၍ သူတပါးနှင့်မဆက်ဆံဘဲနေ၍မရပါ။ တရားဟောရာကျမ်း ၂၅ ထဲတွင် တွေ့ရသောပညတ်တရားတို့မှာ အမှုရင်ဆိုင်ခြင်းနှင့် မှန်ကန်သောစီရင်ခြင်းအကြောင်း၊ အိမ်မွေးတိရစ္ဆာန်များပြုစုခြင်းအကြောင်း၊ မုဆိုးမတို့၏အမွေအကြောင်း၊ စစ်မှန်သောချိန်ခွင်နှင့်အလေးများအကြောင်းနှင့် ဣသရေလ၏ရန်သူကလဲ့စားချေခြင်းအကြောင်းတို့ဖြစ်ပါသည်။

ဘုရားသခင်သည်ဖြစ်လာမည့်အခြေအနေအရပ်ရပ်ပေါ်မှာ အခြေခံ၍ဤပညတ်တရားများကို မောရှေထံပေးတော်မူခဲ့၏။ အဓိကအချက်မှာ တရားသူကြီးတို့သည် အမှုတိုင်း၌မှန်ကန်သောစီရင်ခြင်းချနိုင်ဖို့ရန် ရှင်းလင်းသောဥပဒေသများ လိုအပ်ခဲ့ကြောင်းဖော်ပြခြင်းဖြစ်ပါသည်။ သူတို့သည် "ဖြောင့်မတ်သောသူကိုအပြစ်လွှတ်စေခြင်းငှါရင်၊ ဆိုးသောသူကိုအရှုံးခံစေခြင်းငှါရင်း" (တရား ၂၅း၁) တာဝန်ပေးခြင်းခံရကြ၏။ ဤသည်ကား တရားမျှတခြင်းပင်ဖြစ်ပါသည်။ စီရင်ချက်ချမှတ်၍ လူဆိုးသည် အရိုက်ခံထိုက်လျှင် တရားသူကြီးရှေ့မှောက်၌ သူ၏အပြစ်အတိုင်း အရိုက်ခံရမည်ဖြစ်ပါသည်။

လူတဦးအရိုက်ခံရမည့်အများဆုံးအရေအတွက်သည် ရိုက်ချက်လေးဆယ်ဖြစ်၍ ထိုထက်မပိုစေရပါ။ ထို့ကြောင့် လက်တွေ့၌ရေတွက်မှား၍ အပိုရိုက်မိခြင်းမှကာကွယ်ရန် သုံးဆယ့်ကိုးချက်ရိုက်လေ့ရှိကြပါသည်။ ၂ ကော ၁၁း၂၄ ထဲတွင် ပေါလုကသူသည် သုံးဆယ့်ကိုးချက်အရိုက်ခံရကြောင်း ဖော်ပြခဲ့ပါသည်။ သူပြောင်းလဲပြီးနောက် ယုဒလူတို့က လမ်းလွဲသောသူဟုစွပ်စွဲ၍ ထိုပြစ်ဒဏ်ပေးကြခြင်းဖြစ်ပါသည်။ ပေါလု၏အမှုသည် သခင်ယေရှု၏အမှုနှင့်တူပါသည်။ ယုဒလူတို့သည် သတင်းကောင်းအကြောင်းကိုနားမလည်ကြသောကြောင့် မှားယွင်းသောသွန်သင်ခြင်းဟုနာမည်တပ်ကြ၏။ ထိုသို့သုံးဆယ့်ကိုးချက်ရိုက်ခြင်းသည် ခွင့်ပြုထားသောရိုက်ချက်ထက်ပို၍ ရိုက်မိမည်ကိုစိုးရိမ်ကြသောကြောင့်ဖြစ်ပါသည်။

ဥပဒေကိုလွဲမှားစွာအသုံးပြုခဲ့ကြသော်လည်း၊ အမှန်မှာဥပဒေသည် အမှုတိုင်း၌မှန်ကန်စွာစီရင်ချက်ချနိုင်ခြင်းငှါ ပြဌာန်းခြင်းဖြစ်ပါသည်။ ထို့ကြောင့် တရားသူကြီးတို့က လူတို့၏အမှုကိုစစ်ကြောစီရင်ခြင်း၌မှန်ကန်စွာ စီရင်ချက်ချနိုင်ရန် ဥပဒေလိုအပ်ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏တရားစီရင်ခြင်းပလ္လင်တော်၌ စုံလင်သောတရားမျှတမှုရှိပါ၏။
**ဆုတောင်းချက်-** အဖဘုရား၊ သူတပါးနှင့်ဆက်ဆံရေး၌ မှန်ကန်မှုကိုကျင့်သုံးမည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

**တရားဟော ၂၅**
ဖိလိ ၄း၁၀-၁၃

*"ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကိုငါတတ်စွမ်းနိုင်၏"*

# အိမ်မွေးတိရစ္ဆာန်များပြုစုခြင်း

ဤပညတ်ချက်သည် ရိုးရှင်းလှပါသည် -"စပါးနင်းနယ်သောနွား၏နှုတ်ကို မချုပ်တည်းရ" (တရား ၂၅း၄)။ ဤကျမ်းပိုဒ်မှနွားသည် အိမ်မွေးတိရစ္ဆာန်အပေါင်း (မြည်း၊ မြင်း၊ ကုလားအုတ်၊ ခွေးနှင့်အခြားများ) ကိုကိုယ်စားပြုခဲ့ပါသည်။ သူတို့သည် များစွာအထောက်အကူပြုသည်ဖြစ်သောကြောင့် ပိုင်ရှင်သည်သူတို့ကိုကောင်းမွန်စွာပြုစုကျွေးမွေးရပါမည်။ သုတ္တံ ၁၂း၁၀ တွင် ဖြောင့်မတ်သောသူသည် မိမိတိရစ္ဆာန်အသက်ကို နှမြောတတ်၏ဟု ဆိုထားပါသည်။ တိရစ္ဆာန်တို့ကိုလျစ်လျူမရှုသင့်ပါ။ သနားကြင်နာခြင်းဖြင့် ပြုစုရပါမည်။ ဤတိရစ္ဆာန်တို့ကိုမပိုင်ဆိုင်သော်လည်း၊ ဤပညတ်တရားသည် လူတိုင်းနှင့်ဆိုင်ပါ၏။

ပေါလုက ဤကျမ်းပိုဒ်ကိုအခြေခံ၍ ဘုရားသခင်၏သိုးစုတို့ကိုထိန်းကျောင်းသော သိုးထိန်းများကို ရည်ညွှန်း၍ရေးသားခဲ့ပါသည်။ နွားသည် မိမိအလုပ်လုပ်ရာ စပါးကိုစားခွင့်ရှိသကဲ့သို့၊ သင်းအုပ်ဆရာသည်လည်း ဝိညာဉ်အစားအစာတိုက်ကျွေးပြုစုနေသော မိမိ၏အသင်းသူအသင်းသားလူထုပရိသတ်တို့၏ ထောက်ပံ့ခြင်းကိုခံထိုက်ပါ၏ (၁ တိ ၅း၁၇-၁၈)။ လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေသည်ဟု ထည့်သွင်းရေးထားသေး၏။ ဤပညတ်ချက်သည် ယနေ့တိုင်အသုံးဝင်ပါ၏။ ဘုရားသခင်၏သိုးစုတို့ကို ပြုစုမည့်အမှုတော်ဆောင်များလိုအပ်လျက် ရှိပါသည်။

ယနေ့အသင်းတော်၌သင်းအုပ်ဆရာများနှင့် သာသနာပြုဆရာတို့သည် လျစ်လျူရှုခြင်းခံရကြ၏။ ထိုအခါ သူတို့၏မိသားစုကျွေးမွေးခြင်းငှါ အခြားအလုပ်ကိုရှာ၍ သူတို့၏အချိန်ကို ထိုအလုပ်၌ကုန်ဆုံးသောအခါ၊ သတင်းကောင်းဟောပြောခြင်းအမှုကို လျစ်လျူရှုသလိုဖြစ်ခဲ့ပါသည်။ ဓမ္မဟောင်းထဲတွင်၊ မောရှေသည် ယဇ်ပုရောဟိတ်တို့ပြုစုခြင်းအကြောင်းကို သေချာစွာဖော်ပြခဲ့ပါသည်။ သူတို့သည် ကောင်းမွန်စွာပြုစုခြင်းခံရကြသောအခါ၊ ဝိညာဉ်ရေးရာအမှုကို ကောင်းမွန်စွာဆောင်ရွက်နိုင်ခဲ့ကြ၏။ ဓမ္မဟောင်းဝတ်ပြုကိုးကွယ်ခြင်းကိုကြည့်လျှင် ယဇ်ပုရောဟိတ်သည် အချိန်တိုင်းပါဝင်နေဖို့လိုပါသည်။ ဖော်ပြထားသည့်အချက်အတိုင်း သူတို့သည်အမှုတော်ကို ဆောင်ရွက်ရကြ၏။ ထို့ကြောင့်သူတို့ကိုကောင်းမွန်စွာပြုစုရမည်မှာ အရေးကြီးလှပါသည်။

အိမ်မွေးတိရစ္ဆာန်များကို ဘုရားသခင်ဂရုစိုက်ကြောင်း စဉ်းစားသိရှိရသောအခါ သင်းအုပ်ဆရာတို့၏ စားဝတ်နေရေးကိုကျွန်တော်တို့ ဂရုစိုက်ကြရပါမည်။ သူတို့သည် လူတို့၏ဝိညာဉ်ရေးနှင့်ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဆောင်ရွက်ကြသည်ဖြစ်သောကြောင့် တူညီသောအခကို ခံထိုက်ကြပါ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏စနစ်တကျ ဖန်ဆင်းခြင်းအမှု၌သင်ယူစရာများစွာရှိပါ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်နှင့်လူတို့အပေါ်၌ အကျွန်ုပ်၏တာဝန်ကို ကျေပွန်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ နိုဝင်ဘာ (၁၆)

**တရားဟော ၂၅း၅-၁၂**

မာလ ၂း၁၄-၁၆

*“မယားတစ်ဖက်နှင့်သင့်တစ်ဖက်၌ ထာဝရဘုရားသည် သက်သေဖြစ်တော်မူ၏”*

## မုဆိုးမများတဖန်အိမ်ထောင်ပြုခြင်း

ယခုအကြောင်းအရာသည်လည်း မိသားစုဘဝနှင့်ဆိုင်သောအကြောင်းဖြစ်ပါသည်။ မုဆိုးမတို့သည် အမွေခံစရာရှိ၏။ သို့သော်လည်း တိကျသောလမ်းညွှန်မှုများရှိပါသည်။ ဤဥပဒေသည် လိုအပ်ပါ၏။ အကြောင်းမှာ စစ်တိုက်၍ယောကျ်ားသေခြင်းကြောင့် မုဆိုးမဖြစ်သောသူအမြဲရှိသောကြောင့် ဖြစ်ပါသည်။ ဤပညတ်တရားသည် ထိမ်းမြားခြင်းဥပဒေဖြစ်ပါသည်။

ဤဥပဒေက မုဆိုးမသည် ဆုံးသွားသောယောကျ်ား၏ညီအစ်ကို (သို့) ဆွေမျိုးကိုယူခွင့်ပြုထားပါသည်။ ထိုအခါ သားဦးကသေသွားသောထိုယောကျ်ား၏နာမည်ကို ခံယူရပါမည်။ ဤသို့သောအစီအစဉ်ကို ရုသ၏အကြောင်း၊ ဧလိမလက်၏သား၏မိန်းမအကြောင်း၌ တွေ့ရပါသည်။ ယောက္ခမဖြစ်သော နောမိက ရုသအား မိဘထံသို့ပြန်သွားခြင်းငှါ တိုက်တွန်းသောအခါ၊ ရုသသည် ငြင်းဆန်၍ နောမိနှင့်အတူနေရန်ရွေးချယ်ခဲ့ပါသည်။ ထိုအခါ မောဘမှဣသရေလသို့ထွက်ခွာခဲ့ကြ၏။ ရုသသည် ကြိုးစားသောအမျိုးသမီးဖြစ်၍ သူတို့၏လိုအပ်ချက်အတွက် ကြိုးစားအလုပ်လုပ်ခဲ့ပါသည်။ နောမိသည် ဤဥပဒေကိုအသုံးပြု၍ သူ၏ယောကျ်ား၏အဆွေအမျိုး၏ ကူညီမှုကိုရှာဖွေခဲ့ပါသည်။ နောက်ဆုံးတွင် ရုသသည်ဗောဇနှင့်လက်ထပ်၍ သားဩဗက်ကိုမွေးဖွားခဲ့ပါသည် (ရုသ ၁-၄)။

ဣသရေလသည် လူမျိုးအဖြစ်ဆက်လက်ရပ်တည်နိုင်ခြင်းငှါ ဤဥပဒေသကိုပေးခြင်းဖြစ်ပါသည်။ အကြောင်းမှာ ဣသရေလအမျိုးမှ မေရှိယကြွလာတော်မူမည်ဖြစ်ပါသည်။ ဓမ္မသစ်ထဲတွင် တမန်တော်တို့က မုဆိုးမတို့တဖန်အိမ်ထောင်ပြုခြင်းအကြောင်းကို ဖော်ပြခဲ့ကြ၏။ ၁ ကော ၇ ထဲတွင် ပေါလုကထိမ်းမြားခြင်းအကြောင်းကို ဖော်ပြခဲ့ပါသည်။ မုဆိုးမသည် မိမိနှစ်သက်သောသူနှင့် ဘုရားသခင်၌တဖန်အိမ်ထောင်ပြုခွင့်ရှိကြောင်း ဆိုခဲ့ပါသည်။

မိသားစုနှင့်ဆိုင်သော အခြားမှတ်သားဖွယ်အချက်မှာ (တရား ၂၅း၁၁-၁၂) ဇနီးသည်သည် မိမိယောကျ်ား၏ရန်ပွဲ၌ မပါဝင်ရပါ။ မိမိယောကျ်ားကိုကူညီခြင်းဖြင့် သူတပါး၏တန်ဆာကို မဆွဲမကိုင်ရပါ။ ထိုသို့ပြုခြင်းသည် ပြစ်မှုမြောက်၍ပြစ်ဒဏ်ခံရပါမည်။ ဤဥပဒေသ၏ရည်ရွယ်ချက်မှာ ယောကျ်ားသည် မိမိ မိသားစုနာမည်ကို ဆက်လက်ခံယူရမည်ဟူသော အချက်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ထိမ်းမြားခြင်းသည် ယောကျ်ားတဦးနှင့်မိန်းမတဦးအကြား၌သာ ပြုရမည်ဖြစ်ပြီး ထိုပေါင်းစပ်မှုကိုသေခြင်းကသာ ခွဲရမည်ဖြစ်၏။

**ဆုတောင်းချက်-** အဖဘုရား၊ မုဆိုးမများကို ကိုယ်တော်ကျေးဇူးပြုတော်မူပါ။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၁၇)
**တရားဟော ၂၅:၁၃-၁၉**
ဆာလံ ၉၅:၁-၃

*"သက်သေခံတော်မူချက်တို့သည် အလွန်မြဲမြံကြပါ၏။ အိုထာဝရဘုရား၊ သန့်ရှင်းခြင်းပါရမီသည် အစဉ်အမြဲအိမ်တော်၏ အသရေဖြစ်ပါသတည်း"*

## ရိုးသားစွာစီးပွားရှာခြင်းနှင့်ရန်သူအပေါ် ကလဲ့စားချေခြင်း

တရား ၂၅:၁၃-၁၆ ထဲတွင် စီးပွားရှာရာ၌ မှန်ကန်သောချိန်ခွင်နှင့်အလေးများကို အသုံးပြုရန်သွန်သင်ထားပါသည်။ အမျိုးမျိုးနှင့်ချိန်ခွင်နှင့်အလေးကို အသုံးမပြုရန်တားမြစ်ထားပါသည်။ ဤသည်ကား ဘာမှမသိသောဝယ်ယူသူထံ၌ ခိုးယူခြင်းမကျူးလွန်ခြင်းငှါ ကာကွယ်ရန်ဖြစ်ပါသည်။ အထူးသဖြင့်စီးပွားရှာရာ၌ ရိုးသားဖြူစင်ခြင်းရှိရန်ဖြစ်ပါသည်။ ဘုရားသခင်သည် ဣသရေလအား ကောင်းမွန်သောစီးပွားရေးစနစ် အသုံးပြုရန်မစခြင်းဖြစ်ပါသည်။ ချိန်ခွင်နှင့်အလေးများအားလုံးတို့သည် မှန်ကန်ကြရပါမည်။ သို့မဟုတ်လျှင် ဘုရားသခင်ရှေ့၌ရွံ့ရှာစရာဖြစ်ပါလိမ့်မည်။ ဣသရေလသည် မှန်ကန်စွာဤဥပဒေသများကို စီးပွားရေးလုပ်ငန်း၌လိုက်လျှောက်ရပါမည်။ နယ်မြေသစ်က နေထိုင်ကြသောအခါ သူတို့သည်လိုလေသေးမရှိစေရန် ဘုရားသခင်ဂရုစိုက်တော်မူ၏။ ဘုရားသခင်ဦးဆောင်တော်မူသောနေရာတွင် မှန်ကန်မှုနှင့်စည်းကမ်းရှိခြင်းတို့ရှိကြရပါမည်။

တရား ၂၅:၁၇-၁၉ ထဲတွင် ဣသရေလ၏ရန်သူအပေါ် ကလဲ့စားချေခြင်းအကြောင်းကို မောရှေကသွန်သင်ခဲ့ပါသည်။ အဲဂုတ္တုပြည်မှထွက်မြောက်လာခဲ့ကြစဉ် အာမလက်က သူတို့အပေါ်ပြုခဲ့သော တိုက်ခိုက်မှုကိုမမေ့လျော့ကြရန်မိန့်တော်မူ၏။ သူတို့သည် ခါနာန်ပြည်သို့ ဣသရေလမဝင်နိုင်ခြင်းငှါ ဆီးတားခဲ့ကြ၏။ သို့သော်လည်း ဘုရားသခင်ကဣသရေလအတွက် တိုက်ခိုက်ပေး၍ အနိုင်ယူပေးခဲ့ပါသည် (ထွက် ၁၇း၈)။ သူတို့သည် ဣသရေလကိုတိုက်ခိုက်၍ဘုရားသခင်ကို မကြောက်ရွံ့ခဲ့ကြပါ။ ဘုရားသခင်သည် သူတို့၏ပြည်ကိုဣသရေလထံ ပေးတော်မူလိမ့်မည်။ ဘုရားသခင်က ဣသရေလအားဆောင်ရွက်ခြင်းငှါမိန့်တော်မူသည်အတိုင်း အာမလက်လူတို့သည် လုံးဝပျက်ဆီးခြင်းခံရကြပါလိမ့်မည်။

လူ့အဖွဲ့အစည်း၌အချင်းချင်းတန်ဖိုးထားမှုကွယ်ကာခြင်းငှါ ဤဥပဒေသများပေးခြင်းဖြစ်ပါသည်။ ယုံကြည်သူတို့သည် သမ္မာကျမ်းစာပေးခြင်းအကျင့်နှင့်ဆိုင်သော ပညတ်တရားများကို စွဲကိုင်ကြရပါမည်။ သခင်ယေရှုကိုချစ်လျက် ကောင်းကြီးမင်္ဂလာအတွက် ဘုရားသခင်ကိုမျှော်လင့်ပါလော့။ ယေရှုက မိမိသည်လမ်းခရီး၊ သမ္မာတရားနှင့်အသက်ဖြစ်တော်မူကြောင်း မိမိမှတပါး ခမည်းတော်ထံအဘယ်သူမျှမရောက်နိုင်ကြောင်း မိန့်တော်မူ၏ (ယောဟန် ၁၄း၆)။ ဓမ္မသစ်၌တွေ့ရသော သတင်းကောင်းသည် ယုံကြည်သူအပေါင်းအတွက် ဖြောင့်မတ်ရာလမ်းသို့လျှောက်ခြင်းငှါ အဓိကအရာဖြစ်ပါသည်။

တရားဟောရာကျမ်းထဲ၌ မောရှေတရားဟော၍ဣသရေလလူတို့အား သွန်သင်ချက်တို့သည် သူမကွယ်လွန်မီ နောက်ဆုံးစကားအမှာစကားဖြစ်ကြပါ၏။ သူသည် ဘုရားသခင်ထံမှ သတင်းစကားကိုကြားပြောခြင်းဖြစ်၍ ဣသရေလလူတို့သည် ထိုဘုရားသခင်၏စကားများကိုစွဲကိုင်လိုက်လျှောက်ကြရပါမည်။

**ဆင်ခြင်ရန်** - မောရှေသည် ယေရှုခရစ်တော်ကဲ့သို့ကြီးမြတ်သောဆရာတပါးဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ကိုယ်တော်သွန်သင်ချက်တို့ကို ရှင်းလင်းစွာနားလည်သဘောပေါက်ခြင်းငှါ အကျွန်ုပ်ကိုမစတော်မူပါ။

ကြာသပတေး၊ နိုဝင်ဘာ (၁၈)
**တရားဟော ၂၆း၁-၄**
ဆာလံ ၄၆း၁-၃

*“ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍ ခွန်အားကို ပေးတော်မူ၏။ ဘေးရောက်သည်ကာလ အထူးသဖြင့် ကူမတော်မူကြောင်း ထင်ရှားလျက်ရှိ၏”*

## ဂတိတော်ပြည်၌ခံစားရမည့်ကောင်းကြီးများ

ဣသရေလသည် ခါနာန်ပြည်၌ဝင်ရောက်နေထိုင်ကြရမည်ဖြစ်သောကြောင့် အရာရာတိုင်း စနစ်တကျရှိစေခြင်းငှါ လိုအပ်သောပြင်ဆင်မှုများပြုလုပ်ရန် မိန့်တော်မူခဲ့ပါသည်။ ဤသို့ဖြင့် သူတို့၏နေ့စဉ်ဘဝသည် အဆင်ပြေ၍ဘုရားသခင်နှင့်ဆက်နွယ်မှုကို ခိုင်မာစွာတည်ဆောက်ကြရမည် ဖြစ်ပါသည်။ လယ်ယာထွက်ကုန်သည် သူတို့၏အဓိကအသက်မွေးဝမ်းကျောင်းဖြစ်ပါမည် (နို့နှင့် ပျားရည်စီးဆင်းရာဟုတင်စားသကဲ့သို့)။ ထိုပြည်၏အဦးသီးသောအသီးကို ခြင်းတောင်း၌ထည့်၍ ဘုရားသခင်ထံပူဇော်ကြရပါမည်။ ဝိညာဉ်ရေးရာခေါင်းဆောင်များနှင့်လိုအပ်သောသူများ ထောက်ပံ့ခြင်းငှါ ဆယ်ဘို့တဘို့ကိုလည်း ယူဆောင်လာကြရပါမည်။ အဓိကအချက်သည် ဘုရားသခင်၏ ပညတ်တရားများကိုနာခံလိုက်လျှောက်ခြင်းပင်ဖြစ်ပါသည်။

ဣသရေလသည် ဘုရားသခင်ပေးတော်မူသော ထိုအမွေပြည်ကို ပိုင်ဆိုင်ရမည်ဖြစ်ပါသည်။ မောရှေ၏တရားဟောစဉ် သူတို့သည်ထိုပြည်၌အခြေချခြင်းငှါ မျှော်လင့်နေကြ၏။ ဤသူအပေါင်းတို့သည် အဲဂုတ္တုပြည်မှထွက်ခွာစဉ် ကလေးများသာဖြစ်၍အဘယ်ပြည်မျှ မပိုင်ဆိုင်ရသေးပါ။ လမ်းခရီး၌ဘုရားသခင်က အစားအစာချပေးသနားတော်မူပြီး သူတို့သည် သွားကောက်ရန်သာဖြစ်ပါသည်။ ထိုနှစ်ပေါင်းများစွာ သူတို့၏အဝတ်အစားနှင့်ဖိနပ်တို့သည် ဆုတ်ယုတ်ဟောင်းနွမ်းသွားခြင်း မရှိခဲ့ပါ။ တိရစ္ဆာန်များကိုမွေးမြူခဲ့ကြပြီး တိရစ္ဆာန်ထွက်ပစ္စည်းများကို လိုအပ်သလိုအသုံးပြုခဲ့ကြ၏။ သူတို့၏အသစ်သောနေထိုင်မှုသည် အသစ်သောစီးပွားရေးလုပ်ငန်းဖြင့် စတင်ကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် မောရှေက သူတို့ဆောင်ရွက်ရမည့်ဘုရားသခင်၏အမှုတော်ကို ပြသသွန်သင်ခဲ့ပါသည်။ သူတို့သည် အဦးသီးသောအသီးများကို ခြင်းတောင်းထဲ၌ထည့်၍ ဘုရားသခင်သတ်မှတ်တော်မူမည့်အရပ်သို့ ယဇ်ပုရောဟိတ်ထံ ယူဆောင်လာကြရပါမည်။ ထိုနေရာသည် တဲတော်တည်ဆောက်မည့်နေရာဖြစ်၍ ဣသရေလသမိုင်းအရ တည်မြဲသောဗိမာန်တော်တည်ရှိမည့်နေရာပင် ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်တို့သည် လူတို့၏ပူဇော်သက္ကာကိုလက်ခံ၍ ဝတ်ပြုကိုးကွယ်ခြင်းတို့၌ ဦးဆောင်မှုပြုကြရပါမည်။ ဘုရားသခင်က ဤပြည်ကိုပေးသနားတော်မူကြောင်း လူတို့သည် ယဇ်ပုရောဟိတ်ရှေ့၌ ဖော်ပြကြရပါမည်။ ပူဇော်သက္ကာပူဇော်စဉ် ဤစကားကိုဦးစွာရွတ်ဆိုကြရပါမည် - “အရပ်ရပ်သို့လှည့်လည်သော ရှုရိအမျိုးသားသည် အကျွန်ုပ်အဘဖြစ်ပါ၏။ သူသည် အဲဂုတ္တုပြည်သို့သွား၍လူအနည်းနှင့်တကွ တည်းခိုစဉ်တွင် ကြီးမားများပြားသောလူမျိုးဖြစ်ပါ၏။ အဲဂုတ္တုလူတို့သည် အကျွန်ုပ်တို့ကိုညှင်းဆဲနှိပ်စက်၍ ကျပ်တည်းစွာကျွန်ခံစေကြ၏။ ဘိုးဘေးတို့ကိုးကွယ်သော ထာဝရဘုရားကို အော်ဟစ်၍လျှောက်ကြသောအခါ ထာဝရဘုရားသည်နားထောင်တော်မူသဖြင့် . . . နို့နှင့်ပျားရည်စီးသောဤပြည်သို့ ပို့ဆောင်၍ပေးသနားတော်မူ၏။ ယခုမှာ အိုထာဝရဘုရား၊ ကိုယ်တော်ပေးသနားတော်မူသောပြည်၌ အဦးသီးသောအသီးကို အကျွန်ုပ်ဆောင်ခဲ့ပါပြီ” (တရား ၂၆း၅-၁၀)။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ကျွန်ုပ်တို့၏စုံလင်ခြင်းအစဉ်ဖြစ်တော်မူ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ပေးသနားတော်မူသောကောင်းကြီးများကို ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ကျွန်တော်လက်ခံရယူပါမည်။

သောကြာ၊ နိုဝင်ဘာ (၁၉)
**တရားဟော ၂၆း၅-၁၀**
ဆာလံ ၁၀၅း၁-၁၅

*"ကိုယ်တော်မြတ်ထာဝရဘုရားသည် ငါတို့ဘုရားသခင်ဖြစ်တော်မူ၏၊ မြေကြီးတပြင်လုံး၌ တရားစီရင်ပိုင်တော်မူ၏"*

# ထွက်မြောက်ရာကျမ်းထဲမှဘုရားသခင်၏တန်ခိုးတော်ပြန်၍ဖော်ပြခြင်း

အဲဂုတ္တုရှင်ဘုရင်သည် မိမိပြည်၌ကြီးစွာသောဘေးဒဏ်များ ကျရောက်ခဲ့သော်လည်း ဣသရေလလူတို့ ထွက်ခွာမည်ကိုကိုးကြိမ်တိုင်တိုင် ဆီးတားခဲ့ပါသည်။ နောက်ဆုံးသောဘေးဒဏ်သည် အဲဂုတ္တုမိသားစုတိုင်း၌ လူနှင့်တိရစ္ဆာန်သားဦးသေဆုံးခြင်းဖြစ်ပါသည်။ ခမည်းတော်ကွယ်လွန်သောအခါ ရာဇပလ္လင်၌ နန်းတက်မည့်အဲဂုတ္တုမင်းသားလည်း ပါဝင်ခဲ့ပါသည်။ ထိုအခါ အဲဂုတ္တုလူတို့သည် ဘုရားသခင်၏သားသမီးများဖြစ်သော ဣသရေလလူတို့ကို ချက်ချင်းမောင်းထုတ်ခဲ့ကြပါသည်။ နယ်ထားသောမုန့်စိမ်းကို တဆေးနှင့်ရော၍ဖုတ်ဖို့အချိန်တောင် မရခဲ့ကြပါ။ အဲဂုတ္တုလူတို့သည် နောက်ထပ်ကပ်ဘေးမကြုံရလေအောင် သူတို့ကိုအဲဂုတ္တုပြည်မှ အမြန်ဆုံးထွက်ခွာကြစေခြင်းငှါ ဆိုကြ၏။

ဤအမှုသည် နောက်ဆုံးအံ့ဘွယ်မဟုတ်သေးပါ။ ထိုအဲဂုတ္တုလူတို့ရှေ့၌ ဘုရားသခင်ပြုတော်မူမည့်အံ့ဘွယ်အမှုတစ်ခုရှိသေး၏။ ဘုရားသခင်ကမိမိ၏တန်ခိုးတော်အားဖြင့် ပင်လယ်နီကိုထက်ခြမ်းကွဲစေတော်မူပြီး ခြောက်သောမြေပြင်ပေါ်မှ ဣသရေလလူတို့သည် ကျော်ဖြတ်သွားခဲ့ကြ၏။ အဲဂုတ္တုစစ်သားတို့သည်သူတို့ကိုလိုက်ဖမ်းခြင်းငှါ လိုက်လာကြသောအခါ ဘုရားသခင်က ရေကိုပြန်ပေါင်းစည်းစေသဖြင့် သူတို့အားလုံးသည်ရေနစ်သေခဲ့ကြ၏။ ဘုရားသခင်၏လူတို့သည် မောရှေနှင့်မိရိယံဦးဆောင်လျက် အောင်နိုင်ခြင်းသီချင်းဆိုခဲ့ကြပါသည်။ ဤသို့ဖြင့်ခရီးဆက်၍ ဂတိတော်ပြည်ကို ဝင်ရောက်သိမ်းပိုက်ခြင်းငှါ ယော်ဒန်မြစ်ကိုမကျော်ဖြတ်မီ နောက်ဆုံးစခန်းချလျက်နေခဲ့ကြ၏။ သူတို့သည် နောက်ပြန်ကြည့်၍ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများကို ပြန်လည်ရေတွက်ရမည်ဖြစ်ပါသည်။ ဂတိတော်ပြည်သို့ဝင်ရောက်နေထိုင်ကြသောအခါ ပထမဆုံးအကြိမ်ရိတ်သိမ်းခြင်းပြုကြသောအခါ သူတို့သည် ဘုရားသခင်ကိုမမေ့လျော့ရပါ။ မိန့်တော်မူသည်အတိုင်း ပူဇော်သက္ကာကိုပေးရပါမည်။ ဣသရေလသည် သူတို့အတွက် ဘုရားသခင်ပြုတော်မူသောအမှုများကြောင့် ကျေးဇူးတော်မချီးမွမ်းဘဲနေ၍မရပါ။

ထိုပြည်၏အသီးကောင်းကြီးမင်္ဂလာသည်လည်း ဘုရားသခင်ထားခဲ့သောဂတိတော်ပြည်ဖြစ်ပါသည်။ ဘုရားသခင်သည် ဣသရေလကိုနို့နှင့်ပျားရည်စီးသောပြည်သို့ ခေါ်ဆောင်ခဲ့ပါသည်။ ဆိုလိုသည်မှာ စားကောင်းသောက်ဖွယ်ထုတ်လုပ်ပေးသော မြေသြဇာအလွန်ကောင်းသောမြေကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ ယနေ့တွင် ထိုပြည်သည်များသောအားဖြင့် သဲကန္တရဖြစ်သော်လည်း ခေတ်သစ်နည်းပညာများအသုံးပြု၍ စိုက်ပျိုးရေးပြုလုပ်ခြင်းဖြင့် များစွာသောအစားအစာထုတ်လုပ်ပေးလျက်ရှိပါသည်။ ထိုပြည်သည် ရှေးခေတ်စိုက်ပျိုးနည်းစနစ်၌လည်း ဘုရားသခင်အတူပါရှိတော်မူသောကြောင့် အလွန်ဖြစ်ထွန်းသောမြေဖြစ်ခဲ့ပါသည်။ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာဖြစ်ကြောင်း သိမှတ်ခြင်းဖြင့် အဦးသီးသောအသီးများကို ဘုရားသခင်ထံယူဆောင်လာကြရပါမည်။

**ဆင်ခြင်ရန်** - ကျေးဇူးသိတတ်ခြင်းသည် ဖြောင့်မတ်သောသူ၏အကျင့်လက္ခဏာဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကိုအစဉ်အောက်မေ့သတိရမည်အကြောင်း မစတော်မူပါ။

စနေ၊ နိုဝင်ဘာ (၂၀)
**တရားဟော ၂၆း၁၁**
ယေရမိ ၃၂း၂၆-၂၈

*"ငါ ထာဝရဘုရားသည် ခပ်သိမ်းသောသတ္တဝါတို့ကို အစိုးရသောဘုရားသခင်ဖြစ်၏။ ငါမတတ်နိုင်သောအရာတစုံတခုရှိလိမ့်မည်လော"*

# ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကိုသိမှတ်ခြင်း

ယဇ်ပုရောဟိတ်ထံ အဦးသီးသောအသီးများကို ယူဆောင်လာသောအခါ၊ သူသည်ယူ၍ ဘုရားသခင်၏ယဇ်ပလ္လင်ရှေ့၌ချထားရပါမည်။ ဘုရားသခင်သည် မိမိဂတိတော်၌သစ္စာရှိတော်မူသောကြောင့် ကျေးဇူးတော်ချီးမွမ်းခြင်းပြုရပါမည်။

ပြန်ကြည့်လျှင်၊ ဘုရားသခင်သည် အဲဂုတ္တုပြည်၌ဣသရေလကို လူမျိုးကြီးဖြစ်စေခြင်းငှါ ပြင်ဆင်သောကာလဖြစ်ပါသည်။ ယာကုပ်သည် အဲဂုတ္တုပြည်သို့မိသားစုတစုအနေဖြင့် ဝင်ရောက်ခဲ့ပါသည်။ ဘုရားသခင်က ထိုပြည်သို့ယောသပ်ကိုရှေးဦးစွာခေါ်ဆောင်ခဲ့ပါသည်။ ထိုပြည်သို့အရောက်ပို့ခဲ့သောအခြေအနေဖြစ်ရပ်သည် ဝမ်းနည်းစရာကောင်းသော်လည်း၊ ယာကုပ်သည် ဘုရင့်ဖိတ်ကြားခြင်းဖြင့် ထိုအရပ်သို့ရောက်ရှိလာခဲ့၏။ သူ၏မိသားစုအား အဲဂုတ္တုပြည်၏အကောင်းဆုံးနေရာကို နေထိုင်စရာအဖို့ပေးခဲ့ပါသည်။ အဲဂုတ္တုပြည်သို့ဝင်ရောက်သောလူဦးရေသည် ၇၅ ဦးဖြစ်သော်လည်း၊ နှစ်ပေါင်း ၄၃၀ တွင် များစွာကြီးပွားများပြားခဲ့ကြ၏။ တောလည်ရာကျမ်း ၂၂း၅ တွင် ဗာလက်မင်း၏အဆိုအရ၊ သူတို့သည် "မြေမျက်နှာကို ဖုံးလွှမ်းလျက်"ရှိကြ၏။ ဤကျမ်းထဲ၌ အသီးသီးသောအုပ်စုတို့၏ အရေအတွက်ကိုဖော်ပြထားသော်လည်း၊ အဲဂုတ္တုပြည်မှထွက်မြောက်လာခဲ့သော ဣသရေလလူတို့၏ အရေအတွက်မှာ ခန့်မှန်းခြေအားဖြင့် ၂ သန်းရှိပါသည်။ အဲဂုတ္တုလူတို့သည် သူတို့၏ကြီးမားသောအရေအတွက်ကြောင့် ကြောက်ရွံ့ခြင်းရှိ၍ ညှဉ်းဆဲခဲ့ကြပြီး၊ သားဦးယောကျ်ားလေးများကိုပင် သတ်ခဲ့ကြ၏။ ဘုရားသခင်၏သားသမီးတို့သည် ဘုရားသခင်ထံအော်ဟစ်ကြသောအခါ၊ ဘုရားသခင်သည် နားထောင်တော်မူ၏။

ထွက် ၂း၂၄ ထဲတွင်၊ ဘုရားသခင်သည် အာဗြဟံ၊ ဣဇာက်နှင့်ယာကုပ်ထံပြုခဲ့သော မိမိ၏ပဋိညာဉ်ကိုအောက်မေ့တော်မူကြောင်း ဖော်ပြခဲ့ပါသည်။ ထွက် ၃း၉ ထဲတွင်၊ ဘုရားသခင်က မောရှေအား ဣသရေလလူတို့၏အော်ဟစ်သံကို ကြားတော်မူ၍၊ အဲဂုတ္တုလူတို့၏ညှဉ်းဆဲခြင်းသူတို့ခံရခြင်းကို သိမြင်တော်မူကြောင်း မိန့်တော်မူ၏။ ထို့ကြောင့် မောရှေအားဖာရောဘုရင်ထံသို့သွား၍ ဣသရေလလူတို့အား အဲဂုတ္တုပြည်မှထွက်ခွာစေခြင်းငှါ တောင်းလျှောက်ရန်ခိုင်းစေခဲ့ပါသည်။ သိထားသည့်အတိုင်း၊ အဲဂုတ္တုဘုရင်သည် ခွင့်မပြုခဲ့ပါ။ သို့သော်လည်း၊ ဘုရားသခင်ကသူတို့ကို ခေါ်ထုတ်ခဲ့ပြီး တန်ခိုးတော်ကိုပြသခဲ့ပါသည်။ ဘေးဒဏ်ဆယ်ပါးကိုကျရောက်စေခဲ့၏။ ဘုရားသခင်ပြုတော်မူသောအရာဖြစ်၍ အလွန်ခံရခက်သောဘေးဒဏ်ဖြစ်ပါသည်။ မောရှေက ဤအမှုအရာတို့ကို ဣသရေလလူတို့ထံ ပြောကြားလျက်၊ နယ်မြေသစ်တွင်နေထိုင်ကြသောအခါ ဘုရားသခင်ကို အောက်မေ့ကြရန် တိုက်တွန်းခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အုံ့ဘွယ်တန်ခိုးသည် မကုန်ဆုံးနိုင်ပါ။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ကိုမကိုးစားဘဲမနေမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၂၁)
**တရားဟော ၂၆း၁၂-၁၉**
လုကာ ၆း၃၈

*"သူတပါးအား ပေးကြလော့။ ပေးလျှင် သူတပါးသည် သင်တို့အားပေးကြလိမ့်မည်"*

# ဆယ်ဘို့တဘို့ပေးခြင်းနှင့်ပညတ်တော်စောင့်ရှောက်ခြင်း

ဆယ်ဘို့တဘို့နှင့် အဦးသီးသောအသီးတို့သည် မိန့်တော်မူသည်အတိုင်း ဘုရားသခင်ထံ ယူဆောင်လာရမည့်ပူဇော်သက္ကာဖြစ်ပါသည်။ ဘုရားသခင်၏အိမ်တော်သို့ ယူဆောင်လာသော ပူဇော်သက္ကာတို့သည် ဧည့်သည်များ (ဆင်းရဲသောသူ)၊ လေဝိအမျိုးသား (ဝိညာဉ်ရေးရာအမှုတော်ဆောင်များ)၊ မိဘမဲ့နှင့်မုဆိုးမများအတွက်ဖြစ်ပါသည်။ သခင်ယေရှုက ဆင်းရဲသောသူတို့သည် ကျွန်တော်တို့နှင့်အတူအမြဲရှိပါ၏ဟု ဆိုခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်က ကျွန်ုပ်တို့ကိုကောင်းကြီးပေးလျှင် သူတို့ကိုဆာလောင်စွာထွက်မသွားစေပါနှင့်။

အဦးသီးသောအသီးများပေးကမ်းရန်နှင့် ဆယ်ဘို့တဘို့ပေးကမ်းရန် မိန့်တော်မူထားပါသည်။ ဣသရေလသည် ဂတိတော်ပြည်၌ အခြေချပြီးနောက် သုံးနှစ်မြောက်မှစ၍ ဆယ်ဘို့တဘို့ကို စတင်ပေးကြရပါမည်။ ဤသည်ကား ဣသရေလအတွက် ထာဝရပညတ်ချက်ဖြစ်ခဲ့ပါသည်။ သင်၏ဆယ်ဘို့တဘို့ကိုသင်ပေးပါသလား။ ဂတိတော်ပြည်၌နေထိုင်ကြသောအခါ ဣသရေလလူတို့အတွက် ဘုရားသခင်၏ပညတ်တရားအောက်မှေ့လိုက်လျှောက်ခြင်းသည် သူတို့၏နေ့စဉ်အသက်တာဖြစ်ရမည်အကြောင်း တိုက်တွန်းထားပါသည်။ ဘုရားသခင်ထံမှကောင်းကြီးမင်္ဂလာတောင်းလျှောက်ကြသည်နည်းတူ၊ ဘုရားသခင်၏ပညတ်တရားကို စိတ်နှလုံးအကြွင်းမဲ့လိုက်လျှောက်၍ ဘုရားသခင်ကို ချစ်ကြရပါမည်။ ထိုအခါ၊ ဘုရားသခင်သည် ဣသရေလကိုကြီးမြတ်သောလူမျိုးဖြစ်စေတော်မူမည်။ အခြားလူမျိုးများအထက်တွင် သူတို့သည် သန့်ရှင်းသောလူမျိုးဟု ချီးမြှောက်ခြင်းခံရကြမည်။

ယနေ့အသင်းတော်တွင်၊ ဝိညာဉ်ရေးရာအမှုတော်ဆောင်သည် သင်းအုပ်ဆရာဖြစ်ပါသည်။ စပါးနင်းနယ်သောနွားကဲ့သို့၊ သင်းအုပ်ဆရာကိုလည်း အစားမစာဘဲမထားရပါ။ ဘုရားသခင်ထံမှ သင်ခံစားရသောကောင်းကြီးမင်္ဂလာဖြင့် သင်းအုပ်ဆရာကိုထောက်ပံ့ပါလော့။ ယုံကြည်သူတို့သည် အာဗြဟံ၏သားသမီးဖြစ်ကြသကဲ့သို့ ထိုသို့ပါဝင်ရသောအခွင့်ကို ရရှိထားကြပါသည်။

ဘုရားသခင်အတွက် အမှုပြုခြင်းသည် ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသောသူအပေါင်းတို့အတွက် အဓိကကျပါ၏။ ဘုရားသခင်၏ဂတိတော်သည် တည်လျက်ရှိပါ၏။ ဘုရားသခင်၏ စကားကိုနာခံခြင်းငှါ ဆုံးဖြတ်ချက်ချ၍ပြုသင့်သောအမှုတော်ကို ဆောင်ရွက်ပါလော့။ ထိုအမှုကို ရိုးသားစွာကြိုးစားဆောင်ရွက်ပါလော့။ လိုအပ်သောသူတို့ကိုကူညီခြင်းသည် သင့်အားဖြင့်ဘုရားသခင်က အမှုပြုတော်မူခြင်းဖြစ်ပါသည်။ ဒုတိယမွေးဖွားခြင်းခံရသောသူကသာလျှင် ဘုရားသခင်မိန့်တော်မူချက်ကို ဆောင်ရွက်နိုင်၏။ ဘုရားသခင်သည် ကောင်းမြတ်တော်မူသည်ဖြစ်သောကြောင့် သင်သည် ဘုရားသခင်ထံဘယ်အရာကိုယူဆောင်လာပါမည်နည်း။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်အတွက် ပေးလှူခြင်းသည်ကျွန်တော်တို့ပြုရမည့်တာဝန်ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်သည်ကြီးမြတ်သောထောက်ပံ့သူဖြစ်တော်မူသောကြောင့်၊ ကိုယ်တော်၏အိမ်တော်၌လိုအပ်ချက်ဟူ၍ မရှိသောကြောင့် ကိုယ်တော့်ကိုချီးမွမ်းပါ၏။

*"ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။
ဘုရားသခင်ကိုကိုးကွယ်သောသူသည်
နံဝိညာဉ်နှင့်ဂုင်း၊ သစ္စာနှင့်ဂုင်း ကိုးကွယ်ရမည်"*

# ခါနာန်ပြည်၌ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဝိညာဉ်ရေးရာသင်ခန်းစာများ

မောရှေသည် ခါနာန်ပြည်သို့ဝင်ရောက်တော့မည့် ဣသရေလလူတို့ကို အသေးစိတ်လမ်းညွှန်ချက်ပေးခဲ့ပါသည်။ ပထမဆုံးသူတို့ပြုလုပ်ရမည်မှာ သံတန်ဆာနှင့်မထိမတွေ့သောကျောက်တို့ဖြင့် ယဇ်ပလ္လင်တည်ဆောက်ခြင်းဖြစ်ပါသည်။ ဤသည်ကား သမိုင်းတွင်သော ယော်ဒန်မြစ်ဖြတ်ကူးခြင်း အောက်မေ့ခြင်းဖြစ်ပါသည်။ ထို့ပြင် မီးရှို့ရာယဇ်ပလ္လင်ကိုလည်း တည်ဆောက်ကြရပါမည်။ ဣသရေလအမျိုးဆယ့်နှစ်မျိုးတို့သည် နှစ်ဖွဲ့ခွဲ၍ တဖွဲ့သည် ဂေရဇိမ်တောင်ပေါ်မှာ ကောင်းကြီးပေးခြင်းကို ဟစ်ကြော်၍၊ တဖွဲ့သည် ဧဗလတောင်ပေါ်မှာ ကျိန်ခြင်းကို ဟစ်ကြော်ကြရမည်။ ဤသည် ကား သူတို့နှင့်ဘုရားသခင်ဆက်သွယ်ခြင်းနည်းလမ်းဖြစ်ပါသည်။

ယော်ဒန်မြစ်ဖြတ်ကျော်ခြင်းအောက်မေ့ခြင်းအမှုသည် ပထမဆုံးဝတ်ပြုခြင်းအမှုဖြစ်ပါသည်။ ဣသရေလအစဉ်သတိရအောက်မေ့ရမည်မှာ ဘုရားသခင်နှင့်ပညတ်တရားကို အောက်မေ့၍ လိုက်လျှောက်ကြရပါမည်။ ရှေးဦးစွာအမိန့်တော်ကို နာခံကြရပါမည်။ မေးခွန်းထုတ်စရာရှိလျှင် နောက်မှမေးမြန်းရပါမည်။ နှစ်ပေါင်းလေးဆယ်လုံးလုံး စောင့်မျှော်နေသော ဂတိတော်ပြည်သို့ ဣသရေလသည်ဝင်ရတော့မည်ဖြစ်၏။ မောရှေသည် ယော်ဒန်မြစ်ကိုမဖြတ်ကူးဘဲ၊ သည်ဘက်ကမ်းတွင်ကွယ်လွန်မည်ဖြစ်ပါသည်။ ယောရှုသည် ဣသရေလကိုဦးဆောင်ခြင်းငှါ ဘိသိက်ခြင်းခံရပြီဖြစ်ပါသည်။ ခေါင်းဆောင်သစ်၏တာဝန်မှာ မောရှေအားဖြင့်ဘုရားသခင်မိန့်တော်မူသော အရာမှန်သမျှကိုလိုက်လျှောက်ကြရန် တိုက်တွန်းခြင်းဖြစ်ပါသည်။ ထို့ပြင် မောရှေသည် ဘုရားသခင်၏ပညတ်တော်တရားတို့ကို ကျောက်ပေါ်၌ရေးသားစေခဲ့ပါသည်။ ယောဒန်မြစ်ဖြတ်ကူးသောနေရာ၌ ကျောက်တိုင်စိုက်ထူခြင်းသည် ဘုရားသခင်ပြုတော်မူသောအမှုကို အောက်မေ့စေရန်ဖြစ်၍၊ ရေးသားထားသောစကားလုံးတို့သည် အစဉ်သက်သေခံပါလိမ့်မည်။

ခါနာန်ပြည်၌ ဝတ်ပြုကိုးကွယ်ရာနေရာကို ဣသရေလထံဖော်ပြခဲ့ပါသည်။ ဧဗလတောင်ပေါ်၌လည်း ကျောက်ကိုထူထောင်၍ အင်္ဂတေနှင့်မွမ်းမံပြီး၊ ဘုရားသခင်ထံယဇ်ပလ္လင်တော်တည်ကြရပါမည်။ ကျောက်များကို သံတန်ဆာဖြင့် မထိစေရဘဲ၊ သဘာဝကျောက်အတိုင်း ဖြစ်ရပါမည်။ ထိုပလ္လင်ပေါ်တွင် မီးရှို့ရာယဇ်ကိုဘုရားသခင်အတွက် ပူဇော်ကြရပါမည်။ မိဿဟာယယဇ်ကိုလည်း ပူဇော်၍ဘုရားသခင်ရှေ့၌ ပျော်မွေ့ခြင်းကိုပြုကြရပါမည်။ ပညတ်တော်တရားတို့ကို ကျောက်ပေါ်တွင်ထင်ရှားစွာ ရေးသားကြရပါမည်။ ဘုရားသခင်ကိုရိုသေလျက်၊ အတူပါရှိတော်မူခြင်းကို အောက်မေ့ကြရပါမည်။

**ဆင်ခြင်ရန်** - ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို အမှတ်ရခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏နေ့မြတ်ကို ဝတ်ပြုကိုးကွယ်ခြင်းအတွက်သာ အသုံးပြုလိုပါ၏။

အင်္ဂါ၊ နိုဝင်ဘာ (၂၃)
**တရားဟော ၂၇း၁-၈**
၅ ရာ ၁၆း၁၂-၂၉

*"ထာဝရဘုရား၏နာမတော်သည်*
*ဘုန်းကြီးတော်မူသည်ဟု ဝန်ခံကြလော့"*

# ရေးသားထားသောတရားနှင့်စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်း

ယဇ်ပလ္လင်ကျောက်ပေါ်၌ ရေးသားထားသောစာသည် ပညတ်တော်ဆယ်ပါးနှင့်အဓိက ကျမ်းပိုဒ်များဖြစ်နိုင်ပါသည်။ ဤအချက်က ဣသရေလအားသူတို့ဝတ်ပြုသောပုဂ္ဂိုလ်သည် စစ်မှန်သော ဘုရားသခင်ဖြစ်တော်မူကြောင်း အမှတ်ရစေပါ၏။ ဘုရားသခင်မိန့်တော်မူသောအရာများကို သူတို့သည် အစဉ်နာခံလိုက်လျှောက်ကြရပါမည်။

မှတ်သားရမည်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်၍ ဘယ်တော့မှ ပြောင်းလဲခြင်းမရှိကြောင်း သိမှတ်ရပါမည်။ ထို့ပြင် ကမ္ဘာဦးကျမ်းမှတရားဟောရာကျမ်းအထိ မောရှေ ရေးသားကြောင်း ထင်ရှားစေခဲ့ပါ၏။ ထိုအရေးအသားတို့ကို ကျမ်းပြုဆရာတို့က သေချာစွာကူးယူ၍ မျိုးဆက်တိုင်း လက်ဆင့်ကမ်းခဲ့ကြ၏။ ဤနည်းကိုဘုရားသခင်က မိမိနှုတ်ကပတ်တော်ကို မည်သို့ လက်ဆင့်ကမ်းသည်ဟူသောအချက်ထက်ပို၍ အရေးကြီးသောအရာကား၊ ဘုရားသခင်က မိမိ၏ နှုတ်ကပတ်တော်ကို ထာဝရထိန်းသိမ်းစောင့်ရှောက်မည်ဟု ဂတိထားတော်မူ၏။ မောရှေခေတ်တွင် ယခုကျောက်ပေါ်၌ရေးသားခဲ့ပြီး၊ ထိုအရေးအသားကို ယနေ့ကျွန်ုပ်တို့ခေတ်၌ရှိပါ၏။ ဣသရေလ ကူးယူသောနှုတ်ကပတ်တရားသည် ပညတ္တိကျမ်းဖြစ်၍ မောရှေရေးသားထားသောအရာကို ပြန်၍ ဖော်ထုတ်ခြင်းဖြစ်ပါသည်။

ထိုရေးထွင်းထားသောတရားက သူတို့၏ယဇ်ပလ္လင်သည် စစ်မှန်သောဘုရားသခင်အား ကိုးကွယ်ခြင်းအတွက် ဆက်ကပ်ထားကြောင်း သတိပေးလျက်ရှိပြီး၊ ခါနာန်လူတို့၏ရုပ်တုဆင်းတုကို သူတို့မထိရကြပါ။ ထိုရုပ်တုများကိုဖျက်ဆီးခြင်းငှါ မိန့်တော်မူ၏။ နယ်မြေသစ်သို့ဝင်ရောက်ရောက်ချင်း ဝတ်ပြုကိုးကွယ်ခြင်းကိုပြုရန် ဣသရေလသည် မိန့်တော်မူခြင်းခံရ၏။ ဘုရားသခင်က ယော်ဒန်မြစ်ဖြတ်ကူးချိန်အထိ သူတို့ကိုမန္နမုန့်ဖြင့် ကျွေးမွေးခဲ့ပြီးနောက်၊ ကောင်းကင်မှမုန့်သည် ကုန်ဆုံးခဲ့ပါသည်။ ဣသရေလ၏ဝတ်ပြုကိုးကွယ်ခြင်းနှင့်ယဇ်ပလ္လင်တို့သည် ခါနာန်လူတို့ပြုသောအရာနှင့် ခြားနားမှုရှိရပါမည်။ ထိုဘုရားကိုမသိသောသူတို့သည် နတ်ဆိုးနှင့်ရုပ်တုတို့ထံ ယဇ်ပူဇော်ခဲ့ကြ၏။ ဤသည်ကား ဘုရားသခင်ရှေ့၌ရွံရှာစရာဖြစ်သောကြောင့်၊ ဣသရေလသည်ထိုသူတို့၏ ရုပ်တုများကို ဖျက်ဆီးခြင်းငှါလည်း၊ သူတို့၏ဝတ်ပြုနည်းကို အတုမယူခြင်းငှါလည်း မိန့်တော်မူခြင်းခံရ၏။ ယော်ဒန်မြစ်နှင့်ဧဗလတောင်ပေါ်၌ သူတို့စိုက်ထူမည့်ကျောက်တိုင်တို့သည် ဘုရားသခင်၌တည်သောသူတို့၏ ယုံကြည်ခြင်းနှင့်ဝတ်ပြုခြင်း၏သက်သေဖြစ်ပါသည်။ ခါနာန်၌အခြေချနေထိုင်သောအခါ ဝတ်ပြုကိုးကွယ်ရမည့်နေရာကို ဘုရားသခင်ကမောရှေအားဖြင့် ဖော်ပြတော်မူခဲ့ပြီးဖြစ်ပါသည်။ မောရှေ၊ ယဇ်ပုရောဟိတ်တို့နှင့်လေဝိအမျိုးတို့က သူတို့သည်ဘုရားသခင်၏လူဖြစ်ကြသောကြောင့် သတိပြုရကြမည်အကြောင်း သတိပေးခဲ့ပါသည်။

**ဆင်ခြင်ရန်** - စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်၏သမ္မာတရားနှင့် မှန်ကန်စွာ အနက်ဖွင့်ခြင်း၌တည်မှီလျက်ရှိပါ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်မိန့်တော်မူသည်အတိုင်း ကိုယ်တော်၏နာမတော်ထင်ရှားခြင်းအတွက် ကိုယ်တော်ကိုဝတ်ပြုကိုးကွယ်လိုပါ၏။

*“မိမိနိုင်ငံတော်နှင့်ဘုန်းတော်ထဲသို့ သင်တို့ကိုခေါ်သွင်းတော်မူသောဘုရားသခင်နှင့်အထိုက်အလျောက် သင်တို့သည်ကျင့်ဆောင်စေခြင်းငှါ. . . ”*

# ပညတ်တရားကိုလိုက်လျှောက်ခြင်းငှါ တိုက်တွန်းခြင်း

မောရှေသည် ဘုရားသခင်၏ပညတ်တရားများကို ဣသရေလလူတို့က လွယ်ကူစွာချိုးဖောက်တတ်ကြကြောင်းသိသဖြင့်၊ ဘုရားသခင်၏ပညတ်တော်နာခံလိုက်လျှောက်ရမည်အကြောင်း အကြိမ်ကြိမ်တိုက်တွန်းခြင်းဖြစ်ပါသည်။ တရား ၂၇း၉-၁၀ ထဲတွင်၊ မောရှေနှင့်ယဇ်ပုရောဟိတ်နှင့် လေဝိအမျိုးသားတို့က နာခံလိုက်လျှောက်ဖို့လိုအပ်ခြင်းအကြောင်းကို ရှင်းလင်းစွာဖော်ပြခဲ့ကြပါသည်။

ဤကျမ်းပိုဒ်နှစ်ပိုဒ်ကို လေ့လာလျက် Guzik က အောက်ပါအချက်သုံးချက်ကိုဖော်ထုတ်ခဲ့ပါသည် -

(၁) “တဖန် မောရှေနှင့်ယဇ်ပုရောဟိတ်များ၊ လေဝိသားများတို့က . . . ဣသရေလအမျိုးသားအပေါင်းတို့အားပြောဆိုကြ၏” (တရား ၂၇း၉)။ တရားဟောရာကျမ်း၏အများစုကို ရှေးရှင်ဘုရင်နှင့်သူ၏လက်အောက်ခံအကြား ဆက်ဆံသကဲ့သို့သောနည်းလမ်းဖြင့် ရေးသားခဲ့ပါသည်။ ဆိုလိုရင်းရှင်းလင်းလှပါ၏။ ဘုရားသခင်သည် ရှင်ဘုရင်ဖြစ်၍၊ ဣသရေလလူတို့သည် သူ၏လက်အောက်ခံဖြစ်ကြပါသည်။ ဘုရားသခင်က သူတို့ထံမှမိမိ၏မျှော်လင့်ချက်ကို ဖော်ပြ၍၊ မိမိထံမှသူတို့မျှော်လင့်မည့်အရာကိုလည်း ဖော်ပြခဲ့ပါသည်။

(၂) “ယနေ့သင်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ လူမျိုးဖြစ်လေပြီ” (တရား ၂၇း၉)။ ယခုအခါ သဘောတူညီချက်၊ ဣသရေလ၏လက်ခံသဘောတူချက်ကို တွေ့ရပါသည်။ ဣသရေလသည် ဘုရားသခင်အားမိမိ၏ရှင်ဘုရင်အဖြစ် သိမှတ်လျက်၊ လိုလိုလားလားဖြင့် ဘုရားသခင်ထာဝရဘုရားထံ မိမိကိုယ်ကိုဆက်ကပ်ခဲ့ပါသည်။

(၃) “သို့ဖြစ်၍ သင်၏ဘုရားသခင်ထာဝရဘုရား၏ စကားတော်ကိုနားထောင်ရမည်။ . . . စီရင်ထုံးဖွဲ့တော်မူချက်တို့ကို ကျင့်ရမည်” (တရား ၂၇း၁၀)။ ထာဝရဘုရားသည် ကျွန်ုပ်တို့၏ ရှင်ဘုရင်ဖြစ်တော်မူလျှင်၊ သူ၏စကားကိုနာခံရမည်မှာ ဖြစ်ထိုက်ဖြစ်သင့်သောအရာဖြစ်ပါသည်။ မောရှေနှင့်ဣသရေလခေါင်းဆောင်အပေါင်းတို့က ထိုအချက်ကိုသေချာရှင်းလင်းစွာ ဖော်ပြခဲ့ကြပါသည်။

ဤနှိုးဆော်တိုက်တွန်းခြင်းကို ဆန့်ကျင်သောသူသည် အပြစ်ကိုကျူးလွန်၏။ ဤတရားကို မောရှေသည်တောလည်ရာကျမ်း၌ ကောင်းစွာတွေ့ရှိခဲ့ပြီး၊ နာခံခြင်း၏အရေးကြီးမှုကို အထူးဖော်ပြခဲ့ပါသည်။ မနာခံခြင်းသည် ဣသရေလ၌သာတွေ့ရသည်မဟုတ်၊ လူတိုင်း၏ပြဿနာဖြစ်ပါသည်။ ဤသည်ကား လူတို့၏ပျက်စီးယိုယွင်းမှုကြောင့်ဖြစ်ပါသည်။ သမ္မာကျမ်းစာက ဘုရားသခင်၏စကားကို နာမခံခြင်းငှါသွေးဆောင်ခြင်းသို့မလဲကျခြင်းငှါ ပြင်းထန်စွာသတိပေးလျက်ရှိပါသည်။ ဤတရားသည်၊ ချစ်သောစာဖတ်သူ၊ ယနေ့သင့်အတွက်ဖြစ်ပါ၏။

**ဆင်ခြင်ရန်** - သန့်ရှင်းခြင်းက စစ်မှန်သောနာခံခြင်းကိုဖြစ်စေ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဆုံးမသွန်သင်မှုကို ကျွန်တော်သေချာလိုက်နာလိုပါ၏။

ကြာသပတေး၊ နိုဝင်ဘာ (၂၅)
**တရားဟော ၂၇း၁၁-၂၆**
ဂလာတိ ၃း၂၃-၂၇

*"ငါတို့သည် ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှါ ပညတ်တရားသည်ခရစ်တော်ထံသို့ ငါတို့ကိုပို့ဆောင်၍ ငါတို့၏အထိန်းဖြစ်သတည်း"*

---

# ဣသရေလအတွက်ဝိညာဉ်သင်ခန်းစာ

ကျိန်ခြင်းဖြင့် ကောင်းကြီးမင်္ဂလာကိုဟစ်ကြော်ခြင်းငှါ ဣသရေလအမျိုးတို့ကို နှစ်ဖွဲ့ခွဲထားပါသည်။ အဲဂုတ္တုပြည်မှထွက်ခွာချိန်မှစ၍ ဣသရေလကိုဦးဆောင်မှုပြုသောသူသည် မောရှေဖြစ်ပါသည်။ အခက်အခဲမျိုးစုံကိုကျော်ဖြတ်၍ ခရီးဆက်လျက်၊ နှစ်ပေါင်းလေးဆယ်ကြာပြီးနောက် ခါနာန်ပြည်သို့ဝင်ရောက်ရတော့မည်မှာ လွယ်ကူသောအမှုမဟုတ်ခဲ့ပါ။ သို့သော်လည်း ဘုရားသခင်သည် သူတို့ကို လမ်းပြတော်မူသဖြင့်၊ ယခုအခါ ပန်းတိုင်ကိုရောက်လာခဲ့ကြပါသည်။ များပြားလှသော ထိုလူအုပ်ကြီးဦးဆောင်ခြင်း၌ကြီးမားသောအရည်အချင်းလိုအပ်ပါ၏။ အစတွင် မောရှေသည်အခက်အခဲများစွာကြုံတွေ့ခဲ့ရ၏။ ထွက်မြောက်ရာကျမ်း ၁၈ ထဲတွင်၊ သူ၏ယောက္ခမက အကောင်းဆုံးအကြံပေးသောအခါ အခက်အခဲကိုအောင်နိုင်ခဲ့ပါသည်။ ထိုအခါ၊ လူမျိုးဆယ့်နှစ်မျိုးအတွက် ခေါင်းဆောင်များခန့်အပ်ခဲ့ပြီး၊ သူတို့လက်အောက်၌ အယောက်ငါးဆယ်အုပ်ချုပ်သောသူအထိ ခန့်အပ်ခဲ့ပါသည်။ တောထဲ၌ခရီးဆက်စဉ် သူတို့၏စခန်းချခြင်းသည် အမျိုးအလိုက် သေချာစွာနေရာချထားပါသည်။ ယခု ခါနာန်ပြည်သို့ဝင်ရတော့မည့်အချိန်တွင်၊ မောရှေက ဂေရဇိမ်တောင်ပေါ်သို့ရပ်လျက် ကောင်းကြီးမင်္ဂလာဟစ်ကြော်မည့်သူနှင့် ဧဗလတောင်ပေါ်၌ရပ်လျက် ကျိန်ခြင်းဟစ်ကြော်မည့်သူများကို ခန့်အပ်သတ်မှတ်ခဲ့ပါသည်။ "သင်တို့သည် ယော်ဒန်မြစ်ကိုကူးသောနောက်၊ လူများတို့အား ကောင်းကြီးပေးခြင်းအလိုငှါ ဂေရဇိမ်တောင်ပေါ်မှာရပ်ရသောသူဟူမူကား၊ ရှိမောင်၊ လေဝိ၊ ယုဒ၊ ဣသခါ၊ ယောသပ်၊ ဗယ်္ကာမိန်တည်း။ ကျိန်ခြင်းအလိုငှါ ဧဗလတောင်ပေါ်မှာရပ်ရသောသူဟူကား ရုဗင်၊ ဂဒ်၊ အာရှာ၊ ဇာပုလုန်၊ ဒန်၊ နဿလိတည်း" (တရား ၂၇း၁၂-၁၃)။ လေဝိအမျိုးသားတို့သည် ဣသရေလလူအပေါင်းတို့ထံ ကြီးသောအသံနှင့်ဟစ်ကြော်ကြရပါမည်။

ကျိန်ခြင်းအမှုများကိုအပိုဒ်ငယ် ၁၅ မှ ၂၆ ထဲတွင်ဖော်ပြထားပါသည်။ ဟစ်ကြွေးရမည့် ကောင်းကြီးမင်္ဂလာကိုမဖော်ပြသေးပါ။ ဤကျိန်ခြင်းများကိုဘုရားသခင်၏ ပညတ်တော်ချိုးဖောက်သောသူအပေါ် ကျရောက်မည်ဖြစ်၍လူအပေါင်းတို့က "အာမင်" ဟုဝန်ခံကြရပါမည်။

ဤလှုပ်ရှားမှုတိုင်းသည်ဘုရားသခင်အပေါ် မိမိတို့၏တာဝန်ကိုသတိရအောက်မေ့ခြင်းငှါ ဣသရေလအတွက ် ဝိညာဉ်ရေးရာသင်ခန်းစာဖြစ်ပါသည်။ ယခုတွေ့ရသောဓမ္မဟောင်းပညတ်တရားသည် ဘုရားသခင်၏ကယ်တင်ခြင်းအစီအစဉ်နှင့်ဆိုင်သော သင်ခန်းစာပင်ဖြစ်ပါသည်။ ယေရှုကိုယုံကြည်သောသူသည် ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်၏။ ဤသည်ကား ပညတ်တရားနှင့်သတင်းကောင်း၏ ရည်ရွယ်ချက်ဖြစ်ပါသည်။ စစ်မှန်သောသတင်းကောင်းက စစ်မှန်သောကယ်တင်ခြင်းသို့ပို့ဆောင်၏။ သတင်းကောင်း၏အခြေခံတရားများကို သင်နာခံယုံကြည်ပါသလား။

**ဆင်ခြင်ရန်** - စစ်မှန်သောကယ်တင်ရှင် ဘုရားသခင်၏သားတော်ကြွလာတော်မူခဲ့ပြီ။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ကယ်တင်ခြင်း အမှုတော်ကိုအကျွန်ုပ်အားနားလည်သဘောပေါက်စေသောကြောင့် ကျေးဇူးတင်ပါ၏။

သောကြာ၊ နိုဝင်ဘာ (၂၆)
**တရားဟော ၂၈း၁-၁၄**
ဟေဗြဲ ၁၀း၃၅-၃၉

*"ထို့ကြောင့်၊ ကြီးစွာသောအကျိုးနှင့်ယှဉ်သော သင်တို့၏ရဲရင့်ခြင်းစိတ်ကိုမစွန့်ကြနှင့်"*

## ဘုရားသခင်နှင့်အတူကြိုးစားလျှောက်သွားခြင်းကကောင်းကြီးမင်္ဂလာယူဆောင်လာ၏

မောရှေက နာခံခြင်းအကြောင်းကိုအထူးဖော်ပြထားပါသည်။ နာခံခြင်း၏ကောင်းကျိုးနှင့် မနာခံခြင်း၏ဆိုးကျိုးကို အကျယ်တဝင့်ဖော်ပြခဲ့ပါသည်။ ဤကျမ်းပိုဒ်တွင် နာခံခြင်းဖြင့်ရရှိမည့် ကောင်းကြီးမင်္ဂလာတို့ကိုဖော်ပြထားပါသည်။ ဤကောင်းကြီးမင်္ဂလာခံစားဖို့ရန် အဓိကအချက်မှာ ဘုရားသခင်နှင့်အတူ သတိကြီးစွာလျှောက်သွားခြင်းပင်ဖြစ်ပါသည်။ လူမျိုး၏ကြီးမြတ်မှုသည် ဘုရားသခင်၏စကားနာခံခြင်း၌ တည်မှီလျက်ရှိပါ၏။ ဣသရေလသည်စိတ်နှလုံးအကြွင်းမဲ့ဘုရားသခင်နောက်တော်ကိုလိုက်ပါလျှင် ဘုရားသခင်သည် ကောင်းကြီးပေး၍ကောင်းမွန်သော ရာသီဥတုကိုပေးမည်ဖြစ်ပါသည်။

ဣသရေလသည် ဘုရားသခင်၏ပညတ်တော်ကိုကြိုးစားလိုက်လျှောက်သောအခါ၊ ဘုရားသခင်က သူတို့ကိုလူမျိုးတကာအထက်၌ ချီးမြှောက်ပါမည်။ ဘုရားသခင်သည် ဣသရေလကို လူမျိုးကြီးဖြစ်စေမည်အကြောင်း ပြသခြင်းဖြစ်ပါသည်။ ဤအခွင့်ကို ဣသရေလကဘုရားသခင်ကို ကိုယ်တိုင်နာခံမှသာလျှင် ပြည့်စုံမည်ဖြစ်ပါသည်။ ဝိညာဉ်ရေးရာအမှု၌ လျစ်လျူရှုခြင်း၊ ဟန်ဆောင်ခြင်းမရှိရပါ။ ကြိုးစားအားထုတ်မှုသည် သော့ချက်ဖြစ်၍ ဘုရားသခင်၏စကားကိုနာခံမှသာလျှင် ကောင်းကြီးမင်္ဂလာအပေါင်းကျရောက်မည်ဖြစ်၏။ မြို့နှင့်လယ်မြေတို့သည် အရေးကြီးပါ၏။ ထွန်ယက်စိုက်ပျိုးခြင်းဖြင့် လက်မြေကစားစရာထုတ်ပေး၍၊ တိရစ္ဆာန်များကိုမွေးမြူနိုင်ကြ၏။ မြို့က နေစရာပေး၍ ကာကွယ်မှုပေးပါသည်။ ထို့ကြောင့် ဘုရားသခင်က ဤနှစ်ခုကိုကောင်းကြီးပေးခြင်းငှါ ဂတိထားတော်မူ၏။ ဘုရားသခင်က သူတို့၏သားသမီးများ၊ လယ်မြေများနှင့်တိရစ္ဆာန်များကို ကောင်းကြီးပေးမည်ဟု သေချာစွာဖော်ပြခဲ့ပါသည်။ ဆိုလိုသည်မှာ သူတို့၏အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဖြစ်၍၊ လိုအပ်ချက်ရှိမည်မဟုတ်ပါ။

ဘုရားသခင်သည် သူတို့ကိုနေစရာအိမ်နှင့်ခန္ဓာကိုယ်လိုအပ်သောအစားအစာပေးသည့်အပြင်၊ လွတ်လပ်ခြင်းနှင့်ကျော်ကြားခြင်းကိုထပ်၍ ပေးတော်မူခဲ့ပါသည်။ သူတို့သည် အဲဂုတ္တုပြည်၌ ဧည့်သည်ဖြစ်ခဲ့ကြသောကြောင့် ဤအရာတို့ကိုမပိုင်ဆိုင်ခဲ့ဖူးပါ။ ခေတ်အဆက်ဆက်၊ လူနှင့်နယ်မြေနှင့်သူတို့၏တိရစ္ဆာန်အကြား၌ ခိုင်မာသောဆက်ဆံစုဖွဲ့မှုရှိပါ၏။ ဤအရာတို့က အသက်ရှင်ခြင်းဘဝနှင့်ဖြစ်တည်မှုကို ရည်ညွှန်းပါ၏။ လူတို့သည် မိမိတို့ပိုင်ဆိုင်သောအရာနှင့်ဖြစ်တည်မှု၌ ဝါကြွားတတ်ကြ၏။ထိုအခွင့်အရေးကို ဘုရားသခင်၏စကားနာခံလျှင်ပေးမည်ဟု ဣသရေလသည်ဂတိပေးခြင်းခံရ၏။ တောင်းနှင့်စပါးကျီတို့သည် အစားအစာထိန်းသိမ်းသိုလှောင်ခြင်းကို ရည်ညွှန်းပါ၏။ ရာသီတိုင်း သူတို့လိုအပ်သောအရာကိုမထုတ်လုပ်နိုင်ကြသော်လည်း၊ များစွာရိတ်သိမ်းသောအခါ သူတို့သိုလှောင်၍ရပါသည်။ ကောင်းကြီးပေးခြင်းငှါ ဘုရားသခင်ကဂတိထားတော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်ချစ်ခြင်းမေတ္တာတော်သည် ချပေးတော်မူသောကောင်းကြီးမင်္ဂလာ၌ ထင်ရှားလျက်ရှိ၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်အပေါ် သွန်းလောင်းမည့်ကိုယ်တော်ထံမှကောင်းကြီးမင်္ဂလာကိုဘယ်အရာကမျှ မဆီးတားပါစေနှင့်။

စနေ၊ နိုဝင်ဘာ (၂၇)
**တရားဟော ၂၈း၁-၁၄**
ဆာလံ ၂၃

*"ထာဝရဘုရားသည် ငါ၏သိုးထိန်း ဖြစ်တော်မူ၏။ ငါသည်ဆင်းရဲမခံရ"*

## ဘုရားသခင်၏ကွယ်ကာမှုနှင့်ကျွေးမွေးတော်မူခြင်း(၁)

ထိုရှေးခေတ်တွင် ယနေ့ကဲ့သို့နည်းပညာမထွန်းကားခဲ့ပါ။ သို့သော်လည်း ဣသရေလသည် အဲဂုတ္တုပြည်၌အစားအစာကို အချိန်ကြာမြင့်စွာသိုလှောင်ထိန်းသိမ်းထားနည်းကို သင်ယူခဲ့ပါသည်။ ဘုရားသခင်က ယောသပ်ထံဖာရောဘုရင်၏ အိပ်မက်အနက်အဓိပ္ပာယ်ကိုဖော်ပြစဉ် အသီးအနှံပေါများမည့်ခုနစ်နှစ်နှင့် အစာခေါင်းပါးမည့်ခုနစ်နှစ်အကြောင်း ဖော်ပြခဲ့ပါသည်။ ယောသပ်၏အကြံပြုချက်သည် များစွာသီးသောခုနစ်နှစ်မှ အစားအစာများကိုအစာခေါင်းပါးခြင်းခုနစ်နှစ်အတွက် သိုလှောင်ရန်ဖြစ်ပါသည်။ ဤအမှုသည် အလုပ်ဖြစ်၍လူမျိုးအပေါင်းတို့သည် အဲဂုတ္တုပြည်သို့လာရောက်လျက် စပါးဝယ်ယူခဲ့ကြ၏။ ထိုအသိဉာဏ်သည် ဘုရားသခင်ထံမှလာခြင်းဖြစ်ပါသည်။ ထိုပညာကို ဣသရေလသည် ဤနယ်မြေသစ်သို့ယူဆောင်လာပြီး ဘုရားသခင်အတူပါရှိတော်မူခြင်းဖြင့် သူတို့လုပ်ကိုင်သောအမှု၌အောင်မြင်၍ ကောင်းစွာအသက်ရှင်ရကြလိမ့်မည်။

ဘုရားသခင်က သူတို့လုပ်ကိုင်သောအမှု၌ကောင်းကြီးပေး၍ ဂတိထားတော်မူခဲ့၏။ ဤဂတိတော်က ဆာလံသီချင်းရေးစပ်ခြင်း၌ များစွာတွန်းအားပေး၍ ဤဂတိတော်ပုံရိပ်ကို ဆာလံ ၁၂၁ ထဲတွင်ဤသို့တွေ့ရပါသည် - "ငါ့ကိုမစခြင်းအကြောင်းသည် ပေါ်ထွက်ရသောတောင်ရိုးသို့ ငါမြော်ကြည့်၏။ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသော ထာဝရဘုရားထံတော်မှ ငါ့ကိုမစခြင်းအကြောင်းသည် ပေါ်ထွက်ရ၏။ သင်၏ခြေကိုချော်စေခြင်းငှါ အခွင့်ပေးတော်မမူ။ သင့်ကိုစောင့်သောသူသည်အိပ်တော်မမူ။ အကယ်စင်စစ် ဣသရေလအမျိုးကိုစောင့်သောသူသည် ငိုက်မြည်းအိပ်ပျော်ခြင်းရှိတော်မမူ။ ထာဝရဘုရားသည် သင့်ကိုစောင့်တော်မူ၏။ ထာဝရဘုရားသည် သင်၏လက်ျာဘက်၌ရှိသော သင်ခိုလှုံရာအရိပ်ဖြစ်တော်မူ၏။ နေ့အချိန်၌နေအားဖြင့်၎င်း၊ ညအချိန်၌ ညအားဖြင့်၎င်း အထိအခိုက်မရှိရာ။ ထာဝရဘုရားသည် မကောင်းသောအမှုအရာအလုံးစုံတို့ကို ကွယ်ကာ၍သင်၏အသက်ကို စောင့်တော်မူလိမ့်မည်။ ထာဝရဘုရားသည် သင်၏ထွက်ခြင်းနှင့်ဝင်ခြင်းတို့ကို ယခုမှစ၍အစဉ်မပြတ်စောင့်တော်မူလိမ့်မည်"။

ဣသရေလ၏ရန်သူတို့သည် ရှုံးနိမ့်၍"လမ်းခုနစ်သွယ်ဖြင့်" ထွက်ပြေးကြရပါမည် (တရား ၂၈း၇)။ "လမ်းခုနစ်သွယ်" ၏ဆိုလိုရင်းမှာ သူတို့သည် လုံးဝရှုံးနိမ့်ကြမည်ဟူ၍ဖြစ်ပါသည်။ ဂတိထားတော်မူသော ကောင်းကြီးမင်္ဂလာသည် ဣသရေလလူတို့လုပ်ကိုင်သမျှသောအရာ၌ ကောင်းကြီးခံစားရမည်ဟူ၍ဖြစ်ပါသည်။ မောရှေကထပ်၍ - "သင်သည်သင်၏ဘုရားသခင်ထာဝရဘုရား၏ ပညတ်တော်တို့ကိုစောင့်၍ လမ်းတော်သို့လိုက်လျှင် ထာဝရဘုရားကျိန်ဆိုသည်အတိုင်း သင့်ကို ကိုယ်တော်အဖို့သန့်ရှင်းသောအမျိုးဖြစ်စေတော်မူမည်" (တရား ၂၈း၉) ဟုဆိုခဲ့ပါသည်။ ဘုရားသခင်သည် မိမိဂတိတော်၌သစ္စာရှိတော်မူ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏သိုလှောင်ခန်းတို့သည် အစဉ်ပြည့်လျှံလျက်ရှိ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဘဏ္ဍာတော်ကြွယ်ဝခြင်းသည် အကျွန်ုပ်အတွက် ရောင့်ရဲတင်းတိမ်ခြင်းဖြစ်စေတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၂၈)
**တရားဟောရာ ၂၈း၁-၁၄**
မဿဲ ၁၄း၁၃-၂၁

*"သွားရသောအကြောင်းမရှိ။ သူတို့စားစရာကို သင်တို့ပေးကြလော့"*

## ဘုရားသခင်၏ကွယ်ကာမှုနှင့်ကျွေးမွေးတော်မူခြင်း(၂)

ကာလသရေလ၏သမိုင်းက ယခုဘုရားသခင်ပြုတော်မူသောဂတိတော်ကို ပေါ်လွင်စေပါသည်။ ဤကျမ်းပိုဒ်၏ဆိုလိုရင်းအချက်ကို ဧလိယ၏အမှု၌လည်း တွေ့ရပါသည်။ ဧလိယသည် ပြည်တော်၌မိုးခေါင်ခြင်းသုံးနှစ်နှင့်နှစ်ဝက်လုံးလုံးကျရောက်မည်ဟု ကြေငြာပြီးနောက် ဘုရင်အာဟတ်ထံမှထွက်ပြေးလွတ်မြောက်ခဲ့ပါသည်။ ထို့ကြောင့် အစားအစာနှင့်ရေ ရှားပါးမည်ဖြစ်ပါသည်။ ထို့ကြောင့် ဧလိယသည် ခေရိတ်ချောင်း၌ပုန်းရှောင်နေစဉ်၊ ဘုရားသခင်က ကျီးကန်းတို့ကို အမိန့်ပေး၍ မုန့်နှင့်အမဲသားဖြင့် ကျွေးမွေးတော်မူခဲ့၏။ ချောင်းရေခမ်းသွားသောအခါ၊ ဇိဒုန်ပြည်၊ ဇရတ္တမြို့သို့သွားနေရန် မိန့်တော်မူ၏။ ထိုအရပ်၌ဘုရားသခင်က မုဆိုးမ၏အိမ်၌ အံ့ဘွယ်အမှုပြုလျက်ကျွေးမွေးခဲ့ပါသည်။ ဘုရားသခင်က မိုးမရွာမချင်း၊ သူတို့ကိုကျွေးမွေးတော်မူ၏ (၃ ရာ ၁၇း၂-၁၆)။

တိုင်းပြည်နှင့်လူမျိုး၏ ကြီးမြတ်ခြင်းသည် နာခံခြင်း၌တည်မှီပါ၏။ ဤအချက်ကိုမောရှေက ထပ်ခါတလဲလဲဖော်ပြခဲ့ပါသည်။ ဘုရားသခင်က သူတို့ကိုသန့်ရှင်းသောလူမျိုးဖြစ်စေမည်ဟု ဂတိထားတော်မူ၏။ ဆိုလိုသည်မှာ သူတို့သည်စစ်မှန်သောဘုရားသခင်ကို ဝတ်ပြုကိုးကွယ်လျက်၊ ကယ်တင်ခြင်းကောင်းကြီးမင်္ဂလာခံရကြမည်ဟူ၍ ဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏ ပညတ်တော်ကိုလိုက်လျှောက်၍၊ လမ်းတော်၌ကျင်လည်ကြရပါမည်။ ခါနာန်လူတို့၏ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်ရှေ့၌ရွံ့ရှာစရာဖြစ်ပါသည်။ အကြောင်းမှာသူတို့သည်ရုပ်တုဆင်းတုကိုးကွယ်လျက် ဖန်ဆင်းရှင်ဘုရားသခင်ကိုငြင်းပယ်ခဲ့ကြ၏။ ကာလသရေလမှကားဘုရားသခင်အတူရှိတော်မူသောလူမျိုး၏ လူမျိုးအပေါင်းတို့သည်သိ၍ကြောက်ရွံ့ကြလိမ့်မည်။ ခါနာန်ပြည်၌ပထမဆုံးသောမြို့ယေရိခေါမြို့ကို သိမ်းပိုက်ခြင်းငှါကာလသရေလပြင်ဆင်စဉ် ထိုသို့ရာခပ်ကသက်သေခံခဲ့ပါသည်။ သူကယေရိခေါမြို့သူမြို့သားတို့၏ စိတ်နှလုံးသည်ကာလသရေလလူတို့ကြောင့် ဖယောင်းကဲ့သို့ဖြစ်၍ ကြောက်ရွံ့ခြင်းရှိကြကြောင်းဆိုခဲ့ပါသည် (ယောရှု ၂း၉-၁၁)။ ကောင်းကြီးမင်္ဂလာများကို တရား ၂၈း၁၁ ထဲတွင်ဤသို့ဖော်ပြခဲ့ပါသည်- "ထာဝရသည်သင့်အားပေးခြင်းငှါ ဘိုးဘေးတို့အားကျိန်ဆိုတော်မူသောပြည်၌ ဥစ္စာပစ္စည်း၊ သားသမီး၊ တိရစ္ဆာန်အတိုးအပွား၊ မြေအသီးအနှံများကိုကြွယ်ဝစေတော်မူမည်"။

လူတို့သည်ရဲရင့်ခြင်းနှင့် ထိုပြည်ကိုဝင်ရောက်ကြခြင်းငှါ ဤစကားကိုသက်သေအဖြစ် မောရှေကသူတို့ထံ ထပ်၍ပြောဆိုခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဂတိတော်သည် မပြည့်စုံဘဲမနေဖူးပါ။
**ဆုတောင်းချက်-** အဖဘုရား၊ ကောင်းသောအချိန်(သို့) ဆိုးသောအချိန်၊ အချိန်တိုင်းကိုယ်တော်ကို ယုံကြည်ကိုးစားလိုပါ၏။

တနင်္လာ၊ နိုဝင်ဘာ (၂၉)
**တရားဟော ၂၈း၁-၁၄**
ယေရမိ ၁၄း၂၂

*"ကိုယ်တော်ကိုမျှော်လင့်လျက်နေပါမည်။
ကိုယ်တော်သည်အလုံးစုံတို့ကို ဖန်ဆင်းသောဘုရားဖြစ်တော်မူ၏"*

# ကောင်းမွန်သောရာသီဥတုပေးခြင်းမင်္ဂလာ

ယခုခေတ်တွင်ရာသီဥတုပြောင်းလဲခြင်းအကြောင်းကို ပြောဆိုနေကြကြောင်းမီဒီယာ၌ များစွာတွေ့ရပါသည်။ ပုံမှန်ရာသီဥတုလည်းပတ်မှု ပြောင်းလဲလာသောအခါများစွာသော စီးပွားရေးတို့ သည် ထိခိုက်မှုရှိခဲ့ပါသည်။ ဤရာသီဥတုအမှု၌လည်း ဣသရေလသည်ဘုရားသခင်ပေါ်၌ တည်မှီ နေကြရပါမည်။

ဘုရားသခင်၌များစွာသောရတနာများရှိကြ၍ ဣသရေလအတွက်ချပေးတော်မူခြင်းငှါ ဘုရားသခင်ဂတိထားတော်မူ၏။ မိုးသည်အံ့ဖွယ်သဘောတရားတို့တွင်တခုဖြစ်ပါသည်။ မိုးရေ ခေါင်းပါးခြင်းအချိန်ကြာလာသောအခါ အချို့သည်ဘုရားသခင်ကိုစဉ်းစားလာကြ၏။ မိုးရေကို ပေးတော်မူနိုင်သောသူသည် ဘုရားသခင်သာလျှင်ဖြစ်တော်မူကြောင်း မယုံကြည်သူများကပင်သိမှတ် လာနိုင်ပါသည်။ လုံလောက်သောမိုးရေရသောအခါ မြေကြီးသည်ကောင်းမွန်စွာအသီးကိုသီး၍ လူနှင့် တောရိုင်းတိရစ္ဆာန်တို့သည် လုံလောက်သောအစားအစာရရှိကြ၏။ ဣသရေလသည် ကြီးစွာသော ကောင်းကြီးမင်္ဂလာခံစားရမည်အကြောင်း ဂတိပေးခြင်းခံရ၍၊ သူတို့သည် သူတပါးထံချေးပေးကြရပါ လိမ့်မည်။ သူတို့သည် အခြားလူမျိုးတို့၏အောက်၌မဟုတ်ဘဲ၊ အထက်၌နေရသောအခွင့်နှင့် အမြီး မဟုတ်ဘဲ၊ ခေါင်းဖြစ်ရသောအခွင့်ကို ဘုရားသခင်ပေးတော်မူမည်။ ထိုသို့ဖြစ်ခြင်းငှါ သူတို့ပြုရမည့် အမှုဟူမူကား၊ ဘုရားသခင်၏နှုတ်ကပတ်တော်မှလက်ျာဘက်သို့၎င်း၊ လက်ဝဲဘက်သို့၎င်း လွှဲ၍ မသွားရပါ။ ထို့ပြင် အခြားဘုရားများ၏အမှုကိုလည်း မဆောင်ရွက်ကြရပါ။ မောရှေကများစွာသော အချက်ဖော်ပြသော်လည်း၊ အဓိကအချက်သည် တခုတည်းဖြစ်ပါ၏။ ဣသရေလသည် ဘုရားသခင် တပါးတည်းကိုသာ နာခံဖို့ဖြစ်၍၊ ထိုအခါ ဘုရားသခင်ကလည်း သူတို့ကိုကောင်းကြီးပေးတော်မူမည်။ လူမျိုးအပေါင်းအတွက် ဘုရားသခင်၏စကားနာခံခြင်းသည် ကောင်းကြီးမင်္ဂလာခံရခြင်း၏အရင်း အမြစ်ဖြစ်ပါသည်။

မောရှေ၏စကားသည် သေချာတိကျသည်ဖြစ်၍၊ ဂတိတော်များမူကား သမ္မာကျမ်းစာတခု လုံး၌တွေ့ရပါသည်။ ဖော်ပြချက်တို့သည် အနာဂတ်အကြောင်းဖြစ်ပါသည်။ အကြောင်းမှာ ဤအရာ တို့ကို နောက်ဣသရေလ၏သမိုင်း၌ တွေ့ရှိရပါသည်။ ဘုရားသခင်အား ယုံကြည်လျက်နာခံခြင်း ရှိလျှင် ဤကောင်းကြီးများခံစားရမည်ဖြစ်ပါသည်။ ဘုရားသခင်ယုံကြည်ကိုးစားခြင်းက သူနှင့်အတူ လျှောက်လှမ်းခြင်းကိုဖြစ်စေပါ၏။ ခရစ်တော်၏သတင်းကောင်းကလည်း နာခံခြင်းသည် ဘုရားသခင် ၏ ကောင်းကြီးမင်္ဂလာခံစားရာဖြစ်ကြောင်း ပြသလျက်ရှိပါ၏။ ယေရှု၏စကားကို သင်နာခံခြင်းရှိလျှင် ထာဝရအိမ်တော်၌နေရမည့်အခွင့်ကို အမန်တကယ်သင်ရရှိပါမည်။ ဤတရားကို ခရစ်ယာန်တို့က သတင်းကောင်းဟုဟောပြောနေခြင်းဖြစ်ပါသည်။ ကယ်တင်ခြင်းခံရခြင်းငှါ လိုအပ်သောအရာသည် ယုံကြည်ခြင်းသာလျှင်ဖြစ်ပါသည်။ လောကီလူတို့သည် ဘုရားသခင်နှင့် ဘုရားသခင်၏ကယ်တင် ခြင်းကျေးဇူးတော်ကို သိဖို့လိုပါသည်။ သို့မှသာ ဤနာခံခြင်းတရားသည် အကျိုးရှိမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "မိုယ်းကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေတော်ကို ကြားပြော၍. . ."
**ဆုတောင်းချက်-** အဘဘုရား၊ ကိုယ်တော်ဖန်ဆင်းတော်မူသောအရာတို့၌ ကိုယ်တော်ကို ကျွန်တော်မြင်တွေ့လိုပါ၏။

**တရားဟော ၂၈း၁၅**
ဟေဗြဲ ၂း၁-၃

*"ဤမျှလောက် ကြီးစွာသောကယ်တင်တော်မူခြင်းတရားကို ငါတို့သည် နားမထောင်ဘဲနေလျှင်၊ အပြစ်ဒဏ်နှင့် အဘယ်သို့လွတ်ကြလိမ့်မည်နည်း"*

# နာမခံခြင်းမှ ကျိန်ခြင်းထွက်ပေါ်လာ၏

နာမခံခြင်း၏ နောက်ဆက်တွဲအကျိုးသည် ကောင်းကြီးမင်္ဂလာ၏ဆန့်ကျင်ဘက်ပင် ဖြစ်ပါသည်။ ထိုအရာကား ဤကျမ်း၏အရှည်ဆုံးအခန်းကြီး၌ ယခုဖော်ပြထားသောကျိန်ခြင်းပင် ဖြစ်ပါသည်။ ကောင်းကြီးမင်္ဂလာအကြောင်းကို အပိုဒ်ငယ် ၁၄ ပိုဒ်၌ဖော်ပြခဲ့ပြီး၊ ကျိန်ခြင်းမူကား အပိုဒ်ငယ် ၅၄ ပိုဒ်နေရာယူထားပါသည်။ ဤကျိန်ခြင်းတခုစီသည် ဣသရေလ၏သမိုင်း၌ ဖြစ်ပွားလာခဲ့ကြသည်ဖြစ်သောကြောင့်၊ မောရှေ၏တရားဟောချက်သည် ပရောဖက်ပြုရာရောက်ခဲ့ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ လူတို့သည်လျှင်မြန်စွာဘုရားသခင်၏စကားကို ငြင်းပယ်တတ်ကြသောကြောင့် ဖြစ်ပါသည်။ ကျိန်ခြင်းသည် ပြစ်ဒဏ်ပေးခြင်းနှင့်အတူ ရောက်ရှိလာပြီး၊ ဘုရားသခင်ချစ်နှစ်သက်သောလူမျိုးအတွက် ဝမ်းနည်းစရာအချိန်ဖြစ်ခဲ့ပါသည်။ ဤကျိန်ခြင်းအကြောင်း ကြေငြာခြင်းသည်ဆုံးမခြင်းလည်းဖြစ်သောကြောင့် သတိပြုဖို့လိုပါသည်။ နာခံခြင်းရှိမှသာ၊ ကောင်းကြီးမင်္ဂလာရောက်လာမည်ဖြစ်ပါသည်။

ဤကျိန်ခြင်းအပေါင်းသည် သူတို့အပေါ်ကျရောက်၍ ကြီးစွာသောပျက်စီးခြင်းကျရောက်မည်ဖြစ်ပါသည်။ မောရှေက ဤသို့စကားချီးဖော်ပြခဲ့ပါသည် - "ယနေ့ ငါဆင့်ဆိုသော သင်၏ဘုရားသခင်ထာဝရဘုရား၊ စီရင်ထုံးဖွဲ့တော်မူချက်အလုံးစုံတို့ကို ကျင့်စောင့်ခြင်းငှါ စကားတော်ကို နားမထောင်လျှင်၊ သင့်အပေါ်မှာ သက်ရောက်လတံ့သော ကျိန်ခြင်းအမင်္ဂလာများဟူမူကား" (တရား ၂၈း၁၅) ဟုဆိုထားပါသည်။ ထို့နောက် ဣသရေလသည် ဘုရားသခင်၏ပညတ်တော်ကို လိုက်လျှောက်လျှင် ခံရမည့်ကျိန်ခြင်းများကို ရှည်လျားစွာမောရှေဖော်ပြခဲ့ပါသည်။

ကျိန်ခြင်းကို ဤသို့အနက်ဖွင့်ထားပါသည် -"ဤစကားလုံးကို မတူညီသောဟေဗြဲစကားလုံးများမှနာမ်အဖြစ်ရင်း၊ ကြိယာအဖြစ်ရင်း အသုံးပြုကြပြီး၊ မတူညီသောအချက်သည် ဟေဗြဲစကား၏လေးနက်သောအဓိပ္ပာယ်အတိမ်အနက်သာလျှင် ဖြစ်ပါသည်။ ဤစကားလုံးကို "ကောင်းကြီးပေးသည်" သို့ "ကောင်းကြီးမင်္ဂလာ" (တရား ၁၁း၂၉) နှင့်ဆန့်ကျင်ဘက်အဖြစ် အသုံးပြုလေ့ရှိပါသည်။ လူတဦးတယောက်ပေါ်သို့ ကျိန်ခြင်းကိုကြေငြာသောအခါ ကျွန်တော်တို့သည် ကောင်းကြီးမင်္ဂလာကိုကြေငြာသကဲ့သို့ ဆန္ဒကိုဖော်ထုတ်ရုံမျှမဟုတ်ဘဲ၊ ထိုပုဂ္ဂိုလ်သည် အမှန်တကယ်အမင်္ဂလာကြုံရ၍ မကောင်းမှုကြုံရမည်ဟု နားလည်သဘောပေါက်ရပါမည်။ ကျိန်ခြင်းက မိမိ၏ဆိုးကျိုးဖြစ်စေမည့် တန်ခိုးပိုင်ဆိုင်ထားသည်ဟု ထင်မှတ်ရပါသည်" (ISBE)။

ကျိန်ခြင်းမဟုတ်ဘဲ၊ ကောင်းကြီးမင်္ဂလာကိုရွေးချယ်ပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် မိမိစကား၌တည်တော်မူသောကြောင့်၊ ကျိန်ခြင်းသည် အမှန်တကယ်ဖြစ်လာလိမ့်မည်။

**ဆုတောင်းချက်** - အဖဘုရား၊ သေခြင်းလမ်းမဟုတ်ဘဲ၊ အသက်ရှင်ခြင်းလမ်းကို ကျွန်တော်ရွေးချယ်လိုပါ၏။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၁)
**တရားဟော ၂၈း၁၆-၂၀**
ယေဇကျေ ၅း၁၃-၁၇

*"... ဓားဘေးကိုလည်း ရောက်စေသဖြင့်...
ထိုသို့ ငါထာဝရဘုရားသည် မိန့်တော်မူ၏"*

# ကျိန်ခြင်းအမင်္ဂလာသည် ဂုဏ်သိက္ခာမရှိသောသေခြင်းကိုယူဆောင်၏

တရားဟောရာကျမ်း ၂၈း၁၆-၂၀သည် မနာခံမှု၏အကျိုးရလဒ်အဖြစ်ကျိန်ခြင်းအမင်္ဂလာ ယူဆောင်လာမည့်ဝမ်းနည်းစရာ ရုပ်ပုံကားချပ်ကို ဆက်လက်ပုံဖော်သည်။ မြို့နှင့်လယ်ကွင်းများသည် အိမ်နှင့်အစားအစာများကို ပေးကမ်းသောအရေးပါသောနေရာများဖြစ်သည်။ ဘုရားသခင်အား နာခံသောအခါ နှစ်သိမ့်မှုနှင့်ကျေနပ်မှုရှိခဲ့သည်။ သို့သော်၊ ကျိန်ခြင်းအမင်္ဂလာကြောင့် တဲအိမ်နှင့်စပါးမရှိပေ။ ကလေးသူငယ်များနှင့် ကျွဲနွားတိရစ္ဆာန်များသည် ရောဂါများကြောင့် သေကျေပြုန်းတီးလိမ့်မည်။ ဘုရားသခင်သည် ဤအရာများကိုပြစ်ဒဏ်အဖြစ် စေလွှတ်လိမ့်မည်။

တခါတရံတွင် လူသည်ကြီးလေးသောအပြစ်များအတွက် လက်စားချေခြင်းအဖြစ် သူတပါး အပေါ်တွင်ကျိန်ခြင်းအမင်္ဂလာကို ကျရောက်စေချင်သော်လည်း၊ လူသည်ထိုအပြစ်ဒဏ်ကို လက်တွေ့ လုပ်ဆောင်ရန်အာဏာမရှိပေ။ ထိုသို့သောပြစ်ဒဏ်သည် ဘုရားသခင်ပြုချက်ဖြင့်သာလာနိုင်သည်။ ယေဘုကျအားဖြင့် မနာခံခြင်းကြောင့်ဖြစ်ပေါ်လာသော ကျိန်ခြင်းအမင်္ဂလာများ၏ သဘောသဘာဝကိုရှင်းပြသည်။ လယ်ကွင်း၌ရှိသော ပျိုးပင်နှင့်သစ်ပင်တို့နှင့်တိရစ္ဆာန်များသည် မည်သည့်အရာကိုမျှမပေးချေ။ သစ်သီးများ(သို့မဟုတ်) ကောက်နှံများရိတ်သိမ်းခြင်းရှိမည် မဟုတ်ပေ။ အိမ်မွေးတိရစ္ဆာန်များထံမှ နို့နှင့်အသားများသည် ရရှိတော့မည်မဟုတ်ပေ။ သူတို့၏တိရစ္ဆာန်များနှင့်သူတို့၏သားစဉ်မြေးဆက်တွေကို ကျိန်ဆဲခဲ့သည်။ သူတို့၏ကြိုးစားအားထုတ်မှုများအားလုံးသည် အချည်းနှီးဖြစ်သွားသောကြောင့် ၎င်းမှာဝမ်းနည်းစရာဖြစ်လိမ့်မည်။ သူတို့သည် ဘုရားသခင်ကိုစွန့်ပစ်ကြသောကြောင့် သူတို့၏နေ့စဉ်လုပ်ရှားမှုများဖြစ်သော အပြင်ထွက်ခြင်းနှင့်ပြန်လာခြင်းတို့၌ ကျိန်ခြင်းခံရကြလိမ့်မည်။

သူတို့သည် မကုန်မချင်းကာလနာရောဂါများကို စွဲကပ်စေမည့်အကြောင်းကို ဘုရားသခင်ပြောသည့်အတိုင်း သူတို့၏ကျန်းမာရေးကိုအလွန်ထိခိုက်စေလိမ့်မည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် သူတို့၏ဆိုးဝါးသောအကျင့်များကို သူတို့အတွက် ကုစရာဆေးမရှိသည့်သေစေနိုင်သော ကပ်ရောဂါများဖြင့် ပြစ်ဒဏ်ခတ်၍ သူတို့ကိုဖျက်ဆီးလိမ့်မည်။ ထို့ပြင် မိုးမရွာစေဘဲသူတို့ကိုရန်သူများလက်သို့အပ်နှံလိမ့်မည်။ ဘုရားသခင်ခန့်ထားတော်မူသောရာသီ၌ ဘုရားသခင်သာလျှင်မိုးရွာသွန်းစေနိုင်ကြောင်းကို လူတိုင်းလက်ခံကြသည်။ သူသည် သူ့အားစွန့်ခွာသွားသောသူတို့ကို ဒဏ်ခတ်ရန်မိုးခေါင်ရေရှားခြင်းဘေးဒဏ်ကိုလည်း သုံးနိုင်သည်။ စစ်ပွဲတွင်အောင်နိုင်ခြင်းသည်လည်း မှန်သည်ဟုမယူဆနိုင်ပေ။ ဘုရားသခင့်လူမျိုးသည် တရားသောစစ်ပွဲတွင်သာ တိုက်လို့ရပြီးရလဒ်သည် ဘုရားသခင်၏လက်တော်၌ရှိသည်။ သို့ရာတွင် ဣသရေလလူမျိုးသည် ဘုရားသခင်ကိုစွန့်ပစ်လျှင် သူတို့ကိုရန်သူတို့အားပေးတော်မူလိမ့်မည်။ စစ်ပွဲကြောင့် ဒုက္ခသည်ဖြစ်ရတာထက်ပိုနာကျင်စရာမရှိပါ။ အပြစ်တရားသည် ဤကဲ့သို့ဆုံးမခြင်းကိုဖြစ်စေသည်။ ဘုရားသခင်တပါးတည်းကိုသာ နာခံခြင်းသည် ကောင်းကြီးမင်္ဂလာများကိုယူဆောင်ပေးသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံအော်ဟစ်ခြင်းသည် ဘေးဒုက္ခ၌မျှော်လင့်ခြင်းကို ဖြစ်ပေါ်စေသည်။
**ဆုတောင်းချက်-** အဘဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏သတိပေးချက်ကို အမြဲဂရုပြုပါစေ။

ကြာသပတေး၊ ဒီဇင်ဘာ (၂)

**တရားဟော ၂၈း၂၁-၂၈**

ယေရမိ ၄း၅-၉

*". . . ယဇ်ပုရောဟိတ်တို့သည် မိန်းမောတွေဝေလျက်၊ ပရောဖက်တို့သည်ထိတ်လန့်လျက်ရှိကြလိမ့်မည်. . . "*

# ကပ်ရောဂါသည်ကျိန်ခြင်းမင်္ဂလာတို့၏တစိတ်တပိုင်းဖြစ်လိမ့်မည်

မောရှေသည် ကျိန်ခြင်း၏အကျိုးဆက်များကို အသေးစိတ်ဆက်လက်ပြောပြသည်။ ကပ်ရောဂါကြောင့်သေဆုံးခြင်းသည် အလွန်ဝမ်းနည်းစရာကောင်းလိမ့်မည်။ လူတိုင်းကူးစက်၍ သူတပါး၏အကျိုးကိုဂရုစိုက်မည့်သူလည်းရှိလိမ့်မည်မဟုတ်ပေ။ ဤရွှေ့ကား ကူးစက်ရောဂါများဖြစ်လိမ့်မည် (ဤမျိုးဆက်၏ကပ်ရောဂါများတွင် နောက်ဆုံးဖြစ်သော ကိုဗစ်-၁၉ နှင့်နှိုင်းယှဉ်လို့ရသည်)။ ဤကဲ့သို့ လူဦးရေအားလုံးကိုလွယ်ကူစွာ သုတ်သင်နိုင်သည်။

မောရှေသည် ဣသရေလနိုင်ငံ၌ကျရောက်မည့် ဤအရာအားလုံးကိုကြိုမြင်ခဲ့ပြီး နာခံမှု၏အရေးပါပုံကိုအလေးပေးရန် သူ၏သတင်းစကားတွင် ၎င်းတို့ကိုရှည်လျားစွာဖော်ပြထားသည်။ ဤစကားတို့ကိုယနေ့ဖတ်ကြားသည့်နောက်မှစ၍ မျိုးဆက်များစွာကုန်လွန်သွားသောအခါ ၎င်းနှင့်တူညီသောပုံစံတခုရှိသည်။ အဘယ်ကြောင့်ဆိုသော်၊ ၎င်းသည်အပြစ်များကို အပြစ်ပေးရန် ကပ်ဘေးများကိုအသုံးပြုသောသူသည် စကြဝဠာကိုဖန်ဆင်းတော်မူသော ဘုရားသခင်ဖြစ်သည်။ ဤတွင်ဖော်ပြချက်၏ တစိတ်တပိုင်းမှာ "သင်သွား၍ဝင်စားလတံ့သော ပြည်မှသုတ်သင်ပယ်ရှင်းတော်မမူမှီတိုင်အောင်၊ ကာလနာကိုသင်၌စွဲစေတော်မူမည်။ ထာဝရဘုရားသည် သင့်ကိုတူလာ၊ ဖျားနာ၊ ဒလခက်နာ၊ ခရခရနာဖြင့်၎င်း၊ ထားဘေး၊ လေထိ၍အပင်သေဘေး၊ အရည်ယို၍အပင်သေဘေးဖြင့်၎င်း ဒဏ်ခတ်တော်မူ၍၊ သင်သည် မပျက်စီးမှီတိုင်အောင် ထိုဘေးတို့သည်လိုက်ကြလိမ့်မည်" (တရား ၂၈း၂၁-၂၂)။ ကြေးနှင့်သံကို ဖော်ပြထားခြင်းသည် ဤသတ္တုများကို အရည်ပျော်စေရန်လိုအပ်သောမီးဖိုတစ်လုံး၏ အပူမျိုးဖြစ်သော ကြုံတွေ့ရမည့်အပူကို ဖော်ပြထားခြင်းဖြစ်သည်။

ရောဂါများသည် လူနှင့်တိရစ္ဆာန်များကို ကူးစက်ရုံသာမက၊ ရာသီဥတုသည် သေခြင်းကိုဖြစ်ပေါ်စေပြီး၊ မိုးသည်အသက်ကိုဖျက်ဆီးဖို့ရန် ဖုန်မှုန့်များဖြစ်လာမည်။ ထို့ပြင် ဣသရေလအမျိုးသည် မြေကြီးတပြင်လုံး၌ ပြန့်ကျဲစေရန် (သို့မဟုတ်) သူတို့ကိုဖြတ်မည့်ရန်သူတို့ရှေ့၌ အကူအညီမဲ့စေလိမ့်မည်။ အလောင်းများသည် ပုပ်သိုးသွားပြီး လေထဲ၌ရှိသောငှက်များအတွက် အသားများဖြစ်လာရန် လယ်ကွင်း၌ကျန်ရစ်လိမ့်မည်။ အခြားကပ်ဘေးများကိုဖော်ပြရာတွင် "ထာဝရဘုရားသည် သင့်ကိုအဲဂုတ္တုအနာစိမ်း၊ မြင်းသရိုက်နာ၊ ဝဲနာ၊ မပျောက်နိုင်သောယားနာဖြင့် ဒဏ်ခတ်တော်မူမည်" (တရား ၂၈း၂၇)။ ထို့ပြင် ရူးသွပ်ခြင်း၊ မျက်စိကွယ်ခြင်းနှင့်စိတ်နှလုံးအံ့သြခြင်းဖြစ်ပေါ်လိမ့်မည်။ ဤအရာအားလုံးသည် စိတ်ဆင်းရဲခြင်းနှင့်သေခြင်းကို ဖြစ်စေကြလိမ့်မည်။

**ဆင်ခြင်ရန်** - မဖော်ပြနိုင်သောဆင်းရဲခြင်းသည် မနာခံမှု၏အကျိုးဆက်ဖြစ်သည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်အားနာခံခြင်းဖြင့် မနာခံခြင်း၏ကျိန်ခြင်းဘေးမှ အကျွန်ုပ်လွတ်မြောက်ပါစေသော်။

သောကြာ၊ ဒီဇင်ဘာ (၃)

**တရားဟော ၂၈း၂၉-၃၅**

ဆာလံ ၇၈း၁-၇

*“သားမြေးတို့မှဝှက်မထား။ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်နှင့် တန်ခိုးတော်ကို . . . ဖော်ပြကြမည်”*

## ကျိန်ခြင်းအမင်္ဂလာများနှင့်အတူရောက်လာမည့်များပြားလှသောကပ်ဘေးများ

နောက်လာမည့်ရောဂါများသည် ကူးစက်ရောဂါအစိတ်အပိုင်းတစ်ရပ်မဟုတ်ဘဲ၊ ၎င်းတို့သည် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးကိုပါ ထိခိုက်စေလိမ့်မည်။ ထိုအချိန်တွင် ကုသပျောက်ကင်းစေလို့မရသောအရေပြားရောဂါများ ရူးသွပ်ခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့်မျက်စိကွယ်ခြင်းတို့ ရှိလိမ့်မည်။ သူတို့ကိုကူညီရန် ဆေးဆရာဝန်မရှိသောကြောင့် သူတို့သည်သေခြင်းတရားကိုသာ ငေးကြည့်နိုင်ကြသည်။ ကျမ်းပိုဒ်ကထင်ထင်ရှားရှားဖော်ပြထားသကဲ့သို့ ဖြစ်နိုင်သောရောဂါတိုင်းသည် သူတို့အပေါ် သို့ကျရောက်လာလိမ့်မည်။ သူတို့၏ခန္ဓာကိုယ်များသည် ဦးခေါင်းမှခြေဖျားအထိ အနာစိမ်းဖြင့်ခံစားစေပြီး သူတို့၏ကျန်းမာရေးသည် လုံးဝကျရှုံးလိမ့်မည်။ ဤပြင်းထန်သောပြစ်ဒဏ်များက သူတို့ကိုရူးသွပ်ခြင်းသို့ တွန်းပို့လိမ့်မည်။

ထိုအခြေအနေများတွင် သူတို့သည်အခြားနိုင်ငံတစ်ခု၏ ကျေးကျွန်များဖြစ်သောကြောင့် အကူအညီတောင်းခံရန် အခွင့်အလမ်းမရှိပေ။ သူတို့၏ဇနီးများကို သူတို့ထံမှလုယူသွားပြီး၊ သူတို့၏အိမ်များတွင် အခြားသူတို့ဝင်ရောက်နေထိုင်လိမ့်မည်။ သူတို့၏လယ်ယာများနှင့်တိရစ္ဆာန်များအား ၎င်းတို့ထံမှအကြမ်းဖက်လုယူ၍ ၎င်းတို့အားပြန်လည်ပေးအပ်မည်မဟုတ်ပါ။ သူတို့၏သားသမီးများကိုလည်း ကျွန်ဘဝ(သို့)သေခြင်းသို့ ရောက်စေခြင်းငှါ သူတို့ထံမှအဝေးသို့ ခေါ်ဆောင်ခြင်းခံရ၍ သူတို့အတွက် လွမ်းဆွတ်ခြင်းသည်အလွန်ဝမ်းနည်းခြင်းကို ဖြစ်စေလိမ့်မည်။ ဤအရာများသည် စစ်ပွဲနှင့်ဆက်နွယ်သောဘေးဒုက္ခများဖြစ်ပြီး ရန်သူများသည်သနားကြင်နာမှုရှိမည်မဟုတ်ပေ။ ရန်သူတို့သည် အဖိုးတန်တဲ့အရာရှိသမျှကို လုယက်ကြ၏။ သူတို့သည်သတ်ဖြတ်ကြပြီး သူတို့၏ဒုက္ခသည်များကို အသက်မွေးဝမ်းကျောင်းမှု (သို့) ငြိမ်းချမ်းမှုကိုလက်လွှတ်ဆုံးရှုံးစေခဲ့သည်။ စစ်ပွဲတိုင်း၏နောက်ဆက်တွဲသည် အလွန်စိတ်ဆင်းရဲခြင်းဖြစ်သည်။ ဘုရားသခင်လူတို့သည် ဘုရားကိုဆန့်ကျင်ပုန်ကန်သောအခါ သူ၏အပြစ်ဒဏ်ခတ်ခြင်းသည် ဤကပ်ဘေးများနှင့်အတူပါလာ၏။

ဘုရားသခင်၏ကျိန်ခြင်းမင်္ဂလာသည် သူ၏သည်းခံခြင်းမပါဘဲ ရောက်လာသောအခါ၊ ၎င်းသည် ဆိုးဆိုးရွားရွားဖြစ်ပြီး မည်သူမျှမခုခံနိုင်ပေ။ ဤပရောဖက်ပြုချက်ဆိုင်ရာ ပြစ်ဒဏ်များကို ဣသရေလအားပြောခဲ့သည်။ သို့မှသာသူတို့သည် ဘုရားသခင်ကိုကြောက်ရွံ့၍ ထိုဝမ်းနည်းဖွယ်အကျိုးဆက်များကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

ဣသရေလလူတို့သည် ခါနာန်ပြည်၌မနေမီ ဤစကားများကိုမောရှေပြောခဲ့သည်။ ရာစုနှစ်များစွာကြာပြီးနောက် ဖြစ်ပေါ်လာသောသမိုင်းသည် ဣသရေလတိုင်းပြည်ထံဖြစ်ပေါ်သည့် ထိုကဲ့သို့သောကလှဲစားချေခြင်းမျိုးကို ပြောဆိုထားသည်။ ဤအရာက ဘုရားသခင်သည်သူ၏စကားများအပေါ် အမြဲသစ္စာရှိသည်ဟူသောအချက်ကို ထပ်မံအတည်ပြုသည်။ ဘုရားသခင်မိန့်ဆိုသောအခါ သူ၏လူတို့သည် နားထောင်ရမည်ဖြစ်၍ ကျိန်ခြင်းအမင်္ဂလာအစား ကောင်းကြီးမင်္ဂလာကိုခံစားကြလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် သူ၏နေ့စဉ်မှတ်တမ်း(ဒိုင်ယာရီ)၌ရှိသော ချိန်းဆိုချက်များကို ဘယ်သောအခါမှမလွတ်စေပါ။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်၏နားတို့သည် ကိုယ်တော်၏စကားသံကိုအမြဲအာရုံစိုက်စေပါ။

စနေ၊ ဒီဇင်ဘာ (၄)
**တရားဟော ၂၈း၃၆-၄၆**
၄ ရာ ၁၇း၁၀-၁၈

*"ထာဝရဘုရားပညတ်တော်မူသောအမှု၊ ရုပ်တုဆင်းတုတို့၌ ပူဇော်ခြင်းအမှုကိုပြုကြ၏။ သို့ရာတွင် ထာဝရဘုရားက အစမ္မလမ်းတို့ကိုရှောင်ကြလော့"*

# ပြည်ပနိုင်ငံတစ်ခုမှာ ဘာသာအယူဝါဒကိုစွန့်ပယ်ခြင်း

ဘုရားသခင်သည် အဲဂုတ္တုပြည်၌နှစ်ပေါင်းလေးရာအတွင်း တိုင်းပြည်တစ်ခုပြင်ဆင်ဖို့ သူတို့ကိုပွားများစေခဲ့သည်။ မောရှေသည် သူတို့ကိုအဲဂုတ္တုပြည်မှ ခေါ်ထုတ်သောအချိန်တွင် သူတို့သည်တိုင်းပြည်တစ်ခုအတွက် လုံလောက်သောလူဦးရေဖြစ်သည်။ ဘုရားသခင်သည် မောရှေကိုသူတို့၏ ရှင်ဘုရင်အရာ၌ခန့်ထားတော်မမူပါ။ မောရှေသည်ဝိညာဉ်ရေးရာခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပြီး၊ ဘုရားသခင်သည် သူတို့၏ဘုရင်အဖြစ် သူတို့ကိုဦးဆောင်ခဲ့သည်။ တရားဟောရာကျမ်း ၂၈း၃၆-၄၆ တွင် မောရှေကဣသရေလတိုင်းပြည်တွင် ဘုရင်ရှိလိမ့်မည်ဟု ဟောကိန်းထုတ်ခဲ့သည်။ ဘုရားသခင်၏သားသမီးများသည် အဲဂုတ္တုပြည်၌ရှိခဲ့ကြသကဲ့သို့ လူမျိုးနှင့်သူတို့၏အချုပ်အခြာအာဏာသည် ပြည်ပနိုင်ငံတစ်ခုသို့တနေ့သယ်ဆောင်ခြင်းခံရမည်။

ထိုပြည်၌ဘုရားသခင်ကိုသိသောပညာမရှိ။ သူတို့သည်သစ်သားနှင့်ကျောက်ရုပ်တုဘုရားများကိုဝတ်ပြုကြလိမ့်မည်။ ဤပရောဖက်ပြုချက်သည် ၂ ရာ ၁၇း၅-၆ တွင် ပြည့်စုံခဲ့သည် "ထိုအခါ အဇရိလုံက၊ အာခိလုဟုရှဲကိုလည်း ခေါ်ခဲ့၊ ငါတို့သည် သူ၏စကားကိုနားကြားကြကုန်အံ့ဟုဆိုသည်အတိုင်း၊ ဟုရှဲသည်လာ၍ အဇရိလုံက၊ အဟိသောဖေလသည် ဤမည်သောအကြံကိုပေးပြီ။ သူ၏စကားကိုနားထောင်သင့်သလော။ သို့မဟုတ် သင်ပြောလော့ဟုဆိုလျှင်"။ အာရှုရိရှင်ဘုရင်သည် ဤပြည်နှင့်ဣသရေလတိုင်းပြည်၌ ရုပ်တုကိုးကွယ်သောသူများကို ခေါ်ဆောင်လာခဲ့သည်။ ဤရုပ်တုကိုးကွယ်ခြင်းသည် ကွဲပြားသောနိုင်ငံ၏ပထမဆုံးသောဘုရင်ယေရောဗောင်လက်ထက်ကတည်းကဖြစ်သည်။ ၄ ရာ တွင်ဖော်ပြသောဇာတ်ကြောင်းသည် ဘုရားသခင်က ထိုသူတို့အားသတ်သည့်ခြင်္သေ့များစေလွှတ်ပုံကို ဆက်လက်ဖော်ပြထားသည်။ ဤအချက်က အာရှုရိရှင်ဘုရင်ကို ဣသရေလအမျိုး၏ဘုရားသခင်အကြောင်းကို သွန်သင်မည်ယဇ်ပုရောဟိတ်တစ်ဦးကို ဣသရေလလူတို့အားတောင်းဆိုရန် အတင်းအကျပ်ခိုင်းစေခဲ့သည်။ ဣသရေလလူမျိုးသည် အာရှုရိသို့ပန်းဘဝမှ ပြန်မလာတော့ဘဲရှိနေကြပြီး မောရှေ၏စကားများပြည့်စုံခဲ့သည်။

မောရှေကြိုတင်ဟောကြားခဲ့သော အခြားကပ်ဘေးများမှာ ကျိုင်းကောင်များနှင့်ပိုးကောင်များ ကျူးကျော်လာခြင်းပင်ဖြစ်သည်။ "သင်သည်များစွာသောမျိုးစေ့ကို လယ်သို့ယူသွား၍ ကျိုင်းကောင်တို့သည် ကိုက်စားသောကြောင့်၊ နည်းသောစပါးကိုသိမ်းရလိမ့်မည်။ စပျစ်ဥယျာဉ်တို့ကို စိုက်၍ပြုစုသော်လည်း၊ ပိုးများကိုက်စားသောကြောင့် ကိုယ်တိုင်စပျစ်သီးကိုမဆွတ်ရ၊ စပျစ်ရည်ကိုလည်းမသောက်ရ" (တရား ၂၈း၃၈-၃၉)။ ထို့ပြင် သံလွင်ပင်များသည် အသီးမမှည့်မီအသီးများချ၍ တိုင်းပြည်သည်သူတို့၏လိုအပ်သောအစာကို ဆုံးရှုံးရလိမ့်မည်။ သူတို့၏သားနှင့်သမီးများကို ဖမ်းဆီးခေါ်ဆောင်ခြင်းကိုလည်း ထပ်လောင်းခံခဲ့ကြရသည်။ တရားဟော ၂၈း၄၅ တွင် မောရှေကသူ၏စကားများ၏သေချာမှုကို အလေးပေးဖော်ပြခဲ့သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံမှ အပြစ်ပေးအရေးယူမှုများမှာ နိမိတ်လက္ခဏာနှင့်အံ့သြဖွယ်ရာဖြစ်ကြသည်။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏လူတို့သည် ရုပ်တုကိုးကွယ်ခြင်းမှ ရှောင်ရှားဖို့ရန် ကျေးဇူးတော်ကိုပေးတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၅)
**တရားဟော ၂၈း၄၇-၅၅**
ယေဇကျေ ၁၄း၁-၁၁

*“ထို့ကြောင့်၊ အရှင်ထာဝရဘုရား၏အမိန့်ကို . . . ဆင့်ဆိုရမည်မှာ နောင်တရ၍ရုပ်တုတို့ကို ကြဉ်ရှောင်ကြလော့. . . ”*

# ဖမ်းဆီးချုပ်နှောင်ခံရခြင်း၏နာကျင်မှု

တိုင်းတစ်ပါး၌ ပြည်နှင်ဒဏ်ပေးခံရပုံအပြည့်အစုံသည် ကြောက်ခမန်းလိလိဖြစ်သည်။ မောရှေသည် ဤစကားများကို ဣသရေလအားသတိပေးသည့်အနေဖြင့် ပြောခဲ့သည်။ လူတစ်ဦးသည် လွတ်လပ်မှုအားလုံးကိုဆုံးရှုံးလိုက်ရပြီး၊ ရက်စက်ကြမ်းကြုတ်သောအာဏာရှင်၏ အလိုတော်နှင့်စိတ်ကူးပေါက်ရာအောက်တွင် ရှိခြင်းဖြစ်သကဲ့သို့ ဖမ်းဆီးချုပ်နှောင်ခံရခြင်းသည် နာကျင်စရာအခြေအနေဖြစ်သည်။ ဤအရာသည် ဣသရေလနိုင်ငံသို့ရောက်လာသောအခါ၊ သူတို့သည် ဘုရားသခင်၏ပညတ်တော်ကို မနာခံသောကြောင့်ဖြစ်သည်။ ဘုရားသခင်ကိုမနာခံသောသူအားလုံးသည် အပြစ်ဒဏ်ပုံစံတစ်မျိုးမျိုးနှင့်ရင်ဆိုင်ရလိမ့်မည်။ အပြစ်တရားသည် လူတစ်ဦးကို သေသည်အထိ ကျွန်ဖြစ်စေ၏။ ဤသည်မှာ ဘုရားသခင်ရွေးချယ်ထားသောလူမျိုးများ၏ သမိုင်းတွင်ခြယ်သထားသော နောက်ဆက်တွဲပုံရိပ်ဖြစ်သည်။ ပြည်နှင်ဒဏ်ခံရသောလူတို့၏အကြောင်းကိုဖော်ပြချက်မှာ ကြောက်စရာကောင်းခဲ့သည်။ သူတို့သည်ဘုရားသခင်အား ထပ်မံငြင်းပယ်ခြင်းအားဖြင့် သူတို့၏ နာကျင်မှုကိုထပ်ပေါင်း၍ ဝမ်းနည်းစေသောအကျိုးဆက်များ လိုက်လာခဲ့သည်။

ဣသရေလအမျိုးသားတို့သည် စစ်သုံ့ပန်းများဖြစ်ပြီး၊ ၎င်းတို့သည် မိမိကိုယ်ကိုလူမဆန်သော အခြေအနေများတွင်ရှိကြသည်ကို မြင်တွေ့ကြသည်။ သေခြင်းအရာ၌ အခြားသူကိုသဂြိုလ်မည့်သူမရှိပေ။ အလောင်းများသည် လင်းတများအတွက် အသားဖြစ်လာကြသည်။ မောရှေသည် ဤအရာအားလုံးကိုကာကွယ်ရန် မနာခံခြင်းကိုဆန့်ကျင်၍ သတိပေးသော်လည်း ဝမ်းနည်းစရာကောင်းသည်မှာ ထိုအရာတို့အမှန်ဖြစ်လာခဲ့သည်။ ၎င်းသည်ဖြစ်ပျက်ခဲ့သည့်အတိုင်း လူများနှင့်သူတို့၏ရှင်ဘုရင်သည် သိမ်းသွားခြင်းခံရပြီး၊ သူတို့၏ဆန္ဒကို ဆန့်ကျင်လျက်အတင်းအကျပ်ခိုင်းစေခြင်းခံရလိမ့်မည်။ ကျွန်ဖြစ်ကြသည့်အတိုင်း အိမ်မရှိ၊ လွတ်လပ်မှုလည်းမရှိသလို သူတို့၏တိုင်းတပါးသားသခင်များ၏ အုပ်ချုပ်မှုအောက်တွင်လည်း နေခဲ့ရသည်။

မောရှေ၏စကားများကိုဖတ်ခြင်းသည် ဣသရေလသမိုင်းကိုကြိုတင်ဖတ်ခြင်းနှင့်တူ၏။ ကွဲပြားသောဣသရေလနိုင်ငံတွင် မြောက်ပိုင်းနိုင်ငံသည် ရုပ်တုကိုးကွယ်မှုကို သူတို့၏ဘာသာအဖြစ်လက်ခံခဲ့ပြီး ရုပ်တုများကိုကိုးကွယ်ခဲ့သည်။ ယေရောဗောင်နောက်ပိုင်းလာသော ရှင်ဘုရင်တိုင်းသည် သူ့နည်းလမ်းတို့ကိုလိုက်လျှောက်ကြပြီး အချို့ကပို၍ဆိုးကြ၏။ ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်ခြင်းသည် ဘုရားသခင်ကိုငြင်းပယ်ခြင်းသက်ရောက်စေ၏။ ဘုရင်များကို သတိပေးရန် ပရောဖက်များကိုစေလွှတ်ခဲ့သော်လည်း သူတို့ပြောစကားကို အဘယ်သူမှနားမထောင်ခဲ့ပေ။ ထို့နောက်၊ မြောက်ပိုင်းနိုင်ငံကိုဖွဲ့စည်းထားသောလူမျိုးစုဆယ်စုကို အာရှုရိသို့သုံ့ပန်းများအဖြစ် ခေါ်ဆောင်သွားသည်။ တောင်ပိုင်းယုဒနိုင်ငံကိုဖွဲ့စည်းသော မျိုးနွယ်စုနှစ်ခုသည်လည်း နောက်ပိုင်းတွင်ထိုကဲ့သို့သောကံကြမ္မာဆိုးကိုရင်ဆိုင်ခဲ့ပြီး ဗာဗုလုန်သို့သုံ့ပန်းများအဖြစ် ခေါ်ဆောင်ခြင်းခံခဲ့ရသည်။ သို့သော်၊ အာဗြဟံနှင့်ဘုရားသခင့်ပဋိညာဉ်ကြောင့် သူတို့၏အချုပ်အနှောင်သည် နှစ်ပေါင်းခုနစ်ဆယ်ကြာပြီးနောက် သူတို့သည်အာဏာအပြည့်မရှိသော်လည်း၊ သူတို့၏နယ်မြေကိုပြန်လည်ရရှိခဲ့သည်။ မောရှေပြောသောဘုရားသခင်၏စကားတော်အလုံးစုံတို့သည် ပြည့်စုံကြ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် နှိမ့်ချစွာနောင်တရသူများအား ဂုဏ်သိက္ခာကိုပြန်လည်ပေးသည်။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်၏အမှန်တရားသည် ကျွန်ုပ်အား နောင်တရစေရန် ဦးဆောင်လမ်းပြပါစေသော်။

တနင်္လာ၊ ဒီဇင်ဘာ (၆)
**တရားဟော ၂၈း၅၆-၆၀**
၂ တိ ၂း၂၁-၂၆

*“မာရ်နတ်၏အလိုအတိုင်းဘမ်းမိသော ထိုသူတို့သည် သတိရ၍၊ ထိုဘမ်းမိရာမှလွတ်ခြင်းသို့ ရောက်ကြလိမ့်မည်”*

# အကျိုးဆက်များသည်အမာရွတ်များအဖြစ်ကျန်ရှိနေ၏

ဣသရေလနိုင်ငံ၌ကျရောက်မည့်ဘေးဒုက္ခအားလုံး၏ ကြာရှည်မှုအသေးစိတ်က လွယ်လွယ်နဲ့ပျောက်ကွယ်မသွားမည့်ပျက်စီးမှုတစ်ခုကို ကြိုတင်ဟောကိန်းထုတ်သည်။ သူတို့သည်တိုင်းပြည်တွင် အမာရွတ်တွေအဖြစ် ကျန်ရစ်နေလိမ့်မည်။ ဤဘေးဒုက္ခများသည် ဣသရေလလူတို့၏မောက်မာမှု၏ အကျိုးဆက်များဖြစ်သည့်အတိုင်း သူတို့၏ရန်သူများရှေ့မှောက်တွင် သူတို့ကိုအားနည်းစေ၏။

သူတို့သည် ဘုရားသခင်အားအစေခံရန်ငြင်းဆိုသောကြောင့် သူတို့သည်တိုင်းတပါးသခင်များအား အစေခံရန်အတင်းစေခိုင်းခံရလိမ့်မည်။ သူတို့ကိုဆန့်ကျင်ဖို့ရန် ဘုရားသခင်စေလွှတ်မည့်ရန်သူများသည်တိုက်ခိုက်ရာတွင် လျင်မြန်ပြီးညှာတာမှုကင်းမဲ့ကြလိမ့်မည်။ သူတို့၏လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများရပ်တန့်သွားပြီး သူတို့မှာစားစရာမရှိသောကြောင့်တိုင်းပြည်ပျက်စီးလိမ့်မည်။ ဤအရာကသူတို့ကို သူတို့၏ကလေးများကိုပင် စားစေသောဇာတ်တူသားစားသတ္တဝါဖြစ်လာစေမည်။ ဤဝမ်းနည်းဖွယ်ရာရုပ်ပုံဖော်ပြချက်ကို သတိပြုလော့ “သင့်နေရာမြို့တို့ကို ရန်သူဝိုင်းထား၍ ကျဉ်းကျပ်စေသောအခါ၊ အလွန်နူးညံ့သိမ်မွေ့သဖြင့် မြေကိုမနင်းဝံ့သောမိန်းမသည်လည်း၊ စားစရာအလျှင်းမရှိသောကြောင့်၊ မိမိရင်ခွင်၌ရှိသောလင်၊ မိမိသားသမီး၊ မိမိဝမ်းထဲကထွက်သောအချင်း၊ မိမိဘွားမြင်သောသူငယ်တို့ကို မနာလိုသောစိတ်ရှိ၍၊ မိမိသူငယ်ကိုတိတ်ဆိတ်စွာစားရလိမ့်မည်” (တရား ၂၈း၅၇)။ ဤအရာသည် သူတို့အားလုံးသည်ဘုရားသခင်ကိုနာခံဖို့ရန် ငြင်းဆိုသောကြောင့် စိတ်ကြေကွဲစရာအခြေအနေတစ်ခုဖြစ်သည်။ သူတို့၏ဘုရားသခင်ထာဝရဘုရားငြင်းပယ်ခြင်းသည် ပို၍များစွာသောကျိန်ခြင်းအမင်္ဂလာကိုဖြစ်ပေါ်စေလိမ့်မည်။ ကပ်ဘေးများနှင့်ဖျားနာမှုများကို ကျရောက်စေပြီး သူတို့ကိုဖျက်စီးပစ်လိမ့်မည်။ သူတို့၏လူဦးရေအရေအတွက်မှာ လျော့နည်းသွားပြီး ဂတိထားရာပြည်မှနှုတ်ပစ်ခြင်းခံရကာ ငြိမ်သက်ခြင်းမရှိဘဲ အမြဲလိုလိုကြောက်ရွံ့ခြင်းနှင့်တိုင်းတစ်ပါး၌ ပြန့်ကျဲနေလိမ့်မည်။ သူတို့ကျွန်အဖြစ်သို့ပြန်ရောက်သွားကြသည်။ သူတို့၏စိတ်ထဲတွင် လန်းဆန်းနေဆဲဖြစ်သောကြောင့် ဤအရာကိုဘုရားသခင်ဖော်ပြခဲ့သည်။ မောရှေသည် ဣသရေလလူမျိုးအား ဘုရားသခင်ကိုနာခံလိုက်လျှောက်ဖို့ရန် ပြင်းထန်သောသတိပေးချက်များဖြစ်သော ဤဆင်းရဲဒုက္ခများအားလုံးကို ဖော်ပြရန်အချိန်ယူခဲ့ရသည်။

သူတို့သည် ပညတ္တိကျမ်း၌ရေးထားသော စကားအားလုံးကို မနာခံလျှင် သူတို့၏ဆင်းရဲဒုက္ခသည်ကြာရှည်မည်အကြောင်း မောရှေသတိပေးခဲ့သည်။ ယခုတွင် အဲဂုတ္တုပြည်၏ဘေးဒဏ်များပင်လျှင် သူတို့အပေါ်သို့ကျရောက်လိမ့်မည်။ မောရှေသည် ဤဣသရေလလူတို့ကို သတိပေးရာတွင် ဤအသုံးအနှုန်းကိုအသုံးပြုရခြင်းမှာ ဣသရေလလူတို့သည် ဘုရားသခင်နောက်လိုက်ခြင်းမှ လွယ်လွယ်ကူကူလမ်းလွဲနိုင်ခဲ့ကြသည်ကို သူမျက်မြင်ကိုယ်တွေ့သိရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ ယနေ့ကမ္ဘာ၏အပြစ်သည် ထိုပုံစံအတိုင်းလိုက်နေပြီး ကျွန်ုပ်တို့ကိုမကောင်းသောအသွင်အပြင်အားလုံးကို ရှောင်ရှားရန် သတိပေးထားသည်။

**ဆင်ခြင်ရန်** - “ထာဝရဘုရား၏နာမတော်သည် ခိုင်ခံ့သောရဲတိုက်ဖြစ်၍၊ ဖြောင့်မတ်သောသူတို့သည် ပြေးဝင်သဖြင့်၊ လုံခြုံစွာနေရကြ၏” (သုတ္တံ ၁၈း၁၀)။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ဥပဒေသများ၌ ကျွန်ုပ်ခိုလှုံရာကို ရှာတွေ့နိုင်ပါစေ။

အင်္ဂါ၊ ဒီဇင်ဘာ (၇)
**တရားဟော ၂၈း၆၁-၆၈**
ယေဇကျေ ၃း၁၇-၂၂

*". . . သင့်ကိုဣသရေလအမျိုးတွင် ကင်းစောင့်အရာ၌ ငါခန့်ထားသောကြောင့်၊ ငါသတိပေးသောစကားကို နားထောင်၍ သူတို့အားဆင့်ဆိုလော့"*

## ဘုရားသခင့်သတိပေးချက်သည်အမြဲတမ်းတည်၏

မောရှေ၏သတိပေးချက်သည် ပေ့ါပေ့ါတန်တန်ပြောဆိုခြင်းမဟုတ်ပေ။ သူသည်သတင်းစကားကိုအိမ်သို့အမှန်တကယ်ပို့ဆောင်လာမည့်အသုံးအနှုန်းကို အသုံးပြုခဲ့ပြီး သူ၏ပရိသတ်များက ၎င်းသည်လေးနက်သောသတိပေးချက်တစ်ခုဖြစ်ကြောင်း အတည်ပြုပေးလိမ့်မည်။ ပညတ္တိကျမ်း၌ရေးထားသမျှသော ဘေးဥပဒ်နှင့်အနာရောဂါရှိသမျှတို့ကို သူတို့သည်မပျက်ဆီးမှီတိုင်အောင် ဘုရားသခင်သည်သူတို့အပေါ်မှာ သက်ရောက်စေတော်မူလိမ့်မည်။ သူတို့၏ဘုရားသခင်ထာဝရဘုရား၏စကားတော်ကိုနားမထောင်သောကြောင့် သူတို့၏အရေအတွက်သည် သိသိသာသာလျော့ကျလိမ့်မည်။

အဲဂုတ္တုပြည်မှထွက်ခွာစဉ်က တော၌ပုန်ကန်သောသူတို့ကို အပြစ်ပေးခြင်းသည် ဘုရားသခင်ကို မနာခံလိုသောသူတိုင်းအတွက် သက်သေတစ်ခုဖြစ်သည်။ သူတို့သည် တိုင်းတပါးသားတို့၏ဘာသာတရားကိုလက်ခံပြီး ထိုသူတို့၏ရုပ်တုများကို ဝတ်ပြုခဲ့သောကြောင့် သူတို့၏အခြေအနေမှာ ပိုဆိုးလာကြလိမ့်မည်။ ဤအရာသည် သူတို့ကိုရွေးကောက်ခဲ့သောစစ်မှန်သော ဘုရားသခင်ကို ငြင်းပယ်ခြင်းဖြစ်လိမ့်မည်။ ထို့ကြောင့် သူတို့သည်ငြိမ်သက်ခြင်းရှိမည်မဟုတ်ပေ။ မောရှေထပ်ပြောသည်မှာ "ထိုလူမျိုးတို့တွင် သင်သည်သက်သာခြင်းမရှိရာ၊ နေရာမကျရာ။ နှလုံးတုန်လှုပ်ခြင်း၊ မျက်စိမြော်၍အားကုန်ခြင်း၊ ဝမ်းနည်းခြင်းအကြောင်းကိုထာဝရဘုရားစီရင်တော်မူသဖြင့်" (တရား ၂၈း၆၅)။ သူတို့သည် အနာဂတ်အတွက် အဘယ်သို့ဖြစ်မည်ကိုမသိ၊ ဘဝအာမခံချက်မရှိဘဲ ကြောက်ရွံ့ခြင်းနှင့်အသက်ရှင်ကြမည်။ သူတို့သည်အဲဂုတ္တုပြည်သို့ကျွန်များပြန်ဖြစ်လာရန် ခြိမ်းခြောက်ခံနေရသည်။

မောရှေသည် ဤကိုန်စာများကို ပရောဖက်ပြုချက်အသုံးအနှုန်းဖြင့်ဖော်ပြခဲ့သည်။ ဤအချက်အများစုသည် ဣသရေလတိုင်းပြည်၌ သူတို့၏ရှည်လျားသောသမိုင်းတလျှောက်တွင် ဖြစ်ပျက်ခဲ့ပြီး၊ ယနေ့မျိုးဆက်ထံတွင်ပင် ဖြစ်ပျက်နေသည်။ ဘုရားသခင့်ကျွန်သည် ဤစကားများကို အနှစ်လေးဆယ် သူဦးဆောင်ခဲ့သောလူမျိုးအား ပေးအပ်ရန်မှာ သူ၏တာဝန်ဖြစ်သည်ကို သိရှိခဲ့သည်။ ဤသတိပေးချက်ကို သူကောင်းစွာသဘောပေါက်သည်။

ဘုရားသခင်သည် သူ၏ပဋိညာဉ်၌သစ္စာရှိသောကြောင့် ဣသရေလလူတို့ကိုလုံးလုံးလျားလျားမစွန့်ပစ်ပါ။ ကြွလာခဲ့ပြီးသောမေရှိယ၌ သူတို့အတွက်မျှော်လင့်စရာရှိ၏။ ကျွန်ုပ်တို့သည်လည်း ထိုကဲ့သို့သောအကျိုးဆက်များကို မကြုံတွေ့စေခြင်းငှါ မေရှိယကိုကိုးစား၍ ဘုရားသခင်၏ကယ်တင်ခြင်းတရားအတွက် အစဉ်အမြဲသူ၌ဝမ်းမြောက်ခြင်းရှိကြပါစို့။ ဘုရားသခင်၏သားတော်သည် လမ်းခရီး၊ သမ္မာတရားနှင့်အသက်ဖြစ်တော်မူ၏။ သူသည် ယုံကြည်သူတို့အား သူရွေးကောက်သောမိသားစုထံသို့မွေးစားခဲ့ပြီ။ သူ့ကိုရှာ၍ ကယ်တင်ခြင်းတရားကိုတွေ့ရှိကြပါစို့။

**ဆင်ခြင်ရန်** - အနီရောင်အလံကို ငြင်းပယ်သောသူတို့သည် သေရကြလိမ့်မည်။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏သတိပေးစကားကို သတိပြု၍အသက်ရှင်စေတော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၈)
**တရားဟော ၂၉း၁-၁၅**
ထွက် ၁၉း၄-၆

*“. . . သင်တို့သည်ငါ့စကားကို အမှန်နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်လျှင် . . . သင်တို့သည် ငါပိုင်ထိုက်သောဘဏ္ဍာတော်ဖြစ်ကြလိမ့်မည်. . .”*

## ဣသရေလလူတို့သည် ပဋိညာဉ်စာချုပ်တစ်ခုပြုလုပ်ရန်အဆင်သင့်ဖြစ်နေပြီ

ပဋိညာဉ်ဆိုသည်မှာ အဖွဲ့နှစ်ဖွဲ့ကြားတည်ကြည်သော ဂတိသစ္စာပြုခြင်းဖြစ်သည်။ ၎င်းသည် ဂတိသစ္စာပြုသည့်ဂတိကဝတ်တစ်ခုဖြစ်သည်။ ထိုကဲ့သို့သော ပဋိညာဉ်ကိုမချိုးဖောက်နိုင်သဖြင့် အဖွဲ့တိုင်းသည် ဂတိတည်ရန်လိုအပ်သည်။ ဘုရားသခင်သည် မောရှေကိုမှာထားတော်မူသဖြင့် သူသည်ဣသရေလအမျိုးသားတို့အား မောဘပြည်၌ ထိုကဲ့သို့သောပဋိညာဉ်ကိုပြုစေခဲ့ပြီ။ ၎င်းမှာ သူတို့သည်ဂတိထားရာပြည်သို့မကူးမီနှင့် မောရှေမသေဆုံးမီက ဖြစ်သည်။ သူတို့ရှေ့ဆက်သွားနေသည့်အတိုင်း သူတို့သည်တည်တည်တံ့တံ့ရှိနေကြောင်း သေချာစေဖို့ရန် ၎င်းသည်ဣသရေလလူတို့အတွက် လိုအပ်သည်။ ဤအရာသည် သူတို့ပြုလုပ်ခဲ့သည့်ပဋိညာဉ်၏နောက်ခံအကြောင်းဖြစ်သည်။

ထိုပဋိညာဉ်လိုအပ်ချက်မှာ ထိုပဋိညာဉ်ကိုပြုလုပ်ရန်မောရှေအား မှာထားသောဘုရားသခင်ထံမှလာ၏။ မောရှေသည် ဣသရေလလူအပေါင်းတို့ကို ဖိတ်ခေါ်ချိန်တွင်သူသည်တော၌ သူတို့ကိုဦးဆောင်ခဲ့သော အနှစ်လေးဆယ်အတွင်း ဘုရားသခင်သည်သူတို့အတွက် ပြုတော်မူသမျှတို့ကိုအောက်မေ့ရန်ပြောခဲ့သည်။ ဘုရားသခင်သည် သူတို့ကိုခိုင်ခံ့သောလက်တော်နှင့် ထုတ်ဆောင်ခဲ့၏။ သို့သော် ၎င်းမှာ ခဏတာဆုံစည်းခြင်းသာဖြစ်သည်။ သို့ရာတွင် နှစ်ပေါင်းလေးဆယ်သည် ရှည်လျားပြီးသူတို့တွင် အိမ်အတည်တကျမရှိဘဲ အမြဲတမ်းပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

သူတို့သည် သူတို့ကိုယ်ကိုအစားအစာ(သို့)အဝတ်အစားကို မထောက်ပံ့နိုင်ခဲ့ပါ။ သို့သော်၊ ဘုရားသခင်သည် ဤလိုအပ်ချက်များကို ဖြည့်ဆည်းပေးဖို့ အစားထိုးဖို့ကို ထောက်ပံ့ပေးခဲ့သည်။ ထိုအတောအတွင်း၌ သူတို့၏အဝတ်အစားများနှင့်ဖိနပ်များသည် ဟောင်းနွမ်းမသွားခဲ့ပါ။ သူတို့သည် အဲဂုတ္တုပြည်မှထွက်ခွာစဉ်၌ ဝတ်ဆင်ထားသော အဝတ်များနှင့်ဖိနပ်များဖြင့်ပင် ခါနာန်ပြည်သို့ဝင်ခဲ့ကြသည်။ ထိုအချက်ကိုပင် ကြီးမားသောအံ့ဘွယ်နိမိတ်လက္ခဏာဖြစ်သည်။ ဘုရားသခင်သည်လည်း သူတို့အား သူတို့၏တဲများ၌နေ့စဉ်ကျနေသောအစာကို ပေးတော်မူ၏။ ဤအစာကို ဘာဖြစ်ကြောင်းကိုမဖော်ထုတ်နိုင်ဘဲ ဣသရေလလူတို့က ၎င်းကို “အဲဒါဘာလဲ” ဟု အဓိပ္ပာယ်ရှိသည့် “မန္န” ဟူ၍ခေါ်ဆိုခဲ့သည်။ ၎င်းသည် ဂျုံ ပြောင်း (သို့) ကွဲကောသီးမဟုတ်သော်လည်း ၎င်းတွင် ကွဲပြားသောအစားအစာများအားလုံးပါဝင်နေပြီး တစ်ချိန်လုံးသူတို့အတွက် လုံလောက်မှုရှိသည်။ မောရှေက သူတို့သည် တစ်ချိန်လုံးမုန့်မစား(သို့)အရက်သေစာတွေ မသောက်ကြကြောင်းကို ဖော်ပြသည်။ ဣသရေလလူတို့မျက်မြင်တွေ့ခဲ့သော အံ့သြဖွယ်ရာများအားလုံးသည် ဘုရားသခင်၏ကြီးမြတ်မှုနှင့် အရာအားလုံးကိုလုပ်ဆောင်နိုင်စွမ်းကို ပြသခြင်းဖြစ်သည်။ ဘုရားသခင်သည် ရွေးကောက်တော်မူသောလူတို့အား ပြုတော်မူခဲ့သည့်အတိုင်း ကြီးစွာသောအမှုကို ပြုတော်မူသောအခြားလူမျိုး (သို့) တိုင်းပြည်မရှိပါ။ ဣသရေလလူတို့သည် ခါနာန်ပြည်သို့ချီတက်ခြင်းကို ဘုရားသခင်တပါးတည်းမှလွဲ၍ မည်သည့်စစ်တပ်အင်အားကမှ မတားဆီးနိုင်ပါ။ ဘုရားသခင်၏ပညတ်တော်မှာ ဣသရေလလူတို့သည် ဘုရားသခင်ထံဆက်ကပ်အပ်နှံခြင်းကို တည်တံ့စေရန်ဖြစ်သည်။ တော၌အတွေ့အကြုံများသည် ထိုလိုအပ်ချက်ကိုတောင်းဆိုခဲ့သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပဋိညာဉ်များကို ကျွန်ုပ်တို့အား အကာအကွယ်ပေးဖို့ရည်ရွယ်စီစဉ်ခြင်းဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်သည် အစဉ်အမြဲသစ္စာစောင့်သိပါစေသော်။

ကြာသပတေး၊ ဒီဇင်ဘာ (၉)

**တရားဟော ၂၉း၁-၁၅**

၆ ရာ ၂၉း၁၀-၁၁

*". . . ဣသရေလအမျိုး၏ဘုရားသခင် ထာဝရဘုရားနှင့် ပဋိညာဉ်ဖွဲ့မည်ဟု ငါအကြံရှိ၏"*

# ပဋိညာဉ်တရားခွ်အကျွန်ုပ်တို့အားလုံးပါဝင်သည်

မောရှေပြောသည့်အတိုင်း သူတို့သည် မောဘရှင်ဘုရင်ရှိဟုန်(ဟေရှဘုန်ရှင်ဘုရင်) နှင့် ဩဃ(ဗာရှန်ရှင်ဘုရင်) တို့သည် အနိုင်ယူခဲ့ကြသည်။ သူတို့နှစ်ဦးစလုံးသည် အလွန်ခွန်အားကြီး၍ အင်အားတောင့်တင်းသောစစ်သားများရှိသော်လည်း ဘုရားသခင်သည်သူတို့ကို ဣသရေလလူတို့လက်သို့ အပ်တော်မူ၏။ သူတို့၏တိုင်းပြည်ကိုဖျက်ဆီး၍ သူတို့၏မြေကို ရူဘင်အနွယ်၊ ဂဒ် နှင့် မနာရှေအနွယ်တစ်ဝက်ကို မောရှေပေးခဲ့သည်။ စစ်မဟာဗျူဟာတွင် ပထမလိုအပ်ချက်မှာ ခိုင်မာတောင့်တင်းသောစစ်တပ်ရှိရန်ဖြစ်သည်။ အစောပိုင်းကာလတွင် ဤအရာသည်ဘုရင်တစ်ဦး၏ စစ်သည်အရေအတွက်ပေါ်တွင်မူတည်သည်။ ဒုတိယအချက်မှာကောင်းမွန်သော လေ့ကျင့်မှုနှင့်ရဲရင့်သောနှလုံးသားရှိရန်ဖြစ်သည်။ ဣသရေလလူတို့တွင် သူတို့၏ရန်သူတို့ထက် သာလွန်သောအရည်အသွေးများရှိခဲ့သော်လည်း ဘုရားသခင်သည် သူတို့၏ခွန်အားနှင့်အောင်မြင်ခြင်းဖြစ်သည်။ မောရှေက ထိုရှင်ဘုရင်များအပေါ် သူတို့အားအောင်မြင်ခြင်းကိုပေးသောသူမှာ ဘုရားသခင်ဖြစ်ကြောင်းကိုအလေးပေးဖော်ပြသည်။ ဇဖက်အသင်းတော်ထံ ပေးစာအရယုံကြည်သူများသည် ဝိညာဉ်ရေးရာစစ်ပွဲတွင်ပါဝင်နေကြသည်။ ထို့ကြောင့်ၡင်းသည် ဘုရားသခင်၏လက်နက်စုံကိုဝတ်ဆင်ရန် ကျွန်ုပ်တို့ကိုတိုက်တွန်းသည်။ ဣသရေလလူတို့အတွက် ထိုစစ်ပွဲတွင်အောင်ပွဲသည် ဘုရားသခင်ထံမှသာရနိုင်သည်။

ပဋိညာဉ်တရား၏လေးနက်တည်ကြည်မှုက အုပ်စုတစ်စုချင်းစီက မိမိတို့၏ညှိနှိုင်းထားမှုကိုထိန်းထားဖို့ရန်တောင်းဆိုသည်။ ဣသရေလလူတို့သည် ပဋိညာဉ်စကားကို စောင့်ရှောက်ရန်နှင့်သူတို့ပြုသမျှ၌ အောင်မြင်ကြီးပွားရန်အလို့ငှါ ၎င်းတို့ကိုနာခံလုပ်ဆောင်ရန် မိန့်တော်မူထားသည်။ သူတို့သည်အသေးငယ်ဆုံးမှ အကြီးဆုံးအထိဘုရားသခင်ရှေ့၌ ရန်နေရမည်။ မျိုးနွယ်စုအကြီးအကဲများ၊ လူကြီးများ၊ အရာရှိများနှင့် လူအားလုံးတို့သည် ပဋိညာဉ်တရားကိုစောင့်ထိန်းရပါမည်။ သူတို့၏သူငယ်ချင်းများ၊ သူတို့၏မယားများနှင့်သူစိမ်းများအားလုံးသည် ထိုနေ့ရက်၌ဘုရားသခင်နှင့်ပြုသောပဋိညာဉ်တရားထဲသို့ ဝင်ရပါမည်။ လူတိုင်းပါဝင်မှုနှင့် သူတို့၏ပါဝင်မှုသတ်မှတ်ချက်တို့သည် ပုဂ္ဂိုလ်ရေးတာဝန်၏အရေးပါမှုကို ဖော်ပြသည်။ သူတို့၏အဆင့်အတန်းမခွဲခြားဘဲ လူတိုင်းသည်ဘုရားသခင်ရှေ့တွင်တာဝန်ရှိသည်။ နေဟမိလက်ထပ်၌ သူသည်ယေရုရှလင်မြို့ရိုးကို ပြန်လည်တည်ဆောက်ခြင်းအမှုပြီးစီးသောအခါ ယဇ်ပုရောဟိတ်ဧဇရာအား ဘုရားသခင်၏ ပဋိညာဉ်ကျမ်းကိုလူတို့ထံသို့ ဖတ်ပေးဖို့ယူလာရန်တောင်းဆိုခဲ့သည်။ အစည်းအဝေးသို့ ဖိတ်ကြားခံရသူများမှာ အမျိုးသားများ၊ အမျိုးသမီးများနှင့်နားလည်နိုင်စွမ်းရှိသူများဖြစ်ကာ အရွယ်ရင့်ကျက်သောကလေးများလည်းပါဝင်သည်။ ဣသရေလလူတို့၏ပဋိညာဉ်တရားမှာ အားလုံးပါဝင်၏။ မောရှေထံမှဣသရေလလူမျိုးထံသို့ သတင်းပေးပို့ချက်ကို နိုင်ငံတစ်ဝန်းလုံးအနေဖြင့်လက်ခံရရှိသည်။ လူတိုင်းမှာတာဝန်ရှိသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ပဋိညာဉ်ချိုးဖောက်သောသူများကို လက်သင့်ခံမည်မဟုတ်ပါ။

**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်အားပဋိညာဉ်စောင့်ရှောက်သောသူ ဖြစ်ရန်ကူညီပါ။

သောကြာ၊ ဒီဇင်ဘာ (၁၀)
**တရားဟော ၂၉း၁၆-၂၉**
ဂလာတိ ၄း၄-၆

*“. . . ငါတို့သည် သား၏အခွင့်အရေးကိုခံရမည် အကြောင်း၊ ပညတ်တရားအောက်၌ရှိသော ငါတို့ကို ရွေးနုတ်စေခြင်းငှါ. . .”*

---

## ပဋိညာဉ်တရားကိုကြိုတင်ကာကွယ်မှုများ

ဣသရေလအမျိုးနှင့် ဘုရားသခင်ပြုလုပ်သော ပဋိညာဉ်မှာအားလုံးပါဝင်ကြ၏။ သူတို့ကို သူ၏လူမျိုးအဖြစ်တည်ထောင်ရန် ဘုရားသခင်ဂတိပေးခဲ့သည်။ ၎င်းသည်အာဗြဟံ၊ ဣဇာက်နှင့်ယာကုပ်တို့နှင့်ပြုလုပ်ခဲ့သော ပဋိညာဉ်နှင့်အညီဖြစ်သည်။ ယာကုပ်သည် လူတရာမပြည့်သောမိသားစုအဖြစ်အဲဂုတ္တုပြည်သို့သွားခဲ့သည်။ သူတို့သည် အဲဂုတ္တုပြည်၌နေခြင်းမှာ နှစ်ပေါင်းလေးရာဖြစ်ပြီးသူတို့သည်အဲဂုတ္တုပြည်မှထွက်သွားသောအခါ သူတို့သည်မြေကြီးတပြင်လုံးကို ဖုံးလွှမ်းသောလူအစုအဝေးဖြစ်ကြ၏။ မူလပဋိညာဉ်၌ ဘုရားသခင်သည် အာဗြဟံအားကောင်းချီးပေးသော သူတို့ကိုကောင်းချီးပေးလိမ့်မည်ဟု မိန့်တော်မူခဲ့သည်။ ပဋိညာဉ်တွင် ဣသရေလကို မျက်နှာသာပေးသောသူများပါဝင်သောဂတိတော်သည် လူအားလုံးကဘုရားသခင် ရွေးချယ်ထားသောလူမျိုးအပေါ် စေတနာကောင်း ပြရမည့်အကြောင်းကို ပြသသည်။ ယုံကြည်ခြင်းအားဖြင့် ယနေ့အာဗြဟံ၏သားသမီးများအနေဖြင့် ကျွန်ုပ်တို့သည်လည်း ယေရှု၌ပြည့်စုံသော ထာဝရပဋိညာဉ်တွင် ပါဝင်ကြသည်။

ဣသရေလလူတို့၏စိတ်နှလုံးသည် သူတို့မြင်ဖူးသောရုပ်တုများဘက်သို့ မလှည့်ရပါ။ အဲဂုတ္တုပြည်နှင့် ခါနာန်လူတို့၏ဘာသာကိုးကွယ်မှုသည် ရုပ်တုကိုးကွယ်ခြင်းဖြစ်သည်။ မောရှေသည် ဣသရေလလူတို့ကို အဲဂုတ္တုပြည်မှခေါ်ထုတ်ရန် ခေါ်သောအခါတွင် သူတို့ကိုစစ်မှန်သောဘုရားသခင်၊ စစ်မှန်သောကိုးကွယ်ခြင်းနှင့်မိတ်ဆက်ပေးခဲ့သည်။ ပညတ်တရားကို ပေးသောအခါ ရုပ်တုကိုးကွယ်ခြင်းကိုအထူးတားမြစ်သည်။ အပြစ်ဒဏ်မခံရဘဲအပြစ်ကျူးလွန်မည့်သူများသည် ဘုရားသခင်၏အမျက်တော်ကို ရင်ဆိုင်ကြရမည်။ မောရှေသည် ထိုကဲ့သို့သောရုပ်တုများနောက်သို့လိုက်ရန် ဘုရားသခင်ထံမှလမ်းလွဲသွားနိုင်ခြေကို သိမြင်ခဲ့သည်။ တော၌ ရုပ်တုဆင်းတုကိုပြုလုပ်ခြင်း၌ ဣသရေလလူတို့ကိုဦးဆောင်ခဲ့သည့်အာရုံသည် သူ၏ဒုတိယမြောက် ကွပ်ကဲအမိန့်ပေးပိုင်သူဖြစ်၏။ ထို့ကြောင့် လူအများစု၏ လမ်းများကို လိုက်လျှောက်ရန်သွေးဆောင်ခံရမှုကို မည်သူမျှခံနိုင်ရန်မရှိချေ။

သို့ရာတွင် ဘုရားသခင်ရွေးကောက်ထားသော လူမျိုးအနေဖြင့် ဣသရေလလူတို့သည် ဘုရားသခင်အားသစ္စာရှိစွာ အစေခံဖို့ရန်သတိကြီးစွာထားရပါမည်။ ပညတ္တိကျမ်း၌ရေးထားသော ကျိန်ခြင်းအပေါင်းတို့သည် သူတို့အပေါ်သို့ရောက်၍ သူတို့၏နာမကိုကောင်းကင်အောက်၌ပယ်ဖျက်လိမ့်မည်။ ဆိုလိုသည်မှာသူတို့သည်သေ၍ မြေကြီးပေါ်တွင် မနေရကြမည်ကိုဆိုလိုသည်။ သူတို့၏အပြစ်ဒဏ်ကို သောဒုံ၊ ဂေါမောရ၊ အဒမာနှင့်ဇေဗိမ်တို့နှင့်နှိုင်းယှဉ်ခံရသည်။ ၎င်းသည် ကမ္ဘာဦးကျမ်း ၁၉ ၌မှတ်တမ်းတင်ထားသည့် ထိုမြို့တို့ကို ပြာပုံဖြစ်အောင်ဖျက်ဆီးသည့်မီးလျှံနှင့်ကန့်ကို ဘုရားသခင်စေလွှတ်ထားသည့်အကြောင်းကို ကိုးကားထားခြင်းဖြစ်သည်။ ထိုမြို့များရှိ သက်ရှိအားလုံးသည် ပျက်စီးခဲ့သည်။

**ဆင်ခြင်ရန်** - ပဋိညာဉ်တစ်ခုကို စောင့်ထိန်းရန်အပိုသတိရှိရန်လိုသည်။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏ပဋိညာဉ်များကို စောင့်ရှောက်ရန် ကျွန်ုပ်အားယုံကြည်ခြင်းကို ပေးပါ။

စနေ၊ ဒီဇင်ဘာ (၁၁)
**တရားဟော ၂၉း၁၆-၂၉**
မဿဲ ၂၆း၄၀-၄၁

*“. . . ဆုတောင်းလျက်စောင့်နေကြလော့. . .”*

---

# အပြစ်ကျူးလွန်ခြင်းအတွက်အပြစ်ဒဏ်မှာသေချာ၏

သောဒုံမြို့နှင့်ဂေါမောရမြို့၏ပြစ်ဒဏ်သည် သူတို့၏အပြစ်များသည် အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းသောကြောင့် လွန်ကျူးသူအားလုံး၏ကံကြမ္မာအတွက် စံတစ်ခုဖြစ်လာခဲ့သည်။ သူတို့သည် ဖျက်ဆီးခြင်းထက်ဘာမျှမထိုက်တန်ပါ။ ထိုမြို့များ၏တည်နေရာသည် ပင်လယ်သေကမ်းခြေပေါ်တွင်ဖြစ်သည်။ ဤရေအိုင်မှာ အားလုံးနီးပါးဆားရေဖြစ်ပြီး ယော်ဒန်မြစ်မှရေချိုကို လက်ခံရရှိသော်လည်း မည်သည့်သက်ရှိအရာမှ ၎င်းနေရာတွင် မရှင်သန်နိုင်ပါ။ ၎င်းသည် သူ၏အမိန့်ကိုဆန့်ကျင်သူအားလုံးအပေါ် ဘုရားသခင်၏အမျက်ဒေါသ၏ပြင်းထန်မှုကို ဖော်ပြသည်။ ဤသတင်းစကားကရှင်းပါသည် - ဘုရားသခင်၏ပဋိညာဉ်ကိုစောင့်ခြင်းသည် လုံးလုံးနာခံခြင်းကိုဆိုလိုသည်။

ဣသရေလလူမျိုးသည် ပဋိညာဉ်ကိုချိုးဖောက်လျှင် သူတို့၏အပြစ်ကို လူအားလုံးသိကြလိမ့်မည်။ ကျမ်းစာ၌ရေးထားသောကျိန်ခြင်းအပေါင်းတို့သည် သူတို့အပေါ်မှာကျရောက်လိမ့်မည်။ ယခင်အခန်းတွင် ဤကျိန်စာများကို ကြိုတင်ဟောထားသောစာရင်းရှည်ရှိသည်။ သူတို့သည် မိမိတို့နယ်မြေမှ နှုတ်ပစ်ခြင်းခံရ၍ အခြားနယ်မြေသို့ခေါ်ဆောင်ခြင်းခံရမည်။ သူတို့၏ရန်သူများသည် သူတို့ကိုကျွန်ပြု၍သူတို့၏ဆန္ဒနှင့်ဆန့်ကျင်သော တိုင်းတစ်ပါးသို့ခေါ်ဆောင်သွားလိမ့်မည်။ ဤသတ်မှတ်ထားသောပြစ်ဒဏ်သည် ဣသရေလကို၎င်းတို့ရန်သူတို့၏ အလိုတော်ကျခံရလိမ့်မည်ကိုဆိုလိုသည်။ ထိုသို့သော ပြစ်ဒဏ်သည်အဖျက်ခံရသူများကို များစွာနာကျင်စေလိမ့်မည်။ အမြင့်ဆုံးအပြစ်ဒဏ်သည် သေဒဏ်ဖြစ်ပြီး သမ္မာကျမ်းစာက ဤအရာသည် အပြစ်၏အစဖြစ်ကြောင်း ဖော်ပြသည်။ မောရှေသည် ဘုရားသခင်၏အချုပ်အခြာအာဏာကိုကြေငြာပြီး တရားဟောရာ ၂၉ ကိုပိတ်လိုက်သည်မှာ “မထင်ရှားသောအရာတို့သည်၊ ငါတို့ဘုရားသခင်ထာဝရဘုရား၏ အငန်းအတာဖြစ်ကြ၏။ ဘော်ပြတော်မူသောအရာတို့သည် ကာလအစဉ်မပြတ်ငါတို့နှင့်ငါတို့သားသမီးတို့၏ အငန်းအတာဖြစ်၍၊ ဤပညတ်စကားအလုံးအစုံတို့ကို စောင့်ရှောက်ရမည်အကြောင်းတည်း” (တရား ၂၉း၂၉)။ သူသည် ဘုရားသခင်၏ဖော်ပြထားသောအလိုတော်ကိုသာ နာခံအပ်နှံရာ ဣသရေလလူတို့ကို ပြောဆိုနေ၏။

မောရှေသည် ဣသရေလလူတို့ကိုတဆင့်ပြီးတဆင့် ဦးဆောင်ခဲ့ပြီး သူတို့သည် ဘုရားသခင်မိန့်တော်မူသမျှအားလုံးကို စုံလင်စေဖို့ သေချာအောင်အတတ်နိုင်ဆုံးကြိုးစားခဲ့သည်။ သူတို့မှာအခွင့်အာဏာအားလုံးရှိမည့်သူတို့၏ ကိုယ်ပိုင်တိုင်းပြည်ကို ဘုရားသခင်ပေးလိမ့်မည်။ မည်သည့်အခြေအနေများအတွက်မဆို ကြိုတင်ပြင်ဆင်မှုလိုအပ်ပြီး တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန်လည်း အလွန်အရေးကြီးသည်။ သူတို့သည် ဘုရားသခင်အားမှန်ကန်စွာ အစေခံရန်နှင့်သူတို့၏ခေတ္တတည်းခိုနေထိုင်မှုသည် အဓိပ္ပာယ်ရှိရန်လိုအပ်သည်။

ကျွန်ုပ်တို့၏ကောင်းကင်အမွေအနှစ်ကို မျှော်လင့်နေစဉ်ကျွန်ုပ်တို့၏သခင်နှင့် ကယ်တင်ရှင်ယေရှုခရစ်ကို နာခံကြပါစို့။

**ဆင်ခြင်ရန်** - ခရစ်တော်ကို ယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်ရကြ။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်သည် ကျွန်ုပ်၏ခိုလှုံရာဖြစ်စေဖို့ ခေတ်အဆက်ဆက်၏ကျောက်တော်ကို အမှန်ကြည့်ရှုစေတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၁၂)
**တရားဟော ၃၀း၁-၁၀**
ယေရမိ ၃၁း၃၁-၃၄

*". . . ထာဝရဘုရားကိုသိလော့ဟု . . .*
*ဆုံးမသြဝါဒမပေးရကြ။ အကြောင်းမူကား . .*
*ထိုသူအပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည်. . . "*

# ဘုရားသခင့်ပညတ်တော်၏လုပ်ဆောင်ချက်ကိုအလေးထားသည်

မောရှေသည်ဘုရားသခင်မိန့်တော်မူသမျှကို ဣသရေလအမျိုးသားတို့အား အသိပေးခဲ့သည်။ တဖန်၊ သူသည်ဘုရားသခင့်ပညတ်တရား၏အမှုကို အလေးထားပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အမြဲမှန်သည်ကို ဣသရေလလူတို့အား သတိပေးသည်။ ဘုရားသခင်၏ဂတိတော်များအားလုံးပြည့်စုံလာပြီး ဘုရားသခင်သည် သူ၏လူမျိုးများကိုနောင်တရစေလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သူ့လူမျိုးအတွက် အမြဲရှိနေပြီး ၎င်းကိုသူတို့လက်လှမ်းမီစေရန် ရည်ရွယ်ချက်ရှိရှိပို့ဆောင်ခဲ့သည်။ မောရှေသည် သူများအားဘုရားသခင်၌ဘဝနှင့်စိတ်ကျေနပ်မှုကို ရွေးချယ်ရန်သတိပေးသည်။

ပညတ္တိကျမ်း၌ ဖော်ပြသောဘုရားသခင်၏ ဂတိတော်များသည်ပြည့်စုံလိမ့်မည်။ ကောင်းချီးမင်္ဂလာများနှင့်ကျိန်စာများ ပြည့်စုံသောအခါ၊ သူတို့အားဘုရားသခင်မိန့်တော်မူသမျှတို့ကို သူတို့ပြန်မှတ်မိကြလိမ့်မည်။ ဣသရေလလူတို့သည် ဘုရားသခင်၏စကားသံကိုနားထောင်သောအခါ သူတို့ထံကျရောက်မည့်ကျိန်ခြင်း၏ အစိတ်အပိုင်းအဖြစ်ဖမ်းဆီးသိမ်းသွားခြင်းအပြစ်ဒဏ်အားဖြင့် သတိပေးခြင်းခံရသည်။ ၎င်းသည်နာကျင်စရာအတွေ့အကြုံဖြစ်လိမ့်မည်။ သံ့ပန့်တစ်ဦးသည် မည်သည့်လွတ်လပ်မှု(သို့) အခွင့်အရေးများကိုမျှ မရသောပုဂ္ဂိုလ်ဖြစ်သည်။ ဣသရေလလူတို့သည် အဲဂုတ္တုပြည်၌ထိုစော်ကားမှုကို ကြုံခဲ့ပြီးပြီ။ သံ့ပန်းများသည် သူတို့ကိုဖမ်းချုပ်သူများ၏အလိုတော်ကို လုပ်ဆောင်နေရပြီး သူတို့သည်များသောအားဖြင့် အလုပ်ကြမ်းလုပ်ခိုင်းခြင်း၊ နှိပ်စက်ခြင်းနှင့်အစာအနည်းငယ်သာကျွေးမွေးခြင်းခံရသည်။ ထိုဘဝမျိုးသည်စိတ်ဆင်းရဲစရာကောင်းပြီး လွတ်လပ်မှုနည်းလမ်းများမှာမှေးမှိန်နေသည်။ ဣသရေလလူမျိုးသည်တိုင်းတပါးတို့၏ လက်၌ဤကဲ့သို့သောပြစ်ဒဏ်မျိုးကျခံရလိမ့်မည်။ သူတို့သည်နောင်တတရားဖြင့်ဘုရားသခင်ထံသို့ ပြန်လာကြပြီးသူ၏အသံကိုနာခံကြသောအခါ ဘုရားသခင်သည်သူတို့ပြန့်ကျဲနေထိုင်ရာတိုင်းပြည်အသီးသီးမှ ပြန်ခေါ်လိမ့်မည်။ ၎င်းသည် သူတို့အတွက် စိတ်သက်သာရာရစေပြီး ပျော်ရွှင်စရာအချိန်ဖြစ်လိမ့်မည်။ တရားဟောရာ ၃၀း၄-၅ တွင် မောရှေက ဂတိတော်ကိုအလေးထားပြောဆိုခဲ့သည် "သင်၏လူအချို့တို့သည် မိုယ်းကောင်းကင်အောက် အဝေးဆုံးသောအရပ်သို့နှင်ထုတ်ခြင်းကို ခံရသော်လည်း၊ ထိုအရပ်မှသင်၏ဘုရားသခင်သိမ်းယူဆောင်ခဲ့တော်မူလိမ့်မည်။ ဘိုးဘေးတို့ဝင်စားသောပြည်သို့ တဖန်ဆောင်ခဲ့တော်မူသဖြင့်၊ သင်သည် ဝင်စားရလိမ့်မည်။ ထိုအခါ ကျေးဇူးပြုတော်မူပြန်သဖြင့်၊ ဘိုးဘေးများတို့ထက် သင့်ကိုသာ၍ များစေတော်မူလိမ့်မည်"။ ဤပြန်စုစည်းမှုသည် သူတို့အားအဲဂုတ္တုပြည်မှဘုရားသခင်နှုတ်ဆောင်ခဲ့သည့်နည်းလမ်းထက်များစွာ ကြီးမားလိမ့်မည်။

ဤစကားများကို ထပ်ပြောရာတွင် မောရှေသည်သူလုပ်သောအချက်ကို အလေးထားသည်။ ဘုရားသခင်မိန့်ဆိုသောအရာကို နားထောင်၍ဆောင်ရွက်ပြီး အပြစ်ဒဏ်ကိုရှောင်လော့။

**ဆင်ခြင်ရန်** - ပေးထားသောဥပဒေက ပုန်ကန်သူများကိုအဆုံးစီရင်လိမ့်မည်။
**ဆုတောင်းချက်-** အဖဘုရား၊ ကျိန်ခြင်းမဟုတ်ဘဲ ကောင်းကြီးမင်္ဂလာများကို မျှော်လင့်ရင်း ကျွန်ုပ်အသက်ရှင်စေပါ။

တနင်္လာ၊ ဒီဇင်ဘာ (၁၃)
**တရားဟော ၃၀း၁-၁၀**
ယေရမိ ၃၂း၃၆-၄၄

*"သူတို့သည်ငါ၏လူဖြစ်ကြလိမ့်မည်။
ငါသည်လည်းသူတို့၏ဘုရားသခင်ဖြစ်မည်။"*

# ဣသရေလအမျိုးကိုပြန်လည်ထူထောင်ခြင်း

ဘုရားသခင်သည်မိမိ၏နှုတ်ထွက်စကားတော်ကို အမြဲသစ္စာရှိ၏။ နောက်ဆက်တွဲ ဣသရေလသမိုင်း၌ ဘုရားသခင်၏ပရောဖက်ပြုချက်များပြည့်စုံခဲ့ကြောင်းကို ကျွန်ုပ်တို့ဖတ်ရသည်။ အပြစ်ကျူးလွန်မှုတိုင်းတွင်အကျိုးဆက်များရှိသကဲ့သို့ပင် နောင်တတရားသည်လည်းသက်သာခြင်းကို ယူဆောင်ပေး၏။ သို့သော်ဘုရားသခင်၏ဒဏ်ခတ်ခြင်းကြောင့် ပျက်ဆီးခြင်းသည်အစဉ်အမြဲတည်နေသောအမာရွတ်များကိုဖြစ်စေသည်။ ရှောလမုန်ခေတ်တွင်ဣသရေလနိုင်ငံအနေဖြင့် ၎င်း၏ဂုဏ်သိက္ခာအမြင့်ဆုံးသို့ရောက်ခဲ့သည်။ တိုင်းပြည်သည်ငြိမ်းချမ်းပြီးသာယာဝပြော၍ အသီးများစွာသီးခဲ့သည်။ ထိုကောင်းကြီး၌ဘုရားသခင်၏လက်တော်ကို သူတို့မြင်စဉ်တွင်သူတို့သည် တပြိုင်နက်သတိလက်လွတ်ဖြစ်သွားသည်။ သူတို့သည်ပညတ်တော်ကိုအပြည့်အဝမလိုက်နာဘဲ ကိုယ်ပိုင်ရည်မှန်းချက်များကိုကျော်တက်ခွင့်ပေးခဲ့သည်။

ရှောလမုန်၏သားတော်အုပ်စိုးစဉ်ကာလတွင် တိုင်းပြည်သည်ကွဲသွားခဲ့သည်။ သူတို့၏ရှင်ဘုရင်များဦးဆောင်၍ သူတို့သည်ဘုရားသခင်ကိုစွန့်၍ ရုပ်တုများနောက်သို့လိုက်ကြ၏။ သူတို့ကိုသတိပေးရန်နှင့်ဘုရားသခင်၏လမ်းတော်သို့ ပြန်လည်တည့်မတ်ပေးရန် ပရောဖက်များအား စေလွှတ်ခဲ့သည်။ သို့သော် နားထောင်သူနည်းပါး၏။ အကျိုးဆက်မှာလူမျိုးစုများကို တိုင်းတပါးပြည်သို့အစုလိုက်ဖမ်းဆီးခေါ်ဆောင်ခံရခြင်းဖြစ်သည်။ အနှစ်ခုနှစ်ဆယ်သိမ်းခံရပြီးနောက် ယုဒသာ ဂတိတော်ပြည်သို့ပြန်လာခဲ့ရသည်။ သို့သော် ယခင်ဂုဏ်သိက္ခာကိုပြန်မရခဲ့တော့ပေ။ သူတို့တည်ဆောက်သည့်ဒုတိယမြောက်ဗိမာန်တော်ပင်လျှင် ရှောလမုန်တည်ဆောက်ခဲ့သော ဗိမာန်တော်ထက်သာ၍နိမ့်ကျကြောင်းကိုမြင်တွေ့ရသည်။

ရာစုနှစ်များစွာကြာအောင်လူစုခွဲပြီး ခေတ်သစ်ဣသရေလနိုင်ငံကိုပြန်လည်ထူထောင်ခဲ့သည်။ ဣသရေလနိုင်ငံသည်အဘက်ဘက်၌ ကြွယ်ဝချမ်းသာသော်လည်း သူတို့သည်အဆက်မပြတ်စစ်ပွဲအခြေအနေတွင်ရှိနေသည်။ သူတို့၏အဓိကအပြစ်ကျူးလွန်မှုမှာ မေရှိယကိုငြင်းပယ်ခြင်းဖြစ်သည်။ သူကြွရောက်လာပြီးကတည်းက ဂျူးလူမျိုးတမျိုးလုံးကသူ့ကိုဘယ်တုန်းကမှ အသိအမှတ်မပြုခဲ့ကြပေ။ ဂျူးလူမျိုးလက်တဆုပ်စာကသာ သခင်ယေရှုခရစ်ကိုကယ်တင်ရှင်သခင်အဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ နောင်တတရား၏ကမ်းလှမ်းချက်သည် ယနေ့ထိတိုင်ရှိနေဆဲဖြစ်ပြီး သူတို့ကိုကယ်တင်နိုင်ဆဲဖြစ်သည်။

ဣသရေလလူတို့၏နှလုံးသားတွေကို ဘုရားသခင်သည်အရေဖျားလှီးပေးပြီး သူ့ကိုချစ်စေလိမ့်မည်ဟု မောရှေပြောဆိုခဲ့သည်။ ဤစကားရပ်သည်ဘုရားသခင်ကသူတို့ကို ပြောင်းလဲစေပြီးသူနှင့်မိဿဟာယဖွဲ့စေလိမ့်မည်ဟုဆိုလိုသည်။ ကျိန်ခြင်းအမင်္ဂလာအပေါင်းသည် သူတို့၏ရန်သူဘက်သို့လှည့်လိမ့်မည်။

ယနေ့ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေးဆက်ဆံရေးသည်သူ၏ကောင်းကြီးများနှင့်ထာဝရသက်သာခြင်းကိုရှာဖွေရာတွင်အရေးကြီးသည်။

**ဆင်ခြင်ရန်** - နောင်တရသူတိုင်းကိုဘုရားသခင်သည် ကယ်တင်ခြင်းကိုပေးတော်မူပြီ။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်သည် ကိုယ်တော်၏ဂတိတော်ဖြစ်သော ထာဝရသက်သာခြင်းကို အမြဲမျှော်လင့်စေပါ။

အင်္ဂါ၊ ဒီဇင်ဘာ (၁၄)
**တရားဟော ၃၀း၁၁-၂၀**
ယောဟန် ၅း၃၉-၄၇

*"သင်တို့သည် မောရှေ၏စကားကိုယုံလျှင် ငါ့စကားကိုမယုံဘဲ မနေနိုင်ကြ။ အကြောင်းမူကား မောရှေသည် ငါ့အကြောင်းကိုရေးထား၏"*

# ကယ်တင်သောကျေးဇူးတော်ကိုမောရှေအားဖြင့်သွန်သင်ခဲ့၏

ဣသရေလလူတို့သည် ဘုရားသခင်ဘက်သို့လှည့်၍သူ၏ပညတ်တော်တို့ကို နာခံကြလိမ့်မည်။ ဘုရားသခင်၏ကျေးဇူးတော်ကိုမောရှေသည် ဣသရေလလူတို့ကို ပြောတော်မူစဉ် အသုံးအနှုန်းများတွင်ပြသထားသည်။ သူတို့၏နောင်တတရားသည် သူတို့ကိုဘုရားသခင်၏ခွင့်လွှတ်ခြင်းဆီသို့ပို့ဆောင်ပေးလိမ့်မည်။ ဘုရားသခင်သည် သူတို့ကိုအဖိုးအခမလိုဘဲ ခွင့်လွှတ်ပြီး သူတို့ကိုသူ၏သားသမီးများအဖြစ်လက်ခံလိမ့်မည်။

ကျေးဇူးတော်သည် ဘုရားသခင့်ရွေးနှုတ်ခြင်းအကြောင်းကို ဤဇာတ်လမ်းအားဖြင့်ပြုလုပ်သောပေးကမ်းခြင်းဖြစ်သည်။ ဧဝံဂေလိတရားသည် ဤမူအပေါ်တွင်ရပ်တည်သည်။ ဘုရားသခင်သည် ငါတို့ပြုသောကောင်းမှုများကြောင့် ငါတို့ကိုကယ်တင်ခြင်းမဟုတ်ဘဲ သူ၏ကျေးဇူးတော်နှင့်ဂရုဏာတော်အားဖြင့်သာ ကယ်တင်တော်မူ၏။

မောရှေသည် ဤဖြစ်စဉ်တွင်သာမက သတ်မှတ်ထားသောပူဇော်သက္ကာများအားဖြင့်လည်း ၎င်းအကြောင်းကို ဟောကြားခဲ့သည်။ ဥပမာအားဖြင့် ပသခါသိုးသူငယ်၏ ပူဇော်သက္ကာမှာ သိုးသူငယ်၏အသွေးသည် ပင်ကိုယ်အားဖြင့်အပြစ်များကို ဖယ်ရှားပေးနိုင်သည်မဟုတ်ဘဲ ၎င်းကယ်တင်သောဘုရားသခင်၏ကျေးဇူးတော်ဖြစ်ပေသတည်း။ ပူဇော်သက္ကာသည် ကျွန်ုပ်တို့အပြစ်များအတွက် အစားထိုးအဖြစ် ဘုရားသခင်၏သားတော်အား ပူဇော်ခြင်း၏ပုံရိပ်ဖြစ်သည်။ ဘုရားသခင်သည် ဣသရေလတိုင်းပြည်အား သူတို့၏ဘဝနှင့်လုပ်ဆောင်ချက် ကဏ္ဍတိုင်း၌ကောင်းကြီးပေး၍ ကြီးပွားစေရန်ကောင်းကြီးပေး၏။ ဤနေရာ၌သူတို့သည် အမှန်နောင်တရကြောင်း ရှင်းလင်းရမည်။ သူတို့သည် ဘုရားသခင်ထံသို့ပြန်လှည့်၍ ပညတ်ကျမ်းစာ၌ပါသော စကားရှိသမျှတို့ကို စောင့်ရှောက်ကြရမည်။ ၎င်းမှာ အစဉ်အမြဲမျှော်လင့်စရာဖြစ်သည်။ အကြောင်းမှာ နောင်တတရားသည်နောင်တအတွက် ဖြည့်ဆည်းပေးသည့်အသီးများက ထောက်ပံ့ပေးရပါမည်။ ၎င်းသည် ဣသရေလလူတို့ကိုမျှော်လင့်ချက်ဖြစ်ခဲ့ပြီး ယနေ့ကျွန်ုပ်တို့ကိုလည်း မျှော်လင့်၏။ ကျွန်ုပ်တို့၏နောင်တရမှုသည် ကျွန်ုပ်တို့၏လုပ်ရပ်များက ထောက်ပံ့ပေးရပါမည်။

ဘုရားသခင်၏စကားတို့သည် သူ့လူတို့၏လက်လှမ်းနိုင်သည့်အကွာတွင် ရှိကြသည်။ သိနာတောင်ပေါ်တွင် ဘုရားသခင်သည်ပညတ်တော်တို့ကို ဟောကြားသောအခါ ဣသရေလလူအပေါင်းတို့အား သူ၏အသံကိုကြားစေခြင်းငှါ အခွင့်ပေးတော်မူ၏။ သူရေးထားသောကျောက်ပြားများကို မောရှေအားပေးအပ်ခဲ့သည်။ ယဇ်ပုရောဟိတ်တို့နှင့်လေဝိသားများကို ပညတ်တော်၏ဆရာများအဖြစ် ခန့်အပ်ခဲ့သည်။ ဘုရားသခင်၏ပညတ်တော်တို့မှာ သူတို့လက်လှမ်းမမီသောအထက်တွင်ရှိသည်မဟုတ်ဘဲ သူတို့အတွက်သုံးနိုင်၏။ သူသည်မောရှေထံပေးထားသော စကားတော်တို့ကို သူတို့အားလုံးကြားနိုင်မည်အကြောင်း ဘုရားသခင်အာမခံပေး၏။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သူတို့နှလုံးသားအနီးတွင်ရှိ၍ သူတို့သည်၎င်းအားနာခံနိုင်ကြသည်။ မောရှေသည်ဘုရားသခင်၏ပရောဖက်တစ်ဦးအနေနှင့် ဘုရားသခင်ကသူတို့ကိုကြားစေလိုသောအရာအားလုံးကို သူတို့ထံသို့သစ္စာရှိစွာဖော်ပြခဲ့သည်။

**ဆင်ခြင်ရန်** - ကယ်တင်ခြင်းသည် အစမှအဆုံးထိကျေးဇူးတော်အားဖြင့်ဖြစ်သည်။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်အား ကျွန်ုပ်၏သခင်နှင့်ကယ်တင်ရှင်ယေရှုခရစ်အားဖြင့် ကယ်တင်ပေးသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၁၅)
**တရားဟော ၃၀း၁၁-၂၀**
မဿဲ ၇း၂၈-၂၉

*"အကြောင်းမူကား ကျမ်းပြုဆရာနည်းတူမဟုတ်၊ အစိုးရသောသူနည်းတူ ဆုံးမဩဝါဒပေးတော်မူ၏"*

## မောရှေ၏အခွင့်အာဏာ

ဘုရားသခင်အတွက် စကားပြောဆိုရန်အခွင့်အာဏာကို မောရှေအားပရောဖက်တစ်ဦးအနေဖြင့် အပ်နှင်းခြင်းကိုခံရ၏။ တရားဟောရာကျမ်း၌ သူ၏သတင်းစကားအားလုံးကို ဘုရားသခင်၏အတည်ပြုထောက်ခံချက်ဖြင့်ပေးအပ်၏။ ယေရှုက မောရှေအကြောင်းကို ပြောဆိုပြီးထိုအခွင့်အာဏာကိုမောရှေအားပေးအပ်ခဲ့သည်။ ဓမ္မသစ်ကျမ်းတွင် တမန်တော်ပေတရုက ၎င်းအချက်ကိုအတည်ပြုပေးခဲ့သည်မှာ "ထိုမှတပါး သာ၍မြဲမြံသောအနာဂတ္တိစကားတော်သည် ငါတို့၌ရှိသေး၏။ စိတ်နှလုံးထဲ၌အာရုံတက်၍ ကြယ်နီပေါ်ထွက်သည်ကာလတိုင်အောင် ထိုအနာဂတ္တိစကားတော်ကို မှောင်မိုက်အရပ်၌ထွန်းလင်းသောဆီမီးကဲ့သို့မှတ်၍ သင်တို့သည်အမှီပြုသင့်ကြ၏။ ကျမ်းစာ၌ပါသောအနာဂတ္တိစကားမည်သည်ကား ကိုယ်အလိုအလျောက် အနက်မပေါ်ဟုရှေးဦးစွာသိမှတ်ကြလော့။ အကြောင်းမူကား အနာဂတ္တိစကားသည်လူအလိုအားဖြင့် ဖြစ်ဘူးသည်မဟုတ်။ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏" (၂ ပေ ၁း၁၉-၂၁)။ ပညတ်တော်များ၏ပါဝင်သည့်အကြောင်းအရာတို့က အသက်ရှင်ခြင်းနှင့်ကောင်းမြတ်ခြင်းကို၎င်း၊ အဆိုးဘက်၌သေခြင်းနှင့်ဆိုးခြင်းကမ်းလှမ်းချက်ကို ကိုယ်စားပြုသည်။ သူတို့အတွက် အဘယ်အရာသည်ကောင်းကြောင်းသင်ယူပြီး သိမြင်နိုင်ဖို့ရန်အတွက် ၎င်းကိုဣသရေလတို့အား ပြသထားသည်။

ထပ်တလဲလဲ သင်ခန်းစာမှာ ဘုရားသခင်၏ပညတ်တော်အားလုံးကိုနားထောင်ပြီး လိုက်နာရန်ဖြစ်သည်။ ထိုသို့အလေးထားသော်လည်း မနာခံလိုသောစိတ်သည် ကျွန်ုပ်တို့၌အမြဲတမ်းတည်ရှိ၏။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏လမ်းစဉ်ထက် အဆိုးကိုအမြဲရွေးချယ်လိုသော ကျွန်ုပ်တို့၏အပြစ်ရှိသောဇာတိသဘောကြောင့်ဖြစ်သည်။ ရုပ်တုကိုးကွယ်ခြင်းအမှုသည် အဲဂုတ္တုပြည်၏ဘာသာနှင့် ဣသရေလတိုင်းပြည်ပတ်လည်၌ရှိသောလူမျိုးတို့၏ ဘာသာဖြစ်သောကြောင့် အကြီးမားဆုံးသောသွေးဆောင်မှုဖြစ်သည်။ သူတို့သည် ရုပ်တုများနောက်သို့လိုက်ရန် ဘုရားသခင်ထံတော်မှလှည့်ထွက်ကြလျှင် သူတို့အသက်သည် တိုတောင်း၍အမှန်ပျက်ဆီးခြင်းသို့ရောက်ကြလိမ့်မည်ဟု မောရှေသတိပေးခဲ့သည်။ ရုပ်တုကိုးကွယ်ခြင်းသည် မှန်သောဘုရားသခင်ကိုငြင်းပယ်ခြင်းဖြစ်သည်။ မောရှေသည်သူ၏သတိပေးချက်ကို အကြိမ်ကြိမ်ပြောဆိုပြီး သက်သေဖြစ်ရန်ဘုရားသခင်ကိုယ်တိုင်ကိုဖိတ်ခေါ်ခဲ့သည်။ သူသည်သူတို့၏ရှေ့၌အသက်ရှင်ခြင်းနှင့် သေခြင်းကို၎င်း၊ ကောင်းကြီးမင်္ဂလာနှင့်ကျိန်ခြင်းအမင်္ဂလာတို့ကို ချထားခဲ့သည်။ သူတို့နှင့်သူတို့၏သားသမီးတို့သည် အသက်ရှင်သန်ဖို့ရန်အတွက် အသက်ရှင်ခြင်းကိုရွေးချယ်ကြဖို့ရန် စိတ်အားထက်သန်စွာသူတောင်းပန်ခဲ့သည်။

မောရှေ၏စကားများကိုဧဝံဂေလိတရားဟောကြားခြင်းအားဖြင့် ခေတ်အဆက်ဆက်ကိုယ်စားပြုခဲ့သည်။ ၎င်းသည်ဆင်းရဲသားအားလုံးကို တင်ပြသည်။ တရားသောဆရာများသည်ကြားနာသောသူတို့လိုက်နာရန်အတွက် မည်သည့်အင်အားကိုမျှအသုံးမပြုပါ။ မည်သို့ပင်ဖြစ်စေနားထောင်သူတို့ရွေးချယ်သောအရာက သူတို့၏ကံကြမ္မာကိုဆုံးဖြတ်လိမ့်မည်။

**ဆင်ခြင်ရန်** - ဣသရေလလူတို့သည် ဘုရားသခင်၏ပညတ်တော်ကို သူတို့၏စံအဖြစ်သတ်မှတ်ရန်လိုအပ်သည်။

**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်ကို ကျွန်ုပ်နာခံခြင်းဖြင့်ကျွန်ုပ်၏ကယ်တင်ခြင်းကို သက်သေပြပါစေသော်။

ကြာသပတေး၊ ဒီဇင်ဘာ (၁၆)

**တရားဟော ၃၁း၁-၈**

၃ ရာ ၂း၁-၄ *"... သို့ဖြစ်၍အားယူလော့။ ယောကျ်ား၏ဂုဏ်သတ္တိရှိလော့"*

# မောရှေကခေါင်းဆောင်မှုကိုလွှဲအပ်ပေးသည်

မောရှေသည်မကြာမီသေဆုံးရမည့်အကြောင်း၊ ဂတိထားရာပြည်သို့သွားရာ ယော်ဒန်မြစ်ကို မဖြတ်ကျော်ရမည်အကြောင်းကို ဘုရားသခင်ကသူ့ထံဖော်ပြခဲ့ပြီ။ သူသည် သူ့ရာထူးလုပ်ငန်းကို ယောရှုထံသို့လွှဲပြောင်းရန်ပြင်ဆင်ထားသည်။ သူသည် မကြာမီထွက်ခွာတော့မည်ဟုကြေငြာခဲ့ပြီး ယောရှုကိုဣသရေလလူတို့နှင့်မိတ်ဆက်ပေးသည်။ ရှင်လန်းဖွယ်သီချင်းနှင့် ဤလူမျိုးအဖို့ ဘုရားသခင်သည်အဘယ်သူဖြစ်ကြောင်းကို ထုတ်ဖော်ထားသောဣသရေလအတွက် သီချင်းတစ်ပုဒ်ကို ရေးစပ်ရန်ဘုရားသခင်က သူ့ကိုညွှန်ကြားထားသည်။ သူသည် ပညတ္တိကျမ်းကိုရေးပြီးသောအခါ၊ ၎င်းကိုပဋိညာဉ်သေတ္တာထဲ၌ထည့်ထားခဲ့သည်။

မောရှေသည် သူ၏နောက်ဆုံးစကားကို ဣသရေလလူတို့အားပြောသောအခါ၊ သူသည် သူတို့နှင့်အတူ ယော်ဒန်မြစ်ကိုဖြတ်၍မသွားနိုင်ကြောင်းကိုကြေငြာခဲ့သည်။ သူသည် အသက် ၁၂၀ ရှိပြီ။ ဘုရားသခင်ကိုသွားရောက်အပိုင်ယူစဉ်ကာလ၌ ဘုရားသခင်သည်သူတို့နှင့်အတူ ရှိတော်မူလိမ့်မည်ဟု လူတို့အားသတိပေးခဲ့သည်။ ဘုရားသခင်သည် သူတို့ရှေ့မှလူမျိုးများကိုဖျက်ဆီးတော်မူ၍ ယောရှုသည် ပြည်တော်ကိုရယူရာတွင် သူတို့ကိုဦးဆောင်လိမ့်မည်။ ဘုရားသခင်သည် သူတို့ထံသို့ အာမောရိဘုရင်များကိုပေးအပ်သည့်နည်းတူ ခါနာန်လူမျိုးတို့ကိုလည်း သူတို့ထံအပ်ပေးမည်ဟု မိန့်တော်မူ၏။ ဘုရားသခင်သည် သူတို့နှင့်အတူရှိသောကြောင့် မကြောက်ကြရန်သူတို့အား မောရှေတိုက်တွန်းခဲ့သည် "အားယူ၍ရဲရင့်ခြင်းရှိကြလော့။ မစိုးရိမ်ကြနှင့်။ သူတို့ကိုမကြောက်ကြနှင့်။ ထာဝရဘုရားသည်သင်တို့ဘုရားသခင်ဖြစ်၍ သင်တို့နှင့်အတူ ကိုယ်တိုင်ကြွတော်မူမည်။ သင်တို့ကိုစွန့်တော်မမူ။ ပစ်ထားတော်မမူဟု ဟောပြော၏" (တရား ၃၁း၆)။ ဣသရေလလူတို့သည် ဘိုးဘေးတို့အား ပေးတော်မူထားသောဂတိတော်ကို ဘုရားသခင်ပြည့်စုံစေလိမ့်မည်ဟု ယုံကြည်ရပါမည်။ သူတို့သည် ခါနာန်လူမျိုးတို့၏ကာယအားဖြင့် သူတို့ကိုယ်သူတို့တိုင်းတာကျလျှင် သူတို့သည်ထိုပြည်ကို သိမ်းပိုက်ရန်ကြိုးစားကြလိမ့်မည်မဟုတ်ပါ။

ထို့နောက် မောရှေသည် ခေါင်းဆောင်မှုကဏ္ဍာအတွက် ယောရှုကိုပြင်ဆင်ခဲ့သည်။ သူသည် ဣသရေလအမျိုးသားအားလုံးရှေ့တွင် ယောရှုကိုခေါ်ပြီး အားပေးစကားများပြောခဲ့သည်။ ထိုအချိန်တွင် ခေါင်းဆောင်များနှင့်ပြည်သူများသည် စိတ်သဘောထားညီညွတ်မှုရှိရန် လိုအပ်သည်။ မောရှေက ယောရှုကိုလူထုနှင့်အတူသွားရမည့်အကြောင်းနှင့် သူတို့ကိုသူပေးမည်ဟု ဘုရားသခင်ကျိန်ဆိုတော်မူသောပြည်တော်ကို အမွေခံဖို့ကိုပြောဆိုခဲ့သည်။ ဘုရားသခင်သည် သူတို့နှင့်အတူရှိနေပြီး သူတို့မြေကိုအမွေဆက်ခံခွင့်ရလိမ့်မည်အကြောင်းကို သူတို့ထံထပ်ခါတလဲလဲ အာမခံခဲ့သည်။

**ဆင်ခြင်ရန်** - မဖြစ်နိုင်သည့်အရာဖြစ်လာသောအခါ ဘုရားသခင်၏အံ့သြဖွယ်လုပ်ဆောင်မှုတန်ခိုးသည် ထင်ရှားလာသည်။

**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်၏အာမခံချက်နှင့်အညီ ကျွန်ုပ်၏လမ်းကိုလျှောက်ခွင့်ပြုပါ။

သောကြာ၊ ဒီဇင်ဘာ (၁၇)
**တရားဟော ၃၁း၉-၁၃**
ဆာလံ ၁၁၄

*"အိုး မြေကြီး၊ . . . ဘုရားသခင်၏ မျက်နှာတော်ရှေ့မှာ တုန်လှုပ်လျက်နေလော့"*

# မောရှေသည်ပညတ္တိကျမ်းကိုပေးအပ်ခဲ့သည်

မောရှေသည် ပညတ္တိကျမ်းကိုရေး၍ ယဇ်ပုရောဟိတ်များနှင့်ဣသရေလလူအကြီးအကဲတို့ထံ အပ်နှံပေးခဲ့သည်။ သတ္တမနှစ်တွင် တဲတော်ပွဲကိုကျင်းပသောအခါ ပညတ္တိကျမ်းကိုဖတ်ရမည်ဟု အမိန့်ပေးခဲ့သည်။ ဤအချိန်၌မောရှေသည် Pentateuch (ပညတ္တိကျမ်း) ဟု လူသိများသော ပထမကျမ်းငါးအုပ်ကိုရေးသားခြင်းပြီးမြောက်ခဲ့သည်။

ထိုအချိန်မှစ၍ ယခုဆိုလျှင်နှစ်ပေါင်း ၃၅၀၀ ခန့်ရှိပြီဖြစ်ပြီး မောရှေ၏ထိုစကားများကို ယနေ့ထိဖတ်နေရဆဲဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သောကြောင့် ဘာတစ်ခုမှမပျောက်ဆုံးပါ။ မောရှေကိုယ်တိုင်ပင် ဤစကားများသည်မည်မျှကြာရှည်၍ မည်မျှရှည်လျားလိမ့်မည်ကို မတွေးဆနိုင်ခဲ့ပေ။ သို့သော်၊ ဤစကားများကို ယနေ့ကမ္ဘာပေါ်ရှိနေရာတိုင်း၌ ဖတ်လို့ရ၏။ သူတို့ကိုရေးထားပြီးပေးပို့ရန် မောရှေကိုမိန့်ကြားသောသူမှာ ဘုရားသခင်ဖြစ်သည်။ ထိုနေရာ၌ ချက်ချင်း ကြားနာသောပရိသတ်မှာ ဣသရေလအမျိုးတို့ဖြစ်ကြသည်။ ဘုရားသခင်က ဤနှုတ်ကပတ်တော်တို့ကို သတ်မှတ်ပေးထားသောပွဲတော်တိုင်း၌ဖတ်ကြားဖို့ အမိန့်ပေးထားချက်က ဣသရေလလူမျိုးသည် ဘုရားသခင်၏ပညတ်တော်မှ မကင်းကွာနိုင်ကြောင်းကို ဆိုလို၏။ ဘုရားသခင်၏ဂတိတော်များသည် ထာဝရတည်သလောက်၊ သူ၏စကားတော်များသည်လည်း ထာဝရတည်သည်။ လူ့အတွေးအခေါ် ဒဿနဖြင့် လွှမ်းမိုးနေသောခေတ်သစ်စိတ်ကို ထိုကဲ့သို့သော အာဘော်(ဆွေးနွေးချက်)က မဆွဲဆောင်နိုင်ပေ။ ၎င်းသည် ဘုရားသခင်၏စကားတော်များကို နေနေသာသာ၊ ဘုရားသခင်ကိုယ်တိုင်ကို ငြင်းပယ်ခြင်းသို့ဦးတည်စေခဲ့သည်။ သမ္မာကျမ်းစာကို ခေတ်သစ်လူသားတို့က လူတို့ရေးသောအခြားစာအုပ်များကဲ့သို့ မှတ်ယူ၍သဘာဝလွန်ဖြစ်စဉ်များကိုလည်း ပုံပြင်သာဖြစ်ကြောင်း မှတ်ယူသည်။ ဤအတွေးအခေါ် ဒဿနသည် လစ်ဘရယ်ဝါဒအားဖြင့် အသင်းတော်ထဲသို့ ဝင်ရောက်ခဲ့သည်။ ဤသဘောထားကို လက်ခံကျင့်သုံးသောဓမ္မဆရာများသည် ဘုရားသခင်၏နှုတ်ကပတ်တော်တရားဟောဆရာများမဟုတ်တော့ဘဲ လူသားဝါဒသမားများသာဖြစ်ကြသည်။ အချို့က သမ္မာကျမ်းစာပါ အယူဝါဒအားလုံးကို ပြုတ်ပြုတ်သားသားဆန့်ကျင်ကြသည်။

မောရှေက ဣသရေလလူအပေါင်းတို့သည် ထိုကျမ်းကိုဖတ်စေခြင်းငှါ အမိန့်တော်ရှိသည်။ ၎င်းကို အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးများနှင့်သူစိမ်းများအားလုံးထံ ရှင်းလင်းပြတ်သားစွာဖတ်ကြားရပါမည်။ သူတို့အားလုံးသည် ကြားနာရန်နှင့်လိုက်နာရန် လိုအပ်သည်။ ဤနေရာ၌သူတို့သည် ပညတ်တော်အားလုံးကိုလေ့လာပြီး လိုက်နာကျင့်သုံးကြလိမ့်မည်။ ကလေးများသည် အသက်အရွယ်ရလာပြီး နားလည်နိုင်သောကြောင့် ပါဝင်စေ၏။ ဣသရေလလူတို့သည် ပြည်တော်၌နေထိုင်ကြသရွေ့ ဘုရားသခင်၏နှုတ်ကပတ်တော်များကို ဖတ်ရသည်။ ဘုရားသခင်၏ပညတ်တော်သည် ဣသရေလလူမျိုး၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုယ်ကျင့်တရားဆိုင်ရာ လမ်းညွှန်မှုဖြစ်သည်။ ဘုရားသခင်၏လူတို့သည် ဘုရားသခင်ကိုမည်သို့ချဉ်းကပ်ရမည်ကို သိနိုင်ဖို့ရန် ၎င်းသည်ဝတ်ပြုကိုးကွယ်ခြင်း၏လမ်းညွှန်ချက်လည်းဖြစ်သည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တော်သည် ဣသရေလလူမျိုး၏အမွေအနှစ်ဖြစ်ပြီး ၎င်းကို ထိန်းသိမ်းထားသည်။

**ဆုတောင်းချက်-** (ဆာလံ ၁၁၉း၁၈ ကိုအသုံးပြုလော့)။

စနေ၊ ဒီဇင်ဘာ (၁၈)
**တရားဟော ၃၁း၁၄-၁၈**
ဟေဗြဲ ၆း၉-၁၂

*"ယုံကြည်ခြင်းနှင့်သည်းခံခြင်းအားဖြင့် ဂတိတော်တို့ကို အမွေခံရသော သူတို့နည်းတူ ကျင့်နိုင်မည်အကြောင်း၊ ထိုသို့သော လုံ့လဝီရိယကိုထုတ်၍ အဆုံးတိုင်အောင်ယုံမှားခြင်းနှင့်ကင်းသော မြော်လင့်ခြင်းနှင့် ပြည့်စုံစေခြင်းငှါ ငါတို့သည်အလိုရှိကြ၏"*

# မောရှေ၏ထွက်ခွာခြင်းကိုကြေငြာခဲ့သည်

ဣသရေလလူတို့၏ဘဝကဏ္ဍတိုင်းကို ဘုရားသခင့်ပညတ်တော်၏ စည်းမျဉ်းများအားဖြင့် ညွှန်ကြားထားသည်။ ထိုသို့ဖြစ်ရခြင်းမှာ မောရှေသည်တိုင်းပြည်၌ရှိသောလူတိုင်းအား သင်ကြားပေးရန် လိုအပ်ကြောင်းအလေးအနက်ပြောကြားခဲ့သည်။ ဘုရားသခင်က မောရှေသည်မကြာမီသေမည့်အကြောင်းနှင့် သူသည်ယောရှုကိုတာဝန်ခန့်အပ်နိုင်ရန်အလို့ငှါ ယောရှုကိုခေါ်၍ ပရိသတ်စည်းဝေးရာတဲတော်၌ သူတို့ကိုယ်ကိုပြသရန်ပြောဆို၏။ ထို့နောက် သူသည်တဲတော်တံခါးဝ၌ မိုယ်းတိမ်တိုင်ဖြင့်ထင်ရှားလေ၏။ ဘုရားသခင်က ဣသရေလလူတို့သည် "ထ၍ယခုသွားသောပြည်၌နေသော တစ်ပါးအမျိုးသားကိုးကွယ်သောဘုရားတို့နှင့်မှားယွင်း" (တရားဟော ၃၁း၁၆)ကျမည့်အကြောင်းကို ကြိုတင်ပြောပြထားသည်။ သူတို့သည် ဘုရားသခင်၏ပဋိညာဉ်တရားကိုချိုးဖောက်ပြီး ဘုရားသခင်ကို စွန့်ပယ်ကြမည်။ ထိုအရာသည် သူတို့ကိုဆန့်ကျင်သောဘုရားသခင်၏အမျက်တော်ဖြစ်သောကြောင့် တိုင်းပြည်အတွက် ကြေကွဲဖွယ်ရာအခိုက်အတန့်ဖြစ်လိမ့်မည်။

ဘုရားသခင်သည် သူတို့ကိုစွန့်ပစ်၍မျက်နှာတော်ကို သူတို့ထံမှလွှဲတော်မူ၍ ထိုကျမ်း၌ရေးထားသမျှသောမကောင်းမှုမှန်သမျှသည် သူတို့အပေါ်သို့ကျရောက်လိမ့်မည်။ အပြစ်တရား၏ မူလရင်းမြစ်သည်လူတို့အားလုံး၌ မွေးရာပါဖြစ်ပြီး ဘုရားသခင်၏ကျေးဇူးတော်မှတပါး၊ သူတို့သည်အခြားသောလူမျိုးတို့နှင့်ခြားနားခြင်းမရှိပေ။ ထွက်မြောက်ရာတစ်လျှောက်လုံးတွင် မောရှေသည် ဣသရေလလူတို့၏စိတ်နှလုံးကိုသိရှိခဲ့ပြီ။ သူတို့သည် ဘုရားသခင်ကိုကြိမ်ဖန်များစွာ ဆန့်ကျင်ဘက်ပြုကြပြီး ပျက်စီးဆုံးရှုံးမှုကိုပြုပြင်ဖို့ မောရှေ၌တာဝန်ရှိသည်။ သူသည်သူ့လူမျိုးတို့၏အပြစ်ကိုခွင့်လွှတ်ဖို့ သက်ညှာသူဖြစ်ပါမည့်အကြောင်း မောရှေသည်ဘုရားသခင်ထံ အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။ ထိုအချိန်တွင် မောရှေသည်ဘုရားသခင်၏ကြိုတင်ဟောပြောချက်ကို နားလည်ခဲ့သည်။

မျိုးဆက်တစ်ခုမှတစ်ခုသို့ ခေါင်းဆောင်မှုကူးပြောင်းချိန်သည် အလွန်အရေးကြီးသည်။ ဝင်ရောက်လာမည့်ခေါင်းဆောင်က စံနှုန်းများကိုထိန်းသိမ်းထားရပါမည်။ မောရှေသည် ဣသရေလအမျိုးဦးဆောင်မှုကို ယောရှုအားလွှဲပြောင်းပေးခဲ့သည့်အတိုင်း ဘုရားသခင်သည်သူ့ကိုလမ်းပြတော်မူ၏။ မောရှေသည် သူ့အပိုင်းကိုလုပ်ခဲ့ပြီး ယောရှုသည်ထိုနေရာမှ ဆက်လက်ထမ်းဆောင်ရန် ပြင်ဆင်ခဲ့သည်။ လူတို့သည်လည်း ဘုရားသခင်နောက်လိုက်ခြင်း၌ နာခံပြီးပူးပေါင်းလုပ်ဆောင်ကြရပါမည်။

အနာဂတ်အသင်းတော်ခေါင်းဆောင်များသစ္စာရှိဖို့ရန် ဆုတောင်းရန်လိုအပ်သည်။ ဘုရားသခင်နောက်လိုက်ရာမှာ စည်းလုံးကြပါစို့။ ထိုသို့ပြုလျှင် ကျွန်ုပ်တို့၏သားသမီးတို့သည် ထိုနည်းတူအသက်ရှင်ကြလိမ့်မည်။ ဘုရားသခင်၏စကားများသည်ကျွန်ုပ်တို့အား အချိန်တိုင်းပြောဆိုနေဆဲဖြစ်သည်။

**ဆင်ခြင်ရန်** - အောင်မြင်သောခေါင်းဆောင်မှုလမ်းကြောင်းသည် ဘုရားသခင်၏လမ်းစဉ်ဖြစ်သည်။
**ဆုတောင်းချက်-** အဖ၊ ကိုယ်တော်၏နှုတ်ကပတ်တော်သမ္မာတရားအတွက် သစ္စာရှိသောမျိုးဆက်သစ်ခေါင်းဆောင်ကို ပေါ်ထွက်စေတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၁၉)
**တရားဟော ၃၁း၁၉-၃၀**
ဆာလံ ၉၅

*“လာကြ၊ ထာဝရဘုရားအား ရွှင်လန်းစွာသီချင်းဆိုကြကုန်အံ့ . . ”*

# ဘုရားသခင်သည်မောရှေအားသီချင်းရေးရန်ညွှန်ကြားသည်

ဝင်းသည် ဝမ်းမြောက်ခြင်းသီချင်းနှင့်ဘုရားသခင်သည် ဣသရေလအမျိုးအတွက် ဘာလုပ်ပေးသည်ကိုဖော်ပြသောသီချင်းဖြစ်သည်။ ဣသရေလလူတို့သည် အပြစ်ကျူးလွန်သောအခါ ထိုသီချင်းကသူတို့နှင့်ဆန့်ကျင်လျက် သက်သေခံလိမ့်မည်။ သီချင်းတစ်ပုဒ်သည် သတင်းစကားကိုဆက်သွယ်ရာ၌ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ၎င်းကိုအကြိမ်ကြိမ်သီဆိုနိုင်သောကြောင့်ဖြစ်သည်။ မောရှေသည် ပါရမီရှင်ကဗျာဆရာတစ်ဦးဖြစ်သည့်အားလျော်စွာ ဘုရားသခင့်သတင်းစကားကို ဖော်ပြရန်ထိုသီချင်းစာသားများကို ရေးစပ်ခဲ့သည်။ ဣသရေလလူတို့သည် ထိုသီချင်းများကိုသီဆိုကြသောအခါ သူတို့သည် ဘုရားသခင်ထံ မိမိတို့၏တာဝန်ဝတ္တရားကို သတိရကြလိမ့်မည်။

မောရှေသည် လူများအားသီချင်းဆိုရန် သွန်သင်ပေးပြီး အားယူ၍၊ ရဲရင့်ခြင်းရှိစေရန် ယောရှုအားတိုက်တွန်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော်၊ ယောရှုသည် ခေါင်းဆောင်မှုကိုရယူပြီး ဂတိထားရာပြည်သို့ဣသရေလလူတို့ကို ခေါ်ဆောင်ရလိမ့်မည်။ မောရှေကယောရှုသည် သူ၏တာဝန်ကိုအောင်မြင်လိမ့်မည်ကို အာမခံပေးသည်။ ထိုအလုပ်၌ ယောရှု၏ဆုံးဖြတ်ခြင်းနှင့်ဘုရားသခင်၌အပြည့်အဝယုံကြည်ခြင်းတို့ပါဝင်သည်။ သူသည်ပြည်တော်ကို သိမ်းပိုက်ရာတွင် ပြည်သူများပါဝင်ပူးပေါင်းဖို့စည်းရုံးသိမ်းသွင်းရန် ပညာလည်းလိုအပ်သည်။ သူတို့သည်ပြည်၌အခြေချစဉ် ဘုရားသခင်သည် သူတို့နှင့်အတူရှိလိမ့်မည်။ မောရှေသင်ပေးသောသီချင်းသည် စိတ်အားထက်သန်သောမျိုးချစ်စိတ်ဓာတ်ရှိ၍ စည်းလုံးသောလူမျိုးအဖြစ်ပြည်ကိုသိမ်းယူလိမ့်မည်။

မောရှေမှာကြားခဲ့သည့်အတိုင်း ပညတ္တိကျမ်းကိုသက်သေခံအဖြစ် ပဋိညာဉ်သေတ္တာ၌ထည့်သွင်းခဲ့သည်။ သန့်ရှင်းရာဌာန၌ ထိုစာအုပ်ရှိနေခြင်းသည် ၎င်းအားအထိမ်းအမှတ်တစ်ခုပြုလုပ်ရန် သက်သက်မဟုတ်ပါ။ ယဇ်ပုရောဟိတ်များနှင့်လေဝိသားတို့သည် ထိုစာအုပ်၏စကားများကိုသွန်သင်ပေးရမည်။ ထို့နောက် နောက်ပိုင်းတွင်စာအုပ်ကိုမိတ္တူများပြုလုပ်သောအခါ ဆီလျော်မှုရှိ၏။ သို့မှသာ ၎င်းကိုပုံမှီကျယ်ပြန့်သောပရိသတ်များက ဖတ်ရှုနိုင်မည်ဖြစ်သည်။ မောရှေသည် ဣသရေလလူတို့သည် ပုန်ကန်တတ်သူများဖြစ်ကြသည်ကိုသိရှိ၍ သူထွက်ခွာသွားပြီးနောက် သူတို့၏ပုန်ကန်မှုပိုများလာမည်ကို သူကြောက်၏။ ထို့ကြောင့်သူသည် တိုင်းပြည်သည်ပုန်ကန်မှုကိုဆန့်ကျင်ကာကွယ်ရမည်ဟုသတိပေးခဲ့သည်။ သူပြောခဲ့သည့်အတိုင်း အကြီးအကဲများနှင့်အရာရှိများကို သက်သေဖြစ်ကြရန် သူတာဝန်ပေးခဲ့သည်။ သူတို့သည်မကောင်းမှုလုပ်လျှင် အနာဂတ်၌မကောင်းမှုများဖြစ်လာလိမ့်မည်ဟု သူသတိပေး၏။ မောရှေသည် ပရိသတ်အပေါင်းတို့အား ဤသီချင်း၏စာသားများကိုဆုံးခန်းတိုင်အောင်ပြောခဲ့သည်။ သူသည်ယေဟောဝါအား ချီးမွမ်းသည့်ရွှင်လန်းသောအသံနှင့်ဖုံးလွှမ်းထားသည့်သူ၏နောက်ဆုံးမိန့်ခွန်းကို အဆုံးသတ်သည်။

**ဆင်ခြင်ရန်** - သေအံ့ဆဲဆဲ သူတော်စင်တစ်ဦး၏ နောက်ဆုံးစကားတို့၏အလေးချိန်သည် လေးလံသည်။ သတိထားသောသူတစ်ဦးဦးသည်ပညာရှိဖြစ်လိမ့်မည်။
**ဆုတောင်းချက်-** အဖ၊ ကျွန်ုပ်ချီးမွမ်းသီချင်းများသည် ကိုယ်တော်၏ကြီးမြတ်မှုကိုသက်သေထူပါစေ။

တနင်္လာ၊ ဒီဇင်ဘာ (၂၀)
**တရားဟော ၃၂း၁-၁၀**
ဆာလံ ၆၇

*"ထိုသို့သောအားဖြင့် မြေကြီးသားတို့သည် အမှုတော်တို့ကိုသိ၍. . . "*

# မောရှေ၏ရှင်လန်းစရာသီချင်း

တရားဟောရာကျမ်း ၃၂း၁-၁၀ သည် မောရှေအား ရေးထားရန်ဘုရားသခင်မိန့်မှာခဲ့သော ရှင်လန်းစရာသီချင်းတစ်ပုဒ်ဖြစ်သည်။ မောရှေသည် ဘုရားသခင်အတွက်စကားပြောဆိုခဲ့ပြီး ဘုရားသခင်နှင့်ထိုက်တန်သောဂုဏ်အင်္ဂါရပ်တို့ကို ဖော်ပြခဲ့သည်။ သူသည်ဘုရားသခင်၏သာလွန်မှုကို ဖော်ပြခဲ့ပြီး ဣသရေလလူတို့သည်ဘုရားသခင်ကို ရန်စသောအခါ သူ၏အမြတ်တော်သည် တရားမျှတခဲ့သည်။ ဣသရေလအမျိုး၏ရန်သူတို့သည် စစ်မှန်သောဘုရားသခင်ကိုမသိခဲ့ကြဘဲ သူတို့၏အကျင့် သည် ယုတ်သောအကျင့်စာရိတ္တကိုပေါ်လွင်စေသည်။ သို့သော် ဘုရားသခင်သည် သူ့လူမျိုးအတွက် တရားမျှတစွာလုပ်ဆောင်လိမ့်မည်။

မောရှေသည်မှာထားသည့်အတိုင်း ဘုရားသခင်အတွက်စကားပြောခဲ့သည်။ သူသည် ဣသရေလလူတို့အား သူ့စကားကိုနားထောင်ဖို့ရန် ဖိတ်ခေါ်ရာ၌ကောင်းကင်နှင့်မြေကြီးကိုခေါ်ဆိုခဲ့သည်။ သူ့မိန့်ခွန်းလေသံသည် ဣသရေလလူတို့ကသူမိန့်ဆိုသမျှအရာအားလုံးကို ဂရုပြုကြောင်း ရှင်းရှင်းလင်းလင်းပြထားသည်။ သူ၏အယူဝါဒသည်မိုးကဲ့သို့ရောက်လာပြီး သူသည်ဘုရားသခင်၏ကြီးမြတ်ခြင်းကိုရည်ညွှန်းထားသည်။ သူသည် ဘုရားသခင်သည် ဣသရေလလူတို့နှင့်သူ့အပေါ် ဘယ်လောက်အရေးပါပုံနှင့်ဘုရားသခင်အကြောင်းကို ဤသို့ဖြင့်ဖော်ပြခဲ့သည် "ဘုရားသခင်သည် မူလအမြစ်ဖြစ်၍အမှုတော်သည် စုံလင်ပေ၏။ စီရင်တော်မူသမျှတို့သည် တရားနှင့်ညီလျက် သစ္စာစောင့်သောဘုရား၊ အပြစ်ကင်းလွတ်၍ဟုတ်မှန်ဖြောင့်မတ်သောဘုရားဖြစ်တော်မူ၏"(တရား ၃၂း၄)။ "ကျောက်" ဟူသောအသုံးအနှုန်းသည် ဘုရားသခင်၏ကာကွယ်နိုင်စွမ်းကိုအလေးပေးဖော်ပြသည်။ ရှေးခေတ်စစ်ပွဲများတွင် ကျောက်ကိုခိုလှုံရာအဖြစ် အသုံးပြုခဲ့ပြီး ၎င်းကိုရန်သူတို့၏စွမ်းအားက ကျော်လွှားနိုင်ခြင်းမရှိပေ။ "ကျောက်" အနေနှင့်ဘုရားသခင်နှင့်ပတ်သက်သောအရာမှန်သမျှသည် တန်ခိုးကြီး၍ မပြောင်းလဲနိုင်သောကြောင့်စုံလင်ခြင်းရှိ၏။

ဘုရားသခင်၏ဂုဏ်အင်္ဂါတော်များသည် လူတို့၏ညစ်ညူးပြီး ယိုယွင်းနေသောအခြေအနေနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ယေရှုကြွလာသောအခါ "ကျောက်" ဟူသောအသုံးအနှုန်းသည် ပို၍အရေးပါလာသည်။ ကောရိန္သုခရစ်ယာန်များထံစာရေးရာတွင် တမန်တော်ပေါလုက "ထိုသူတို့နောက်၌လိုက်သော ဓမ္မကျောက်မှထွက်သောရေကိုသောက်ကြ၏။ ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း" (၁ ကော ၁၀း၄) ဟုပြောဆိုခဲ့သည်။

တရားဟောရာကျမ်း ၃၂း၆ တွင်မောရှေက ဘုရားသခင်၏ဣသရေလတိုင်းပြည်တည်ထောင်ခြင်းကိုရည်ညွှန်းထားသည်။ "အမြင့်ဆုံးသောဘုရားသခင်သည် အာဒံ၏အမျိုးအနွယ်ဖြစ်သောလူမျိုးတို့ကိုပိုင်းခြားခြင်း၊ အမွေမြေကိုဝေပေးသောအခါ၊ ဣသရေလအမျိုးသားတို့ အရေအတွက်ကိုထောက်ရှု၍၊ လူမျိုးတို့နေရာအပိုင်းအခြားကိုစီရင်တော်မူ၏" (တရားဟော ၃၂း၈)။ ဘုရားသခင်သည် ဣသရေလအမျိုးနှင့်သူတို့၏အမွေဖြစ်တော်မူ၏။ ဤစကားများသည် ဘုရားသခင်သည် ထိုအချိန်ထိပင် သူတို့ကိုမစွန့်ပစ်ခဲ့ဟု ဣသရေလလူတို့ကိုအာမခံသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းသည် မျိုးဆက်တိုင်း၌ယုံကြည်ကိုးစားသူတိုင်းအတွက် တူညီမှုရှိသည်။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏ကာကွယ်စောင့်ရှောက်မှုနှင့် ပံ့ပိုးမှုတို့ကိုအမြဲတမ်းယုံကြည်စိတ်ချပါစေ။

အင်္ဂါ၊ ဒီဇင်ဘာ (၂၁)

**တရားဟော ၃၂း၁၁-၁၄**

ဟေရှာ ၄၅း၂၁-၂၃

*"မြေကြီးစွန်းသားအပေါင်းတို့၊ ငါ့ကိုမျှော်ကြည့်၍ ကယ်တင်ခြင်းကျေးဇူးကိုခံကြလော့"*

# ဘုရားသခင်၏ဂရုစိုက်မှုသည်သာလွန်၏

လင်းယုန်တစ်ကောင်၏သွင်ပြင်က ဘုရားသခင်၏သာလွန်စေသော ဂရုစိုက်မှုကိုသရုပ်ဖော်ပြ၏။ ဤငှက်မျိုးသည် သူမ၏သားပေါက်ကလေးများအားအလွန်အကာအကွယ်ပေးသည်။ သူမ၏အသိုက်ကိုထိရန် ကြိုးစားသူတိုင်းကို ဤကောင်းကင်ငှက်တို့၏မိဖုရားအမျက်တော်ကို ရင်ဆိုင်ကြရသည်။ ဤအရာမှာ ဘုရားသခင်သည်သူ့လူမျိုးများအတွက် မည်သူဖြစ်ကြောင်းကိုပြသော ပုံရိပ်ဖြစ်သည်။ ဘုရားသခင်သည်သူ့လူမျိုးအတွက် အာဟာရရှိသောအစာကိုလည်းဖြည့်ပေးသည်။ ဣသရေလအမျိုး၏ကိစ္စတွင် တော၌သူတို့၏အနှစ်လေးဆယ်ခရီးသွားစဉ် မန္နပုံစံဖြင့်အဆင်သင့်လုပ်ထားသောမုန့်ကိုပေးခဲ့သည်။ ဤသည်မှာ အလွန်ထူးခြားသောနည်းလမ်းဖြင့် ထောက်ပံ့ခြင်းဖြစ်သည်။ သူ၏သာမာန်နည်းလမ်းများသည်လည်း သူ၏ကြင်နာသနားသောလက်တော်မှဖြစ်သည်ကိုသတိပြုလော့။

ဘုရားသခင်သည် တိရစ္ဆာန်ထွက်ကုန်များနှင့် လယ်ပြင်ထွက်သီးနှံများကိုထောက်ပံ့ခဲ့သည်။ လုံလောက်သောမိုးရေချိန်နှင့် ကောင်းသောမြေဆီလွှာတို့မှ လယ်ကိုတိုးလာစေခြင်းဖြစ်သည်။ ပျားရည်နှင့်ဆီတို့က ဘုရားသခင်သည်မိမိလူတို့အတွက် ထောက်ပံ့ပေးသောအကောင်းဆုံးအစားအစာများကို ကိုယ်စားပြုသည်။ သန့်စင်ထားသောတိရစ္ဆာန်ထွက်ပစ္စည်းများသည်လည်း အကောင်းဆုံးအစားအစာများဖြစ်ကြပါသည်။ ဘုရားသခင်သည် သူတို့နှင့်အတူရှိခြင်းကြောင့် ထိုလူမျိုးသည် ကျန်းမာရေးကောင်းမွန်ခဲ့ပြီး ရုပ်ပိုင်းဆိုင်ရာကြွယ်ဝမှုရှိခဲ့သည်။ မောရှေကဘုရားသခင်သည် သူတို့၏ကယ်တင်ခြင်းကျောက်အဖြစ် တဖန်ရည်ညွှန်းထားသည်။ ဘုရားသခင်သည် ဣသရေလလူတို့ကို အဲဂုတ္တုပြည်မှသူ၏တန်ခိုးကြီးသောလက်တော်ဖြင့် နှုတ်ဆောင်သောအခါ သူတို့သည် ဘုရားသခင်၏ကယ်တင်ခြင်းကို မျက်မြင်တွေ့ရှိခဲ့ကြသည်။ သူသည် သူတို့၏ရန်သူများကိုအနိုင်ယူပေးပြီး ဣသရေလလူတို့အား သက်သောင့်သက်သာနှင့်စိတ်ချမ်းသာစွာ နေနိုင်ခွင့်ပေးခဲ့သည်။ အကြီးမားဆုံးသောကယ်တင်ခြင်းသည် သူတို့၏အပြစ်များကိုချေဖျက်ပေးပြီး ထာဝရအသက်သို့ ဝင်ရောက်ခွင့်ပေးခြင်းဖြစ်သည်။ ဤအရာသည်ယေရှုခရစ်၏ယဇ်ပူဇော်ခြင်းအားဖြင့်ဖြစ်သည်။ ၎င်းသည် ထိုအချိန်တုန်းကသူတို့အတွက်မရှင်းလင်းခဲ့သော်လည်း ဘုရားသခင်၏ပထမအကြိမ် ပေါ်ထွက်လာချိန်၌ နောက်ပိုင်းအတည်ပြုခဲ့သည့်ရုပ်ပုံများဖြင့် သူတို့ထံဖော်ပြခဲ့သည်။ သူသည် ဣသရေလလူမျိုးနှင့် လူမျိုးအားလုံး၏အကြီးမားဆုံးလွန်ကျူးမှုဖြစ်သည့် ရုပ်တုကိုးကွယ်ခြင်းအမှုနှင့်အတူ အမြဲအပြစ်ရှိသောသူဖြစ်သည်။ ဤအချက်တို့ကိုအကြိမ်ကြိမ်ဖော်ပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော်၊ သူတို့၏ယိုယွင်းသော ပင်ကိုယ်အခြေအနေ၌ ဣသရေလသည်ရုပ်တုကိုးကွယ်မှုသို့ လှည့်သွားရန်ပျော့ကွက်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရုပ်တုကိုးကွယ်ခြင်းသည် ဘုရားသခင်အားငြင်းပယ်သည့်ပမာဏအဖြစ် အဆိုးဆုံးရှုံ့ရှာစက်ဆုပ်ဖွယ်လည်းဖြစ်ခဲ့သည်။ ၎င်းသည် အခြေအနေအားလုံးတွင် ဘုရားသခင်အပေါ်သစ္စာရှိခြင်း၏ အရေးကြီးပုံကို မီးမောင်းထိုးပြသည်။ ၎င်းသည် ဣသရေလလူတို့အတွက် လိုအပ်ခဲ့သလိုယနေ့သူ၏လူတို့အတွက်လည်း ထပ်တူလိုအပ်သည်။

**ဆင်ခြင်ရန်** - ကယ်တင်ခြင်းသည် ခရစ်တော်အားဖြင့်သာဖြစ်နိုင်ပြီး အပြစ်သားတို့ကို မျှော်လင့်ချက်ပေး၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်ကိုပေးထားသော ကယ်တင်ခြင်းကျေးဇူးတော်အတွက် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၂၂)
**တရားဟော ၃၂း၁၅-၄၃**
၂ ပေ ၂း၄-၉

*"ဘုရားဝတ်၌မွေ့လျော်သောသူတို့ကို စုံစမ်းနှောင့်ယှက်ခြင်းထဲက ကယ်နှုတ်ခြင်းငှါ. . . ထာဝရဘုရားသည် တတ်နိုင်တော်မူ၏. . ."*

# ဘုရားသခင်၏အမျက်တော်သည်မျှတ၏

လူသည် ပုန်ကန်သူဖြစ်လာပြီး မိမိ၏ဖန်ဆင်းရှင်ကိုဆန့်ကျင်သောသူ၏အပြစ်ကြောင့် မငြိမ်မသက်ဖြစ်နေသည့်အတိုင်း သူသည်မိမိ၏အချည်းနှီးသောအရာဖြင့် ဘုရားသခင်ကိုရန်စ၏။ ဘုရားသခင်သည် ထိုကဲ့သို့သောအခြေအနေ၌ရှိသော ဣသရေလလူတို့ကို မိုက်သောလူမျိုးအဖြစ် ရည်ညွှန်းထားသည်။ ဘုရားသခင်သည် သူတို့၏ဆက်လက်ပြုသောအပြစ်ကို အဆုံးမဲ့အပြစ်ပေးခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ မြေကြီးသည်မီးဖြင့်လောင်ကျွမ်းမည်ဖြစ်ပြီး သူတို့ကိုမြှားတစ်စင်းရှိအစွမ်းဖြင့် သူတိုက်လိမ့်မည်။ ငတ်မွတ်ခေါင်းပါးမှုနှင့်အပူလောင်ကျွမ်းမှုတို့သည် ခါးသီးသောပျက်ဆီးခြင်းနှင့် အတူ ကျရောက်လိမ့်မည်။ သားရဲများ၏သွားတို့နှင့်မြွေအဆိပ်(တရား ၃၂း၂၄) တို့သည် သူတို့ပြစ်ဒဏ်၏တစိတ်တပိုင်းဖြစ်ကြလိမ့်မည်။ သူတို့သည် အပြင်၌စစ်ပွဲတွင်ဓားဖြင့်ကျဆုံးကြ၍ အတွင်း၌ကြောက်လန့်ခြင်းရှိကြလိမ့်မည်။ လူပျိုများ၊ အပျိုစင်များ၊ နို့စို့အရွယ်များနှင့် လူအိုများတို့သည် အရပ်ရပ်သို့ပြန့်ကျဲသွားကြပြီး သတိမေ့သွားကြလိမ့်မည် (တရားဟော ၃၂း၂၅-၂၆)။

သို့သော်၊ ဘုရားသခင်သည် ဣသရေလ၏ရန်သူများအား ထူးဆန်းစွာပြုမူပြီး ဘုရားသခင်၏လက်တော်ထက် သူတို့၏လက်သည်သာ၍မြင့်ကြောင်း ပြောဆိုခြင်းနှင့် ဤအမှုကိုဣသရေလတို့ထံပြုသောသူသည် ဘုရားသခင်မဟုတ်ကြောင်းကို ပြောဆိုဖို့ရန် အခွင့်ပေးတော်မူမည်မဟုတ်ပေ (တရား ၃၂း၂၇)။ သူက ဣသရေလလူတို့သည် အကြံဉာဏ်ကင်းမဲ့၍ အသိတရားမရှိသောလူမျိုးအဖြစ် အခိုင်အမာပြောကြားခဲ့သည် (တရား ၃၂း၂၈)။ ဤအမေးစကားအားဖြင့် ဘုရားသခင်သည် သူ၏တန်ခိုးတော်ကို အခိုင်အမာဖော်ပြခဲ့သည် "သူတို့ခိုလှုံစရာကျောက်သည် သူတို့ကိုမရောင်း၊ ထာဝရဘုရားသည်သူတို့ကိုအပ်တော်မမူလျှင် လူတစ်ယောက်သည် လူတစ်ထောင်ကိုအဘယ်သို့နှင်နိုင်မည်နည်း။ လူနှစ်ယောက်သည် လူတစ်သောင်းကိုအဘယ်သို့ပြေးစေနိုင်မည်နည်း" (တရား ၃၂း၃၀)။ ဤဖော်ပြချက်တို့က ဣသရေလလူတို့သည် သူတို့၏ရှုံးနိမ့်မှုမှာ ဘုရားသခင်သည် သူတို့အား ရန်သူများလက်သို့အပ်လိုက်သောကြောင့် ဖြစ်သည်ကို သူတို့ထံအသိပေးရန်ဖြစ်သည်။ သူတို့သည် အမိန့်တော်အတိုင်း ဘုရားသခင်နောက်တော်သို့လိုက်ရန်မှအပ အခြားနည်းလမ်းမရှိပေ။ သူတို့သည် မိမိတို့၏ကိုယ်ပိုင်နည်းလမ်းများကိုရှာဖွေပြီး ဘုရားသခင်ကိုဆန့်ကျင်ပုန်ကန်ကြလျှင် ဘုရားသခင်၏အမျက်တော်ကိုရင်ဆိုင်ကြရလိမ့်မည်။

ဣသရေလလူတို့သည် ဘုရားသခင်ကိုမသိခဲ့ကြပေ။ သူတို့၏ပုံစံသည် သောဒုံနှင့်ဂေါမောရ (တရား ၃၂း၃၂) ကဲ့သို့ဖြစ်ကြသည်။ ဤနှိုင်းယှဉ်မှုများသည် ကမ္ဘာဦးကျမ်း ၁၉ ၌ရှိသောထိုမြို့များ၏ဆိုးသွမ်းမှုများဇာတ်ကြောင်းကို သတိရစေသည်။ သူတို့၏အပြစ်သည် ကြီးလွန်းသဖြင့် ၎င်းတို့သည် လုံးဝမျိုးသုဉ်းစေခြင်းထက် ပိုမထိုက်တန်ကြပေ။ ဘုရားသခင်သည် သူတို့၌မီးမိုးရွာစေတော်မူသဖြင့် ထိုအရပ်၌အသက်ရှင်သောသတ္တဝါအပေါင်းတို့သည် သေကြ၏။ ထိုမြို့များ၏တည်နေရာကို ပင်လယ်သေဟုသတ်မှတ်ခဲ့ပြီး ယနေ့အချိန်ထိ ထိုနေရာ၌ မည်သည့်အရာမှမဖြစ်ထွန်းနိုင်ပေ။ ထိုနေရာသည် အသက်မရှင်နိုင်သောအရာများနှင့်ညစ်ညမ်းနေသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နာမတော်ကို ချီးမြှောက်သည့်နေရာတွင် ဝမ်းမြောက်ခြင်းနှင့် ကောင်းကြီးမင်္ဂလာရှိပြီး ဘုရားသခင်ကိုကဲ့ရဲ့ခြင်းရှိသောအရပ်တွင် ကျိန်ခြင်းနှင့်ဒုက္ခဆင်းရဲခြင်းရှိ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကျွန်ုပ်၏အိမ်၌ ကိုယ်တော်၏နာမကိုရိုသေစေခြင်းရှိတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၂၃)
**တရားဟော ၃၂း၄၄-၅၂**
၁ ယော ၃း၁၈-၂၄

*"ဘုရားသခင်သည် ငါတို့၏စိတ်နှလုံးထက်သာ၍ ကြီးမြတ်သည်ဖြစ်၍ အလုံးစုံတို့ကိုသိတော်မူသည်"*

# ထိုသီချင်း၏နောက်ဆုံးစာသားများ

မောရှေသည်ပွဲ၌တည်ခင်းဧည့်ခံသောက်သုံးသော စပျစ်ရည်သင်ခန်းစာကို ဆက်လက်ဖော်ပြခဲ့၏။ သို့သော်လည်း ဣသရေလ၏စပျစ်ရည်သည်ခါး၍ အဆိပ်အတောက်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဣသရေလလူတို့၏ဆိုးသွမ်းသောအကျင့်နှင့် အပြုအမူကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ ဘုရားသခင်က ဣသရေလကိုပြစ်ဒဏ်စီရင်မည်ဖြစ်၏။

ဘုရားသခင်သည် ထာဝရအသက်ရှင်တော်မူပြီး စီရင်ပိုင်သောအခွင့်ရှိတော်မူ၏။ ဘုရားသခင်၏ဂုဏ်ပုဒ်တို့ကိုဖော်ပြခြင်းမှာ ထာဝရဘုရားသည်လူမျိုးတကာနှင့်သူတို့၏ရုပ်တုဆင်းတုတို့ထက် အလွန်သာ၍ကြီးမြတ်တော်မူကြောင်း ကြေငြာခြင်းဖြစ်ပါသည်။ ဘုရားသခင်သည်အစဉ်တရားမျှတတော်မူ၏။ မောရှေသည် ဤတရားကိုဣသရေလလူအပေါင်းတို့အား သိစေလိုပြီး ဤသီချင်းရေးစပ်သီကုံးရခြင်းမှာ သူတို့အားဘုရားသခင်၏ကြီးမြတ်တော်မူခြင်းကို သတိရအောက်မေ့စေရန်နှင့် ဘုရားသခင်၏စကားကိုနာခံကြစေရန်ဖြစ်ပါသည်။

မောရှေက ဤစကားကိုလူတို့နှင့်ယောရှုထံ မြွက်ဆိုခဲ့ပါသည်။ ဤစကားများကို နှလုံးသွင်း၍နာခံကြခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ ဤသီချင်းရေးစပ်သီကုံး၍ ဣသရေလလူတို့အား မောရှေသွန်သင်ပေးသောအခါ ဘုရားသခင်ကမောရှေအား အချိန်တန်ပြီဖြစ်ကြောင်းဖော်ပြခဲ့ပါသည်။ အာရုန်သည် ဟောရတောင်ပေါ်၌ကွယ်လွန်သကဲ့သို့ မောရှေသည် နေဗောတောင်၌ကွယ်လွန်ခဲ့ပါသည်။ ဘုရားသခင်က မောရှေအား ခါနာန်ပြည်သို့ဝင်ခွင့်မပြုခြင်းအကြောင်းကို ထပ်၍ဖော်ပြခဲ့ပါသည်။ မောရှေသည်ထိုပြည်တစ်ခုလုံးကို မျှော်ကြည့်ခဲ့သော်လည်း ဝင်ခွင့်မရခဲ့ပါ။ ဖော်ပြထားသည့်အတိုင်း ဤကြီးမြတ်သောဘုရားသခင်၏အစေခံကျွန်သည် သူ၏အသက် ၁၂၀ တွင် ကွယ်လွန်ခဲ့ပါသည်။ သူသည် အဲဂုတ္တုနန်းတော်၌မင်းသား၊ ဖာရိုရှင်ဘုရင်၏သမီးတော်၏သားအဖြစ် နှစ်ပေါင်း ၄၀ နေထိုင်ခဲ့ရ၏။ ဒုတိယနှစ်ပေါင်း ၄၀ သည် မိဒျန်ပြည်၌သိုးထိန်းအဖြစ်ကုန်ဆုံးခဲ့ပါသည်။ သူ၏နောက်ဆုံးနှစ်ပေါင်း ၄၀ မှုကား ဣသရေလလူတို့၏ခေါင်းဆောင်အဖြစ် ဘုရားသခင်နှင့်အတူဖြတ်သန်းခဲ့ပါသည်။ ထိုသို့ဘုရားသခင်နှင့်အတူရှိစဉ် သူကြုံတွေ့ခဲ့ရသောအရာတို့ကို ဣသရေလလူတို့အတွက် သူ၏ဤနောက်ဆုံးကဗျာတို့တွင် ရေး၍ဖော်ပြထားပါသည်။

ဘုရားသခင်၏အကြောင်း မောရှေ၏ဘဝအတွေ့အကြုံသည် များပြားလှပါသည်။ သို့သော်လည်း အဓိကအချက်တို့ကို သူ၏သီချင်းထဲ၌အတိုချုံးဖော်ပြခဲ့ပါသည်။ မောရှေသည် ကောင်းမွန်စွာအမှုတော်ဆောင်ရွက်လျက် အသက်အရွယ်ကြီးရင့်စွာနေခဲ့ရသောကြောင့် သူ၏အဆုံးသတ်သည် ဝမ်းမြောက်စရာအဆုံးသတ်ဖြစ်ပါ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဤလောကမှထွက်ခွာမည့်အချိန်၌ ဘုရားသခင်၏အဘယ်အကြောင်းကို ကျွန်တော်ပြောဆိုပါမည်နည်း။

**ဆုတောင်းချက်-** အဖဘုရား၊ ကောင်းကင်အိမ်တော်သို့ဝင်ရောက်ခြင်းငှါ အကျွန်ုပ်အား အစဉ်အသင့်ရှိစေတော်မူပါ။

သောကြာ၊ ဒီဇင်ဘာ (၂၄)
**တရားဟော ၃၃း၁-၆**
ဆာလံ ၁၂၇း၁-၂

*"ထာဝရဘုရားသည်အိမ်ကိုဆောက်တော်မမူလျှင်
ဆောက်သောသူတို့သည်အချည်းနှီးလုပ်ဆောင်ကြ၏"*

# ဣသရေလအမျိုးများအတွက်မောရှေ၏ကောင်းကြီးမင်္ဂလာများ

မကွယ်လွန်မီ မောရှေသည်ဣသရေလလူမျိုးတို့၏ အနာဂတ်အကြောင်းကိုမြွက်ဆိုခဲ့ပါသည်။ ကမ္ဘာဦးကျမ်း ၄၉ ထဲ၌ယာကုပ်ပြုသကဲ့သို့ သူတို့အတွက်မောရှေကကောင်းကြီးမင်္ဂလာများချန်ထားခဲ့ပါသည်။ ရှိမောင်မှအပ အမျိုး ၁၂ မျိုး၏နာမည်ကိုခေါ်၍ တစ်မျိုးချင်းစီအတွက် မြွက်ဆိုခဲ့ပါသည်။ ဘုရားသခင်၏နာမတော်ချီးမွမ်းခြင်းဖြင့်အစပြု၍ သူတို့အတွက်ကောင်းကြီးမင်္ဂလာမြွက်ဆိုခဲ့ပါသည်။ ဤသည်ကား မောရှေပေးသောကောင်းကြီးမင်္ဂလာများပေတည်း။

ဤဘုရားသခင်၏လူသည် ဣသရေလလူတို့ကိုကောင်းကြီးပေးပြီးမှ ကွယ်လွန်ခဲ့ပါသည်။ ဤသည်ကား ဤလူမျိုးကိုနှစ်ပေါင်းများစွာလမ်းပြဦးဆောင်ပြီးနောက် ပြုခဲ့သောနှုတ်ဆက်ပွဲဖြစ်ပါ၏။ မောရှေသည် ဘုရားသခင်ကသူတို့ကို တောထဲ၌လမ်းပြလျက် သိနာတောင်၊ စိရအရပ်နှင့် ပါရန်တောင်တို့သို့ ခေါ်ဆောင်ခဲ့ကြောင်းပြန်၍ဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် သန့်ရှင်းမှုအထောင်အသောင်းနှင့်ကြွလာတော်မူ၍ လက်ျာလက်တော်မှပညတ်တရားကိုပေးတော်မူ၏။ ဘုရားသခင်သည် ဣသရေလလူတို့ကိုချစ်တော်မူ၍ သူတို့သည်လည်း ဘုရားသခင်၏ပညတ်တရားကိုနာခံခြင်းငါ့ဆက်ကပ်ခဲ့ကြ၏။ မောရှေမိန့်တော်မူသောပညတ်တရားသည် သူတို့အတွက်အမွေတော်ဖြစ်ခဲ့ပါသည်။ ဣသရေလအမျိုးအနွယ်မင်းများစည်းဝေးသောအခါ ဘုရားသခင်သည်ယေရှုရုန်အမျိုး၌ရှင်ဘုရင်ဖြစ်တော်မူ၏။ ယေရှုရုန်ဟူသည် ဣသရေလ၏ကဗျာနာမည်ဖြစ်ပါသည်။ မောရှေသည် ဘုရားသခင်အတူပါရှိတော်မူခြင်းနှင့် ပြုတော်မူသောအမှုတို့ကိုပြန်၍ဖော်ပြခဲ့ပါသည်။ ယခုသူသည် ထွက်ခွာသွားတော့မည်ဖြစ်၍ ဘုရားသခင်ကသူတို့ကိုဦးဆောင်လျက် ဤကောင်းကြီးမင်္ဂလာထဲ၌ဖော်ပြထားသည့်အတိုင်း လူမျိုးတစ်မျိုးချင်းစီကို သူတို့နေထိုင်မည့်နယ်မြေသို့ ပို့ဆောင်တော်မူလိမ့်မည်။

ဣသရေလအမျိုး ဆယ့်နှစ်မျိုးအတွက် မောရှေပေးသောကောင်းကြီးမင်္ဂလာသည် တိုတိုတုတ်တုတ်ဖြစ်၍ ယာကုပ်ပေးခဲ့သောကောင်းကြီးမင်္ဂလာနှင့်အသေးစိတ်မတူခဲ့ပါ။ ရုဗင်သည် ယာကုပ်၏သားသမီးတို့တွင် အကြီးဆုံးဖြစ်၍ သူ၏နာမည်ကိုဦးစွာဖော်ပြခဲ့သော်လည်း ထို့နောက်တွင် မောရှေက ယာကုပ်၏အစဉ်လိုက်ကိုမလိုက်လျှောက်ခဲ့ပါ။

မောရှေက ရုဗင်သည်မသေ၊ အသက်ရှင်၍ သူ၏လူတို့သည် များပြားကြလိမ့်မည်ဟုဆိုခဲ့ပါသည်။ ဤကောင်းကြီးမင်္ဂလာတို့ကို မောရှေကသူတို့၏အတွေ့အကြုံနှင့်အခြေအနေတို့၌ အခြေခံလျက် မြွက်ဆိုခြင်းဖြစ်ပါသည်။ ယာကုပ်၏ကောင်းကြီးပေးချိန်၌သူတို့သည်မိသားစုသာလျှင် ဖြစ်ခဲ့သော်လည်း ယခုနှစ်ပေါင်းလေးရာကြာပြီးနောက်တွင် သူတို့သည် တိုင်းပြည်တစ်ပြည်ဖြစ်ခဲ့ပါသည်။ သူတို့၏အရေအတွက်သည်အလွန်များပြားလှပါ၏။ ထိုအရေအတွက်ကို တောလည်ရာကျမ်းထဲ၌ဖော်ပြထားပါသည်။ မောရှေ၏ကြိုတင်ဟောပြောချက်တို့သည် မကြာသေးမီဖြစ်ခဲ့သော အကြောင်းများ၌ အခြေခံပြီး လူမျိုးတစ်မျိုးမဖော်ပြဘဲ ချန်ထားရခြင်းအကြောင်းအရင်းကိုလည်း သူတို့၏ပုန်ကန်မှုကြောင့်ဖြစ်ကြောင်း ပေါ်လွင်လှပါသည်။

**ဆင်ခြင်ရန်** - မောရှေ၏ပရောဖက်စကားတို့သည် ဘုရားသခင်ထံမှလာခြင်းဖြစ်ပါသည်။
**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်ကို ကိုယ်တော်၏ကောင်းကြီးမင်္ဂလာခံထိုက်သောသူ ဖြစ်စေတော်မူပါ။

စနေ၊ ဒီဇင်ဘာ (၂၅)
**တရားဟော ၃၃း၇-၁၁**
မဿဲ ၁း၂၁

*"ယာကုပ်သားယုဒမှစ၍ညီနောင်တစ်စု"*

# ယုဒနှင့်လေဝိအားမြတ်သောရာထူးခန့်အပ်ခြင်း

ဣသရေလသမိုင်းတွင် ရှင်ဘုရင်နှင့်ယဇ်ပုရောဟိတ်ရာထူးသည် အလွန်အရေးကြီးကြောင်း တွေ့ရပါသည်။ မောရှေ၏ကောင်းကြီးပေးခြင်းတွင် ယုဒနှင့်လေဝိတို့သည် ထိုရာထူးတို့ကိုရရှိကြမည် ဖြစ်ပါသည်။ ရှိမောင်သည်ဘာမှမရခဲ့ပါ။

ယုဒ သည် ယာကုပ်၏စတုတ္ထမြောက်သားဖြစ်ပါသည်။ မောရှေက ဘုရားသခင်သည်ယုဒ ၏စကားသံကိုနားညောင်းတော်မူ၍ သူသည်အမျိုးသားချင်းတို့ထံခေါ်လျက် သူ၏လက်သည်သူ့အဖို့ လုံလောက်ခြင်းရှိမည်ဟု ဆုတောင်းခဲ့ပါသည်။ ရန်သူတို့လက်မှကယ်တင်တော်မူခြင်းငှါ ဘုရားသခင် အား တောင်းလျှောက်ပေးခဲ့ပါသည်။ မောရှေသည်ယုဒအကြောင်း၌ ယာကုပ်ပြောခဲ့သောစကားနှင့် မင်းအရိုက်အရာကို ဤလူမျိုးတို့ထံပေးခဲ့ကြောင်းကို သိခဲ့ပါသည်။ ယုဒအမျိုးသည် ကြီးမားသော တာဝန်ပေးခြင်းခံရသောကြောင့် ဘုရားသခင်၏ကွယ်ကာမှုခံထိုက်ပါ၏။ မောရှေက ယာကုပ်၏ စကားနှင့်ဆန့်ကျင်ခြင်းမရှိဘဲ ဤစကားတို့ကိုဆိုခဲ့ပါသည်။ ယုဒသည်ကြီးသောအမှုအတွက် ခန့်ထား ခြင်းခံရ၏။ အကြီးမားဆုံးသောဘုန်းတော်ဟူမူကား ဤအမျိုးမှာ မေရှိယကြွလာတော်မူခြင်းပင် ဖြစ်ပါ သည်။ ထိုမေရှိယသည် အာရုန်နည်းတူမဟုတ်ဘဲ မေလခိဇေဒက်နည်းတူ ယဇ်ပုရောဟိတ်အကြီး ဖြစ်ပါသည်။

လေဝိ သည် ရှိမောင်နှင့်အတူဖော်ပြခြင်းခံရ၏။ ယာကုပ်၏ကောင်းကြီးမင်္ဂလာပေးခြင်း တွင် သူတို့ပြုသောအမှုကြောင့် သူတို့သည်ကောင်းမွန်သောစကားမခံရကြပါ။ သူတို့သည် ရှေခင်၏ အမျိုးတို့ကိုလှည့်စားပြီး သတ်ခဲ့ကြပါသည် (ကမ္ဘာ ၃၄)။ ရှေခင်က သူတို့၏ညီမဒိနကို မတရားသဖြင့် ကျင့်ခဲ့သောကြောင့် သူတို့သည်အမှားမကျူးလွန်ဟု ထင်ကြပါ၏။ အမှန်မှာ သူတို့သည်ကလဲ့စားချေ ခြင်းငှါ မတရားသောနည်းလမ်းကိုအသုံးပြုခဲ့ကြပါသည်။ ဤအမှု၏ကျိန်ခြင်းမှ လွတ်မြောက်ခြင်းငှါ လေဝိအမျိုးသည်အချိန်ယူခဲ့ရ၏။ ဣသရေလလူအပေါင်း၏ခေါင်းဆောင်အဖြစ် မောရှေအား ဘုရား သခင်ရွေးချယ်တော်မူသောအချိန်မှစ၍၊ အာရုန်ကိုယဇ်ပုရောဟိတ်အဖြစ် ခန့်အပ်တော်မူခဲ့၏။ ဤ သို့ဖြင့် လေဝိအမျိုးသည်ယဇ်ပုရောဟိတ်ရာထူးတာဝန်ကို ပေးအပ်ခြင်းခံရ၏။ တောထဲ၌ ဣသရေလ လူမျိုးအများတို့က ဘုရားသခင်ကိုဆန့်ကျင်ကြသောအခါ လေဝိအမျိုးသည်ဘုရားသခင်ဘက်၌ ရပ် တည်ခဲ့ကြ၏။

လေဝိအမျိုးသည် ယဇ်ပုရောဟိတ်တာဝန်ကိုထမ်းဆောင်ခြင်းငှါ ရွေးနုတ်ခန့်ထားခြင်းခံ ရသောကြောင့် မောရှေသည်ဤလူမျိုးအကြောင်းကို များစွာဖော်ပြထားပါသည်။ ဘုရားသခင်၏အလို တော် ဆန်းစစ်ဆုံးဖြတ်ရာ၌ အသုံးပြုသောကျောက် သုမိမ်နှင့်ဥရိမ်စောင့်ရှောက်ခြင်းတာဝန်ကို သူတို့ ထံပေးခဲ့ပါသည် (တရား ၃၃း၈)။ ထို့ပြင် ဣသရေလထံ ဘုရားသခင်၏ပညတ်တရားနှင့်စီရင်ခြင်း များကို သင်ပေးခြင်းငှါတာဝန်ရှိကြပါသည်။ ယဇ်ပလ္လင်၌အမွေးနံ့သာနှင့် မီးရှို့ရာယဇ်တို့ကိုလည်း ပူဇော်ကြရပါမည်။ ဤအရေးကြီးလှသောတာဝန်ဝတ္တရားက လေဝိ၏အမှားကို ဖုံးအုပ်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ရွေးကောက်တော်မူခြင်းသည် ကောင်းမှုကုသိုလ်ကြောင့်မဟုတ်ဘဲ ကျေးဇူးတော်သက်သက်ကြောင့်ဖြစ်ပါသည်။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ကယ်တင်ခြင်းကျေးဇူးတော်၌ ငြိမ်သက်ခြင်းတွေ့မည် အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၂၆)
**တရားဟော ၃၃း၁၂-၁၇**
ကမ္ဘာ ၄၅း၁-၈

*“ဘုရားသခင်သည်သူတို့အသက်ကို စောင့်မစေခြင်းငှါ သင်တို့ရှေ့မှာ ကျွန်ုပ်ကိုစေလွှတ်တော်မူပြီ”*

## ဗင်ယာမိန်နှင့်ယောသပ်အတွက်ကောင်းကြီးမင်္ဂလာ

ဗင်ယာမိန်သည် ယာကုပ်၏အငယ်ဆုံးသားဖြစ်ပါသည်။ ယခုတွင် အဖ၏အချစ်တော်သားလေးမဟုတ်တော့ဘဲ လူမျိုးတစ်မျိုးဖြစ်လာခဲ့ပါသည်။ မိမိညီအစ်ကိုတို့အကြား၌ ဤသို့ဖော်ပြခြင်းခံရပါသည်။ မောရှေက ဗင်ယာမိန်သည်ထာဝရဘုရားချစ်တော်မူသောသူ၊ အထံတော်၌ လုံခြုံစွာနေရမည့်သူဟု ဖော်ပြခဲ့ပါသည်။ ဘုရားသခင်ကသူ့ကိုအစဉ်အမြဲဖုံးလွှမ်း၍ သူ၏ပခုံးကြား၌ မြင်ရပါလိမ့်မည် (တရား ၃၃း၁၂)။ ဤသည်ကား ခါနာန်ပြည်၌နေထိုင်သောအခါ သူသည်ဘုရားသခင်၏ကွယ်ကာတော်မူခြင်းနှင့် ကြွယ်ဝစေတော်မူခြင်းခံရမည်အကြောင်း သက်သေဖြစ်ပါသည်။

ယောသပ် သည် ယာကုပ်၏အချစ်တော်သားဖြစ်ပါသည်။ ယာကုပ်က ယောသပ်၏သားနှစ်ဦးဖြစ်သော ဧဖရိမ်နှင့်မနာရှေတို့ကို မွေးစားသားအဖြစ်ယူခဲ့ပါသည်။ ထို့ကြောင့် သူတို့ကိုယာကုပ်၏ သားများဟုသိမှတ်ကြပါသည်။ ခါနာန်ပြည်ခွဲဝေခြင်း၌ သူတို့သည် နေရာသုံးနေရာ၌နယ်မြေပေးခြင်းခံရကြ၏။ ဧဖရိမ်သည် ခါနာန်၌လုံလောက်သောနယ်မြေရရှိခဲ့ပြီး မနာရှေသည် ယော်ဒန်မြစ်အရှေ့ ဘက်နှင့်အနောက်ဘက်၌ နယ်မြေရရှိခဲ့၏။ မိမိအဘိုးတို့ကို ခါနာန်ပြည်၌သင်္ဂြိုဟ်ရမည်ဟု ယောသပ် မိန့်ဆိုခဲ့သည်အတိုင်း သူတို့သည်မောရှေပြောသကဲ့သို့ ယောသပ်၏အရိုးကို ယူသွားခဲ့ကြ၏ (ထွက် ၁၃း၁၉)။

အဲဂုတ္တုပြည်၌ ကြာသရွေလနေထိုင်ခဲ့မှုတွင် ယောသပ်၏ပါဝင်ပတ်သက်မှုကို ကောင်းကောင်းသိကြရပါ၏။ မောရှေက ယောသပ်အတွက်ကောင်းကြီးမင်္ဂလာကို ဤသို့ရှည်လျားစွာ ဖော်ပြခဲ့ပါသည်-“ယောသပ်အမျိုးကိုကား ထိုအမျိုးနေသောပြည်သည် အထက်မိုးကောင်းကင်ဘဏ္ဍာအားဖြင့်၎င်း၊ အောက်အရပ်၌ပုန်းကွယ်၍ နက်နဲသောအရာအားဖြင့်၎င်း၊ နေဖြစ်စေသောဘဏ္ဍာ၊ လဖြစ်စေသောဘဏ္ဍာအားဖြင့်၎င်း၊ အသက်ကြီးသောတောင်ထိပ်၊ မြဲမြံသောတောင်ထဲကထွက်သော ဘဏ္ဍာအားဖြင့်၎င်း၊ မြေကြီးဘဏ္ဍာစုံလင်ရာအားဖြင့်၎င်း၊ ထာဝရဘုရားပေးတော်မူရာ၌ မင်္ဂလာရှိပါစေသော်။ ချုံ၌နေတော်မူသောသူ၏ကျေးဇူးတော်သည် ယောသပ်ခေါင်းပေါ် မိမိအစ်ကိုတို့တွင် အကြီးအကဲဖြစ်သောသူ၏ ခေါင်းထိပ်ပေါ်မှာသက်ရောက်ပါစေသော်။ သူ၏ဘုန်းသည် နွားလားဥသဘဘုန်းကဲ့သို့၎င်း၊ သူ၏ဦးချိုတို့သည် ကြံ့ဦးချိုကဲ့သို့ဖြစ်ကြ၏။ ထိုဦးချိုတို့နှင့်လူအမျိုးမျိုးတို့ကို မြေကြီးစွန်းတိုင်အောင် တစ်ပြိုင်နက်ထိုးခတ်လိမ့်မည်။ ဧဖရိမ်အမျိုးသားအသောင်းသောင်း၊ မနာရှေအမျိုးသားအထောင်ထောင်ပေတည်း”(တရား ၃၃း၁၃-၁၇)။ ယောသပ်သည် မောရှေဖော်ပြသကဲ့သို့ ကောင်းမွန်သောဘဝကိုပိုင်ဆိုင်ခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ယောသပ်အားမိမိ၏ဘုန်းတော်ကိုထင်ရှားစေခြင်းငှါ ရွေးကောက်တော်မူခဲ့၏။

**ဆုတောင်းချက်-** အဖဘုရား၊ အကျွန်ုပ်ပေါ်၌ ကိုယ်တော်၏ကောင်းကြီးမင်္ဂလာသက်ရောက်ပါစေသော်။

တနင်္လာ၊ ဒီဇင်ဘာ (၂၇)
**တရားဟော ၃၃း၁၈-၂၉**
ဆာလံ ၉၃

*"သက်သေခံတော်မူချက်တို့သည် အလွန်မြဲမြံကြပါ၏။
အိုထာဝရဘုရား၊ သန့်ရှင်းခြင်းပါရမီသည် အစဉ်အမြဲ
အိမ်တော်၏အသရေဖြစ်ပါသတည်း"*

# ဣသရေလအမျိုးခြောက်မျိုးအတွက်ကောင်းကြီးမင်္ဂလာများ

မောရှေ၏နောက်ဆုံးမင်္ဂလာကောင်းကြီးပေးခြင်းသည် ကျန်ဣသရေလလူမျိုးခြောက်မျိုးအတွက် တိုတိုတုတ်တုတ်မှတ်ချက်ဖော်ပြခြင်းဖြစ်ပါသည်။

ဇာဗုလုန် နှင့် ဣသခါ အမျိုးတို့ကို မိမိတဲ၌နေ၍ဝမ်းမြောက်ကြကြောင်း ဖော်ပြထားပါသည်။ သူတို့အမွေခံရာအရပ်သည် တောင်တန်းဒေသဖြစ်၍ ဖြောင့်မတ်ခြင်းတရားယဇ်ကို ပူဇော်ကြပါလိမ့်မည်။ သူတို့၏စည်းစိမ်သည် ပင်လယ်စည်းစိမ်နှင့်သဲ၌ဝှက်ထားသောဘဏ္ဍာများဖြစ်ကြပါမည် (တရား ၃၃း၁၉)။ ဤအချက်က သူတို့နှင့်သူတို့မျိုးဆက်တို့ထံ ဘုရားသခင်ပေးတော်မူမည့်နယ်မြေအမျိုးအစားကိုဖော်ပြလျက်ရှိ၏။ ဂဒ်အမျိုး သည် ခြင်္သေ့ကဲ့သို့နေ၍ လက်ရုံးနှင့်ဦးထိပ်ကိုဆုတ်ဖဲ့ပါလိမ့်မည် (တရား ၃၃း၂၀)။ ဦးစွာမိမိအဘို့ ရွေးတတ်ပြီး၊ တရားစီရင်ခြင်းတာဝန်လည်းပေးအပ်ခြင်းခံရ၏ (တရား ၃၃း၂၁)။ ဒန်အမျိုးသည် ခြင်္သေ့သငယ်ဖြစ်၍ ဗာရှန်ပြည်မှခုန်လိမ့်မည်။ ဤအချက်က ဤလူမျိုး၏အကျင့်နှင့်သူတပါးနှင့်ဆက်ဆံရေးကို ကောင်းစွာဖော်ပြလျက်ရှိ၏။ နဿလိအမျိုး သည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာအပြည့်အဝခံစားခဲ့ရပါသည် - အနောက်ပိုင်းနှင့်တောင်ပိုင်းကိုပိုင်ဆိုင်ရလိမ့်မည် (တရား ၃၃း၂၁)။ အာရှာ အမျိုးသည် သားသမီးကောင်းကြီးမင်္ဂလာခံစား၍ ညီအစ်ကိုတို့နှင့်ညီညွတ်ခြင်းရှိပါလိမ့်မည်။ ဆီကောင်းကြီးမင်္ဂလာလည်း ခံစားရပါလိမ့်မည်။ သူ၏ဖိနပ်တို့သည် သံနှင့်ကြေးဝါဖြစ်လိမ့်မည်- ဆိုလိုသည်မှာ မိမိ၏ရန်သူတို့ကို အောင်နိုင်လိမ့်မည်ထင်မှတ်ရပါသည် (တရား ၃၃း၂၄-၂၅)။

နိဂုံးတွင် မောရှေကယေရှုရုန်အမျိုး၏ဘုရားသခင်အား ဘုန်းအာနုဘော်နှင့်ပြည့်စုံလျက်၊ မိုယ်းကောင်းကင်ကိုစီးတော်မူသောသူဟု ခိုင်းနှိုင်းဖော်ပြထား၏ (တရား ၃၃း၂၆)။ သူသည် ထာဝရဘုရား၌ရန်သူကိုဖျက်ဆီးတော်မူ၏။ ဣသရေလသည်လုံခြုံစွာနေရ၍ ပြုစုကျွေးမွေးခြင်းခံရမည်ဖြစ်ပါသည်။ ဣသရေလ၏ဝမ်းမြောက်ပျော်ရွှင်ခြင်းသည် ဘုရားသခင်ပြုတော်မူသောအမှု၌ တည်ပါ၏။

မောရှေက မိမိမကွယ်လွန်မီ ဣသရေလလူမျိုးတို့၏အမည်များဖော်ပြခြင်းသည် အလွန်အရေးကြီးလှပါသည်။ သူတို့အားလုံးကို အသိအမှတ်ပြုခြင်းလည်းဖြစ်ပါသည်။ သူတို့ထဲမှလူမျိုးတစ်မျိုးချန်ထားခြင်းမှာ အကြောင်းရင်းရှိပါသည်။ မိမိလူတို့ထံဖော်ပြရမည့်အကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်ကဆုံးဖြတ်တော်မူခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် မိမိကိုချစ်သောသူအပေါင်းတို့အား ကောင်းကြီးပေးတော်မူမည်။ သမ္မာကျမ်းစာထဲ၌ ဂတိတော်ရှိပါ၏။ ထိုဘုရားသခင်၏ဂတိတော်များအပေါ်၌ ရပ်တည်ကြပါစို့။

**ဆင်ခြင်ရန်** - အနန္တတန်ခိုးရှင်ဘုရားသခင်သည် အကျွန်ုပ်၏လိုအပ်ချက်တိုင်းကို စောင့်ကြည့်သိရှိတော်မူ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်ထံမကောင်းကြီးမင်္ဂလာခံစားရန်အတွက် အကျွန်ုပ်သည် ကိုယ်တော်ကိုယုံကြည်ခြင်းနှင့်မျှော်ကြည့်နေပါ၏။

အင်္ဂါ၊ ဒီဇင်ဘာ (၂၈)
**တရားဟော ၃၄း၁-၄**
ဆာလံ ၁၀၃း၁-၁၀

*"ဘာသာခလေ့တော်တို့ကို မောရှေ၌၎င်း၊
စီရင်တော်မူသောအမှုအရာတို့ကို
ဣသရေလအမျိုးသားတို့၌၎င်း ပြတော်မူပြီ"*

# မောရှေ၏နောက်ဆုံးအကြောင်းအရာ

တရား ၃၃း၂၉ တွင် မောရှေက မိမိ၏ပညတ္တိကျမ်းရေးသားခြင်းကို ပဒ်မချ၍ အဆုံးသတ်ခဲ့ပါသည်။ တရားဟောရာကျမ်းအခန်းကြီး ၃၄ သည် ယောရှုကရေးသားခြင်းဖြစ်သည်ဟု မှတ်ယူခြင်းသည် မှန်ကန်သောယူဆချက်ဖြစ်မည်ဟု ထင်ရပါ၏။ ဤအခန်းကြီး ၃၄ ထဲတွင်၊ မောရှေသည် နေဗောတောင်မှခါနာန်ပြည်ကို မျှော်ကြည့်အပြီး၌ ယောရှုကမောရှေ၏သေခြင်းအကြောင်းကို ရေးသားထားပါသည်။ မောရှေသည် အသက်အရွယ်ကြီးရင့်သောအခါ၌ ကွယ်လွန်ခဲ့သော်လည်း၊ ခန္ဓာကိုယ်ကြံ့ခိုင်သန်မာဆဲဖြစ်ခဲ့ပါသည်။ ဤသည်ကား ကြီးမြတ်သောကာလတစ်ခုပြီးဆုံးခြင်းဖြစ်၍ ယောရှု၏ဦးဆောင်မှုအောက်၌ အသစ်သောကာလတစ်ခုစတင်ခြင်းဖြစ်ပါသည်။ ထိုအပြောင်းအလဲကို ယခုတွေ့ရပါသည်။

မောရှေသည် နေဗောတောင်ပေါ်သို့တက်၍ တောင်၏အမြင့်ဆုံးထိပ်ဖြစ်သော ပိသဂါထိပ်၌ရပ်လျက်၊ ဘုရားသခင်က ခါနာန်ပြည်တစ်ခုလုံးကိုကြည့်ရှုစေတော်မူ၏။ ဘိလပ်ပြည်သည် တောင်ပိုင်းနှင့်နယ်နိမိတ်ဖြစ်၍၊ ဒန်မြို့သည် မြောက်ပိုင်းနယ်နိမိတ်ဖြစ်၏။ ဤနေရာဒေသကို ပိုင်ဆိုင်နေထိုင်သော အမျိုးနာမည်ဖြင့်ခေါ်ဝေါ်ကြခြင်းဖြစ်ပါသည်။ ပထမနယ်ပယ်ထဲတွင် နဿလိ၊ ဧဖရိမ်၊ မနာရှေနှင့်ယုဒအမျိုးကို တွေ့ရ၏။ ဤနယ်ပယ်သည် ပင်လယ်၌အဆုံးသတ်ခဲ့ပါသည် (တရား ၃၄း၂)။ အရှေ့ဘက်နယ်ပယ်သည် စွန်ပလွံမြို့ဟုခေါ်သော ယေရိခေါမြို့ချိုင့်ဝှမ်းမှ ဇောရမြို့တိုင်အောင်ဖြစ်ပါသည် (တရား ၃၄း၃)။ ဤပြည်သည် အာဗြဟံ၊ ဣဇက်နှင့်ယာကုပ်ထံ ဘုရားသခင်ဂတိပေးတော်မူသောပြည်ဖြစ်ပါသည်။ ဘုရားသခင်က ထိုပြည်ကိုသူတို့၏သားသမီးတို့ထံ ပေးမည်ဟု သေချာတိကျစွာပေးတော်မူခဲ့၏။ ယခုအချိန်သည် ထိုဂတိတော်ပြည့်စုံမည့်အချိန်ဖြစ်ပါသည်။ ဣသရေလသည် ထိုပြည်ကိုဝင်ရောက်သိမ်းပိုက်မည့်အကြောင်း မောရှေသည်လုံးဝသံသယမရှိပါ။ သို့သော်လည်း သူကိုယ်တိုင်သည်ထိုပြည်သို့မဝင်ရပါ။

ဘုရားသခင်၏နက်နဲသောအမှုတို့သည် လူ့အသိဉာဏ်ဖြင့်နားလည်သဘောမပေါက်နိုင်ပါ။ ခါနာန်ပြည်သို့ဣသရေလဝင်ရောက်နေထိုင်ရခြင်းသည် မောရှေပြုသောအမှုများကြောင့်ဖြစ်သော်လည်း၊ ဘုရားသခင်ကလူ့ဆန္ဒကိုဆန့်ကျင်ဆုံးဖြတ်တော်မူ၏။ မောရှေက အဓိကအချက်ကိုဤသို့ ရေးထားပါသည် -"သို့ဖြစ်၍ သင်နှင့်သင့်အမျိုးအနွယ်သည် အသက်ရှင်မည်အကြောင်းနှင့်၎င်း၊ သင်၏ဘုရားသခင်ထာဝရဘုရားကိုချစ်၍ စကားတော်ကိုနားထောင်သဖြင့်၊ အသက်ရှင်ခြင်းအကျိုး၊ အသက်တာရှည်ခြင်းအကျိုးကိုပေးတော်မူသော ကိုယ်တော်ကိုဆည်းကပ်မှီဝဲမည်အကြောင်းနှင့်၎င်း၊ ထာဝရဘုရားသည် သင်၏ဘိုးဘေးအာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်၌ နေမည်အကြောင်းနှင့်ယှဉ်သော အသက်တရားကိုရွေးယူလော့ဟု ဣသရေလအမျိုးအားဟော ပြော၏" (တရား ၃၀း၂၀)။ မောရှေသည်ထိုပြည်သို့ဝင်ရန် ဆန္ဒရှိခဲ့နိုင်ပါသည်။ ဣသရေလလူတို့ကလည်း ဂတိတော်ပြည်သို့သူတို့အခြေချနေထိုင်သည့်အထိ မောရှေကဦးဆောင်မည်ဟု မျှော်လင့်ခဲ့နိုင်ပါသည်။သို့သော်လည်း ဘုရားသခင်သည်ဤမျှော်လင့်ချက်အပေါင်းကို ဆန့်ကျင်၍ဆုံးဖြတ်တော်မူခဲ့၏။

**ဆင်ခြင်ရန်** - အစပြုခြင်းသည် နှစ်သက်စရာကောင်း၍အဆုံးသတ်ခြင်းသည်အကျိုးရှိ၏။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏ကျွန်မောရှေအဆုံးသတ်သကဲ့သို့ ကျွန်တော်လည်း အပြေးပြိုင်ပွဲ၌ ထိုသို့အဆုံးသတ်လိုပါ၏။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၂၉)
**တရားဟော ၃၄း၅-၁၀**
ဟေဗြဲ ၁၁း၂၃-၂၉

*"အပြစ်ရှိသောကာမဂုဏ်ကို ခဏခံစားခြင်းထက် ဘုရားသခင်၏လူတို့နှင့်အတူ ညှင်းဆဲခံရခြင်းကို သာ၍အလိုရှိသဖြင့်. . ."*

# မောရှေကွယ်လွန်ခြင်း

ဘုရားသခင်သည် မောရှေအားပြည်တော်ကိုမျှော်ကြည့်စေသော်လည်း၊ ဝင်ခွင့်ပေးတော်မမူ။ ဤသည်ကား ဘုရားသခင်သည်ဂတိထားတော်မူသည်အတိုင်း ပြည့်စုံစေတော်မူကြောင်း သိစေခြင်းဖြစ်ပါသည်။ သူပြုခဲ့သောအမှုအပေါင်းတို့သည် အချည်းနှီးမဟုတ်ခဲ့ကြောင်း သူမကွယ်လွန်မီ အသိပေး၍နှစ်သိမ့်တော်မူ၏။ မောရှေသည် ကြီးမားသောအန္တရာယ်ကြုံတွေ့ခဲ့ရပြီး သူ့မိဘတို့က ဝှက်ထားခဲ့ရပါသည်။ ထို့နောက်တွင် ဖာရောမင်း၏သမီးတော်က ကယ်တင်၍ပြုစုစောင့်ရှောက်ခဲ့၏။ ထိုကလေးငယ်၏အသက်သည် ယခုနှစ်ပေါင်း ၁၂၀ တွင်အဆုံးသတ်ရတော့မည်ဖြစ်၏။ သူသည် မောဘပြည်တွင်ကွယ်လွန်ခဲ့ပါသည်။

တရား ၃၄း၅-၁၀ ထဲတွင် မောရှေကွယ်လွန်ခြင်းအကြောင်းကိုဖော်ပြလျက် ဗက်ပေဂုရမြို့တဘက်မောဘပြည်တစုံတခုသောချိုင့်၌ သင်္ဂြိုဟ်ခြင်းခံရပြီး ထိုနေရာအတိအကျကိုဘယ်သူမှ မသိကြပါ။ ဘုရားသခင်ကသင်္ဂြိုဟ်တော်မူသည်ဖြစ်၍ မည်သူမှထိုနေရာကိုမသိကြပါ။ ထိုသို့လူတို့အား မသိစေခြင်းမှာ ဘုရားသခင်၌အကြောင်းရင်းရှိပါလိမ့်မည်။ လူ့အထင်ပြောရလျှင် ထိုသို့မသိစေခြင်းငှါ လူတို့သည်ထိုသင်္ဂြိုဟ်သည့်နေရာကိုသိခဲ့ကြလျှင် ထိုအရပ်ကိုဝတ်ပြုကိုးကွယ်ကြမည်ဟု ထင်မှတ်သောကြောင့်ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဣသရေလလူတို့ကိုအသိမပေးခဲ့ပါ။ သို့သော်လည်း ဣသရေလလူတို့သည် မောရှေကိုအောက်မေ့၍ ရက်ပေါင်း ၃၀ ပတ်လုံးငိုကြွေးမြည်တမ်းခဲ့ကြ၏။ ထိုအခြေအနေ၌ထိုသို့ပြုခြင်းသည် ပုံမှန်လုပ်ရပ်ဖြစ်ပါသည်။ ယနေ့၌ထိုသို့သော ကျော်ကြားသည့်ပုဂ္ဂိုလ်ကွယ်လွန်ခဲ့ပါလျှင် တတိုင်းပြည်လုံးကအသုဘအခမ်းအနားသို့ တက်ရောက်ကြပါလိမ့်မည်။ ရုပ်သံမီဒီယာအပေါင်းမှလွှင့်၍ လူအပေါင်းတို့ကသိရကြပါလိမ့်မည်။ သင်္ဂြိုဟ်သည့်ဗိမာန်ဂူကိုလည်း ကြီးကျယ်မြင့်မြတ်စွာပြုလုပ်၍ နှစ်တိုင်းနှစ်ပတ်လည်နှင့်အခမ်းအနားပြုကြပါလိမ့်မည်။

ဓမ္မသစ်ကျမ်းထဲတွင် မောရှေ၏ကွယ်လွန်ခြင်းအကြောင်းကို အနည်းငယ်ပြည့်စုံစွာထပ်၍ ဖော်ပြခဲ့ပါသည်။ ယုဒ ၉ ထဲတွင်မောရှေ၏ခန္ဓာကိုယ်အကြောင်း၌ ကောင်းကင်တမန်မင်း မိက္ခေလနှင့် မာရ်နတ်တို့ငြင်းခုံခဲ့ကြကြောင်း တွေ့ရ၏။ ထို့အပြင် ဘယ်အကြောင်းမှမသိရပါ။ ဆာလံဆရာက ဘုရားသခင်၏သန့်ရှင်းသူတို့၏ သေခြင်းသည် မွန်မြတ်ကြောင်းဖော်ပြခဲ့ပါသည်။ ဘုရားသခင်သည် မောရှေ၏အသက်တာအားဖြင့် ကြီးသောအမှုကိုပြုတော်မူခဲ့ပြီး မောရှေသည်မြင့်မြတ်စွာကွယ်လွန်ခဲ့ပါသည်။ ဘုရားသခင်နှစ်သက်တော်မူမည့်အမှု ဘယ်အမှုကိုယနေ့ကျွန်တော်တို့ပြုကြရပါမည်နည်း။

**ဆင်ခြင်ရန်** - မောရှေကဲ့သို့ ဘုရားသခင်၏အမှုတော်ဆောင်ခြင်း၌ ကြုံတွေ့ခဲ့ရသောဆင်းရဲဒုက္ခအပေါင်းတို့သည် အဖိုးတန်လှပါ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော် ကျွန်တော်ဆောင်ရွက်ခြင်း၌ တင်းတိမ်ရောင့်ရဲခြင်းရှိစေတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၃၀)
**တရားဟော ၃၄း၅-၈**
ယောပြု ၆း၉-၁၁

*“နာမတော်ကိုထောက်၍ပြသောမေတ္တာကိုဌင်း ဘုရားသခင်သည်မေ့လျော့သည်တိုင်အောင် အစမွေအမှုကိုပြုတော်မူသည်မဟုတ်”*

# မောရှေကွယ်လွန်ခြင်း၏နောက်ဆက်တွဲ

မောရှေသည် သမ္မာကျမ်းစာထဲမှကျော်ကြားသောပုဂ္ဂိုလ်ဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းလျက်ပင် အနှစ် ၁၂၀ ၌ကွယ်လွန်ခဲ့ပါသည်။ သူ၏မျက်စိမမှုန်သေး၊ ခွန်အားလည်း မလျော့သေး (တရား ၃၄း၇)။ ဘုရား၏အမှုတော်ကိုဆောင်ရွက်လျက် အသက်တာ၌ရရှိခဲ့သော ကောင်းကြီးမင်္ဂလာဖြစ်ပါသည်။ သူ၏အသက်တာသည် နောက်ခေါင်းဆောင်များအတွက် သာဓက ဖြစ်ခဲ့ပါ၏။ ပြည်သူတို့သည် မောရှေအတွက် ငိုကြွေးမြည်တမ်းခဲ့ကြ၏။ မောရှေ၏လက်တော်အား ဖြင့် မိမိတို့ကိုလမ်းပြတော်မူသောဘုရားသခင်က သူတို့ကိုဆက်လက်လမ်းပြဦးဆောင်မည်အကြောင်း သေချာသိခဲ့ကြပါသည်။ သူကဲ့သို့သောခေါင်းဆောင်သော်ငင်း၊ ဘုရားသခင်ကမျက်နှာချင်းဆိုင် စကားပြောသောပရောဖက် မပေါ် ထွန်းသေးပါ။

သို့သော်လည်း၊ တရား ၁၈း၁၅ ထဲတွင် မောရှေကဲ့သို့သော အခြားပရောဖက်တပါးကို ဘုရားသခင်ပေါ် ထွန်းစေတော်မူမည်ဟု ဖော်ပြခဲ့ပါသည်။ဤသည်ကား ယောရှုကိုရည်ညွှန်းခြင်း မဟုတ်ဘဲ ပို၍ကြီးမြတ်တော်မူသောပရောဖက် သခင်ယေရှုခရစ်တော်ကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ ခါနာန်သည်ကောင်းကင်နိုင်ငံသဏ္ဍာန်ကိုဆောင်၍ မောရှေ၏ပရောဖက်ပြုခြင်းအမှုတော်သည် ကယ်တင်ရှင်ယေရှုခရစ်တော်သဏ္ဍာန်ကိုဆောင်ခဲ့ပါသည်။ ဤခရစ်တော်က မိမိကိုယုံကြည်သောသူ အပေါင်းအတွက် နေရာပြင်ဆင်ပေးတော်မူမည်ဟု ဂတိတော်ထားခဲ့ပါသည်။ အဖ၏အိမ်တော်၌ နေရာ၊ အခန်းများစွာရှိကြောင်း မိန့်တော်မူခဲ့၏။ ထိုထာဝရအိမ်တော်သည် ဘုရားသခင်၏သားသမီး အပေါင်းတို့၏ မျှော်လင့်ချက်ဖြစ်ပါသည် (ယောဟန် ၁၄း၁)။ ဣသရေလလူတို့သည် သူတို့အတွက် ကောင်းမွန်သောအခြားခေါင်းဆောင်ခန့်အပ်ခြင်းခံရသော်လည်း မောရှေမရှိတော့သောကြောင့် ဟာ တာတာဖြစ်နေကြပါလိမ့်မည်။ လူကမဟုတ်ဘဲ သူတို့ကိုဘုရားသခင်ကလမ်းပြဦးဆောင်တော်မူ ကြောင်း သိနားလည်ခြင်းကသာ နှစ်သိမ့်မှုကိုပေးနိုင်၏။

သူတို့အလွန်ရင်းနှီးသော ထိုခေါင်းဆောင်ကြီး၏အသံကွယ်ပျောက်ခဲ့ပါပြီ။ အသစ်သော ခေါင်းဆောင်နှင့်အသစ်သောဘဝကို စတင်ကြရပါမည်။ သူတို့ရှေ့၌ရှိသော လုပ်ဆောင်ရမည့်အမှု သည်လည်း ကြီးမားလှပါ၏။ ဘုရားသခင်က ခါနာန်ပြည်ကိုသူတို့အားပေးမည်ဟု ဂတိထားတော်မူ ၏။ သို့သော်လည်း ထိုပြည်၌နေထိုင်သောသူတို့သည် ဣသရေလလူတို့ထက် ခန္ဓာကိုယ်ကြီးမား၍ သူတို့၌ခိုင်ခံ့သောမြို့များရှိကြ၏။ ထိုသူတို့သည် ပြန်လည်ခုခံတိုက်ခိုက်ကြပါလိမ့်မည်။ မောရှေက ဘုရားသခင်သည် ဣသရေလလူတို့ကိုထိုပြည်သို့ခေါ် ဆောင်မည်အကြောင်း မိန့်တော်မူခဲ့၏။ ထိုဂတိ တော်ရှိသည်ဖြစ်သောကြောင့် ခေါင်းဆောင်သစ်၏လက်အောက်၌ ထိုဂတိတော်ကိုဘုရားသခင်ပြည့် စုံစေတော်မူမည်ဟု ယုံကြည်ခြင်းရှိကြ၏။ စစ်မှန်သောခေါင်းဆောင်အပေါင်းတို့ကို ဘုရားသခင် ရွေးကောက်တော်မူခြင်းဖြစ်၍ ခေါင်းဆောင်အရည်အချင်းကိုလည်း ပေးတော်မူ၏။ မောရှေကိုလည်း ဘုရားသခင်ကထိုသို့ခန့်အပ်ခဲ့ပြီး ထိုတာဝန်ကိုကျေပွန်စွာ အဆုံးထိ၊ ကွယ်လွန်သည်အထိ ထမ်းဆောင်ခဲ့ပါသည်။ သို့သော်လည်း၊ ဘုရားသခင်ကဆက်လက်၍ဣသရေလလူတို့ကို လမ်းပြဦး ဆောင်တော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - ခေါင်းဆောင်တို့သည်ဘုရားသခင်၏ဘဏ္ဍာစိုးများဖြစ်ကြပါသည်။ သူတို့သည် သစ္စာရှိဖို့လိုပါ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အမှုတော်ကို ချစ်ခြင်းမေတ္တာအားဖြင့် ကျွန်တော် အစဉ်ထမ်းရွက်လိုပါ၏။

သောကြာ၊ ဒီဇင်ဘာ (၃၁)

**တရားဟော ၃၄း၉-၁၂**

တော ၂၇း၁၈-၂၃

*"မှာထားတော်သည့်အတိုင်း မောရှေပြုလျက်ယောရှုကို ခေါ်၍ . . . သူ့အပေါ်မှာလက်ကိုတင်၍မှာခဲ့ပေ၏"*

## ယောရှုသည်ဣသရေလဦးဆောင်ခြင်းတာဝန်ကိုယူလေ၏

ယောရှုသည် ပညာသဘောနှင့်ပြည့်စုံသောသူဟု ဖော်ပြခြင်းခံရ၏။ သူသည်သမ္မာကျမ်းစာထဲမှ မိမိနှင့်နာမည်တူသောသူတို့နှင့် ခြားနားသိရှိနိုင်ရန် နုန်၏သားဟုရည်ညွှန်းလေ့ရှိပါ၏။ သူသည် ယောသပ်၏သားငယ် ယာကုပ်ကမွေးစားသားအဖြစ်ယူစဉ် သားဦးအရာပေးခြင်းခံရသော ဧဖရိမ်အမျိုးဖြစ်ပါသည်။ ခေါင်းဆောင်အရာ၌ ယောရှုခန့်အပ်ခံရခြင်းသည် တစ်ညတွင်းချင်းဖြစ်ပျက်သောအမှုမဟုတ်ပါ။ သူသည်စစ်ကြောခြင်းများ ကျော်ဖြတ်ခဲ့ပါသည်။ ထွက် ၁၇ ထဲတွင် သူသည် အာမလက်လူတို့ကိုတိုက်ခိုက်ခြင်း၌ ဗိုလ်ချုပ်ဖြစ်ခဲ့ပါသည်။ တော ၁၃-၁၄ ထဲတွင် သူသည် ခါနာန်ပြည်ကိုဝင်ရောက်တိုက်ခိုက်ခြင်းငှါ အဆိုပြုသောသူတို့တွင်တစ်ဦးပြုခဲ့ပါသည်။ ထို့ပြင် တောလည်ရာကျမ်းထဲတွင် သူသည်မောရှေ၏နေရာကို ဆက်ခံမည့်သူဟုဖော်ပြခဲ့ပါသည်။

တော ၂၇း၁၈-၁၉ ထဲတွင် ဤသို့တွေ့ရပါသည် -"ထာဝရဘုရားကလည်း ဝိညာဉ်တော်ကိုရသော နုန်၏သားယောရှုကိုခေါ်၍ သင်၏လက်ကိုသူ့အပေါ်မှာတင်လော့။ ယဇ်ပုရောဟိတ်ဧလာဇာရှေ့ ပရိသတ်အပေါင်းတို့ရှေ့၌သူ့ကိုထား၍ မှာခဲ့လော့" ဟုမိန့်တော်မူ၏။ ဘုရားသခင်သည်လမ်းပြဦးဆောင်လျက် အချိန်ကျလာသောအခါ အရာရာတိုင်းသည်တိကျစွာဖြစ်ပျက်ခဲ့ကြ၏။ ယောရှုသည်မောရှေထံမှ ခေါင်းဆောင်တာဝန်ကိုဆက်ခံခဲ့ပါသည်။ ဣသရေလလူတို့သည်လည်း မောရှေ၏စကားကိုနာခံကြသကဲ့သို့ ယောရှု၏စကားကိုနာခံခြင်းငှါ အသင့်ဖြစ်ခဲ့ကြပါသည်။ ဤသည်ကား ခေါင်းဆောင်မှု၏အရေးကြီးသောလက္ခဏာတစ်ခုဖြစ်ပါသည်။ နာခံခြင်းရှိခြင်းအကြောင်းကို ပညတ်တော်ဆယ်ပါး၏ ပဉ္စမအချက်တွင်တွေ့ရပါသည်။ မောရှေ၏နေရာကိုဆက်ခံခြင်းငှါ ယောရှုအား ဘုရားသခင်ရွေးကောက်တော်မူသည်အတိုင်း ချောမောစွာဖြစ်လာခဲ့ပါသည်။ မောရှေက ခေါင်းဆောင်မှုကိုလွှဲပေးခြင်းအားဖြင့် ယောရှုအပေါ်၌မိမိလက်ကိုတင်ခဲ့ပါသည်။ ယောရှု၏ခေါင်းဆောင်မှုသည် အသစ်သောကာလတစ်ခုသို့ စတင်ခြေလှမ်းခြင်းဖြစ်ပါသည်။ ဂတိတော်ပြည်သို့ ချီတက်ခြင်း၌ ဤလူမျိုးတွင်ဦးဆောင်မည့်သူမရှိဘဲ မနေခဲ့ပါ။

ဤကောင်းမွန်သောအပြောင်းအလဲက ဤလူမျိုးသည် ပန်းတိုင်သို့အရောက်လှမ်းမည်အကြောင်း သေချာစေခဲ့၏။ ဘုရားသခင်က ထိုက်တန်သောခေါင်းဆောင်ကိုပေးသနားတော်မူ၏။ အစိုးရနှင့်ဝိညာဉ်ရေးရာခေါင်းဆောင်အပေါင်းတို့သည် ဘုရားသခင်ထံမှဖြစ်ကြ၏။ ခေါင်းဆောင်အပေါင်းတို့အား ထိုက်တန်သောရိုသေမှုကိုပေးကြရပါမည်။ ထိုအရာထက် မြတ်သောခေါင်းဆောင်မှုမှာ ထာဝရဘုရားသခင် ကယ်တင်ရှင်သခင်ယေရှုခရစ်တော်၏ဦးဆောင်မှုပင်ဖြစ်ပါသည်။ သခင်ယေရှုကို ယုံကြည်သောသူအပေါင်းတို့သည် ထာဝရအသက်ကိုရကြလိမ့်မည်။ သင်ယုံကြည်ပါသလား။

**ဆင်ခြင်ရန်** - တိုင်းပြည်တည်တံ့ခိုင်မြဲမှုသည် တည်ထောင်တော်မူသောဘုရားသခင်၌ တည်ပါ၏။

**ဆုတောင်းချက်-** အဖဘုရား၊ ငြိမ်သက်ခြင်းရှိမည်အကြောင်း အကျွန်ုပ်တို့၏ခေါင်းဆောင်တို့အား နှိမ့်ချခြင်းစိတ်သဘောပေးသနားတော်မူပါ။